

ရင်မြွတ်နိုး
နူးညံ့သောချစ်ခြင်း၏ သင်္ကေတ
L လင်း

# ရှင်မြတ်နိုး

## နူးညံ့သော ချစ်ခြင်း၏သင်္ကေတ


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၀၄၀၉၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၀၂၀၉၀၉

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET
အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃


ရှင်မြတ်နိုး

နူးညံ့သောချစ်ခြင်း၏သင်္ကေတ/ရှင်မြတ်နိုး-ရန်ကုန်။

စေတနာစာပေ၊ ၂၀၀၉။


၂၈၈- စာ၊ ၁၂×၁၈ စင်တီ။

(၁) နူးညံ့သောချစ်ခြင်း၏သင်္ကေတ





# ရှင်ပြုတော်နိုး



နူးညံ့သောချစ်ခြင်း၏
သင်္ကေတ

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ





ဝဠာ...။

နင်ကလေ ငါ့အတွက်တော့ တကယ့်ရေတတ်သီးပဲ သိလား။

ရေတတ်သီးကို မစားဘဲနဲ့လည်း ငါမနေနိုင်။

စားပြန်တော့လည်း မျက်ရည်ကျရလောက်အောင် ပေါ်ပြန်ရော။

နင်လည်း အဲဒီအတိုင်းပဲ ဟဝဠာ။

နင့်နံဘေးမှာ မနေရရင်လည်း ငါ နှာကျင်ဝမ်းနည်းရပြန်ရောလေ။

သူများတွေကပြောတယ်။

ရေတတ်သီးစားရင် ဒုက္ခရောက်တတ်တယ်တဲ့။

အစားများရင် ပိုတောင် အန္တရာယ်များသေးတယ်တဲ့လေ။

ဒါပေမဲ့လည်း ဟဝင္ဂါရယ် ...

ပူမှန်း၊ စပ်မှန်း၊ ဒုက္ခခံစားရမယ်မှန်း သိသိကြီးနဲ့ ငါကမှ မရှောင်နိုင်တာ။

ငါက ...

ငရုတ်သီးကြိုက်တဲ့ မိန်းကလေးလေ။

ဒီတော့လည်း ...

ငါ ဘာတတ်နိုင်မှာလည်းဟာ။

❤ ✧ ❤





အိမ့်...။

နင်က ငါ့အတွက်တော့ ကော်ဖီမှုန့်ခါးသက်သက်ပဲ။

ဘယ်တုန်းကမှ သောက်ကြည့်ဖို့ မကြိုးစားမိဘူး သိလား။

ငါက ...

ဘယ်လိုခါးသက်တဲ့ အရသာကိုမှ မနှစ်သက်တတ်တာ။

ဒါပေမဲ့ ...

အဲဒီကော်ဖီမှုန့် ခါးသက်သက်တွေကို နို့ဆီတွေ၊ သကြားတွေနဲ့ ရောစပ်လိုက်တဲ့ အခါမှာတော့ ထူးခြားတဲ့ ရနံ့နဲ့ အရသာသစ်တစ်ခု ပြောင်းလဲသွားတတ်ပြန်ရောကွာ။

အဲဒီအချက်ကို ...

ငါက နောက်ကျသွားမှပဲ သိလိုက်ရတယ်လေ။

ငါ ...

သိပ်ညံ့တာပဲနော် ...။

❤ ✧ ❤





## အခန်း(၁)

"မင်း ... အိမ့်နဲ့ လက်ထပ်ရမယ် သား"

"ဗျာ"

"မာမီတို့မိဘချင်း စကားပြောပြီးပြီ"

"ဟာဗျာ ... မာမီတို့ ဘာတွေ လျှောက်လုပ်နေတာလဲ၊ အမိပ္ပာယ်မရှိတာဗျာ၊ ဘယ်လိုမှ မဖြစ်နိုင်တာ၊ အိမ့်နဲ့ ဟုတ်လား၊ ဟာဗျာ"

မာမီ့ရဲ့ စကားအဆုံးတွင် ဟဝဋ္ဌာ တစ်ယောက် မယုံကြည်နိုင်လောက်အောင်ပင် တုန်လှုပ် ချောက်ချားသွားခဲ့ပါသည်။

အိမ့်ဆိုတာ ...

ဟဝဋ္ဌာနဲ့ သိပ်ပြီးစိမ်းသက်နေသော မိန်းကလေး တစ်ဦးတော့ မဟုတ်ချေ။

မာမို့ရဲ့အချစ်ဆုံး ငယ်သူငယ်ချင်းဖြစ်သော ဒေါ်မြမြချူး ၏သမီးလေး အိမ့်မျက်ချယ်ပဲဖြစ်သည်။ ခင်ပွန်းသည် ဆုံးပြီးနောက်ပိုင်း စီးပွားရေးအခြေအနေ ယိမ်းယိုင်သွားသော ဒေါ်မြမြချူးကို မထင်မှတ်ပဲ ပြန်ဆုံလိုက်ရပြီးနောက် မာမီက အသနားပိုကာ ညီအစ်မရင်းချာလို ဆက်ဆံပြီးနောက်ပိုင်း အိမ့်သည်လည်း ဟဝဠာတို့အိမ်၌ မာမို့၏ သမီးရင်းချာလေး တစ်ယောက်လိုပင် ဖြစ်နေခဲ့သည်။

ငယ်စဉ်ကတည်းက သားယောကျ်ားလေးမလိုချင်ဘဲ သမီးမိန်းကလေးသာ လိုချင်ခဲ့သော မာမို့အတွက်တော့ လိမ္မာရေးခြားရှိကာ မိန်းကလေးပီသသော အိမ့်က သမီးလေးတစ်ယောက်လိုပင် နေရာရခဲ့သည်။

ဟဝဠာကလည်း ...

မာမို့ရဲ့စိတ်ကို သိနားလည်နေတာမို့ မာမီ စိတ်ချမ်းသာသလို နေထိုင်ခြင်းအပေါ် ဝင်ရောက်စွက်ဖက်ခြင်း မရှိဖူးခဲ့ပါ။ အိမ့်ကလည်း သူနှင့်ရွယ်တူမို့ သူငယ်ချင်းလိုရော မောင်နှမလိုပါ တရင်းတနှီး ရှိခဲ့ကြသည်။ အထူးသဖြင့် အိမ့်က သူ့အပေါ် အနစ်နာခံ အနွံတာခံခြင်းကြောင့်လည်း သူ ပိုခင်တွယ်မိသည်။

သို့သော် ...





အိမ့်ကို လက်ထပ်ပြီး ဇနီးမယားတစ်ယောက်လို အသက်သွင်းရမှာကိုတော့ ဟဝဠာ ဘယ်တုန်းကမျှပင် စဉ်းစားမကြည့်မိခဲ့ဖူးချေ။

ပြီးတော့ ...

အိမ့်ရဲ့ပုံစံကိုလည်း ကြည့်ပါဦး။

အခုလို လန်းနေတဲ့ခေတ်မှာ ပုံစံက•တုံးလိုက်တာ မပြောပါနှင့်တော့။

အသက်အရွယ်က ဒီလောက်ကြီးတာ မဟုတ်ပါဘဲ နေ့စဉ်နေ့တိုင်း ဝတ်တတ်သော ခပ်တုံးတုံး အဝတ်အစားဒီဇိုင်းများနှင့် မသိလျှင် ရင့်ကျက်သော အိမ်ထောင်ရှင်မိန်းမကြီးတစ်ယောက်လိုပင်။

မကြိုက် ...

အဲဒီပုံစံ ဟဝဠာ လုံးဝ ခံစားလို့မရချေ။

အိမ့်က မချောတာတော့ မဟုတ်။ အနေအထိုင် အသွားအလာနှင့် ဝတ်ပုံစားပုံတွေကြောင့် ခေတ်ရှေ့ကို တစ်လံလောက်ပြေးချင်နေသော ဟဝဠာအတွက်တော့ တကယ့်အဘွားကြီး အိုပေါက်စကလေးပုံစံ ဖြစ်နေခဲ့သည်။

"အဓိပ္ပာယ်မရှိဘူးလို့ မင်း ဘာကြောင့်ပြောတာလဲ ဝဠာ၊ မာမီက အဓိပ္ပာယ်သိပ်ပြီးရှိလို့ မင်းကို အခုလိုမျိုး စီစဉ်

ပေးတာပေါ့၊ အိမ့်ကိုကြည့်စမ်း ... ဘယ်လောက်မိန်းကလေးပီသပြီး ရိုးသားအေးချမ်းလိုက်သလဲ၊ မင်းအပေါ်မှာလည်း သံယောဇဉ်ကြီးပြီး အနွံအတာခံတယ်လေ၊ ဒီလိုမိန်းကလေးမျိုးကမှ မင်းရဲ့အိမ်ထောင်ရေးကို တည်တံ့အောင်ထိန်းမှာ"

"အိမ့်ကို ခံစားလို့မရဘူး မာမီ"

"ဘာကွ"

"ကျွန်တော့်ရဲ့အိမ်ထောင်ဖက်ဇနီးမယား တစ်ယောက်ဟာ အိမ်ထောင့်တာဝန်ကျေပွန်စွာ ထမ်းဆောင်တတ်တာတစ်ခုတည်းနဲ့တော့ လုံးဝ လက်မခံနိုင်ဘူး၊ ကျွန်တော့်အချစ်တွေ သူ့ဆီက ရှာဖွေလို့မရဘူး မာမီ၊ သူငယ်ချင်းတစ်ယောက်လို ပဲခင်လို့ရတယ်"

"မင်း ... မင်း"

မာမို့မျက်လုံးကြီးတွေက ဒေါသစိတ်ကြောင့် ရဲရဲနီရွေးကာ ပြူးကျယ်ဝိုင်းစက်နေ၏။ မာမို့မျက်ဝန်းတွေနှင့် အပြိုင်ပင် သူလည်း စူးစူးနစ်နစ် စိုက်ကြည့်မိသည်။ ဒီတစ်ခါတော့ သူ့ဘက်က အလျှော့မပေးဖို့ ဆုံးဖြတ်ထားမိသည်။

"မာမီ အစီအစဉ်တွေအားလုံး ပြန်ရုပ်သိမ်းလိုက်ပါ၊ မိသားစုတွေလို နှစ်အိမ့်တစ်အိမ်နေလာကြတဲ့ အိမ့်တို့သားအမိနဲ့ ကျွန်တော့်ကြားမှာ အဆက်အထုံးတွေ မဖြစ်ချင်ဘူးဗျာ"





"မရဘူး ဟဝဠာ၊ ဒီတစ်ခါတော့ မင်းစိတ်သဘောအတိုင်း လုပ်ခွင့်ကို မာမီ လုံးဝမပေးနိုင်ဘူး၊ မင်းဒယ်ဒီနဲ့လည်း မာမီ ဆွေးနွေးပြီးသွားပြီ၊ မင်းဒယ်ဒီကလည်း အသင့်တော်ဆုံးပဲဆိုလို့ မာမီရော ဒယ်ဒီပါ မြချူးကို ဖွင့်ပြောခဲ့တာ၊ ဒီတစ်ခါတော့ မင်း မာမီတို့ကို နားလည်ပေးရလိမ့်မယ် ဟဝဠာ"

"မတရားတာပဲ၊ မိဘဆိုတဲ့အရိပ်ကြီးနဲ့ မာမီတို့ သားကို အုပ်စိုးဖို့ ကြိုးစားတာပဲ၊ မာမီတို့ လုံးဝ မတရားဘူးဗျာ"

"အဲဒါ မာမီ မသိဘူး၊ မင်းနေချင်သလိုနေတယ်၊ သွားချင်ရာသွားဖြီး လုပ်ချင်ရာလုပ်တယ်၊ မာမီတို့အားလုံး ဒါဟာ လူငယ်တစ်ယောက်ရဲ့ လွတ်လပ်ခွင့်ပဲလေဆိုပြီး နားလည်ပေးခဲ့ပြီးပြီ ဟဝဠာ၊ မင်းဆီက ဘာတစ်ခုမှကို မာမီတို့က မိဘဆိုတဲ့ စိုးမိုးမှုနဲ့ မထိန်းချုပ်ခဲ့ဖူးဘူး၊ ဒါပေမဲ့ မင်းရဲ့ အိမ်ထောင်ရေးမှာတော့ လုံးဝမဖြစ်နိုင်ဘူး၊ အဲဒီလောက်ထိလည်း မာမီတို့သဘောထားမကြီးနိုင်ဘူး ဟဝဠာ၊ ဒါကြောင့် အခုကိစ္စကိုတော့ မင်း နာခံပါ"

ဟာဗျာ ...။

မာမို့ထံမှ ပြတ်သားစူးရှသော အမိန့်ဆန်ဆန် ဆုံးဖြတ်မှုကြောင့် ဟဝဠာ ရင်တစ်ခုလုံး မွန်းကျပ်ပိတ်လှောင်သွား

ရတော့သည်။ စိတ်ဓာတ်ကျဆင်းစွာပင် မာမှိမျက်နှာဆီ လှမ်းကြည့်မိသည်။

"မြချူးတို့သားအမိပေါ်လည်း မာမိတို့ အရှက်မရစေချင်ဘူး ဟဝဠာ၊ အစကတည်းကမှ သိမ်ငယ်မှုတွေနဲ့ ရပ်တည်နေရတာလေ၊ မင်းကြောင့် အရှက်ရတာမျိုးလည်း မဖြစ်စေချင်ဘူးကွယ်။ ဘာပဲပြောပြော အခုကိစ္စကို အစပျိုးခဲ့တာ မာမိတို့ဘက်ကလေ၊ သူတို့ကတော့ မင်းရဲ့ဆန္ဒအတိုင်းပဲ ဖြစ်ပါစေလို့ လမ်းဖွင့်ပေးခဲ့ရှာပါတယ်၊ ဒါပေမဲ့ မာမိက အဲဒါတွေအားလုံးကို ပယ်ဖျက်ခဲ့တာ၊ အိမ့်ကို သားအတွက် ပေးပါလို့လေ"

ဟာ ..."

မာမှိစကားသံတွေက သူ့နားစည်ထဲ သံရည်ပူပူများ လောင်းချခံလိုက်ရသလိုပင် စီးဝင်လာခဲ့သည်။ အခုချိန်မှာ သူ အလုပ်ချင်ဆုံးအလုပ်က စိတ်လွှတ်လက်လွှတ် ပေါက်ကွဲလိုက်ချင်တာပါပဲ။ သို့ပေမင့် မာမှိရှေ့မှာ သူ မလုပ်ဖြစ်ခဲ့ပါ။ အံလေးကိုတင်းနေအောင်ပင် ကြိတ်ကာ ဘာစကားမှမပြောဘဲ ငြိမ်သက်စွာ ထိုင်နေမိသည်။

အခုအချိန်မှာ ...

သူ ထပေါက်ကွဲပြတော့ရော ...





ဘာတတ်နိုင်မှာလဲ။ မာမှိစကားတွေက လမ်းဆုံးနေပြီပဲဟာ။

ဆုံးဖြတ်ချက်ခိုင်မာနေကြသော မိဘများ၏ စိတ်ဆင်းရဲမှုကို ဖန်တီးယုံမျှနှင့် ဤမင်္ဂလာကိစ္စသည် ပယ်ဖျက်ပျောက်ကွယ်သွားလိမ့်မည်ဟုတ်ချေ။

မဖြစ်မနေ လုပ်ဆောင်ရမည်ဟု ပေးအပ်ခဲ့သော တာဝန်တစ်ခုကို ဘယ်လိုအကြောင်းပြမျိုးနှင့်မှ ရှောင်လွှဲလို့ ရမည်မဟုတ်မှန်း နားလည်လိုက်သည်။

"ဟဝဠာ"

"ဗျာ"

"မင်း မကျေနပ်ဘူးဆိုတာ မာမိ သိပါတယ်၊ ဒါပေမဲ့ အိမ့်နဲ့ မင်္ဂလာကိစ္စ ပြင်ဆင်ချက်မရှိတဲ့ ဆုံးဖြတ်မှုဆိုတာ မင်း သိထားရလိမ့်မယ်"

"ကောင်းပြီလေ မာမိ။ မာမိတို့ရဲ့ဆန္ဒတွေ ဒီလောက်တောင် ပြင်းထန်နေမှတော့ ကျွန်တော် ငြင်းပယ်လည်း အရာရောက်မှာမှမဟုတ်တာ၊ ကျွန်တော် လိုက်နာရမှာပဲပေါ့၊ ဒါပေမဲ့ အခုကိစ္စဟာ ကျွန်တော့်စိတ်ဆန္ဒမပါဘဲ လက်ခံလိုက်တာနော်၊ အဲဒါကိုတော့ မာမိတို့ဘက်ကလည်း နားလည်ထားရလိမ့်မယ်"

"ဟင် ... မင်း ... မင်း ဘာကို ဆိုလိုချင်တာလဲ"

"အကောင်းအဆိုးအားလုံး လက်ခံဖို့ အသင့်ပြင်ဆင်လို့ ရအောင် ကြိုတင်သတိပေးထားတာပါ"

"ဟဝဠာ"

"ကျွန်တော် လက်ခံတာမဟုတ်ဘူး၊ လက်ခံပေးခဲ့ရတာ မာမီ၊ ခေါင်းခါယမ်းငြင်းပယ်မရတဲ့အဆုံး လက်လျှော့ပေးလိုက်ရတာ။ အဲဒီအတွက် နောင်ရရှိလာမယ့်ရလဒ်တွေဟာ အကောင်းဆုံးတွေချည်း ဖြစ်လာဖို့ဆိုတာတော့ ကျွန်တော် ဘယ်လိုမှ အာမမခံနိုင်ဘူး"

"တော်စမ်း၊ မင်းပါးစပ်ကို ပိတ်ထားလိုက်စမ်း ဟဝဠာ၊ မင်းက ငါ့ကို ပညာသားပါပါနဲ့ ခြိမ်းခြောက်နေတာလား၊ ဒီလိုစကားလုံးတွေပြောလိုက်ရင် ငါ သိပ်ကြောက်သွားပြီး နောက်ဆုတ်သွားမှာပဲလို့ မင်း ထင်နေသလား ဟဝဠာ"

"မထင်ပါဘူး မာမီ၊ မာမီက ဆုံးဖြတ်ချက်တစ်ခုကို ချပြီးပြီဆိုရင် ဘယ်လိုအကြောင်းပြချက်မျိုးတွေနဲ့မှ တွေဝေတွန့်ဆုတ်တတ်သူမှ မဟုတ်တာ၊ ပြင်ဆင်ဖို့ဆိုတာ ပိုပြီးတော့ တောင်ဝေးသေးတယ်၊ ဒီလို အခြေအနေမျိုးကြီးမှာမှ ကျွန်တော်က အကျပ်ကိုင်နေလို့လည်း ဘာထူးဦးမှာလဲ။ ဒါပေမဲ့ မာမီ့ဘက်မှာ မာမီ့ရဲ့ကိုယ်ပိုင်ပုံစံရှိသလို ကျွန်တော့်မှာလည်း ကျွန်တော်ရှိတယ်လေ၊ ဒါကြောင့် ကြိုတင်ပြော





ပြထားတာပါ၊ အိမ့်ပျော်ရွှင်ရစေမယ်လို့ ကျွန်တော် ကတိ မပေးနိုင်ဘူး"

သူ့စကားအဆုံးတွင် မာမီက ဘာစကားမှမပြောတော့ချေ။ အသံတိတ်နှင့်ပင် သူ့ကို စူးစူးနစ်နစ်စိုက်ကြည့်ကာ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ပြီး အံလေးကြိတ်ထား၏။

မာမီ့ရဲ့အမူအရာကိုကြည့်ပြီး ဟဝဠာ ကျေနပ်စွာပင် နှုတ်ခမ်းလေးတွန့်ရုံ ပြုံးဖြစ်လိုက်သည်။ သူ ဘာပြောပြော ဂရုမစိုက်ဘူးဆိုတဲ့ မာမီက ဒီတစ်ခါမှာတော့ တုံ့ပြန်မှုမရှိဘဲ ငြိမ်ကျသွားတာကို ...။

မတွေဝေနိုင်လောက်သူလို့ ထင်ထားတဲ့ မာမီက သူ့ရာဇဝင်ကို ပယ်ဖျက်ကာ လေးလေးနက်နက် စဉ်းစားနေပြီလေ။ ဒါဟာ အိမ့်အတွက်ဆိုတာ သူ ကောင်းကောင်းကြီးသိ၏။

မဆိုးဘူး။

သူ သုံးလိုက်တဲ့လက်နက်က သူ့အတွက် တော်တော်လေးအသုံးဝင်၏။

မာမီက အိမ့်ကို သိပ်ချစ်တာလေ။

အိမ့်နဲ့ပတ်သက်ပြီး ဘယ်လိုစိတ်သောကဖြစ်ရမှုမျိုးကိုမှ မာမီက၁ အလိုရှိသူ မဟုတ်ချေ။ ဒါကြောင့်လည်း အိမ့် စိတ်ဆင်းရဲရမည့်အရေးကို တွေးပြီး ပူပန်နေမှာပေါ့လေ။ ထိုအချက်

ကို ကောင်းကောင်းကြီးနားလည်တဲ့ ဟဝဠာကလည်း ဖိနင်းပစ်လိုက်သည်။

"ကျွန်တော်ကတော့ မာမီသိတဲ့အတိုင်းနော်၊ ဘယ်သူ့ကိုမှ အားနာတတ်တဲ့ကောင် မဟုတ်ဘူး"

"ကောင်းပြီလေ ဟဝဠာ၊ မင်းဘက်က အခုလို ပြတ်သားတဲ့ခြေလှမ်းတွေနဲ့ ထိုးဖောက်လာတာဆိုတော့လည်း မာမီတို့ဘက်ကလည်း မင်းနဲ့ မလျော့တဲ့ခြေလှမ်းနဲ့ ရှေ့တိုးရမှာပေါ့။ မင်းသိထားဖို့က မာမီ ဘယ်တော့မှ အလျှော့ပေးနောက်ဆုတ်သွားမှာ မဟုတ်ဘူး ဆိုတာပဲ ဟဝဠာ"

ဟာ ...။

ဟဝဠာ ရင်တစ်ခုလုံး လှိုက်ခနဲ ဟာတက်သွားရသည်။

အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ နာကျင်ဒေါသပေါက်ကွဲခြင်းများနှင့်အတူ ရင်တစ်ခုလုံး တဆစ်ဆစ် နာကျင်နေရ၏။ စိန်ခေါ်မှုနောက်သို့ အရှုံးမပေးလိုသောစိတ်တို့ကြောင့် ခန္ဓာကိုယ်ရှိသွေးများ တပွက်ပွက် ဆူဝေနေကြသည်။

"အိုကေလေ ... မာမီ အဲဒါဆိုလည်း ပြီးတာပဲ"

"အိုကေ ... ဟဝဠာ"

❤ ✧ ❤





## အခန်း(၂)

"ဘာပြောလိုက်တယ် အိမ့်။ နင် စောစောက ဘာပြောလိုက်တယ်။ ပြန်ပြောစမ်းပါဦး၊ အိမ့် ... နင် ... နင်"

"ဟုတ်တယ် ... စေရာ၊ အိမ့် ဟဝဠာနဲ့ လက်ထပ်တော့မယ်"

တိုးညင်းသော ဝန်ခံသံလေးက စေရာ့နားစည်ထဲမှာတော့ ကျယ်လောင်သော မိုးခြိမ်းသံအလား ထင်မှတ်လိုက်ရသည်။

အိမ့်မျက်နှာဆီကြည့်တော့ ပကတိ အေးဆေးတည်ငြိမ်နေ၏။

ဒါဟာ ...

သူမ ဖာန်ဆောင်လိမ်ညာခြင်း မဟုတ်ဘူးဆိုတဲ့ ခိုင်မာသော သက်သေတစ်ခုပါပဲ။

"နင် ... နင် ရူးနေပြီလား အိမ့်။ ဟဝဌာက ဘယ်လိုလူစားမျိုးလဲ နင်မသိတာလည်း မဟုတ်ဘဲနဲ့၊ အခုလို အစဉ်းအစား အဆင်ခြင်မဲ့ ဆုံးဖြတ်ချက် ချပစ်လိုက်ရသလား။ ဘာလဲ လူကြီးချင်း ခင်မင်ရင်းနှီးလို့ဆိုပြီး အခုလို စီစဉ်ကြတာလား အိမ့်"

အိမ့် မဖြေပါ။

အေးဆေးတည်ငြိမ်ကာ ခေါင်းလေးငုံ့လျှိုးနေသော အိမ့်ကိုကြည့်ပြီး စေရာ ရင်တစ်ခုလုံး နင့်သည်းနေရသည်။

အိမ့်ရယ် ...

ငါ သိပါတယ်ဟာ။

နင့်အမေရဲ့ဆန္ဒကြောင့်ပဲဆိုတာ ငါ သိပါတယ်။

ဒါပေမဲ့ ...

နင် ငြင်းဆန်သင့်တယ်လေ၊ ကျောင်းမှာ ဟဝဌာ ဘယ်လိုနေထိုင်တယ်ဆိုတာ နင် မြင်နေတာပဲဟာ။ ကောင်မလေးတွေ တရုန်းရုန်းနဲ့ ရင်းနှီးနေထိုင်တတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ဘဝထဲကို မျက်စိမှိတ် ခြေစုံပစ်ဝင်ဖို့ ကြိုးစားတာ နင် သိပ်ပြီးမိုက်မဲတာပဲ အိမ့်ရယ်။

ရည်းစားတွေ မှိုလိုပေါက်အောင် ထားတတ်တဲ့ ဟဝဌာရဲ့စရိုက်ဆိုးကို နင် ဘယ်လိုမှ ဖျောက်ဖျက်လို့ရမှာမဟုတ်မှန်း သိသိကြီးနဲ့ဟာ။





"အိမ့်"

"ပြောလေ စေရာ"

"ဟဝဌာကရော ဘာတဲ့လဲ"

စေရာ့အမေးကို အိမ့် မဖြေနိုင်။

ဟဝဌာက အိမ့်ကို အပြတ်သားဆုံး ပြောပြီးပြီလေ။ လူကြီးတွေရဲ့ဆန္ဒကို မလွန်ဆန်နိုင်လို့ လက်ထပ်တာတဲ့။ ငါ့သဘောအရဆိုရင် နင့်ကို သူငယ်ချင်းတစ်ယောက်လိုပဲ သဘောဇဉ်ထားလို့ရတယ်တဲ့လေ။ ဟဝဌာက တကယ်ပဲ ဖြစ်နိုင်ရင် အိမ့်ဘက်က ငြင်းပေးရင် ပိုကောင်းလိမ့်မယ်တဲ့ စေရာရယ်။

ဒါပေမဲ့ ...

ငါ နင့်ကို ဒီအကြောင်းတွေ မပြောပြချင်ဘူးဟာ။

နင်သိသွားရင် အခုကိစ္စကို နင်က ပြတ်ပြတ်သားသား ကန့်ကွက်မှာ။ အမေ့ကို အသိပေးပြီး အစီအစဉ်တွေအားလုံး ရပ်ပစ်ဖို့ တားဆီးမှာလေ။ ငါ အဲဒီလို အဖြစ်မခံနိုင်ဘူး စေရာ။ ငါ သူနဲ့လက်ထပ်ရမှာကို အပျက်မခံနိုင်ဘူး။

ငါလေ ...

ငါ ...

သူ့ကို သိပ်ချစ်တယ် စေရာ။

ဟဝဌာဟာ ပွေမှန်း၊ ရှုပ်မှန်း သိသိကြီးနဲ့ ငါ သူ့ကို သိပ်ချစ်တယ်။

အဲဒါကို ...

နင်သိရင် ပိုပြီးတော့တောင် အံ့သြမှင်သက်သွားမှာပဲနော်။

စေရာရယ် ...

အချစ်ဆိုတာ အခက်သားလားဟာ။

ဒါဟာ မချစ်သင့်တဲ့လူမို့ မချစ်နဲ့လို့ တားဆီးလို့ရတဲ့အရာမှ မဟုတ်တာပဲ စေရာ။ ငါ့ရင်ထဲနလုံးထဲက စီးဆင်းလာတဲ့ ခံစားချက်နုနုလေးတွေထဲမှာ ဟာဝဠာဆိုတဲ့ ယောကျ်ားတစ်ယောက်ကိုပဲ ချစ်တဲ့အချစ်တွေနဲ့ချည်းပဲ ပြည့်နက်နေတာဟာ။ အဲဒီအချက်ကို ငါလည်း မယုံကြည်နိုင်လောက်အောင်ပဲ ဖြစ်နေခဲ့ရတယ်လေ။ ငါ မတတ်နိုင်ခဲ့ဘူး စေရာ။ ငါ့အချစ်တွေကို ဘယ်လိုမှ မတားဆီးနိုင်ခဲ့ဘူးဟာ။ အဲဒါ ငါ့အမှားတော့မဟုတ်ပါဘူးနော်။

ဟာဝဠာ ဆိုတဲ့လူတစ်ယောက်နဲ့ စတွေ့လိုက်ရတဲ့အချိန်မှာပဲ ငါ စိတ်တွေတင်းမထားနိုင်လောက်အောင်ပဲ လှုပ်ရှားသွားခဲ့ရတယ် စေရာ။ အမေ့ငယ်သူငယ်ချင်း အန်တီမေဘဲလ်အိမ်ကို သွားလည်တဲ့နေ့ကပေါ့။ စိတ်မပါပေမယ့် အားနာပါးနာနဲ့ ပြုံးပြခဲ့တဲ့ သူ့အပြုံးတစ်ပွင့်ဟာ ငါ့ရင်ထဲကို နက်နက်ရှိုင်းရှိုင်းပဲရောက်လာခဲ့တယ် စေရာ။





အဲဒီအချိန်ကတည်းက ငါ့ကိုယ်ငါ သတိထားမိပါတယ်။ ဟာဝဠာ ဆိုတဲ့ မထိမဲ့မြင် ယောကျ်ားတစ်ယောက်ကို တိတ်တဆိတ်လေး တွယ်တာမိသွားပြီဆိုတာကိုပေါ့။ သူကတော့ ငါနဲ့ဆန့်ကျင်ဘက်ပဲ စေရာ။ သူ့မာမိရဲ့ သူငယ်ချင်းမို့ ငါတို့သားအမိကို အားနာပါးနာနဲ့ လက်ခံထားရသလို ပုံစံမျိုးနဲ့လေ။

ဒါပေမဲ့ ...

သူ ကောင်းကောင်းမွန်မွန်တော့ စကားပြန်ပြောရှာပါတယ်။

ငါ့ကိုလည်း ...

ရွယ်တူတန်းတူမို့ သူငယ်ချင်းတစ်ယောက်လိုပဲ ဆက်ဆံခဲ့တယ် စေရာ။ သူ့မျက်ဝန်းတွေထဲမှာ နွေးထွေးမှုတွေ မရှိသလို အေးစက်စိမ်းသက်မှုတွေလည်း မရှိခဲ့ပါဘူးဟာ။

အခုတော့ ...

တစ်မျိုးပြောင်းလဲသွားပြီ စေရာ။

ငါဟာ ...

သူ့အတွက် သိပ်စိတ်ရှုပ်စရာကောင်းတဲ့ လူသားတစ်ယောက်ဖြစ်နေရပြီ။ သူ့လေသံကအစ မာတင်းပြတ်သားနေတာပဲ စေရာရယ်။

"အိမ့် ..."

"......"

"အိမ့်"

"ဟင် ... ဘာ ... ဘာလဲ စေရာ"

"ငါ မေးနေတယ်လေဟာ၊ ဟဝဠာက ဘာပြောလဲလို့"

"သူ မငြင်းဘူး စေရာ"

"ဟင် ..."

စေရာ ရင်တစ်ခုလုံး တစ်စစီ ခြွေမွခံလိုက်ရသလို ပင် ခံစားလိုက်ရသည်။

ခန္ဓာကိုယ်ရှိ အားအင်များ ခန်းခြောက်ကာ နေရာ လေးမှာတင် ပြိုဆင်းလဲကျမတတ် ဖြစ်ခဲ့ရ၏။

အိမ့်ရယ် ...

ဒါ ...

အမှန်တကယ်ပဲ ဖြစ်နေတာလားဟင်။

အိပ်မက်ဆိုးတစ်ခုဆိုတာ သိသိကြီးနဲ့ နိုးထခွင့်မရ တဲ့ စေရာ့အဖြစ်ကို နင်ကြည့်ပါဦးဟာ။ ငါ့ရင်ထဲမှာ တအားကို နာကျင်စူးရှနေရတယ် အိမ့်ရယ်။

ငါလေ ...

နင့်ကို သိပ်ချစ်တယ် အိမ့်ရယ်။

သူငယ်ချင်းဆိုတဲ့ သံယောဇဉ်ထက် ပိုနေတဲ့ ငါ့ရင် ထဲက အတ္တတွေကို နင် မြင်အောင် မပြရက်နိုင်လောက်အောင်ပဲ





နင်နဲ့ပတ်သက်ပြီး ငါက ကြီးမားတဲ့တန်ဖိုးတွေကို ထားခဲ့တာလေ။ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ဖွင့်ပြောမယ်လို့ ဆုံးဖြတ်ထားပေမယ့် နင့်ရဲ့အေးဆေးတည်ငြိမ်နေတဲ့ နင့်အသွင်လေးရယ်၊ ပကတိ ကြည်စင်ရိုးသားနေတဲ့ နင့်မျက်နှာလှလှလေးရယ်ကို ငါ ကြည့်ကြည့်ပြီး ငါ့ရင်ထဲက ခံစားချက်တွေကို ဖွင့်မပြရက်ခဲ့ဘူးဟာ။

ခုတော့ ...

ငါ သိပ်နောက်ကျသွားပြီပေါ့နော်။

"နင်ကရော အိမ့် ... သူ့ကို တကယ်ပဲ လက်ထပ်တော့မှာ လား"

စေရာ့ မေးသံလေးက တိုးအက်ခြောက်ကပ်ကာ အဖျားခတ်တုန်ယင်နေခဲ့သည်။ အခုလေးတင်ပဲ သူမလက်ထပ် ပါတော့မယ်လို့ တရားဝင်အသိပေးခဲ့ပါလျက် မျှော်လင့်ချက်မဲ့သော မေးခွန်းကို သူ ဘာကြောင့် နောက်တစ်ကြိမ် ထပ်မေးမိရတာပါလိမ့်။

"အင်း ..."

အိမ့်ရယ် ...

ခေါင်းလေးကို ညင်သာစွာပင် ညိတ်လိုက်သော အိမ့်ကိုကြည့်ပြီး စေရာ့မျက်ဝန်းအိမ်ထဲ မျက်ရည်ကြည်လေးများ ပင် ဝေ့တက်သွားရသည်။

သိပြီးသားပဲ။

အိမ့်က လိမ္မာရေးခြားရှိတဲ့ သမီးလေးတစ်ယောက်လေ။

အဲဒီလို မိန်းကလေးမျိုးက မိဘစိတ်ဆင်းရဲအောင် မိမိရဲ့ရင်ထဲက ဆန္ဒအမှန်တွေကို ထုတ်ပြပြီး ဘယ်လိုလုပ် ကန့်ကွက်ငြင်းဆန်ပါ့မလဲ။

"နင် ... နင် ပြန်မစဉ်းစားတော့ဘူးလားဟင် အိမ့်"

"ဘာကိုလဲ စေရာ"

"ဟာဝဥ္စာရဲ့ဇနီးတစ်ယောက်အနေနဲ့ နင့်အနာဂတ်တစ်ခုလုံး မြှုပ်နှံပုံအပ်ရမှာကိုပေါ့"

"......"

"သူ နင့်ကို အလိုရှိရဲ့လား ဆိုတာလေ"

"ငါ မစဉ်းစားချင်ဘူး စေရာ၊ အမေက အကောင်းဆုံးဖြစ်မယ်လို့ မျှော်လင့်ထားတဲ့အပေါ်မှာ ငါ သံသယမဝင်ချင်ဘူး စေရာရယ်"

"ဒါပေမဲ့ ..."

"ငါသိပါတယ် စေရာ၊ နင် ဘာတွေကို စိုးရိမ်နေတယ်ဆိုတာရော၊ ဘာကိုဆိုလိုချင်နေရတယ်ဆိုတာကိုရော ငါ သိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နင်က ငါနဲ့အနီးကပ်ဆုံး





နေခဲ့တဲ့ သံယောဇဉ်အကြီးမားဆုံး သူငယ်ချင်းတစ်ယောက်ဖြစ်နေခဲ့လို့လေ"

နင် ထင်လား အိမ့်။

သူငယ်ချင်းဆိုတဲ့ မသေချာမရေရာတဲ့ စည်းဘောင်တစ်ခုနဲ့ အခုလို နင့်အတွက် စိုးရိမ်မှုမျိုးဖြစ်နေတာလို့ နင် ထင်နေတာလား။

မဟုတ်ဘူး အိမ့်။

နင်ထင်တာ မဟုတ်ဘူး။

အချစ်ကြောင့်ပါဟာ။

နင့်ဘဝလေး အပြုံးတွေနဲ့ သာယာလှပနေစေချင်တာ အချစ်ကြောင့်ပါ အိမ့်ရယ်။ နင့်ကို ငါ သိပ်စိုးရိမ်ပြီး သိပ်တန်းဖိုးထားမိတာ အချစ်ကြောင့်ပါဟာ။ သူငယ်ချင်းဆိုတဲ့ အငွေ့အသက်ထက်သာလွန်တဲ့ အချစ်တစ်ခုကြောင့်ပါ အိမ့်ရာ။ အဲဒါကို နင် ဘယ်တော့မှ သိမှာမဟုတ်ပါဘူးဟာ။

ထိုစကားလေးတွေကိုတော့ အိမ့်စိတ်ဆင်းရဲမှာစိုး၍ စေရာတစ်ယောက် အပြင်ထုတ်ပြီး မပြောရက်ခဲ့ပါချေ။

အိမ့်ရယ် ...

နင် တွေဝေမှာကို ငါ တကယ်မလိုလားပါဘူးဟာ။ အထူးသဖြင့် ငါ့ကြောင့် နင့်ဆုံးဖြတ်ချက်တွေ ယိမ်းယိုင်သွားရမှာ

ကိုပေါ့။ ဒါကြောင့် ငါလေ ရင်ထဲမှာ ရှိရှိသမျှ အရာတွေအားလုံးကို နင်မသိအောင်ပဲ တိတ်တဆိတ်လေး ပြန်သိမ်းဆည်းပစ်လိုက်တာပါ အိမ့်ရယ်။

"စေရာ"

"ဟင်"

"နင် အရမ်းစိတ်ဆိုးမှာပဲနော်"

"ဘာကိုလဲ အိမ့်၊ ငါ နင့်ကို ဘာစိတ်ဆိုးရမှာလဲ"

"ငါ့ရဲ့အလွယ်တကူ ဆုံးဖြတ်ချက်အပေါ်မှာလေ"

"ဒါက မိဘတွေရဲ့အစီအစဉ်ပဲဟာ။ နင် ဘယ်ငြင်းပယ်လို့ရပါ့မလဲ အိမ့်။ ဒါပေမဲ့ ထင်မထားမိတဲ့အချိန်မှာ ကြားလိုက်ရတာဆိုတော့ ငါ မအံ့သြဘဲမနေနိုင်တာတော့ အမှန်ပဲဟာ၊ အဲဒီအတွက်နဲ့တော့ ငါ နင့်ကို စိတ်မဆိုးပါဘူး။ အခုမှမဟုတ်ပါဘူးလေ၊ နင်နဲ့ပတ်သက်ပြီး ငါ ဘယ်တုန်းကမှလည်း စိတ်မဆိုးတတ်ခဲ့ပါဘူး အိမ့်ရယ်"

စေရာရယ် ... ကျေးဇူးတင်ပါတယ်ဟာ။

ငါက ဟဝဍ္ဍာနဲ့ လက်ထပ်တော့မယ်လို့ ပြောလိုက်တဲ့အချိန်မှာ နင် ငါ့ကို အရမ်းစိတ်ဆိုးသွားလိမ့်မယ်လို့ ထင်ထားတာ။ ဘာဖြစ်လို့လဲဆိုတော့ ... ငါတို့အားလုံးက တက္ကသိုလ်ကျမှ ဆုံကြတာဆိုပေမယ့် အခန်းထဲမှာ အေးဆေးစွာ စာတကုတ်





ကုတ် ကြိုးစားနေတတ်သော အိမ့်အနားမှာ စေရာက သူငယ်ချင်းကောင်းတစ်ယောက်အဖြစ် ရှိနေတတ်ခဲ့ပြီး ဟဝဍ္ဍာကတော့ ဘာသိဘာသာပဲ နေတတ်ခဲ့တာလေ။

အတန်းတက်တာလည်းမမှန်၊ ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက်နဲ့ ဇာတ်လမ်းသစ်တွေ မရိုးမအီနိုင်လောက်အောင် ပတ်ရှုပ်နေတဲ့ ဟဝဍ္ဍာက ငါနဲ့ မိဘချင်း ငယ်သူငယ်ချင်းမို့သာ စိမ်းသက်မနေတာ အနားမှာ ဆယ်မိနစ်လောက်လေး အဖော်အဖြစ်နဲ့တောင် မနေပေးတတ်တဲ့သူမဟုတ်လား။

ဒါပေမဲ့ ...

ခိုင်းစရာရှိရင်တော့ အိမ့်ကို ဟဝဍ္ဍာက အပြေးအလွှား သတိရတတ်သလို အားမနာစတမ်းခိုင်းတတ်၏။ အိမ့်က မညည်းမညူ လုပ်ပေးတတ်ပေမယ့် ဟဝဍ္ဍာရဲ့လုပ်ငန်းတွေကို မနှစ်မြို့ပဲ ဝေဖန်တတ်သူက စေရာပဲဖြစ်သည်။ ဟဝဍ္ဍာ ခိုင်းသမျှ လိုက်လုပ်ပေးတတ်တဲ့ အိမ့်ကိုလည်း အ ပိုလို စိတ်ဆိုးတတ်သူကလည်း စေရာပဲလေ။ ဒေါသတွေ အကြီးအကျယ်ထွက်ပြီး စေရာက ပေါက်ကွဲနေတတ်၏။

အဲဒီလို အခြေအနေမျိုးကြီးမှာ အခုလိုကိစ္စကြီး ဖြစ်ပေါ်လာတာဆိုတော့ နင် လက်ခံပေးရမှာ တော်တော်ကြီး အောင့်အည်းအောင့်သက် နေမှာပဲ စေရာ။

ဒါပေမဲ့ စေရာရယ် ...

ငါကတော့ အရမ်းကိုပဲ ပျော်ရွှင်နေတယ်ဟာ။

ဘာဖြစ်လို့လဲ ဆိုတော့ ငါ တိတ်တဆိတ်လေး ချွဲလမ်းနေခဲ့ရတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ဘဝထဲမှာ နေခွင့်ရတော့မှာမို့လို့လေ။ မိန်းကလေးမို့ ကိုယ့်ရင်ထဲက ခံစားချက်တွေကို ဟန်ဆောင်ဖုံးကွယ်ထားရပေမယ့် ငါအလိုလားဆုံး အိပ်မက်ကတော့ ဟဝဠာအနားမှာ စိတ်လိုလက်ရ နေခွင့်ရမယ့်အချိန်လေးတွေပါပဲ။

ငါ ...

တကယ်ပဲ ရူးနေတာပါ စေရာ။

ဟဝဠာကိုချစ်မိတဲ့ အချစ်တွေကြောင့်လေ။

အန်တီမေဘဲလ်ဆီ မထင်မှတ်တဲ့ တောင်းဆိုမှုတစ်ခုကြောင့် ငါ ဘယ်လောက်တောင် စိတ်တွေလှုပ်ရှားခဲ့ရသလဲဆိုတာ နင် သိလားဟင်။

အဲဒီနေရာလေးမှာတင် မူးမေ့ပြီး ယိုင်နဲ့သွားမတတ်ပဲ စေရာရယ်။

ငါပြောရင် နင် မျက်ထောက်နီကြီးတွေနဲ့ စိုက်ကြည့်ပြီး ဒေါသဖြစ်ဦးမှာပဲသိလား။ အဲဒီလောက်တောင် ငါက ဖြစ်ခဲ့ရတာဟာ။





"အိမ့်"

"ဟင်"

"ဘာပဲပြောပြော နင် ပျော်ရွှင်ရပါစေလို့ ငါ ဆုတောင်းပေးပါတယ်ဟာ"

"......"

အိမ့် ခေါင်းလေးပဲ ညိတ်ပြမိသည်။

စေရာ့မျက်နှာကို မော့မကြည့်ဖြစ်။

အိမ့်မျက်နက်ဝန်းလေးတွေထဲက ဆန်းပြားနေတဲ့ ပျော်ရွှင်ကြည်နူးရိပ်တွေကို စေရာ မြင်တွေ့သွားမှာကို ရှက်နေမိသည်။

"ကျေးဇူးတင်ပါတယ် စေရာ"

ငါ သိပ်ချစ်တဲ့လူနဲ့ နေခွင့်ရတဲ့အတွက် ငါ ပျော်ရွှင်ကြည်နူးရမှာပါ။

အဲဒါ ...

ကျိန်းသေပါတယ် စေရာရယ်။

❤ ✧ ❤

## အခန်း(၃)

ဒီနေ့ ...

သတို့သမီးဝတ်စုံတွေ သွားကြည့်ကြမည်တဲ့။

အန်တီမေဘဲလ်ရဲ့ အစီအစဉ်အရ အိမ့်မှာ ရင်ခုန်ရလွန်းလို့ စိတ်တွေပင် အလှုပ်ရှားကြီးလှုပ်ရှားကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် မသိတော့ချေ။ မနက်မိုးမလင်းခင်ကတည်းက အိပ်ရာကနေနိုးကာ ရေတွေအစောကြီးထချိုးနေမိ၏။ အမေသာ သိရင်တော့ တစ်မျိုးမြင်တော့မှာပဲ။

အိမ့်ကိုက ဟဝဠာနဲ့ပတ်သက်ရင် အကဲကိုပိုလွန်းနေမိတာလေ။ နာရီကိုလည်း မော့မော့ကြည့်ရတာအမောပါပဲ။ အလှပြင်တော့လည်း အိမ့်မှာ ခက်ရပြန်သည်။ ဘာပဲပြောပြော ဟဝဠာ စိတ်ဝင်စားအောင်တော့ အိမ့် ကြိုးစားရမှာမဟုတ်ပါလား။ ဒီတော့





တစ်ခါမျှမပြင်ဖူးတဲ့ မျက်နှာဖူးဖူးအိအိလေးကို ဒီထက် ပိုကြည့်လို့ကောင်းအောင် မိတ်ကပ်ပါးပါး လိမ်းခြယ်လိုက်မိ၏။

ပြီးတော့ ... အဝတ်အစား။

အမြဲတမ်း ရိုးရိုးရှင်းရှင်းလေးတွေသာ နှစ်သက်တတ်သော အိမ့်မှာ အဝတ်အစားမှန်သမျှ အရောင်ဖျော့ဖျော့လေးတွေသာရှိနေတတ်၏။ ထိုအထဲကမှ အဆင်ပြေဆုံး အဝတ်အစားကို ရွေးချယ်ရတာ ခေါင်းရှုပ်ချင်စရာ။

မနက်ကိုးနာရီဆိုတဲ့ သတ်မှတ်ချက်ကြောင့် ပြီးစီးအောင် ပြင်ဆင်ထားရမည့် သူမအတွက် မနက်ငါးနာရီလောက်ကပြီး ပြင်ဆင်နေမိတာတောင် အချိန်မလုံလောက်ချင်သလိုဖြစ်နေရသည်။ တစ်ယောက်တည်း အခန်းလေးထဲမှာ ပျာယာတွေခတ်နေမိ၏။

ဒေါက် ... ဒေါက်

ဒေါက် ...

ဟင် ...

အခန်းတံခါးခေါက်သံကြောင့် အဝတ်အစားတွေ ရွေးနေသော အိမ့် လန့်သွားရသည်။ သူမက ခုတင်လေးထက်မှာ အဝတ်အစားတွေနဲ့ ပွစာတက်နေတာလေ။ အမေသာဝင်လာလို့ကတော့ မျက်လုံးကြီးတွေ ပြူးသွားတော့မှာပဲ။

"အိမ့်"

"သမီးရေ ... အိမ့်"

"ရှင် ... အမေ"

အိမ့်အခန်းတံခါးမဖွင့်ဘဲ အထဲကနေပဲ လှမ်းထူး လိုက်မိသည်။ အမေ့ကို အရင်ကလို အခန်းတံခါး သွားမဖွင့်ပေးရဲ လောက်အောင်ပင် အခန်းထဲမှာ စိတ်တိုင်းကျ ဖွထားတာလေ။ ဒါတွေကို အိမ့် ပြန်သိမ်းရဦးမယ်ဆိုပေမဲ့ အခုချက်ချင်းကြီးတော့ မဖြစ်နိုင်ပါ။

ဒါကြောင့် ...

အမေ့ကို အခန်းထဲ သူမ အဝင်မခံဘဲနေလိုက်သည်။

"နိုးပြီလား သမီး၊ ဒီနေ့မှ ထူးထူးခြားခြား အသံတိတ်နေ လို့ မနိုးသေးဘူးထင်လို့ လာနှိုးတာ"

"နိုးပြီ အမေ၊ အိမ့် ရေချိုးမလို့လုပ်နေတာ"

"သြော် ... အေး ... အေး၊ အဲဒါဆိုလည်း ပြီးရောလေ"

အမေ့အသံ တိတ်သွား၏။

ပြန်လှည့်ထွက်သွားသော ခြေသံဖွဖွကိုလည်း ကြားရ သည်။

ဒီတော့မှ ...

အိမ့်မှာ သက်ပြင်းမောလေးကို ဟူးခနဲနေအောင်ပင် မှုတ်ထုတ်လိုက်နိုင်တော့သည်။





ပထမဦးဆုံးအကြိမ်ပါပဲ။

အမေ့ကို တစ်သက်နဲ့တစ်ကိုယ် လိမ်ညာခဲ့ဖူးခြင်း မရှိတဲ့ အိမ့်က အခုတစ်ခါမှာတော့ ပိပိရိရိကို လိမ်ညာပြောခဲ့မိ သည်။ အိမ့်တစ်ယောက် မလုံမလဲဖြစ်နေရ၏။ စိတ်တွေလည်း အလှုပ်ရှားကြီးလှုပ်ရှားနေရသည်။

တကယ်တော့ ...

အိမ့် မနက်အစောကြီးကတည်းက ပြင်ဆင်ခြယ်သ ထားပြီးသားလေ။ အဝတ်အစားလဲဖို့ပဲ လိုတော့သည်။ အဝတ်လဲ ပြီးတာနှင့် အောက်ထပ်ကို ဆင်းလာတော့မှာပါ။

ခက်တာက ...

ပြင်ဆင်ခြယ်သထားပြီးသား မျက်နှာကြီးနဲ့ အောက် ဆင်းပြီး နံနက်စာပြင်ဆင်ရမှာကိုပဲ။ အမေက အခုမှနိုးတာထင်ပြီး အောက်ထပ်အချိန်တော်တော်ကြာ ပြင်ဆင်မှုကို စောင့်နေမှာလေ။ အမေ့ကို အဲဒီလောက်ကြီး အစာခံစောင့်ခိုင်းရမှာလည်း အိမ့် မလိုလားပြန်။

အမေ နံနက်စာ အရင်စားနှင့်တော့လို့ မမှာလိုက်မိ တာ သိပ်မှားတာပဲ။ အိမ့်ကို စောင့်နေရတာနှင့် အမေ အဆာလွန် ချေတော့မည်။

အိမ့် ...

အိပ်ရာလေးပေါ် ပြန့်ကျဲနေသော အဝတ်အစားများကိုကြည့်ပြီး စိတ်ပျက်စွာ ခေါင်းလေးကို အသာခါယမ်းမိပြန်သည်။

ထိုစဉ် ...

ဟန်းဖုန်းလေးဆီမှ တီးလုံးလေးထွက်လာ၏။

အပြေးအလွှားသွားကာ ဖုန်းလေးကို ကောက်ယူကြည့်မိသည်။ အန်တီမေဘဲလ် ဖုန်းနံပါတ်လေး ပေါ်နေတာမို့ ခလုတ်ကိုဖွင့်ပြီး နားထောင်လိုက်၏။

"ဟယ်လို"

"သမီးလား အန်တီမေဘဲလ်ပါကွယ့်"

"ဟုတ်ကဲ့"

"မနေ့ကပြောထားတဲ့ သမီး သိပြီးပြီမို့လားဟင်၊ ဒီနေ့သတို့သမီးဝတ်စုံ သွားကြည့်မယ်ဆိုတာလေ"

"ဟုတ်ကဲ့"

"အေး ... အေး အဲဒါဆိုလည်း ပြီးတာပါပဲကွယ်၊ အန်တီက သမီး မေ့နေမှာစိုးလို့ ဖုန်းဆက်ပြီး သတိပေးတာ၊ အဆင်သင့်ပြင်ဆင်ထားနော် သမီး၊ အန်တီ ကိုးနာရီလောက်ရောက်အောင်လာခဲ့မယ်"

"ဟုတ်ကဲ့ အန်တီ"

"ချူးရော နိုးပြီမဟုတ်လား"





"ဟုတ်ကဲ့ နိုးနေပါပြီ အန်တီ"

"ချူးရော နေကောင်းရဲ့လား၊ မနေ့က သွေးနည်းနည်းတိုးပြီး ခေါင်းမူးနေတယ်ဆိုလို့"

"ဟုတ်ကဲ့ အခု သက်သာသွားပါပြီ"

"အေး ... အေး ဒါဆိုလည်း ပြီးတာပါပဲကွယ်၊ သားအမိနှစ်ယောက်စလုံး အသင့်ပြင်ဆင်ပြီးစောင့်နေကြနော်၊ အန်တီလာခေါ်မယ်"

"ဟုတ်ကဲ့ရှင့်"

အန်တီမေဘဲလ်က မှာသင့်တာမှာပြီးတာနှင့် ဖုန်းပြန်ချသွားသည်။ အန်တီမေဘဲလ်ကတော့ အရမ်းကို တာဝန်ကျေတဲ့ ယောက္ခမလောင်းပါပဲ။ အမေ့ရဲ့သူငယ်ချင်းဖြစ်နေလို့လားတော့မသိ။ သူမတို့သားအမိအပေါ် စေတနာမေတ္တာကြီးမားလွန်းလှသည်။ အခုလည်းကြည့်လေ။ အိမ့်တို့ မေ့နေမှာစိုးလို့ လှမ်းသတိပေးတာတဲ့။

အိမ့်နဲ့ ဟဝဥ္စာတို့ မင်္ဂလာကိစ္စအတွက် ကုန်ကျစရိတ်အားလုံးကိုလည်း အန်တီမေဘဲလ်တို့ဘက်ကပဲ တာဝန်ယူသလိုနေဖို့အတွက် ခြံနဲ့တိုက်တစ်လုံးလည်း လက်ဖွဲ့သည်။ ဘာတစ်ခုမှ လိုလေသေးမရှိစေရ။ အိမ့်မျက်နှာမငယ်စေရ။ အသေးအဖွဲ့လေးကအစ အလေးအနက်ထား ဖြည့်ဆည်းပေးခဲ့သည်။

အိမ့် ကျေနပ်ပါတယ်။

ကျေးဇူးလည်းတင်ပါတယ် အန်တီမေဘဲလ်ရယ်။

အိမ့်ကို အခုလို လှိုက်လှဲ့နွေးထွေးစွာ ကြိုဆိုပေးတဲ့အတွက်လည်း အထူးပဲ ကျေးဇူးတင်မိပါတယ်ရှင်။

အိမ့်တစ်ယောက် ရင်ထဲကနေ တိတ်တဆိတ်လေး ပြောနေမိတော့သည်။

ဟာဝဍ္ဍာမှာတော့ မာမီ့ရဲ့ အသိပေးစကားကြောင့် မျက်လုံးကြီးတွေပင် ပြူးဝိုင်းနေရတော့၏။

ဟိုတစ်နေ့ကမှ အိမ့်နဲ့သူ လက်ထပ်ရမည်ဟု အသ
ပေးခဲ့သော မာမီက ဒီနေ့ မင်္ဂလာဆောင်အတွက် အဝတ်အစားတွေ
သွားကြည့်ကြမယ်တဲ့လေ။

အဲဒါ ...

ဟာဝဍ္ဍာ လိုက်ခဲ့ရမယ်တဲ့။

ဘာတွေလဲ ...

အစီအစဉ်တွေက ထင်မထားလောက်အောင်ပင် မြ
ဆန်လွန်းနေသည်။ မာမီ့လုပ်ရပ်တွေကို သူ ယုံပင်မယုံနိုင်တော့
ဘယ်အချိန်ကတည်းက ရည်ရွယ်ချက်ကြီးမားနေသလဲတော့မသိ
မင်္ဂလာဆောင်မည့်ရက်ကိုပင် ဟိုတယ်မှာ ဘွတ်ကင်လုပ်ထားပြ
ချေပြီ။ မင်္ဂလာဖိတ်စာတွေက နောက်တစ်ပတ်မှာ ရမည်တဲ့





ဟာဝဍ္ဍာနှင့်လည်း ဘာတစ်ခုမှ ကြိုတင်အသိပေး တိုင်ပင်ဆွေးနွေးခြင်းလည်း မရှိချေ။

"မာမီ"

"ပြော ... ဝဍ္ဍာ"

"တစ်ဆိတ်တော့ လွန်လွန်းနေပြီဗျာ၊ အခုကိစ္စမှာ အဓိကလူက ကျွန်တော်ပါ၊ ခုတော့ ကျွန်တော့်ရဲ့စိတ်ဆန္ဒ ဘာတစ်ခုမှမပါဘဲ မာမီသဘောအတိုင်းစီမံတာ လုံးဝ တရားမျှတမှု မရှိဘူးဗျာ"

"နေစမ်းပါဦး ဟာဝဍ္ဍာ၊ မင်းက ဒီမင်္ဂလာဆောင်အပေါ်မှာ ဘယ်တုန်းကများ စိတ်ဝင်စားသွားရတာလဲ၊ မာမီက မင်းကို တိုင်ပင်လည်း မင်း စိတ်မပါလောက်ဘူးလို့ ထင်ထားတာလေ၊ ဒါကြောင့် မာမီ့သဘောဆန္ဒအတိုင်းပဲ လုပ်ခဲ့တာ၊ အားလုံးပြီးစီးသလောက်ကို ဖြစ်နေပြီ ဟာဝဍ္ဍာ"

"စိတ်ပါလို့ အခုလို အတိုက်အခံပြောနေတယ်များ ထင်နေလား မာမီ၊ လုံးဝကို စိတ်မဝင်စားဘူးသိလား၊ ဒါပေမဲ့ အခုလို ကျွန်တော့်ကို လူရာမသွင်းတာတော့ ခံရခက်တယ်ဗျ၊ အခုအချိန်မှာ ကျွန်တော်သာ ပြဿနာတစ်ခုခု လုပ်လိုက်ရင် ဘယ်သူတွေ ဘာတတ်နိုင်မှာတဲ့လဲ"

"ဟာဝဍ္ဍာ"

မာမီ့အသံက အလန့်တကြား ထွက်ပေါ်လာ၏။

"ကျွန်တော် တော်တော်လေးစိတ်ပျက်တယ် မာမီ၊ မာမီ့ရဲ့ တစ်ဖက်စွန်းရောက်တဲ့ လုပ်ရပ်တွေကို မခံနိုင်တော့ဘူးဗျာ၊ ကျွန်တော် တစ်ခုခုကို သေချာပြန်စဉ်းစားရတော့မယ်"

"မင်း ... မင်း"

"တကယ်ဆို မာမီ ကျွန်တော့်ကို တိုင်ပင်သင့်တာပေါ့၊ ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုဆန္ဒတွေ ရှိနေသလဲဆိုတာကို မာမီ မေးမြန်းသင့်တာပေါ့ မာမီ"

"မင်း လက်ခံပေးပြီးသားပဲလေ ဟဝဠာ၊ ငါက ဘာကိုဆက်မေးရဦးမှာလဲ"

"ဗျာ"

"မင်းပြောတော့ မင်းရဲ့စိတ်သဘောဆန္ဒမပါဘဲ မာမီတို့မိဘတွေရဲ့ အဆုံးအဖြတ်ကို မလွန်ဆန်နိုင်လွန်းလို့ နာခံပေးလိုက်တာဆို၊ ဒါကြောင့် မာမီ့ဘက်ကလည်း မင်းစိတ်တွေ မပြောင်းလဲသွားခင် အမြန်ဆုံး စီစဉ်တာပေါ့ ဟဝဠာ၊ အဲဒါ မာမီ့အမှားလား"

"မမှားဘူးဆိုပေမယ့် မှန်မှမမှန်တာပဲ မာမီ၊ ကျွန်တော် မိဘတွေရဲ့ဆန္ဒကို မလွန်ဆန်ချင်လို့သာ လက်ခံပေးလိုက်တာ၊ ဒါပေမဲ့ အခုလို မြန်မြန်ဆန်ဆန်ကြီး မင်္ဂလာကိစ္စကို





လုပ်တာတော့ လက်မခံနိုင်ဘူးဗျာ၊ ကျွန်တော့်ဘက်က အသင့်မဖြစ်သေးဘူး"

ဟဝဠာ ...

သည်းမခံနိုင်တော့စွာပင် ကန့်လန့်တိုက်မိသည်။

ဟုတ်တယ်လေ။

အိမ့်ကို လက်ထပ်ရမယ်ဆိုတာကို သူ ဘယ်လိုမှ မနှစ်သက်ပေမယ့် လူကြီးတွေရဲ့ အစီအစဉ်ကို မပယ်ဖျက်ချင်လို့ နာခံခဲ့တာပါ။ သူထင်ထားတာက နောက်တစ်နှစ် နှစ်နှစ်လောက်မှ စီစဉ်ကြလိမ့်မယ်လို့လေ၊ အခု ကျောင်းတောင်မပြီးသေးတာပဲဟာ။

ဒါကို ...

မာမီတို့ဘက်က ဇွတ်အတင်း ရှေ့တိုးတာတော့ လွန်လွန်းနေချေပြီ။ သူ လက်မထပ်ပါဘူးလို့ မငြင်းပေမယ့် အခုချက်ချင်းကြီး လက်ထပ်ယူရမှာတော့ တွန့်ဆုတ်နေမိသည်။

တက္ကသိုလ်ကျောင်းသားဘဝကို လူပျိုလူလွတ်တစ်ယောက်အနေနှင့်ပဲ ကုန်ဆုံးချင်တာ သူ့ဆန္ဒပဲ။ အိမ့်ကို ယူရမယ်ဆိုရင်တောင် ကျောင်းပြီးတော့မှပဲ စဉ်းစားချင်သည်။

"မင်းဘက်က အသင့်မဖြစ်သေးဘူးလို့ ပြောရအောင် ဘာအကြောင်းတွေက ရှိနေလို့လဲ ဟဝဠာ၊ ပြီးတော့ မင်းဘက်က အသင့်ဖြစ်တဲ့ အချိန်အတိုင်းအတာတစ်ခုထိလည်း

မာမိတို့ စောင့်ပေးရလောက်အောင်လည်း စိတ်မရှည်နိုင်ဘူး၊ မာမို့ဆန္ဒက မင်း အိမ်ထောင်တစ်ခုနဲ့ အခြေကျကျဖြစ်သွားရင်ပဲ စိတ်အေးချမ်းပြီလေ၊ အဲဒီအတွက်လည်း မာမိတို့ဘက်က အားလုံး အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားပြီးပြီပဲဥစ္စာ၊ မင်းတောင် တာဝန်ပေါ့သေးတယ် ဟဝဠာ၊ မင်း ဒယ်ဒီကလည်း အခုတလော ကျန်းမာရေး သိပ်ကောင်းတာမဟုတ်ဘူး၊ အခုတလော နှလုံးက ပြန်ပြန်ဖောက်ချင်နေတာ မင်းသိရဲ့လား ဟဝဠာ၊ သူ့လုပ်ငန်းတွေအကုန်လုံး မင်းကို လွှဲချင်နေပြီ၊ သူ ရပ်တည်နိုင်နေတဲ့အချိန်လေးမှာပဲ စီစဉ်ဖို့ မာမို့ကိုပြောနေတယ်၊ ဒါကြောင့် အမြန်ဆုံးစီစဉ်ကြတာပဲ ဟဝဠာ"

ဟင် ...

ဒယ်ဒီက နှလုံးပြန်ဖောက်နေတယ်တဲ့။

သူ ဘာမှမသိ။

အခုတလော ...

အိမ့်ကိစ္စနှင့်ပတ်သက်ပြီး စိတ်တွေ မွှန်းကျပ်ကာ အပြင်မှာပဲ အချိန်ဖြုန်းနေမိတာကများသည်။ အိမ်မှာ ဘာတွေဖြစ်နေသလဲဆိုတာကိုပင် သူ စိတ်မဝင်စားခဲ့ချေ။ မာမိ ပြောတော့မှပဲ သူ သိလိုက်ရသည်။ ဒယ်ဒီ့အတွက် စိုးရိမ်ပူပန်သွားမိ၏။





"ဟဝဠာ"

"ပြော မာမိ"

"ကိုးနာရီလောက်ကျရင် အိမ့်တို့ဆီသွားရမယ်နော်"

"ကျွန်တော် မအားဘူး မာမိ"

"ဒီနေ့ ကျောင်းပိတ်ရက်ပဲ ဟဝဠာ"

"ပိတ်ရက်ဖြစ်တာနဲ့ပဲ လိုက်ပေးရမလား မာမိ၊ ကျွန်တော် ဒီနေ့ အပြင်သွားစရာရှိတယ်၊ အားလုံးကိုလည်း ချိန်းထားပြီးသားမို့ ဖျက်လို့မရဘူး မာမိ၊ မာမိ စီစဉ်ထားတဲ့ကိစ္စဆိုတော့ မာမို့ဘာသာပဲ ဆက်လုပ်လိုက်ပါ၊ ကျွန်တော့်ဘက်က လက်ခံပေးထားတာ မာမိ၊ ကျွန်တော် သွားတော့မယ်"

"ဟဝဠာ"

မာမို့ခေါ်သံက သူ့နောက်မှာ ကျန်ခဲ့၏။

အားနာပေမယ့် အလျှော့မပေးချင်သော မာနက ခေါင်းပြူနေတာကြောင့် လှည့်မကြည့်မိပါ။

ရှေ့ဆက်၍သာ လျှောက်ခဲ့မိတော့သည်။

❤ ◇ ❤

## အခန်း(၄)

“ဟဝဋ္ဌာ ဒီနေ့ မအားဘူး ချူးရယ်၊ သူ့ဒယ်ဒီ ခိုင်းထားလို့ သွားနေရတယ်လေ၊ ကိုစစ်က ကျန်းမာရေးမကောင်းတော့ ကုမ္ပဏီအလုပ်တွေကို သား ဝိုင်းကူနေရတယ်၊ ဒါကြောင့် မေဘဲလ်တို့ သွားကြရအောင်နော်”

“အေးဟယ် … သားကူ မအားတော့လည်း တို့ပဲသွားကြတာပေါ့၊ ဒါပေမဲ့ သတို့သားဝတ်စုံအတွက် ဘယ်လိုလုပ်မလဲ မေဘဲလ်”

“နောက်မှပဲ သူ့ကို တစ်ရက်ခေါ်ပြီး သွားရမှာပေါ့၊ ဘယ်တတ်နိုင်ပါ့မလဲ ချူးရယ်၊ ယောကျ်ားလေးက သိပ်ပြီး ပြဿနာမရှိပါဘူး၊ အနောက်တိုင်းဝတ်စုံပဲဟာ၊ စီစဉ်ရတာ မြန်ပါတယ်၊ အရေးကြီးတာက သတို့သမီးပဲ၊ ဂါဝန်ဆိုတာက ရွေးချယ်ပြီး ကိုယ်တိုင်းနဲ့ ပြန်သီရဦးမှာလေ၊





မင်္ဂလာရက်က စာမေးပွဲအပြီးမှာလုပ်မှာဆိုတော့ နောက်ဆို အချိန်ယူပြီး လုပ်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး၊ စာကျက်ဖို့ အချိန်ပေးရဦးမယ် ချူးရဲ့”

“မင်္ဂလာဆောင်မှာ အနောက်တိုင်းဝတ်စုံတွေ သုံးမလို့လား မေဘဲလ်၊ ချူးက မြန်မာဝတ်စုံရွေးမယ်လို့ ထင်ထားတာ၊ အိမ့်နဲ့က အဲဒါလေး ပိုအဆင်ပြေမလားလို့”

သူငယ်ချင်းဖြစ်သူ မြမြချူး စကားကြောင့် ဒေါ်မေဘဲလ် အားပင်နာသွားရသည်။ သို့သော် ဟဝဋ္ဌာ အကြောင်းကို ကောင်းကောင်းကြီး သိထားတာမို့ မင်္ဂလာသတို့သားဝတ်စုံကို မြန်မာဆန်ဆန်မရွေးချယ်ရဲပါ။ ဒီကောင်လေးက မတတ်သာလို့ သာလက်ခံထားတာ၊ သူမတူအောင် ကန့်လန့်တိုက်တတ်တဲ့နေရာမှာတော့ ပြိုင်စံရှားလွန်းလှသည်။

“သားနဲ့သမီးက အသက်ငယ်သေးတာပဲ၊ အနောက်တိုင်းဝတ်စုံလေးနဲ့ လိုက်ဖက်မှာပါ၊ ပြီးတော့ ဟဝဋ္ဌာကလည်း အဲဒီလိုပဲ ဆန္ဒရှိနေတာ ဆိုတော့”

“အင်းလေ အဲဒါလည်းဟုတ်တာပါပဲ၊ ဟဝဋ္ဌာက ဘယ်နေတတ်ပါ့မလဲ၊ သူ့အတွက် ပေါ့ပေါ့ပါးပါးဖြစ်တဲ့ ဝတ်စုံနဲ့ပဲ ကောင်းပါတယ်၊ မေဘဲလ် သဘောအတိုင်းပဲ သင့်တော်သလိုသာ စီစဉ်ပါကွယ်”

"ဒါဆို သွားကြစို့လေ ချူး၊ သမီးလေးအိမ့်ကိုလည်း ခေါ်လိုက်ဦး"

"အေးဟယ်၊ ဟုတ်ပါရဲ့ မေဘဲလ်နဲ့ စကားပြောကောင်းနေတာနဲ့ အိမ့်ကိုတောင် မခေါ်မိသေးဘူး၊ ခဏလေး မေဘဲလ် အခုလောက်ဆို သူ ပြင်ဆင်လို့ ပြီးလောက်ပါပြီ၊ သွားခေါ်လိုက်ဦးမယ်နော်"

"သွား ... သွား ချူး မေဘဲလ် စောင့်နေမယ်"

ဒေါ်မြမြချူး ဧည့်ခန်းလေးထဲကနေ ထွက်ခဲ့ပြီး အပေါ်ထပ်ဆီသို့ လှေကားထစ်များအတိုင်း တက်လာခဲ့မိသည်။

အိမ့် တစ်ယောက်မှာလည်း ခြံထဲသို့ ကားတစ်စီး မောင်းဝင်လာသံ ကြားကတည်းက စိတ်အလှုပ်ရှားကြီး လှုပ်ရှားကာ အခန်းလေးထဲကနေ အောက်ထပ်မှခေါ်သံကို နားစွင့်နေမိသည်။

ဟဝဍ္ဍာ လိုက်ပါလာမည်ကို အိမ့်သိနေ၏။ ဒီကနေ့ မင်္ဂလာဆောင်အတွက် ဝတ်စုံသွားကြည့်ကြမှာဆိုတော့ ဟဝဍ္ဍာလည်း လိုက်ကိုလိုက်လာမှာပဲလေ။

ဒါကြောင့် ...

သူမ ရင်ခုန်စိတ်လှုပ်ရှားကာ အခန်းလေးထဲတွင် အောင်းနေမိသည်။ အမေကတော့ အိမ့်ကိုခေါ်မှာပါပဲ။ ဒီတော့မှပဲ အိမ့် သွားဖို့ဆုံးဖြတ်ထားမိ၏။





သို့ပေမဲ့ ...

အိမ့်ထင်သလို အမေ့ခေါ်သံက ထွက်မလာချေ။

အန်တီမေဘဲလ်နှင့်ပဲ စကားပြောကောင်းနေလို့လားတော့မသိ။ အိမ့်ကို လှမ်းခေါ်သတိပေးဖို့ပင် အမေ မေ့နေပုံရသည်။

အခန်းလေးထဲကနေ စောင့်နေရသူ အိမ့်မှာ စိတ်မရှည်ချင်တော့။ ဒီအတိုင်းထွက်သွားလိုက်လျှင်လည်း ရလျက်သားနဲ့ သူမ ဘာတွေကို တွန့်ဆုတ်နေမိမှန်းမသိပါချေ။ သူမနဲ့ လက်ထပ်ရမှာကို စိတ်မပါသော ဟဝဍ္ဍာရှေ့သွားရမှာ ကြောက်ရွံ့တွန့်ဆုတ်နေမိသည်။

အမေကတော့ ဘာမှ မသိချေ။

ဟဝဍ္ဍာက စိတ်လိုလက်ရ ကြည်ဖြူစွာလက်ခံလို့ အခုလို မင်္ဂလာကိစ္စ စီစဉ်တာပဲဟု ထင်နေသည်။ တကယ့်အဖြစ်မှန်တွေကို သိနေတာက အန်တီမေဘဲလ်နဲ့ အိမ့်ပဲဖြစ်သည်။ အိမ့် သိနေတယ်ဆိုတာလည်း အန်တီမေဘဲလ် ပြောပြလို့မဟုတ်ပါ။

ဟဝဍ္ဍာကိုယ်တိုင်က စိတ်ပျက်စွာ သူမကို တစ်ချက်ကလေးမျှ အားနာမှုမရှိဘဲ ညည်းညူပြခြင်းကြောင့်သာ သိခဲ့ရခြင်းဖြစ်သည်။ ဒါကို အန်တီမေဘဲလ် လုံးဝမသိချေ။ အိမ့်သိနေတယ်ဆိုတာကို လူကြီးမိဘတွေ သိအောင်လည်း အိမ့်က ပြန်မပြောခဲ့ပါ။ အိမ့်ကို ငြင်းပယ်ဖို့ အကူအညီ တောင်းခံခဲ့တဲ့ အကြောင်းကိုလည်း အိမ့်ဆန္ဒနှင့်ပင် ဖုံးကွယ်လျှို့ဝှက်ထားခဲ့မိသည်။

အိမ့် …

ဟ၀ဠာကို သိပ်ချစ်တယ်။

ပိုင်ဆိုင်ထားချင်တယ်။

ဟ၀ဠာ စိတ်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ဟ၀ဠာနှင့် လက်ထပ်ရမှာကို အိမ့် ကျေနပ်နှစ်သက်နေမိသည်။

ဒါကြောင့်လည်း …

တစ်စုံတစ်ခုသော အကြောင်းတရားနှင့် ပျက်ပြယ်သွားမှာကို သေလောက်အောင်ပင် စိုးရိမ်ကြောက်ရွံ့ကာ အိမ့်နှုတ်ဆိတ်နေခဲ့မိသည်။

ဟ၀ဠာရယ် …

အိမ့်ကို ခွင့်လွှတ်ပါနော်။

နင် စိတ်ချမ်းသာအောင် မလုပ်ပေးနိုင်ခဲ့တဲ့ အိမ့်ကို ခွင့်လွှတ်ပါ ဟ၀ဠာရယ်။

အိမ့်တစ်ယောက်တည်း ရင်ထဲကနေ ကျိတ်ပြီးဆုတောင်းနေမိသည်။

"ဒေါက် … ဒေါက်"

ဟော …

တံခါးခေါက်သံပဲ။

အမေ သူမကို လာခေါ်တဲ့ တံခါးခေါက်သံပဲ။





အိမ့် …

အခန်းတံခါးဆီ ချက်ချင်းလျှောက်သွားကာ လက်ကိုင်ဖုသီးကလေးကို လှမ်းပြီး ဖွင့်ပေးလိုက်သည်။

"အိမ့်"

"ရှင်"

"ပြင်ဆင်လို့ပြီးပြီ မဟုတ်လား"

"ဟုတ်ကဲ့ အမေ"

"ဒါဆို သွားရအောင်လေ၊ အောက်မှာ မေဘဲလ် စောင့်နေတယ်"

"အမေ"

"ဟေ"

"ဟို … ဟို … သူ … သူရော ပါလာလားဟင်"

"ဘယ်သူလဲ"

"ဟ၀ဠာလေ"

"ဩော် … ဟ၀ဠာ မပါဘူး သမီး"

"ရှင်"

အိမ့်မျက်ဝန်းလေးတွေ ဝိုင်းစက်သွားရ၏။

သူမက ကျိန်းသေပေါက် သူလိုက်လာမှာပဲလို့ ထင်မှတ်ထားတာလေ။ အခုတော့ သူမ ထင်တာနှင့် တက်တက်စင်အောင်ပင် လွဲနေချေပြီ။

"ဟဝင္ဂါက မအားလို့တဲ့၊ မေဘဲလ် တစ်ယောက်တည်းလာတာ အိမ့်"

"သြော် ..."

မအားလို့ လိုက်မလာဘူးဆိုတဲ့ အမေ့စကားကြောင့် အိမ့်ရင်တစ်ခုလုံး နင့်သည်းကာ နာကျင်စူးရှသွားရသည်။

ဟဝင္ဂါလိုလူမျိုးအကြောင်းကို အိမ့်က အသိဆုံးပဲဟာ။ မအားလို့မဟုတ်နိုင်ပါဘူး။ မလိုက်လာချင်လို့ တမင်ရှောင်ထွက်သွားတာဆိုတာ ဗေဒင်မေးစရာမလိုလောက်အောင်ပင် သူမ သိနေပါသည်။

ဟဝင္ဂါရယ် ...

နင် စိတ်မပါဘူးဆိုတာ ငါ သိပါတယ်။

ဒါပေမဲ့ ...

အခုလို မဖြစ်မနေ လိုက်ပါရမယ့်နေ့မျိုးမှာတော့ အားနာမှုတစ်ခုနဲ့ ရောက်လာမှာပဲလို့ ငါက ထင်ထားတာလေ။

နင် ...

အရမ်းပြတ်သားတာပဲနော်။

နင့်ရဲ့ မကြည်ဖြူမှုကို ပေါ်ပေါ်ထင်ထင်ပဲ ပြသွားခဲ့တာပဲ ဟဝင္ဂါ။

နင် မှန်ပါတယ်။





နင့်လုပ်ရပ်က မှန်ပါတယ် ဟဝင္ဂါရယ်။

ကိုယ် စိတ်မပါတဲ့ဟာကို ဘယ်လိုဟန်ဆောင်မှုတွေနဲ့ ရပ်တည်ချင်ပါ့မလဲလေ။ အကြောင်းပြချက်တစ်ခုခုပြပြီး ရှောင်မှာပဲပေါ့။

မှားနေတာက အိမ့်မျက်ချယ် ဆိုတဲ့ ငါပါပဲဟာ။

မဖြစ်နိုင်တဲ့အရာတွေကိုမှ စိတ်ကူးယဉ်ချင်နေငဲ့ အိမ့်ကသာ မှားနေတာပါ ဟဝင္ဂါရယ်။

"သမီး"

"ရှင်"

"သွားကြရအောင်လေကွယ်"

"ရှင် ... ဟုတ် ... ဟုတ်ကဲ့ အမေ"

"မေဘဲလ်ကပြောတယ်၊ နောက်ရက်မှပဲ ဟဝင္ဂါအတွက် သတို့သားဝတ်စုံ သွားရွေးတော့မယ်တဲ့၊ အခုတော့ သူ့ဒယ်ဒီ ခိုင်းထားတဲ့အလုပ်တွေ လုပ်နေရတယ်တဲ့လေ"

"သြော် ..."

"ကိုစစ်လည်း သနားပါတယ်၊ နလုံးက ပြန်အမောဖောက်နေလို့ အလုပ်တောင်နားထားရတယ်ဆိုပဲ၊ ဆေးခန်းတွေချည်းပဲ ပြနေရတယ်တဲ့ အိမ့်"

"အခြေအနေ အရမ်းဆိုးလားဟင် အမေ"

"မေဘဲလ်ပြောတော့ အဆိုးကြီးမဟုတ်ဘူးတဲ့၊ ဒါပေမဲ့ နိုးရိမ်တော့ ဆေးခန်းတွေ သွားသွားပြနေတာပေါ့"

"အိမ့်လည်း စာမေးပွဲရက်တွေနီးနေတော့ အန်ကယ့်ကို တောင် သွားမတွေ့ရသေးဘူး အမေ"

"အေးကွယ်၊ အမေလည်း ဘာရယ်မဟုတ်ဘဲ အလုပ်ရှု နေလို့ မေဘဲလ်တို့အိမ်တောင် မသွားဖြစ်ဘူး၊ ဖုန်းနဲ့ပဲ ဆက်ဆက်ပြီး မေးနေရတယ်၊ အဝတ်အစားတွေ သွားကြည့် ပြီး ပြန်ရင်တော့ မေဘဲလ်တို့အိမ်ကို လိုက်သွားပြီး ကိုစ ကို သွားကြည့်ဦးမှပဲ၊ ကျန်းမာရေးအခြေအနေလေးလည် မေးရတာပေါ့ကွယ်"

ဟင် ...

အမေ့စကားကြောင့် အိမ့်မျက်ဝန်းလေးတွေ ပြူးဝိုင် သွားရသည်။ အန်တီမေဘဲလ်တို့အိမ်ကို တစ်ခါတည်း လိုက်သွာ ကြမယ်တဲ့လေ။ ဒါဆို အန်ကယ်စစ်နှင့်တွေ့ပြီး ဟဝဠာအကြောင် စကားစပ်မိလျှင် မလွယ်ဘူး။

အလိမ်အညာတွေအားလုံး ပေါ်သွားလျှင် မျက်နှ ပျက်ရမှာက အန်တီမေဘဲလ်ပါပဲ။ အမေ့ရှေ့မှာမို့ ဟဝဠာအပေ အမြင်မစောင်းစေရန် အန်တီမေဘဲလ်က အဆင်ပြေတဲ့အကြောင် ပြချက်တစ်ခုကို သုံးထားတာဆိုလျှင် အားလုံးခက်ကုန်ရတော့မည်

"ဟင့်အင်း အမေ၊ ဒီနေ့တော့ သွားလို့မဖြစ်ဘူး"





"ဟေ"

"ဟို ... ဟိုလေ ... အိမ့် ... အိမ့်မအားသေးဘူး အမေ၊ ညနေကျရင် စေရာက ဘိုင်အိုဆရာမဆီ သွားကန်တော့ မယ်လို့ ပြောထားတာ၊ အိမ့် လိုက်မယ်လို့ ကတိပေးထား ပြီးပြီ အမေ"

"ဟင် ... ဟုတ်လား"

"သူငယ်ချင်းတွေနဲ့လည်း ချိန်ထားတာဆိုတော့ လိုက်မသွား လို့မဖြစ်ဘူး၊ မနက်ဖြန်ကျမှပဲ သွားကြည့်ပြီး အန်ကယ်စစ် ကို သတင်းမေးလိုက်မယ်"

"သြော် ... အေး ... အေး၊ အဲဒါဆိုလည်း ပြီးတာပါပဲ ကွယ်၊ ပြောမယ့်သာပြောရတာ အမေလည်း အခုတလော သွေးတွေတိုးတိုးပြီး ခေါင်းမူးမူးနေတာ၊ သမီး မင်္ဂလာ ဆောင်အတွက်မို့သာ အားတင်းနေရတာ၊ လူက သိပ်မဟန် ချင်ဘူးကွယ့်"

"အဲဒါကြောင့် အမေ့ကို မသွားစေချင်တာပေါ့ သမီးပဲ သွားလည်လိုက်ပါမယ် အမေရယ်၊ ဟဝဠာကိုလည်း မေးခွန်း လေးပေးရင်းနဲ့ပေါ့"

"အေးပါကွယ်၊ အဲဒါတွေက နောက်မှပဲ စီစဉ်ကြတာပေါ့၊ သွားကြရအောင်ကွယ်၊ အောက်ထပ်မှာ မေဘဲလ် စောင့်နေ ရှာတော့မယ်"

"ဟုတ်ကဲ့ အမေ"

အိမ့်တစ်ယောက် ...

အမေ့ဆီမှ ရှောရှောရှူရှူ လက်လျှော့သွားတော့မှပဲ သက်ပြင်းမောကို ကျိတ်ပြီး ချနိုင်သွားတော့၏။

ဟဝဠာရယ် ...

ငါလေ ...

နင်နဲ့ပတ်သက်တိုင်း အခုလိုပဲ သက်ပြင်းကြီးတွေကို မကြာခဏဆိုသလို ချချနေရတယ် သိလား။

ငါ့ကိုမချစ်တဲ့ နင့်ကြောင့် ငါ စိတ်တွေအရမ်းမောနေရတယ်ဟာ။ ဒါပေမဲ့ ငါ နင့်ကို အပြစ်မတင်ပါဘူး ဟဝဠာရယ်။ ငါက သူချစ်ထက် ကိုယ်ကချစ်ပြီး ပေးဆပ်နေရတာလေးကိုပဲ ကျေနပ်နှစ်သက်နေတဲ့သူ မဟုတ်လား။

အဲဒီတော့ ...

အခုလိုမျိုး ဒဏ်ကိုတော့ ငါ ခံရမှာပေါ့လေ။

ငါ ...

နင့်ကို စိတ်မဆိုးပါဘူး ဟဝဠာရယ်။

ငါ ...

ကျေနပ်နေပါတယ်ဟာ။

❤ ✧ ❤





## အခန်း(၅)

"ငါ နင့်ကို တကယ်အံ့သြတယ် အိမ့်။ နင် စိတ်ပါပါ မပါပါ အခုလိုမျိုးတွေ လိုက်လုပ်နိုင်တယ်နော်။ ငါ နင့်ကို တကယ်ချီးကျူးတယ် သိလား"

ဟဝဠာရယ် ...

နင်မို့လို့ ဒီစကားမျိုးတွေ ပြောရက်တယ်ဟာ။

ငါက ...

နင်ထင်သလို မိဘစကားနားထောင်ပြီး စိတ်မပါပေမယ့် အားနာစိတ်တစ်ခုနဲ့ လိုက်လုပ်နေတာလို့ နင် ထင်တယ်နော်။

မဟုတ်ဘူး ဟဝဠာ။

ငါက ...

စိတ်ပါဝင်စားလွန်းလို့ အခုလို စိတ်လိုလက်ရ လိုက်လုပ်နေတာဟ။ အဲဒါကို နင်ကမှမသိတာပဲ ဟဝဠာ။ ငါ ဟန်ဆောင်ကောင်းပြနေတာ မဟုတ်ပါဘူးဟာ။

"အိမ့်"

"ဟင်"

"ရယ်စရာမကောင်းဘူးလားဟင်"

"ဘာကိုလဲ ဟဝဠာ"

"နင်နဲ့ ငါ့ရဲ့ မင်္ဂလာဆောင်ကလေ"

"ဘာ ... ဘာရယ်စရာရှိလို့လဲ ဟဝဠာ"

"အချစ်ကြောင့်မဟုတ်ဘဲ သူငယ်ချင်း သံယောဇဉ်ကြီးနဲ့ ကျင်းပရတဲ့ မင်္ဂလာဆောင်ကြီးမို့ပါ။ ငါတော့ တွေးမိတိုင်း ရယ်ချင်တယ်ဟာ၊ လူကြီးတွေ တော်တော်အတွေးအခေါ်နတာပဲ၊ တကယ်ဆိုရင် ငါ့တို့နှစ်ယောက်ရဲ့ ရင်ထဲကဆန္ဒအမှန်ကို မေးမြန်းကြည့်သေးတာပေါ့၊ ခုတော့ ငါ့မာမီရဲ့ တစ်ဖက်သတ်စိတ်ကူးနဲ့ အားလုံး အမှားတွေကို လျှောက်လုပ်နေကြတယ်လေ"

ဟဝဠာရယ် ...

အချစ်ကြောင့် မဟုတ်ဘူးတဲ့လားဟာ။





နင့်ဘက်ကတော့ နင်ပြောသလို ဟုတ်ချင်ဟုတ်မှာပေါ့ ဟဝဠာ။ ဒါပေမဲ့ ... ငါ့ဘက်ကတော့ အချစ်ကြောင့် အဓိပ္ပာယ်တွေပြည့်ဝနေတဲ့ မင်္ဂလာပွဲတစ်ခုပါပဲဟာ။

"အိမ့်"

"ပြောလေ ဟဝဠာ"

"နင် ဘာဖြစ်နေတာလဲဟင်၊ နင် မျက်နှာညှိုးနေသလိုပဲ၊ ဘာလဲ စိတ်မပါဘဲ လူကြီးတွေခိုင်းတဲ့အတိုင်း လိုက်လုပ်နေရလို့ စိတ်ပင်ပန်းနေတာလား"

"ဒီလိုပါပဲဟာ"

အိမ့် ...

မတင်မကျလေး ပြန်ဖြေမိသည်။

"အဲဒါကြောင့် နင့်ကိုပြောတာပေါ့၊ နင် ငြင်းလိုက်ပါလို့၊ မာမီက နင့်ကိုဆို အရမ်းအလေးအနက်ထားတာပဲဟာ၊ နင်သာ ခေါင်းခါလိုက်ရင် ဒီနေ့လို စိတ်ညစ်စရာရက်မျိုးတွေတောင် ရှိလာမှာမဟုတ်ဘူး၊ နင်ညှို့လို့ဖြစ်ရတာ အိမ့်၊ နင် အားနာစိတ်၊ ကြောက်ရွံ့စိတ်တွေနဲ့ ငြိမ်နေလို့ဖြစ်ရတာ သိလား"

"ငါ့ကိုချည်းပဲ လွှဲမချစမ်းပါနဲ့ ဟဝဠာရယ်၊ နင်ကျတော့ရော၊ ဘာလို့ တင်းခံမနေတာလဲ"

"မရလို့ပေါ့ဟ၊ မာမီက ဒီတစ်ခါတော့ ရည်ရွယ်ချက်တော်တော်ပြင်းထန်တာ၊ ငါ လက်လျှော့လိုက်ရတာပဲကြည့်လေ"

သိပါတယ် ဟဝဥ္စာရယ်။

နင် ဘယ်လောက်ထိ ကြိုးစားပန်းစား ငြင်းပယ်ခဲ့သလဲဆိုတာ ငါ မှန်းဆလို့ရပါတယ်။ ဒါပေမဲ့ ... ငါ ဘာဖြစ်နေလဲမသိပါဘူးဟာ။ နင် အခုလို ပွင့်ပွင့်လင်းလင်းကြီး ပြောလိုက်တဲ့ စကားကို မကြားရဲလောက်အောင်ပဲ ဖြစ်နေရတယ် ဟဝဥ္စာရယ်။

နင့်ရှေ့မှာ ရှိက်ငိုမိမတတ် ဝမ်းနည်းကြေကွဲနေရတယ်ဟာ။

"အိမ့်"

"ဘာလဲ ဟဝဥ္စာ"

"နင် သေသေချာချာ ပြန်စဉ်းစားကြည့်စမ်း၊ နင့်ရဲ့ ခင်ပွန်းဟာ ငါဖြစ်နေတယ်ဆိုတာကြီးက တစ်မျိုးကြီးဖြစ်မနေဘူးလား အိမ့်"

"ဘာကိုလဲ ဟဝဥ္စာ"

"ငါတို့က တစ်ချိန်လုံး သူငယ်ချင်းလို နေလာကြတာလေ၊ ပြီးတော့ နင့်စိတ်ထဲမှာရော၊ ငါ့စိတ်ထဲမှာပါ ဘာခံစားချက်မှမရှိတဲ့ အဖြူရောင်သက်သက်ချည်းပဲ ရှိတာ၊ အဲဒီလို





အခြေအနေမျိုးကြီးနဲ့ လက်ထပ်ရတာဆိုတော့ စိတ်ပျက်စရာကြီးပဲ၊ တစ်ယောက်နဲ့တစ်ယောက် မမြင်ဖူး၊ မသိဖူးတဲ့ သူစိမ်းတွေလည်းမဟုတ်ဘဲနဲ့ တစ်မိုးအောက်မှာ အတူတူနေကြရတော့မှာကြီးက တကယ်တစ်မျိုးကြီးပဲဟာ၊ အူတူတူနဲ့ ရယ်စရာကောင်းနေတယ်"

"အင်း"

အိမ့် ...

ခေါင်းလေးပဲ ညိတ်ပြလိုက်မိသည်။

သူ့စိတ်ထဲမှာ ကိုယ်နဲ့ပတ်သက်ပြီး ဘာခံစားချက်မှ မရှိပါဘူးလို့ ပြောင်ပြောင်တင်းတင်း ဝန်ခံနေသောလူတစ်ယောက်ရှေ့တွင် သူမဘက်က ဘယ်လောက်ပဲ ယိုင်နဲ့နေနေ လဲကျပြလို့တော့ မဖြစ်ဘူးလေ။

ငါ သေလောက်အောင်ပဲချစ်ချစ်၊ နင့်ရှေ့မှာတော့ မိန်းမတစ်ယောက်ရဲ့မာနနဲ့ ဂုဏ်သိက္ခာတွေ ရစရာမရှိအောင် လမ်းခင်းပေးဖို့တော့ ငါ ဘယ်တော့မှ စိတ်မကူးဘူး ဟဝဥ္စာ။ ငါ သရုပ်ဆောင်ကောင်းကောင်းနဲ့ ရပ်တည်ပြမှာပါဟာ။

"အိမ့်"

"ဘာလဲ ဟဝဥ္စာ"

"စေရာရော ငါတို့အကြောင်း သိပြီးပြီလား"

"အင်း"

"ဘာလဲ နင့် ပြောပြလိုက်တာလား"

"နောက်လည်း သိမှာပဲဟာ"

"ဒီကောင် အရမ်းခံစားသွားရမှာပဲ"

"ဘာကိုလဲ ဟဝဠာ"

"နင်နဲ့ ငါ လက်ထပ်ရတော့မယ်ဆိုတာ သိပြီးတော့လေ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ အိမ့်ရာ၊ စေရာက နင့်ကို တစ်ဖက်သတ် စိတ်ဝင်စားနေတဲ့ သူပဲဟာ"

"ဟဝဠာ ... နင် ... နင် ဘာတွေ မဟုတ်မဟတ်လျှောက် ပြောနေတာလဲ၊ စေရာနဲ့ အိမ့်က သူငယ်ချင်းတွေဟဲ့"

"အဲဒါ နင့်အတွေးလေ အိမ့်"

"ဘာ ..."

"ငါတို့က ယောကျ်ားချင်းပါဟာ၊ ဘယ်အကွက်ကိုပဲရွှေ့ ရွှေ့ အားလုံး သိနေပြီးသားပဲဟာ၊ စေရာ နင့်ကို စိတ်ဝင် စားနေတယ်ဆိုတာ ငါ ရိပ်မိနေတာကြာပါပြီ၊ နင်ကသာ မသိတာ အိမ့်"

"မဟုတ်ဘူး ဟဝဠာ၊ သူက နင်ထင်သလို မဟုတ်ဘူး၊ အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းပါနဲ့ဟာ"





"နင် သိပ်အ,တာပဲ အိမ့်"

"တော်တော့ ဟဝဠာ"

အိမ့် ...

မကြားရဲ့စွာပင် တားဆီးပစ်လိုက်သည်။

စေရာ့ကို အဲဒီလို အထင်သေးစွပ်စွဲတာမျိုး အိမ့် လုံးဝ လက်မခံနိုင်ပါ။ ပထမနှစ်စတက်ကတည်းက စာသင်ခန်း တစ်ခန်းတည်းသားချင်းဖြစ်သော စေရာနှင့် အိမ့်တို့ ခင်မင်ရင်းနှီး ခဲ့ကြသည်။

အစပိုင်းတုန်းကတော့ ...

တစ်ယောက်နဲ့တစ်ယောက် မေးထူးခေါ်ပြောလောက် သာ ရင်းနှီးခဲ့သော်လည်း စာသင်နှစ်တစ်ဝက်လောက်ရောက်လာ တော့ စိမ်းသက်မှုတွေ လုံးဝမရှိတော့ဘဲ တကယ့်ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်များသဖွယ် ဖြစ်လာကြသည်။ တစ်ယောက် ရဲ့စိတ်ကို တစ်ယောက်က သိနားလည်ကာ လိုအပ်ချက်လေးများကို တစ်ယောက်က စေတနာသန့်သန့်နှင့် ကူညီဖြည့်ဆည်းရင်း အခုဆို လျှင် တတိယနှစ်စာသင်ချိန်ပင် ဖြေဆိုဖို့အချိန် နီးကပ်လာပြီဖြစ် သည်။

စေရာ့ဘက်မှ ဟဝဠာ အထင်အမြင်လွဲမှားရလောက် အောင်လည်း အမူအရာပျက်ယွင်းနေခြင်းလည်း တစ်စက်ကလေးမှ မရှိချေ။

ဒါဆို …

မရိုးသားပါဘူးဆိုတဲ့ သံသယအတွေးမျိုး ဟ၀ဋ္ဌာ ဘာကြောင့်တွေးမြင်နေရတာပါလိမ့်။

“ငါ တကယ်ပြောတာ အိမ့်ရဲ့၊ စေရာ နင့်ကို တကယ်စိတ်ဝင်စားနေတာပါဆိုမှပဲ၊ နင် မယုံလည်းမတတ်နိုင်ဘူး”

မယုံဘူး ဟ၀ဋ္ဌာ။

အခုလိုအချိန်မျိုးမှာ ပြောတဲ့အတွက်လည်း ငါ ပိုပြီးတော့တောင် မယုံချင်သေးတယ် သိရဲ့လား။ နင့်အကြောင်း ငါသိပါတယ် ဟ၀ဋ္ဌာရယ်။ နင်က ငါ့ကို လက်မထပ်ချင်ဘူး မဟုတ်လား။ ငါစိတ်တွေဝေလေ နင့်အတွက် အကျိုးရှိလေပဲလေ။ ဒါကြောင့် နင့်ဆီမှာ ငါ့အာရုံတွေ ကျရောက်မနေအောင် စေရာ ဘက်ကို တွန်းလွှတ်နေမှန်း ငါ သိပါတယ် ဟ၀ဋ္ဌာရယ်။

“နင်သိထားဖို့က ယောကျ်ားတစ်ယောက်ဟာ သူ့စိတ်ထဲမှာ ဘာမှ မရှိဘဲ အဲဒီမိန်းကလေးနဲ့ပတ်သက်တဲ့ အကောင်းအဆိုးတွေကို လက်ခံစဉ်းစားနေဖို့ ဘယ်တော့မှ မကြိုးစားဘူး အိမ့်၊ စေရာက နင်နဲ့ပတ်သက်လာတိုင်း ဘယ်အရာကိုမှ သွေးအေးအေးနဲ့ မနေနိုင်ခဲ့ဘူးလေ၊ အထူးသဖြင့် ငါ နင့်ကို အကူအညီ တောင်းတတ်တဲ့ အချိန်ခါမျိုးမှာပေါ့ဟာ”

“တော်ပါတော့ ဟ၀ဋ္ဌာရယ်၊ နင် ဘာစကားမှ ထပ်ပြီး မပြောပါနဲ့တော့၊ ငါသိပါတယ်၊ ငါနဲ့ လက်ထပ်ရမှာ





နင် မလိုလားဘူးဆိုတာ ငါသိပါတယ်၊ အဲဒီအချက်နဲ့တော့ ငါနဲ့ စေရာရဲ့ ရိုးသားတဲ့ ခင်မင်ရင်းနှီးမှုတွေကိုတော့ အရောင်ညစ်ညစ်တွေဆိုးပြီး သံသယဖြစ်စရာကောင်းသွားအောင်တော့ မလုပ်ပါနဲ့ဟာ၊ ငါ နင့်ကို တောင်းပန်ပါတယ်၊ တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ရဲအောင်မလုပ်ပါနဲ့ဟာ”

“ပြဿနာပဲ အိမ့်၊ နင် ငါ့ကို ဘာကြောင့် အခုလိုထင်လိုက်ရတာလဲ၊ ကျွတ် … ငါ ပြောချင်တဲ့ စကားကို နင်က အဓိပ္ပာယ်တစ်လွဲကောက်ပြန်ပြီ၊ အဲဒါကြောင့် နင်နဲ့ ငါ လုံးဝမဖြစ်ဘူးလို့ ပြောတာပေါ့”

“ဟုတ်ပါတယ် … ဟုတ်ပါတယ်၊ လုံးဝ မဖြစ်ပါဘူး၊ ဒါပေမဲ့ … လူကြီးတွေက အားလုံး စီစဉ်ပြီးနေပြီလေ၊ အဲဒါ ငါ ဘာလုပ်ရမလဲ”

ဟ၀ဋ္ဌာ အသံတိတ်သွား၏။

သူမ မျက်နှာဆီ စိတ်ပျက်စွာ စူးစူးရဲရဲ စိုက်ကြည့်နေသည်။

“တော်ပြီ အိမ့်၊ နင်နဲ့ စကားအကောင်းတောင်ပြောလို့မရတာ၊ ရှေ့ကို ဘယ်လိုဆက်ကြမလဲ၊ တကယ်စိတ်ရှုပ်တယ်ကွာ၊ အဲဒါကြောင့် ငါ မာမို့ကိုငြင်းတာပေါ့၊ နင့်ဘက်က လက်ခံလိုက်လို့ အားလုံးရှုပ်ကုန်တာ”

ဟ၀ဠာရယ် ...

နင့်မို့ အခုလိုစကားမျိုး ငါ့ကို ပြောရက်တယ်နော်။

ငါ့ကြောင့်ပဲလို့ နင် ဘာကြောင့် တစ်ဖက်သတ် တွေးပစ်လိုက်ရတာလဲ ဟ၀ဠာရယ်။ တကယ်ဆိုရင် နင်လည်း အပြစ်မကင်းခဲ့ဘူး။ နင့်ဘက်က လက်မခံနိုင်ပါဘူးလို့ ပြတ်ပြတ်သားသားငြင်းလိုက်ပါလား။ အန်တီမေဘဲလ်စကားကို နင် ဘယ်တုန်းကမှ လိုက်နာကျင့်သုံးခဲ့လို့လဲ ဟ၀ဠာ။ နင်စိတ်ထင်ရာ ဖွတ်လုပ်တတ်တာ နင့်အကျင့်စရိုက်ပဲဟာ။

အခုမှ ...

ငါတစ်ယောက်တည်းကို အပြစ်တွေပုံချလိုက်တာ သိပ်ပြီး တရားလွန်တာပဲ ဟ၀ဠာရယ်။ နင့်စကားတွေကြောင့် ငါ ဘယ်လောက်တောင် နာကျင်သွားလိမ့်မလဲဆိုတာ နင် နည်းနည်းလေးမှတောင် မစဉ်းစားမိဘူးလား ဟ၀ဠာရယ်။

နင် ...

သိပ်ရက်စက်တာပဲ ဟ၀ဠာ။

နင် အဲဒီလောက် သွေးအေးအေးနဲ့ စိမ်းကားနိုင်လိမ့်မယ်လို့ ထင်တောင်မထင်မိဘူးဟာ။

"ငါ သိပ်စိတ်ညစ်နေရတယ် အိမ့်၊ အခုအချိန်မှာ ငါ့မှာ ရည်းစားတွေအများကြီးရှိနေတာတောင် ငါ ရွေးချယ်ပြီး အိမ်ထောင်ပြုဖို့ လုံး၀ကို စိတ်ကူးမရှိသေးတာ၊ နင့်ကိုမှ





မဟုတ်ဘူး အိမ့်၊ ငါ့ကို စည်းဘောင်တစ်ခုလို ထိန်းချုပ်သွားမယ့် ဘယ်လိုအရာမျိုးကိုမှ ငါ မလိုလားဘူး၊ အဲဒါ ငါ့ဆန္ဒ အမှန်ပဲ"

ဟ၀ဠာရယ် ...

ငါ သိပါတယ်။

နင် ဘာကို ဆိုလိုချင်တယ်ဆိုတာ ငါ နားလည်ပါတယ်။

စိတ်ချပါ ဟ၀ဠာ ...

ငါကလေ နင့်အနားလေးမှာ နေခွင့်လေးရနေရရင်ပဲ ကျေနပ်နေမယ့်သူပါဟာ။ ငါ့ကြောင့် နင့်စိတ်ထဲမှာ ဘယ်လို အနှောင့်အယှက်မှ မရှိစေရပါဘူး ဟ၀ဠာ။ နင်ဖြစ်စေချင်တဲ့ဆန္ဒအတိုင်းပဲ ငါ နေပေးမှာပါ။

အဲဒါ ...

ငါ့အချစ်ပဲ ဟ၀ဠာ။

နင့်စိတ်တွေ မပင်ပန်းစေချင်တာ ငါ့ရဲ့ချစ်ခြင်းမေတ္တာပါပဲဟာ။

အိမ့်ရင်ထဲကနေ တိတ်တဆိတ်လေး ပြောနေမိ၏။

ဟ၀ဠာကတော့ အငေးဆိငေးမောပြီး ဘာစကားမှ ရှေ့မဆက်တော့ဘဲ ငြိမ်သက်နေတော့၏။

❤ ✧ ❤

## အခန်း(၆)

"မောင်"

ခေါ်သံက မာဆတ်ဆတ်။

အသံရှင်ကို လှည့်မကြည့်ဘဲ ဘယ်သူဖြစ်တယ်ဆိုတာကို ဟဝဍ္ဍာ သိနေပါသည်။ သို့သော် ... နှစ်လိုသောအပြုံးလေးတွေနှင့် လှည့်စောင်းကြည့်ကာ ကြိုဆိုမိသည်။

"မောင်"

"ထိုင်လေ ချော"

လေပြည်လေးနှင့်ပင် သူ ထိုင်ခိုင်းလိုက်၏။

အခုအချိန်မှာ ...

ချောမဒီ ဆိုတဲ့ ဟဝဍ္ဍာရဲ့ချစ်သူလေး ဘယ်လောက်တောင်များ သွေးပျက် တုန်လှုပ်ချောက်ချားနေလိုက်မလဲဆိုတာ





ကိုယ်ချင်းစာလို့ရနေပါသည်။ စာသင်ခန်းတစ်ခုလုံးမှာ အိမ့်နဲ့ ဟဝဍ္ဍာတို့ရဲ့ မင်္ဂလာသတင်းက ပျံ့နှံ့နေတာလေ။ ဒါကို ကြားသွားပြီး ချောတစ်ယောက် သူ့ဆီကို ရောက်ချလာတာပဲနေမှာပေါ့။

ပြောမယ့်သာ ပြောရတာ။

ချောမဒီဆိုတဲ့ အခုလက်ရှိတွဲနေတဲ့ ချစ်သူလေးကိုတော့ ဟဝဍ္ဍာ စိတ်ထဲမှာ နည်းနည်းတော့ ဖီးဖြစ်မိသည်။ ချောကစာမည်နှင့်လိုက်အောင် ချောမောလှပ ကြော့ရှင်းရုံတင်မက ငွေကြေးပြည့်စုံမှုကလည်း သာလွန်လွန်း၏။ အဝတ်အစားဝတ်တာသည်း စတိုင်လ်ကျသည်။

ကိုယ်ပိုင်ကားကလေးမောင်းပြီး ကျောင်းလာလာတက်တဲ့ ချောမဒီက ယောကျာ်းလေးတိုင်း၏ ပါးစပ်ဖျားတွင် ရေပန်းစားလွန်းလှ၏။ အလှအပမက်သော ချော၊ အပျော်အပါးမက်သော ချောနှင့် သူ ဆုံတော့ အသွင်တူတယ်ပြောရမလား နှစ်ယောက်စလုံး အဆင်ပြေပြေ တွဲဖြစ်ခဲ့သည်။

လွတ်လပ်ပေါ့ပါးမှုကို ခုံမင်သော ချောနှင့် ရှိုးပွဲတိုင်းလိုလို သွားခဲ့သလို၊ ပါတီပွဲတွေ၊ ကလပ်တွေသွားတက်ခဲ့၏။ ဟန်ဆောင်မှုမရှိ ပွင့်ပွင့်လင်းလင်း ဖော်ဖော်ရွေရွေ နေထိုင်တတ်သောချောနှင့် အချိန်ကြာကြာပင် တွဲဖြစ်နေခဲ့သည်။ ချောအနားမှာနေရတာ သူ ပျော်လည်းပျော်၊ ဂုဏ်လည်းယူမိသည်။

"ဒါ ဘာသဘောလဲ မောင်၊ အိမ့်နဲ့မောင် လက်ထပ်တော့မယ်ဆိုတာ ဘာသဘောလဲ၊ တစ်ကျောင်းလုံး ဒီသတင်းတွေက ပျံ့နေတယ်"

"ထိုင်ပါဦး ချောရယ်၊ အေးအေးဆေးဆေးထိုင်ပြီးမှ ပြောလည်းဖြစ်တာပဲဟာကို၊ ချောကိုကြည့်ပြီး မောလိုက်တာကွာ"

ဟင် ...

မောင့်စကားကြောင့် ချောမဒီ မျက်ဝန်းလှလှလေးတွေ ဝိုင်းသွားရ၏။

မထင်မှတ်ဘဲ ကြားလိုက်ရတဲ့ သတင်းဆိုးကြောင့် ချောမှာ ရှက်လည်းရှက်၊ မနာလိုဝန်တိုလည်းဖြစ်မိကာ ဒေါသတကြီး မောင့်ကိုတွေ့အောင်ရှာနေခဲ့မိသည်။ မောင် သူမကို တမင်ကျောတာလားဆိုတဲ့ အတွေးကြောင့် ဖြေသိမ့်မရအောင်ပင် ဒေါသအကြီးအကျယ်ပေါက်ကွဲနေရသည်။

"ထိုင်လေ ချော"

"မထိုင်နိုင်ဘူး"

"ဟာ"

ဟဝ္ဗာ အံ့ဩသွားရ၏။

သူမလက်ကလေးကို ညင်သာစွာဆွဲပြီး သူ့နံဘေးတွင် ထိုင်စိုင်းနေခြင်းကို ချောက ဒေါသတကြီးနဲ့ ရန်ထွက်လိုက်





တာလေ။ ချော ဒီလောက် ဒေါသဖြစ်တာမျိုး တစ်ခါမှမမြင်ဖူးဘာကြောင့် ဟဝ္ဗာပင် မှင်သက်ကြောင်ငေးသွားရ၏။

"ချောက ဘာလဲ မောင်၊ မောင့်မျက်လုံးထဲမှာ ဘယ်လိုမိန်းမမျိုးလို့ထင်မြင်လို့ အခုလို လုပ်ချလိုက်တာလဲ၊ ရှက်ဖို့ကောင်းလိုက်တာ ... တောက်၊ တွေးမိတိုင်း ခံပြင်းလို့မဆုံးဘူး သိလား"

"ချော"

"မခေါ်နဲ့၊ ရှင့်အသံ မကြားချင်ဘူး"

"မောင် ရှင်းပြပါရစေ ချောရယ်၊ မောင်ပြောတာကိုလည်းနည်းနည်းလေး စိတ်ရှည်ရှည်နဲ့ နားထောင်ပေးပါဦး"

"ဘာကိုလဲ မောင်၊ ဘာကို ရှင်းပြချင်တာလဲ၊ လူကြီးတွေစီစဉ်တာကို မငြင်းသာလို့ပါဆိုတဲ့ ခပ်ညံ့ညံ့အကြောင်းပြချက်ကို ပေးဦးမလို့လား၊ တော်စမ်းပါ မောင်၊ ဒါမျိုးတွေရိုးနေပြီသိလား"

"ချော"

"တကယ်ဆို ရှင် ပွင့်ပွင့်လင်းလင်း ဝန်ခံသင့်တာပေါ့မောင်၊ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် အိမ့်ကို ရွေးချယ်မယ်ဆိုတာ သိသိကြီး ချောကို အစားထိုးတာတော့ ရှင်ရိုင်းစိုင်းလွန်းအားကြီးတယ်"

"ချော … မင်း ဘယ်လိုကြီး မောင့်ကို ပြောလိုက်တာလဲ"

"ဒီဆက်မကတောင် ပြောရမှာ မောင်၊ ချောက အပျော်တွဲခံရတာလေ၊ အလှည့်စားခံခဲ့ရတာရှင့်၊ မိန်းမတစ်ယောက်ရဲ့ မာနနဲ့ သိက္ခာတရားကို အကြီးအကျယ် စော်ကားခံရတာ၊ ချော ဘယ်လောက်ခံပြင်းနေသလဲဆိုတာ ရှင် သိရဲ့လား၊ လုံးဝ မကျေနပ်ဘူး မောင်"

ပြဿနာပဲ …

ချောက သူ့ကို အထင်တွေ လွဲမှားနေချေပြီ။

ဟာဝဍ္ဍာ ဘယ်လို ရှင်းပြရမလဲ …

ချော နားလည်အောင်ရှင်းပြဖို့ဆိုတာကလည်း အခု လိုပုံစံမျိုးဖြစ်နေချိန်မှာ ဘယ်လိုမှ လွယ်ကူမှာ မဟုတ်ချေ။

သူ ပြောလျှင် ချော ယုံကြည်ပါ့မလား။

တက္ကသိုလ်ကျောင်းသားဘဝမှာ လွတ်လပ်ပေါ့ပါးစွာ နေချင်တာလေးကလွဲလျှင် ချောမဒီကိုတော့ သူ အလေးအနက်ထားမိသည်။ ကျောင်းပြီးလျှင် ချောကို လက်ထပ်ခွင့်တောင်းမည်ဟု ဟာဝဍ္ဍာ စဉ်းစားပြီးသားပါ။ ချောနဲ့ ချစ်သူတွေဖြစ်နေတာကို ဖွင့်ပြောဖို့လည်း ဆုံးဖြတ်ထားပြီးဖြစ်သည်။

မထင်မှတ်ဘဲ …

ဆိုးဝါးသောကံတရား၏ လှည့်စားခြင်းကို သူ ခံလိုက်ရ၏။





မာမီက အိမ့်နဲ့ လက်ထပ်ပေးမယ်တဲ့လေ။ အသိပေးလိုက်တဲ့အချိန်မှာပဲ အားလုံး ပြင်ဆင်ပြီးနေ၏။ သူ ဘယ်လိုပဲ ခြိမ်းခြောက်နေနေ၊ ဘယ်လောက်ပဲ ကန့်ကွက်နေနေ လုံးဝ လက်မခံခဲ့ချေ။ ဟာဝဍ္ဍာ အကြိမ်ကြိမ် နောက်ဆုတ်နိုင်ဖို့ ကြိုးစားသေး၏။

ဘယ်သူ့ကိုမှလဲ အားနာဖို့စိတ်ကူးမရှိခဲ့ချေ။

သို့သော် …

ဒယ်ဒီ့ရဲ့ဆိုးဝါးသော ကျန်းမာရေးအခြေအနေကို သူ သိလိုက်ရချိန်တွင်တော့ သူ့လုပ်ရပ်တွေအားလုံး ရပ်တန့်သွား၏။ ဒယ်ဒီက အိမ့်နဲ့သူ့ရဲ့ မင်္ဂလာကိစ္စကို အရမ်းပဲ မျှော်လင့်နေတာလေ။ သူ မသေခင် မင်္ဂလာပွဲလေး ပြီးမြောက်စေချင်တဲ့ ပြင်းပြတဲ့ဆန္ဒတစ်ခုကြောင့်သာ ဟာဝဍ္ဍာ ငြိမ်သက်နေခဲ့ရသည်။

သူငယ်ချင်းပဲ …

သူ့စိတ်ထဲမှာ အိမ့်ကို ခင်မင်စရာ ကောင်းသော သူငယ်ချင်းမိတ်ဆွေ တစ်ယောက်ဟုပဲ မြင်လို့ရနေ၏။ ဒါကို လူကြီးတွေက နားမလည်နိုင်။ ဇွတ်အတင်းသာ စီစဉ်နေတော့သည်။

သူ …

ဘာဆက်လုပ်ရတော့မလဲ …

အိမ်ထောင်ဦးစီးကောင်း ပီသကာ မိဘတာဝန်နှ
ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သော ဒယ်ဒီရဲ့ကျေးဇူးတရား
ဒါတွေကို သူ ကျေပွန်အောင် ပြန်မပေးဆပ်နိုင်သည့်တိုင်အောင်
သေလုမျောပါးဝေဒနာဆိုးကို ခံစားနေရသော ဒယ်ဒီ့ကို စိတ်ဆင်း
မှုကိုတော့ မပေးလိုပါ။

ဒါကြောင့်ပဲ ...

ဟဝဠာ မငြင်းပယ်ဘဲ နာခံလိုက်ခြင်းဖြစ်သည်။

"ချော မောင့်ကို စိတ်ဆိုးနေတယ်ဆိုတာ မောင် သိပါတယ်
ဒါပေမဲ့ မောင် ချောကို ချစ်သူအဖြစ် လက်တွဲခဲ့တယ်ဆ
တာ အရင်တုန်းကလို ပေါ့ပျက်ပျက်အတွေးအခေါ်တော့
မဟုတ်ဘူး ချော၊ မောင် အလေးအနက်ထားတယ်ဆိုတာ
ချော ယုံပါကွာ"

"သွားစမ်းပါ မောင်၊ အခုအချိန်မှာ ဒီလိုစကားလုံးတွေ
အသုံးပြုနေတော့ရော ဘာများထူးခြားနေမှာမို့လို့လဲ၊ ဘာလဲ
ရှင်က မပြတ်မသားလုပ်ပြီး ငါးရံ့နှစ်ကောင်ဖမ်းချင်သေး
လို့လား"

"မဟုတ်ပါဘူး ချောရာ၊ မောင့်စကား ဆုံးအောင်လည်း
နားထောင်ပါဦး၊ မောင် တောင်းပန်ပါတယ်"

ဟဝဠာ လေသံက ဒေါသသံစွက်ကာ မာဆတ်သွား
တာမို့ ချောတစ်ယောက် အသံလေးတိတ်ကာ ငြိမ်သက်သွား၏။





"အိမ့်နဲ့မောင်က သူငယ်ချင်းတွေပါ ချော၊ မိဘတွေ စီစဉ်
လို့သာ နှစ်ယောက်စလုံး ငြိမ်နေရတာ၊ အခုချိန်ထိ
သူငယ်ချင်းတွေလိုပဲ ရှိနေကြတုန်းပါပဲ၊ နောင်လည်း
အဲဒီလို ဆက်နေသွားကြဖို့ ဆုံးဖြတ်ထားပြီးသားပါ"

"ဘာရယ် မောင်"

"မောင့်ဒယ်ဒီက ကျန်းမာရေးမကောင်းဘူး ချော၊ ရောဂါ
ရှိတယ်လေ၊ အခုတော့ အခြေအနေက အခြမ်းကိုဆိုးနေတာ
ဆိုတော့ မောင် ဘယ်လိုမှ လှုပ်လို့မရဘူး ချော၊ ဒယ်ဒီက
မောင့်အပေါ်မှာ ဖခင်ကောင်းပီသတဲ့ ဖခင်တစ်ယောက်ပါ၊
ဒယ်ဒီ့ရဲ့နောက်ဆုံးဆန္ဒကို မောင် ဘယ်လိုမှ မဆန့်ကျင်
ရက်ဘူးကွာ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မောင့်ကြောင့်ဆို
တဲ့အတွေးနဲ့ နောင်တတွေ ရမနေချင်ဘူး ချော၊ အဲဒါ
မောင့်ရဲ့ဆုံးဖြတ်မှုပဲ၊ ဒါကို အိမ့်ကလည်း ကောင်းကောင်းနား
လည်တယ် ချော၊ လူကြီးတွေ စိတ်ချမ်းသာအောင် လက်
ထပ်ပြတာကလွဲပြီး မောင်တို့နှစ်ယောက် သူငယ်ချင်းတွေ
အနေနဲ့ပဲနေကြဖို့ ပြောထားပြီးကြပြီ"

"ဟင် ..."

"ဟုတ်တယ် ချော၊ အဲဒါ အမှန်တရားပဲ၊ အိမ့်ကလည်း
အခုအချိန်မှာသာ ဝန်မခံသေးတာ၊ မောင့်ထက် စေရာကို
ပိုသံယောဇဉ်ကြီးတာ ချော အမြင်ပဲဟာ"

"ဒါဆို မောင်တို့နှစ်ယောက်က ..."

"တစ်တိုက်တည်းမှာ အတူတူနေမယ့် သူငယ်ချင်းပဲပေါ့ ကွာ"

"ဟင့်အင်း ... ချော မယုံဘူး"

"ဘာကိုလဲ ချော"

ဟဝဣာ မေးတော့ ချော မဖြေ။

ခေါင်းလေးကိုသာ အကြိမ်ကြိမ် အခါခါ ယမ်းနေသည်။

"မောင့်ကို မယုံဘူး"

"ချော"

ဟဝဣာရဲ့ တားဆီးသံကြီးက ဟိန်းထွက်သွား၏။

"ချောက စိတ်ထဲရှိတာကို ဖြောင့်ပဲပြောတတ်တယ် မောင်၊ သူငယ်ချင်းဆိုပေမယ့် သူစိမ်း မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက် တစ်မိုးအောက်မှာ အတူတူရှိနေတာကြီးက ဘယ်လိုမှ ယုံကြည်စိတ်ချချင်စရာမှ မရှိတာ"

"မောင့်ကို အထင်သေးလှချည်လား ချော၊ မောင်က မင်းထင်သလို အိုင်တွေ့တိုင်း ခြေဆေးတတ်တဲ့ကောင်များ မှတ်နေလား၊ မောင့်ဘဝတစ်သက်တာမှာ အပျော်ရည်းစားတွေသာ ထည်လဲတွဲချင်တွဲမယ်၊ ဒါပေမဲ့ အဲဒီမိန်းကလေးတွေ နှစ်နာဆုံးရှုံးအောင် ဘာတစ်ခုမှမလုပ်ခဲ့ဘူးကွ၊ မင်းနဲ့တွဲတဲ့တစ်လျှောက်လုံးမှာရော မောင် ဘယ်လိုအခွင့်အရေး ယူခဲ့ဖူးသလဲ၊ ပန်းတစ်ပွင့်ကို မြတ်နိုးလို့သာ မောင် နမ်းချင်နမ်းမယ်၊ ဘယ်တော့မှ မခြွေပစ်ဘူး ချော၊ အဲဒါ ယောကျ်ားတစ်ယောက်ရဲ့သစ္စာပဲ"





ချောမဒီ တစ်ယောက် ဟဝဣာဆီ စူးနင့်နေအောင် စိုက်ကြည့်လိုက်မိသည်။

မောင် ပြောတာ အမှန်ပဲလေ။

မောင်နဲ့ ချစ်သူတွေဖြစ်ခဲ့ကြသည့် ကာလတစ်လျှောက်လုံး မောင် သစ္စာရှိစွာပင် စောင့်ထိန်းခဲ့သည်။ သူမဆီက ဘယ်လိုအခွင့်အရေးမျိုးကိုမှ မောင်က ရယူခဲ့ခြင်းမရှိချေ။ ဒါကြောင့်လည်း ချောမဒီတစ်ယောက် ဟဝဣာအပေါ် အထင်ကြီးနေခဲ့မိသည်။

မောင့်ကို ...

ပေါ့ပေါ့ပါးပါး တွဲခဲ့တာမှန်ပေမယ့် အစုလို တခြားသူလက်ထဲ ရောက်သွားတော့မှာကိုတော့ ချော မလိုလားနိုင်လောက်အောင်ပင် ဖြစ်မိသည်။ ချောဘဝမှာ ချောကသာ သူများကို ထားခဲ့ချင်ထားခဲ့မည်။ သူတစ်ပါးစွန့်ပစ်ထားခဲ့တာကို နည်းနည်းလေးမျှ မခံနိုင်ပေ။

ဒါကြောင့်လည်း ...

ဟဝဠာရဲ့မင်္ဂလာသတင်းကို ကြားတော့ သူမ ဒေါသတွေထွက်ကာ အကြီးအကျယ်ပေါက်ကွဲမိ၏။

"ချော"

"မောင်"

"မောင် အမှန်အတိုင်းပြောရရင် ကျောင်းပြီးတာနဲ့ ချောဆီက လက်ထပ်ခွင့်တောင်းဖို့ ရည်ရွယ်ပြီးသားပါ"

"ဟင်"

"ဒါပေမဲ့ အခြေအနေတွေ မထင်မှတ်ပဲ ပြောင်းသွားတာဆိုတော့ မောင်လည်း အရမ်းစိတ်ညစ်နေရတယ် ချောရယ်"

"မောင်"

"ဟင်"

"တကယ်ပြောတာလားဟင်"

"ဘာကိုလဲ ချော"

"ချောကို လက်ထပ်ချင်တယ်ဆိုတာလေ"

"တကယ်ပေါ့ ချော"

"ကောင်းပြီ မောင်၊ ဒါဆိုရင်တော့ ချော အချိန်နည်းနည်းယူပြီး စောင့်ပေးရမှာပေါ့"

"ချော ... ဒါ ... ဒါဆို"





"ချော အိမ်နဲ့ သွားတွေ့လိုက်ဦးမယ် မောင်၊ ပြီးတော့မှပဲ ချော သေသေချာချာ ဆုံးဖြတ်ပါရစေ"

"ချောရယ်"

ဟဝဠာ တစ်ယောက် ချော လက်ကလေးကို ညင်သာစွာပင် ဆုပ်ကိုင်ထားလိုက်မိသည်။

ချောမဒီက ...

ကြည်လှဲစွာပင် သူ့ကို ပြုံးပြ၏။

❤ ✧ ❤

## အခန်း(၇)

စာမေးပွဲကြီးဖြေပြီးလို့ ကျောင်းပိတ်ရက်တွေကို ရောက်လာခဲ့ချေပြီ။

နှစ်ဖက်သောမိဘများ၏ အစီအစဉ်အရ အိမ့်နှင့် ဟဝဥ္စာတို့၏ လက်ထပ်မင်္ဂလာပွဲကြီးကို အောင်မြင်စွာပင် ကျင်းပနိုင်ခဲ့ကြ၏။ အေးချမ်းစွာပင် မင်္ဂလာပွဲပြီးဆုံးခဲ့သည်။

"အိမ့်"

"ပြော ...ဟဝဥ္စာ"

"မင်္ဂလာဆောင်ကို စေရာ မလာဘူးနော်"

"သူ မအားဘူးလို့ ပြောထားသားပဲ၊ မင်္ဂလာလက်ဖွဲ့တော့ ပို့ပေးလိုက်မယ်တဲ့ ဟဝဥ္စာ"

"ဒီကောင် တော်တော်ခံစားရမှာပဲ"





"ဘာကိုလဲ ဟဝဥ္စာ"

"နင် တခြားတစ်ယောက်နဲ့ လက်ထပ်သွားပြီဆိုတဲ့အသိကြောင့်လေ၊ တကယ်ဆို နင် သူ့ကို ငါတို့အကြောင်း အရိပ်အမြွက်တော့ ပြောပြထားသင့်တာပေါ့ အိမ့်"

"ဘာဆိုင်လို့လဲ ဟဝဥ္စာ"

"နင်က မဆိုင်ဘူးထင်ပေမယ့် ငါကတော့ ဒီကောင့်ရင်ထဲက ခံစားချက်ကို သိနေတယ် အိမ့်၊ ဒါကြောင့် စိတ်ဓာတ်မကျအောင် အားပေးချင်တာပါ"

"တော်စမ်းပါ ဟဝဥ္စာရယ်၊ အဓိပ္ပာယ်မရှိတာ"

"ဘာလို့ အဓိပ္ပာယ်မရှိရမှာလဲဟ၊ တကယ်တော့ ငါတို့နှစ်ယောက်က လူကြီးတွေ စိတ်ချမ်းသာအောင်ပဲ မာန်ဆောင်လက်ထပ်ခဲ့ကြတာပဲ၊ ငါတို့နှစ်ယောက်က သူငယ်ချင်းတွေပဲလေဟာ၊ ဒါကို သူသိတော့ မျှော်လင့်ချက်မမဲ့ဘူးပေါ့ဟ၊ ချောကတောင် နားလည်ပေးသေးတာပဲဟာ၊ နင့်အတွက်လည်း စေရာ နားလည်ပေးဖို့ လိုလိမ့်မယ်"

ဟဝဥ္စာရယ် ...

နင်က အခုချိန်ထိ စေရာဘက်ကို တွန်းပို့နိုင်ဖို့ပဲ ကြိုးစားနေတုန်းပဲနော်။

အင်းပေါ့လေ ...

တကယ်တမ်း နင် ထားခဲ့ရင် ငါ့ဘက်မှာလည်း နင် ဘယ်အဖော်မဲ့စေချင်ပါ့မလဲ။ ဒါပေမဲ့ ... ဟဝဠာ။ ငါလိုအပ်နေတာ ဘာလဲဆိုတာကို နင် တကယ်မသိဘူးနော်။ ငါ့ရင်ထဲက ခံစားချက်တွေကို နင် မြင်ကြည့်ဖို့ ဘယ်တုန်းကမှလဲ နင် မကြိုးစားခဲ့ဘူး ဟဝဠာ။ နင်က နင့်အတွက်ချည်းပဲ အမြဲကြည့်တတ်ခဲ့တဲ့သူပဲဟာ။

ငါ တကယ်လိုအပ်နေတာ စေရာမဟုတ်ဘူး ဟဝဠာ။

ငါကလွဲပြီး တခြားမိန်းကလေးတွေကိုပဲ စိတ်ဝင်စားနေတတ်တဲ့ ဟဝဠာဆိုတဲ့ နင့်ကိုပါ။

နင်သိလား ဟဝဠာ။

မင်္ဂလာဆောင်တုန်းက ငါ့လက်ကိုဆွဲပြီး တိုးတိုးတိတ်တိတ်လေး သတိကပ်ပေးသွားတဲ့ ချောမဒီရဲ့ အမှာစကားတွေကို နင်မှ မကြားခဲ့တာပဲ ဟဝဠာ။

ချောမဒီက ...

ငါ့ကို ယုံကြည်ပါရစေတဲ့လေ။

သူ ...

ဘာကိုရည်ရွယ်ပြီး ပြောသွားတယ်ဆိုတာ ကောင်းကောင်းကြီး နားလည်နေခဲ့တဲ့ ငါက နေရာမှာတင် အသက်ပျောက်သွားမတတ်ကို ဖြစ်သွားခဲ့ရတာပါဟာ။ ဒါပေမဲ့ အပြုံးလေးတွေနဲ့ပဲ ငါ ခေါင်းညိတ်ခဲ့ပါတယ် ဟဝဠာ။ ပိုင်ရှင်ရှိပြီးသား ပစ္စည်း





...စ်ခုကို ပြန်တောင်းရင် စွန့်လွှတ်ပေးရမှာ ထုံးစံပဲလေ။ ငါက ...အငွေ့အသက်ကလေးကို အချိန်အတိုင်းအတာတစ်ခုထိတော့ ...အားရရှိရမှာပေါ့ဟာ။

ဒါပေမဲ့ ...

ငါ ကျေနပ်ပါတယ် ဟဝဠာရယ်။

ငါ ... အိမ့်ရာ၊ နင့်အတွက်ပ

အဲဒီလောက် အတွက်ကြီး ငါ အားလုံးဖွင့်ပြောထားပြီးသား ...ဘူးဟာ။ ...လေ၊ ...ရေးကြောင့်ဆိုတာ ချော သိနေတာပဲ

ဟာ၊ လုံး...မြတ်နိုး...သသနာမရှိဘူး အိမ့်"

...ရှိနေ "အေး ... အဲဒါဆိုလည်းပြီးတာပဲ ဟဝဠာ၊ ငါ့မှာက နင့်

...ရတာ လို အနောက်ကနေ လိုက်ရန်တွေ့ခံရမယ့် ဘယ်လိုအရှုပ်

အရှင်းမျိုးမှကိုမရှိတာ၊ အေးဆေးပဲ ဟဝဠာ"

"အံမာ ... ငါ့ကိုရော ဘယ်သူက လာရန်တွေ့နေလို့လဲ

...ာငေ အိမ့်"

"နင့်ကိုနင် သိမှာပေါ့ ဟဝဠာ၊ ကဲ ... ငါ သွားနားတော့မယ်ဟာ၊ အရမ်းပင်ပန်းနေပြီ"

အိမ့်က စကားကို လက်စသတ်ပြီး ဆိုဖာခုံလေးပေါ်

ဒို ...ဘိုင်နေရာမှထကာ ဂါဝန်ဖားဖားကြီးကို လက်ကလေးနှစ်ဖက်

...: အပေါ်ထပ်ဆီသို့ လှေကားထစ်များအတိုင်း တရွေ့ရွေ့

မှ ...ားတော့၏။

"ရှိတာပေါ့ ဟဝဠာ၊ သူက ငါ့အပေါ် အရမ်းကောင်းတဲ့ သူငယ်ချင်းတစ်ယောက်လေ၊ ငါ့စိတ်ထဲမှာ အမြဲမှတ်ထား ပါတယ်"

"စေရာ့အတွက်တော့ စိတ်မကောင်းစရာပဲ"

"ဘာရယ်"

ဟတ်ခဲ့တဲ့သူပဲဟာ။ ငါ့အားသလိုစိတ်ထားမျိုးမှ မထားနိုင်တာ

ငါ တကယ်လို့ ဒီလောက်အမြဲမခွဲဘဲ တတွဲတွဲနေမ

ငါကလွဲပြီး တခြားမဲ့ ကော်ပေးဖို့က ကျက်ကွ

နေတတ်တဲ့ ဟဝဠာဆိုတဲ့ နင့်ကိုပါ။ ဟက်

နင်သိလား ဟဝဠာ။ ဟာ

မင်္ဂလာဆောင်တုန်းက ငါ့လက်ကိုဆွဲပြီး တို :တာ

တိတ်တိတ်လေး သတိကပ်ပေးသွားတဲ့ ချောမဒီရဲ့ အမှာစ :လို့

တွေကို နင်မှ မကြားခဲ့တာပဲ ဟဝဠာ။ သာ

ချောမဒီက ...

ငါ့ကို ယုံကြည်ပါရစေတဲ့လေ။ မိုလ်

သူ ...

ဘာကိုရည်ရွယ်ပြီး ပြောသွားတယ်ဆိုတာ ငါ လိုက်

ကောင်းကြီး နားလည်နေခဲ့တဲ့ ငါက နေရာမှာတင် အသက်မေ့ပါ"

သွားမတတ်ကို ဖြစ်သွားခဲ့ရတာပါဟာ။ ဒါပေမဲ့ အပြုံးလေး

ပဲ ငါ ခေါင်းညိတ်ခဲ့ပါတယ် ဟဝဠာ။ ပိုင်ရှင်ရှိပြီးသား





ဘာပဲပြောပြော ...

အိမ့်တည်ဆောက်ခဲ့တဲ့ အိမ်ထောင်ရေးဟာ အစက တည်းက ခိုင်မာမှုမရှိဘူးဆိုတာ သိနေပြီးသားပဲလေ။ ဒါကို ဘေးပတ်ဝန်းကျင်က လူတွေ သိအောင်တော့ မဖွင့်ထုတ်ချင်ပါ။ တိတ်တဆိတ်လေးပဲ နေချင်သည်။

"ငါက အဆင်ပြေပြီးသားပါ အိမ့်ရာ၊ နင့်အတွက်ပဲ ငါက စိတ်ပူတာ၊ ချောကို ငါ အားလုံးဖွင့်ပြောထားပြီးသား ပဲလေ၊ ဒယ်ဒီ့ကျန်းမာရေးကြောင့်ဆိုတာ ချော သိနေတာပဲ ဟာ၊ လုံးဝ ပြဿနာမရှိဘူး အိမ့်"

"အေး ... အဲဒါဆိုလည်းပြီးတာပဲ ဟဝဠာ၊ ငါ့မှာက နင့် လို အနောက်ကနေ လိုက်ရန်တွေ့ခံရမယ့် ဘယ်လိုအရှုပ် အရှင်းမျိုးမှကိုမရှိတာ၊ အေးဆေးပဲ ဟဝဠာ"

"အံမာ ... ငါ့ကိုရော ဘယ်သူက လာရန်တွေ့နေလို့လဲ အိမ့်"

"နင့်ကိုနင် သိမှာပေါ့ ဟဝဠာ၊ ကဲ ... ငါ သွားနားတော့ မယ်ဟာ၊ အရမ်းပင်ပန်းနေပြီ"

အိမ့်က စကားကို လက်စသတ်ပြီး ဆိုဖာခုံလေးပေါ် တွင် ထိုင်နေရာမှထကာ ဂါဝန်ဖားဖားကြီးကို လက်ကလေးနှစ်ဖက် နှင့်မပြီး အပေါ်ထပ်ဆီသို့ လှေကားထစ်များအတိုင်း တရွေ့ရွေ့ တက်သွားတော့၏။

ဟဝင္ဂါ တစ်ယောက် ...

သူ့ကို ကျောခိုင်းကာ လှည့်ထွက်သွားသော အခုလေး တင်မှ မင်္ဂလာဆောင်ခဲ့သည့် သတို့သမီးလေးအိမ့်နောက်ကျောလေး ကို ကြည့်ကာ သက်ပြင်းမောကလေးကို ကျိတ်ချလိုက်မိတော့ သည်။

သူ ...

အခုလေးတင် မင်္ဂလာဆောင်ပြီးခဲ့တာပါ။

ဘဝတစ်ခုလုံး ထူးခြားစွာပြောင်းလဲသွားခြင်းကို အံ့ဩရင်ခုန်ရမည့်အစား ခြောက်သွေ့တိတ်ဆိတ်ကာရှိနေရ၏။

ဟန်ဆောင်မင်္ဂလာပွဲ။

မိဘတွေ စိတ်ချမ်းသာဖို့အတွက် ကျင်းပပေးခဲ့တဲ့ ဟန်ဆောင်မင်္ဂလာပွဲ။

သူ ...

စိတ်မောစရာ ကောင်းလိုက်တာ။

ချော ...

ချောရယ် ...

မင်းကို ကျေးဇူးတင်ပါတယ်ကွာ။

မောင့်ကို အခုလို အခွင့်အရေးပေးခဲ့တဲ့အတွက်လည်း ပိုပြီးတော့တောင် ကျေးဇူးတင်မိတယ် ချောရယ်။





ဟဝင္ဂါတစ်ယောက် မင်္ဂလာပွဲသို့ အပြုံးလေးတွေနှင့် က်လာသော ချောရဲ့ပုံစံလေးကို မြင်ယောင်ကြည့်ကာ ကြည်နူး ှာပင် ပြုံးလိုက်မိသည်။

ထိုစဉ် ...

သူ့လက်ကိုင်ဖုန်းလေး မြည်လာတာမို့ ယူပြီး နံပါတ် ကြည့်တော့ ချောရဲ့ ဟန်းဖုန်းနံပါတ်လေးဖြစ်နေ၏။

"ချော"

ဖုန်းခလုတ်လေးကို နှိပ်ပြီး နူးညံ့ညင်သာစွာ ခေါ်မိ သည်။

"မောင် အရမ်းပင်ပန်းနေပြီလားဟင်"

"အင်း ... ဘယ်လိုပြောရမလဲ၊ လူပင်ပန်းတာထက် စိတ် ပင်ပန်းတာက ပိုပြီးဆိုးတာပေါ့ကွာ၊ ချောနဲ့သာဆို အခု အချိန်မှာ မောင် အရမ်းကိုဝမ်းသာပျော်ရွှင်နေရမှာ"

"အမယ်လေး ... အပိုတွေက"

"မပိုပါဘူး ချောရာ၊ မောင် တကယ်ပြောတာပါ"

"မောင်"

"ပြောလေ ချော"

"အိမ့်ရော အနားမှာရှိနေလား"

"မရှိဘူး ချော၊ ပင်ပန်းလို့ သွားနားဦးမယ်ဆိုပြီး အပေါ်ထပ်ကို တက်သွားပြီ၊ အခု မောင်က ဧည့်ခန်းထဲက ဆိုဖာပေါ်မှာ လှဲနေတာလေ"

"မောင်"

"ပြော"

"ညကျရင်ရော"

"ဘာကိုလည်း ချော"

"မောင်တို့နေဖို့အခန်းကို ဘယ်လိုစီစဉ်ထားလဲလို့ မေးတာပါ"

"သြော် ... ဒါက အိမ်အပေါ်ထပ်မှာ အခန်းနှစ်ခန်းပါတယ်လေ၊ မင်္ဂလာအခန်းပြင်ဆင်ထားတဲ့အခန်းမှာ အိမ့်နေပြီး မောင်က ဘေးခန်းမှာနေဖို့ စီစဉ်ထားတယ်"

"သြော် ..."

ချောက 'သြော်'ဟုသာ ခပ်တိုးတိုး ရေရွတ်သည်။

"ချော"

"ပြောလေ မောင်"

"မောင်တို့အိမ်မှာ လာနေပါလား၊ တစ်တိုက်လုံးမှာ မောင်တို့နှစ်ယောက်တည်းရှိတာ အောက်ထပ်မှာလည်း အခန်းလွတ်နှစ်ခန်း ရှိသေးတယ်"





"အမယ်လေး ... မဟုတ်ကဟုတ်က၊ ချောက ဘယ်လိုလုပ်ပြီး သူများအိမ် အကြောင်းမဲ့သက်သက် သွားနေလို့ရပါ့မလဲ၊ မာမီနဲ့ ဒယ်ဒီသိရင် အကြီးအကျယ် ပြဿနာရှာမှာပေါ့ မောင်ရဲ့"

"အဟွန်း ... အလကားပြောတာပါကွာ၊ ချော လာနေပေးလို့မရဘူးဆိုတာ မောင် သိပါတယ်"

"မောင်"

"ပြောလေ ချော"

"ညနေစောင်းမှာ မင်္ဂလာညစာစားပွဲ ရှိသေးတယ်မဟုတ်လား"

"အင်း"

"မောင် ပင်ပန်းရဦးမယ်နော်"

"ဒါပေါ့ကွာ၊ ချောရော လာမှာလား"

"လာမှာပေါ့ မောင်ရဲ့"

"အလှဆုံးပြင်ခဲ့နော် ချော၊ မောင့်ချစ်သူရဲ့အလှကို တဝကြီး ခံစားချင်လို့"

"အင်းပါ"

"အဲဒါဆို ဒါပဲနော် ချော၊ မောင် အနားယူချင်နေလို့ ညနေလောက်မှပဲ ပြန်ဆက်တော့မယ်"

"အိုကေလေ မောင်"

ချောက အသံလေးကြည်သာစွာနှင့်ပင် ဖုန်းပြန်ချ သွားသည်။

အားလုံး စီစဉ်ထားပြီးသားပါ။

တိုင်ပင်ဆွေးနွေးထားပြီးသားပါ။

ဒယ်ဒီ့ရဲ့ ကျန်းမာရေးအခြေအနေကြောင့်သာ အခုလို လိုက်နာခဲ့ရတာ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် နှစ်ဦးသဘောတူ ပြန်ကွာရှင်းပေးကြဖို့နှင့် အတူနေစဉ်ကာလတစ်လျှောက်လုံးမှာ လည်း သူငယ်ချင်းမိတ်ဆွေတွေလိုပင် နေထိုင်ကြဖို့ အိမ့်ရော ဟ၀ဍ္ဍာပါ ဆုံးဖြတ်ထားပြီးသားဖြစ်သည်။

နောက်ပိုင်းကိစ္စ စိတ်မပူရပေမယ့် အခုလောလော လတ်လတ်မှာတော့ စိတ်အရှုပ်ကြီး ရှုပ်ထွေးနေရ၏။

မင်္ဂလာပွဲ မပြီးမချင်းကို ဘာတွေနှင့် အလုပ်ရှုပ်နေ မှန်းမသိ တစ်စက်ကလေးမျှပင် အားလပ်ခြင်းမရှိချေ။

အိမ့် ...

အိမ့်လည်း ပင်ပန်းတာပါပဲ။

မိန်းကလေးမို့ ပိုပြီးတော့တောင် စိတ်ညစ်ရဦးမည်။

တရားပါ့မလား ...။

သူ ပြန်ကွာရှင်းပြီးထားရစ်ခဲ့ရမှာ ဟ၀ဍ္ဍာ တရားပါ့ မလား။





အိမ့်က တစ်ခုလပ်၊ တစ်လင်ကွာမလေး အဖြစ် ဝတ်ဝန်းကျင်အလယ်မှာ ရှင်သန်နေခဲ့ရမှာလေ။

ဟာ ...

ကြည့်စမ်း ...

ဒီအချက်ကို စောစောက သူ ဘာကြောင့်များ မစဉ်းစားမိခဲ့တာပါလိမ့်။ မာမီနဲ့ သူ့ရဲ့ယှဉ်ပြိုင်မှုကြားမှာ မြေဇာ ပင်ဖြစ်ရမယ့် အိမ့်အနာဂတ် ...။ ထည့်မတွေးမိပါလိမ့်။ ဟ၀ဍ္ဍာ အိပ်နေရာမှ ဆတ်ခနဲ ထထိုင်မိသွားရ၏။

စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားကာ ရင်တွေ တထိတ်ထိတ် အခုန်မြန်ဆန်နေရတော့သည်။

❤ ✧ ❤

## အခန်း(၅)

ဒါ သဘောလဲ ...။

ကြ... ... ...

ဟဝ... ... ရဲ့ ရဲတင်းမှုကြီးက လူကြီးတွေရဲ့မျက်နှာကိုပင် ထောက်ထား...ညှာခြင်းမရှိချေ။ အိမ့်လေးသနားဖို့ကောင်းလိုက်တာ။ သားကြီးဆွဲရာကနေရတဲ့ တကယ့်ရုပ်သေးရုပ်ကလေးတစ်ရုပ်ပါပဲ။

ချောဆိုတဲ့ကောင်မလေး ထိုင်သောဝိုင်းမှာ ထိုင်ပြီးကောင်မလေးနံဘေးမှာပဲ တစ်ချိန်လုံးကပ်နေတာ အမြင်ကတ်စရာကောင်းလှ၏။ တကယ်ဆိုလျှင် ဒီကနေ့ ညစာစားပွဲသည် ဟဝဏ္ဏာနှင့် အိမ့်မျက်ချယ်တို့၏ မင်္ဂလာညစာစားပွဲဖြစ်သည်။ ဒါကို သတို့သမီးအနားမှာ မရှိဘဲ တခြားကောင်မလေးအနားမှာ တွယ်ကပ်နေ၏။





အံ့သြစရာကောင်းတာက ချွေးမဖြစ်သူ အိမ့်မျှယ်ချယ်ကလည်း သဘောထားကြီးကြီးနဲ့ နေပြနေတော့ ယုံပင်မယုံချင်စရာ။

လူငယ်တွေရဲ့ နေပုံထိုင်ပုံကိုကြည့်ပြီး ကြားထဲကနေ အကုသိုလ်များနေရသည်။ ဟဝဏ္ဏာပုံစံက ပိုပြီးတော့တောင်ကြည့်ရတာ ထောင့်မကျိုးသေးတယ်။ သူ့ကိုယ်သူ သတို့သားလောင်းတစ်ယောက် မင်္ဂလာညစာစားပွဲ တည်ခင်းကျင်းပနေတယ်လို့များ ယူရောယူဆရဲ့လားမသိချေ။ သတို့သမီး အိမ့်အနားမှာတစ်ချက်ကလေးမှမရှိ။ တစ်ယောက်တည်း လိုက်ဧည့်ခံနေတာများမွေးနေ့ပွဲကျင်းပနေသလိုပင်။

အိမ့်ကလည်း ဘာထူးသေးလို့လဲ။ ဟဝဏ္ဏာအနားကိုတမင်မသွားချေ။ သူငယ်ချင်းတွေ စားပွဲဝိုင်းမှာ အပြုံးနုနုလေးတွေနှင့်ပဲ ထိုင်နေ၏။

ဒေါ်မေဘဲလ် တစ်ဝက်ကလေးမှ ကြည့်မရတော့။ နေရာကနေ ချက်ချင်းထလိုက်၏။

"ဟဲ့ ... သမီး အိမ့်၊ ဘာလုပ်နေတာလဲ ထလေ"

"ရှင် မာမီ"

"အမယ်လေးဟယ် ... ဘယ့်နှယ် သတို့သမီးက အေးအေးလူလူ ထိုင်နေရတာလဲ၊ လူကြီးတွေကို လိုက်နှုတ်ဆက်ဦးမှပေါ့"

"ရှင်"

"ထလေ"

"ဟုတ် ... ဟုတ်ကဲ့ မာမီ"

"ဟိုကောင်လေးကလည်း ဒီအတိုင်းပဲ၊ ထိုင်နေလိုက်တာ များ ကျောက်ချထားသလား မှတ်ရတယ်၊ ဖင်ထိုင်ခုံကကို မခွာတော့ဘူး၊ သွားခေါ်လိုက်ဦး၊ မာမီ့မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးရမယ်"

"ဟုတ် ... ဟုတ်ကဲ့"

ဒီတော့မှ ...

အိမ့်တစ်ယောက် နေရာကနေ သွက်သွက်လေးထ လိုက်ပြီး ဟာဝဋ္ဌာ ထိုင်နေသော ချောမဒီတို့ စားပွဲဝိုင်းဆီသို့ လျှောက်သွားလိုက်သည်။

"ဟာဝဋ္ဌာ"

သူမခေါ်သံကြောင့် ချောမဒီနှင့် စကားတွေ ကျိတ် ကျိတ် ကျိတ်ကျိတ်ပြောပြီး ရယ်မောပျော်ရွှင်နေရာမှ လှည့်စောင်း ကာကြည့်လာ၏။

"ဘာလဲ အိမ့်"

"မာမီ ခေါ်နေတယ်"

"ဘာလုပ်ဖို့လဲ အိမ့်"





"လူကြီးတွေနဲ့ မိတ်ဆက်ပေးမလို့တဲ့၊ လုပ်ငန်းရှင်ကြီးတွေ လို့ ပြောတာပဲ"

"ကျွတ် ... ရှုပ်လိုက်တာ"

စိတ်ပျက်စွာ တစ်ချက်မျှစုတ်သပ်ရင်း ညည်းညူ ိုက်သော ဟာဝဋ္ဌာကို ကြည့်ပြီး အိမ့်ရင်ထဲအောင့်မျက်ကာ မျက် န်းလေးတွေ ညှိုးဖျော့သွားရ၏။

ဟာဝဋ္ဌာရယ် ...

နင် စိတ်မပါဘူးဆိုတာ ငါသိပါတယ်ဟာ။

ဒါကြောင့် ...

ငါ့ရဲ့ ဖြစ်စေချင်နေတဲ့ အတ္တတွေကိုတောင် ဖျောက် ြီး နင့်ကို နားလည်မှု အပြည့်အဝပေးနေခဲ့ပေါ့ဟာ။ ဒါပေမဲ့လည်း ငါ ဘယ်လောက်ပဲ သဘောထားကြီးပြချင် ဟန်ဆောင်နေနေ ရင်ထဲမှာတော့ နင့်နေအောင်ကို ခံစားနေရတယ် ဟာဝဋ္ဌာ။ ဒီပွဲ လေးမှာ ငါ မငိုမိအောင် မနည်းရုပ်တည်ပြနေရတယ်ဟာ။

တစ်နေ့နေ့မှာ ဒီလိုပဲ ခံစားရမယ်ဆိုတာကို သိသိကြီး နဲ့ ငါက ကျေကျေနပ်နပ်ကြီး ရှေ့တိုးခဲ့တာကို။ ငါခံယူရမှာပေါ့ ဟာဝဋ္ဌာရယ်။

"နင်ပဲ သွားလိုက်ပါလား အိမ့်ရာ၊ ငါ့အကြောင်းလည်း နင် မသိတာလည်း မဟုတ်ဘဲနဲ့၊ လူကြီးတွေထဲဝင်ပြီး ဘာစကားတွေပြောရမှာလဲ၊ ငါ မသွားချင်ဘူး"

"ငါက မာမီခေါ်နိုင်းလို့လာခဲ့တာ၊ နင်မသွားချင်ဘူးဆိုလည်း ပြီးတာပဲလေ၊ ငါတစ်ယောက်တည်းတော့ မသွားနိုင်ဘူး ဒီအတိုင်းပဲ မသိချင်ဟန်ဆောင်နေလိုက်တော့မယ်"

"အိမ့်"

ဒီလိုကျပြန်တော့လည်း ဟဝဠာ လက်မခံချင်။

ဒယ်ဒီက ရှိနေတယ်လေ။

သားမင်္ဂလာကိစ္စနှင့် နလုံးစက် ပြန်လဲရမှာကိုပင် ရက်ရွှေ့ဆိုင်းပြီး ဒယ်ဒီက ရှိနေပေးတာပါ။ အိမ့်နဲ့သူရဲ့ မင်္ဂလာ ဆောင်မှာ ဝမ်းသာပျော်ရွှင်နေတဲ့ ဒယ်ဒီ့ရဲ့ကြည်နူးမှုကို မြင်ရတော့ ဟဝဠာပင် စိတ်မကောင်းဖြစ်နေရသည်။

သူ အခုလို လုပ်ဆောင်ပေးခဲ့မိတာကိုပင် သူ့ကိုယ် သူ ကျေနပ်နေမိသည်။ သူ့ လုပ်ဆောင်ချက်မှန်သည်ဟုပင် ထင် ခဲ့မိ၏။

အခု ...

ဒယ်ဒီက သူ့ညှဲသည်တွေနဲ့ မိတ်ဆက်ပေးဖို့ ခေါ်နေသည်။

ခက်တာက ...

သူ့ဘေးမှာ ချောက ရှိနေ၏။

သူ ရယ်မောကာ သူငယ်ချင်းတွေကို နှုတ်ဆက်တော့ ချော မျက်နှာက ရှုတင်းပုပ်သိုးနေသည်။ အိမ့်နဲ့ တတွဲတွဲ ညှဲ့ခံ





နေခြင်းအပေါ် ချော မကျေမနပ်ဖြစ်နေ၏။ ဟဝဠာ အရှိန်ပြန် သတ်ကာ ချောအနားတွင် ထိုင်နေရသည်။ ဒီတော့မှ ချော မျက် နှာလှလှလေးက တိမ်မည်းညိုတို့ ကင်းပျောက်ကာ ဝင်းပကြည်လင် လာတော့၏။

ပြဿနာက ...

အေးချမ်းနေရုံလေးရှိသေး အိမ့်က လူကြီးတွေခေါ် နိုင်းနေသည်ဟုဆိုပြီး လာခေါ်နေသည်။ ထ,မလိုက်သွားလျှင်လည်း မကောင်း၊ ထလိုက်သွားပြန်တော့လည်း ချောကရှိသေးသည်။

သူ ...

ချော မျက်နှာဆီ လှမ်းကြည့်မိ၏။

မျက်နှာက မသာယာချေ။

အခုမှပဲ ...

အကြီးအကျယ် ဒုက္ခရောက်နေရတော့သည်။

"ပြောလေ ဟဝဠာ၊ ငါ ဘာဆက်လုပ်ရမှာလဲ"

အိမ့် မေးနေချေပြီ။

ချောမောခန့်ညားလွန်းသော ဟဝဠာရဲ့ မျက်နှာဆီက စိတ်ရှုပ်ထွေးမှုတွေကို မကြည့်ရက်စရာပင် ဖြစ်နေရသည်။

"နင် အခက်အခဲဖြစ်တယ် ဆိုရင်လည်း ..."

"ငါ ဘာမှ မဖြစ်ဘူး အိမ့်၊ သွားရအောင်"

ဟင် ...

ပြောပြီးတာနှင့် နေရာကနေ ဟဝဌ္ဌာက ဆတ်ခနဲ ထရပ်ကာ ထိုင်ခုံကို အနောက်ဘက်သို့ အနည်းငယ်တွန်းဆုတ်ပြီး ရှေ့ကနေ ဦးဆောင်ကာ ထွက်သွားတော့၏။

အိမ့်မှာ ဟဝဌ္ဌာရဲ့လုပ်ရပ်ကို အံ့သြမှတ်တက်နေရာမှ သတိလေးပြန်ဝင်ပြီး သွက်လက်သောခြေလှမ်းကျဲကြီးတွေနှင့် အပြေးတစ်ပိုင်း လှမ်းလျှောက်ကာလိုက်ပါသွားမိတော့၏။

"သားနဲ့သမီး လာ ... ထိုင်ကြ"

ဒယ်ဒီရဲ့အမိန့်ကြောင့် စားပွဲဝိုင်းတွင်လွတ်နေသော ခုံနှစ်လုံးတွင် ဟဝဌ္ဌာတို့နှစ်ယောက် ဝင်ထိုင်လိုက်ကြသည်။

"ဒါ ... ဒယ်ဒီမိတ်ဆွေ ဦးဆက်သော်လေ၊ နှင်းပန်းအီလက်ထရောနစ်ကုမ္ပဏီပိုင်ရှင်ပေါ့"

"ဟုတ်ကဲ့ ခင်ဗျာ၊ တွေ့ရတာ ဝမ်းသာပါတယ်"

ဟဝဌ္ဌာ ခေါင်းညိတ် အသိအမှတ်ပြုသလို ဒယ်ဒီမိတ်ဆွေလင်မယားကလည်း အပြုံးလေးတွေနှင့် ပြန်ပြီး အသိအမှတ်ပြုသည်။

ဒယ်ဒီက ...

သူ မကြာခင် နှလုံးစက်လဲရမည့် အကြောင်းကို ပြောပြီးနောက်ပိုင်း သူ့လုပ်ငန်းတွေကို ဟဝဌ္ဌာနှင့်ပဲ ဆက်လုပ်တော့မှာမို့ မိတ်ဆွေတွေကို ကူညီစောင့်ရှောက်ဖို့ အပ်နေသည်။





ဟဝဌ္ဌရင်ထဲ စူးနင့်နာကျင်နေရ၏။

တစ်ဦးတည်းသောသားဖြစ် သူ့အပေါ်ချစ်ခြင်း ...ဌာနှင့်အတူ စိတ်မချနိုင်သလိုရှိနေသော ဒယ်ဒီ့ကိုကြည့်ပြီး ...ဝဌ္ဌာ မျက်ဝန်းအိမ်ထဲ မျက်ရည်လေးများပင် ဝဲတက်လာရတော့ ...ည်။

နေရာကနေ ချက်ချင်းပင် ထပြေးချင်သွားရ၏။

သို့သော် ...

သူ မထဖြစ်ပါ။

ဒယ်ဒီက သူနဲ့အတူ ချွေးမလောင်းအိမ့်တို့ အတူ ...ရှိနေတာလေးကိုကြည့်ပြီး ပီတိတွေဖြာဝေနေတာလေ။ ဒါကို ... ကောင်းကောင်းကြီးနားလည်သည့်အတွက် နေရာကနေ မထ ...

ချောတော့ စိတ်ဆိုးတော့မှာပဲ။

ဟန်ဆောင်နေတယ် ဆိုတာ သိပေမယ့် အခုလို ...တွဲတွဲ လုပ်ပြနေတာကိုတော့ ချောက သည်းမခံချင်။ သူမ ...ားမှာပဲ ချောက ထိုင်နေစေချင်၏။ သူငယ်ချင်းတွေကတော့ ... အိမ့်ရဲ့ မင်္ဂလာပွဲအပေါ် သံသယဝင်နေကြမှာပါပဲ။ ဘာဖြစ် ...လဲဆိုတော့ ဟဝဌ္ဌာက အိမ့်အနားမှာ မရှိဘဲ ချောနဲ့ပဲတွဲထိုင် ...ခဲ့တာကိုး။

ချောနဲ့သူ ချစ်သူတွေဆိုတာ သိနေကြပေမယ့် လိုတာထက်ပိုပြီး အဖြစ်သည်းနေခြင်းအပေါ်မှာတော့ အံ့သြနေကြ သည်။

မတတ်နိုင်ဘူး။

ပတ်ဝန်းကျင်ဆိုတာ ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ် ရက်ပဲဟာ။ ဟဝဠာ အရေးမစိုက်ပါဘူး။ အရေးကြီးတာ ချော ရင်ထဲမှာ သံယောဇဉ်တွေရှင်းပြီး သူ့ကို လက်ခံနေဖို့ပဲ။

သူမရဲ့စကားက ရှင်း၏။

မတတ်သာလို့သာ အခုလိုကိစ္စမျိုးကို သဘောထား ကြီးကြီးနဲ့ နားလည်ပေးထားတာတဲ့။ လူသိရှင်ကြား အိမ်ထောင် ကျပြီးသား ယောကျ်ားတစ်ယောက်ကို သူမလို မိန်းကလေးမျိုးက လက်ခံစဉ်းစားပြီး အနားခေါ်ထားဖို့ ကြိုးစားပေးတာ ကျေးဇူး တင်တဲ့လေ။

ဟဝဠာ ဘယ်လုပ်ရတော့မလဲ။

စကားတွေ လက်ဆုံကျနေတဲ့ လူကြီးတွေဝိုင်းက လည်း ထထွက်သွားလို့မရ။ ချောက သူ့အနားပြန်မလာရင်လည် စိတ်ကောက်ပေဦးမည်။

မတက်နိုင်ဘူး။

နောက်မှပဲ ကျေနပ်အောင် ရှင်းပြပြီး ချော့တော့မည်





သူ ...

ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာချပြီး ဆက်ထိုင်နေလိုက် တော့၏။

အိမ့်မှာလည်း ...

ဟဝဠာရဲ့ အသက်မဲ့သော အပြုံးတွေကို ထိုင်ငေး ကြည့်ပြီး သက်ပြင်းမောလေးကို မသိမသာလေး ကျိတ်ရှိုက် လိုက်မိသည်။

ဟဝဠာရယ် ...

နှင့်အကြောင်းကို ငါ သိပါတယ်ဟာ။

နှင် ...

ချောမဒီအနားကို ပြန်သွားချင်တယ် မဟုတ်လား ဟဝဠာ။

ငါ တကယ်စိတ်မကောင်းပါဘူး ဟဝဠာရယ်။

ငါက ...

နှင် ပျော်ရွှင်ရယ်မောနေတာလေးကိုပဲ အမြဲတမ်း မြင်တွေ့နေချင်တဲ့သူပါဟာ။ ဒါပေမဲ့ ငါ တကယ်မတတ်နိုင်ခဲ့ဘူး ဟဝဠာ။ နှင်လိုချင်တဲ့ဘဝမျိုး ငါ မဖန်တီးပေးနိုင်ခဲ့ဘူးဟာ။

အမေ့ဆီမှာ အန်ကယ်နဲ့ အန်တီက သမီးတောင်း တော့ ငါတောင် အရမ်းအံ့သြသွားတာ။

ဒါပေမဲ့ ...

အမေနဲ့ငါက နင့်အတွက် အခွင့်အရေးတွေ ပေးခဲ့ပါတယ်ဟာ။ နင် ကြည်ဖြူမှုပဲ စီစဉ်ဖို့ပေါ့။ အန်တီက ဖွတ်အတင်းကို ငြင်းပယ်ခဲ့တာဟ။ အန်ကယ်ကလည်း သူ့ အခုတလော ကျန်းမာရေးမကောင်းလို့ အမြန်ဆုံးပဲ စီစဉ်ချင်တယ်လို့ ပြောတယ်လေ။

ငါ မငြင်းပယ်နိုင်ခဲ့ဘူး ဟာဝဥ္စာ။

ငါ လက်ခံခဲ့တဲ့အကြောင်းတွေထဲမှာ လူကြီးတွေရဲ့ စကားကို မပယ်ရှားချင်တာထက် နင့်အနားမှာ နေခွင့်ရရုံလေး တစ်ခုတည်းနဲ့ပဲ ခေါင်းညိတ်ခဲ့တာပါ။ ဒါပေမဲ့ နင့်ဘက်က ရင် စက်စွာပဲ သူငယ်ချင်းတွေအဖြစ်နဲ့ပဲလို့ သတ်မှတ်ဖို့ တောင်းဆိုခဲ့ တယ်နော်။

ငါ မငြင်းပါဘူး ဟာဝဥ္စာ။

ငါက နင့်ကို ချစ်နေမိတာကို။

နင်နဲ့ပတ်သက်တဲ့ အဆိုးအကောင်းမှန်သမျှကို ခံယ ဖို့ ဆုံးဖြတ်ပြီးသားလေ။ ပြီးတော့ ငါ့ဆီမှာရှိနေတဲ့ မိန်းမတ ယောက်ရဲ့မနာ။ အဲဒါတွေကြောင့် နင့်သဘောအတိုင်း ဖြစ်စေ မယ်လို့ ငါ့ဘက်ကလည်း ကတိပေးခဲ့တယ်လေ။

ဒါပေမဲ့လည်း ဟာဝဥ္စာရယ် ...





နှလုံးသားမရှိတဲ့ စက်ရုပ်တစ်ရုပ်မှ မဟုတ်တာပဲ ာဝဥ္စာ။

အရှုံးခံစားရတယ်ဟာ။

အရှုံးနာကျင်နေရတယ်။

ဒါကြောင့် ...

နည်းနည်းလေးဖြစ်ဖြစ်တော့ ငါ စိတ်ချမ်းသာလို့ရ အောင် နင် သရုပ်ဆောင်ကောင်းပြပေးပါ ဟာဝဥ္စာရယ်။ မဖြစ်နိုင် း သိသိကြီးနဲ့ ငါ လိုချင်နေခဲ့တာလေ။

ငါ ...

နင့်ကို တောင်းဆိုတာမဟုတ်ပါဘူးဟယ်။

ငါ ...

နင့်ကို တောင်းပန်တာပါ ဟာဝဥ္စာရယ်။

အိမ့်တစ်ယောက် ရင်ထဲကနေ တိတ်တဆိတ်လေး ပြောနေမိပါသည်။ မင်္ဂလာညစာစားပွဲအခန်းလေးတွင်တော့ မြူးကြွ သော အချစ်သံလေးက ထွက်ပေါ်လို့။

သို့သော် ...

မင်္ဂလာသတို့သားလောင်းနှင့် သတို့သမီးလောင်းရဲ့ င်ထဲမှာတော့ ငြိမ့်ညောင်းသာယာသော ဂီတသံစဉ်တို့ကို မခံစား င်စွာ အပူသောကများက လောင်မြိုက်လျက်ရှိနေရတော့သည်။

❤ ✧ ❤

## အခန်း(၉)

"နင် အဆင်ပြေရဲ့လား ဟဝဠာ"

အိမ့် မေးသာ မေးရတာပါ။ ညှိုးနွမ်းဖျော့တော့ကာ စိတ်ဓာတ်တွေ အကြီးအကျယ်ကျနေသော ဟဝဠာရဲ့မျက်နှာလေးကို ကြည့်ပြီး အနည်းငယ်တော့ ရိပ်မိနေပြီးဖြစ်သည်။

ချောဘက်က နားလည်မှုမပေးနိုင်သေးဘူးထင်ပါရဲ့။

မနေ့ညက ...

ညစာစားပွဲတွင် အိမ့်နဲ့ ဟဝဠာတို့ တတွဲတွဲရှိနေရပြီး သူ့အနားကို ပြန်မလာနိုင်ခြင်းအပေါ် စိတ်ဆိုးဟန်ရှိသည်။ ညစာစားပွဲကနေ ဘယ်အချိန် ထထွက်သွားမှန်းပင် မသိချေ။

သူမရော ဟဝဠာပါ သတိထားမိချိန်တွင် ချောက ထိုင်နေသော စားပွဲလေးတွင် မရှိတော့ပေ။ ဟဝဠာတစ်ယောက်





အကြီးအကျယ် မျက်နှာပျက်သွားတာ အိမ့်သတိထားမိပေမယ့် သိချင်ဟန်ဆောင်နေလိုက်၏။

ညစာစားပွဲအပြီး အိမ်ပြန်ရောက်သည် ဆိုလျှင်ပဲ ဟဝဠာတစ်ယောက် ဟန်းဖုန်းတစ်လုံးနှင့် အလုပ်တွေရှုပ်နေတော့၏။ ချောမဒီဆီကို ဖုန်းဆက်ပြီး ချော့နေဟန်ရှိသည်။ အိမ့်ကဘာမှ မပြောတော့ဘဲ အပေါ်ထပ်ရှိ သူမအခန်းလေးဆီ တက်သွားလိုက်၏။ ဟဝဠာ စိတ်ချမ်းသာသလိုသာ နေပါစေလေဆိုပြီး သူနဲ့ပတ်သက်သမျှ အားလုံးကို ခွင့်လွှတ်နားလည်ပေးဖို့ပဲ ကြိုးစားမိသည်။

ဟဝဠာရယ် ...

နင့်ကို စိတ်ချမ်းချမ်းသာသာလေးနဲ့ ရှိနေစေချင်တာ ငါ့ရဲ့စိတ်ရင်းအမှန်ပါပဲဟာ။

နင် မပျော်ရွှင်တာတွေ့ရတော့ ငါလည်း မပျော်ပါဘူး ဟဝဠာရယ်။

နင့်မျက်ဝန်းလေးတွေထဲမှာ ဝမ်းနည်းကြေကွဲရိပ်လေးတွေကို မြင်နေရတဲ့ ငါက နင့်ထက်တောင် ပိုပြီး နာကျင်ခံစားနေရပါတယ်ဟာ။

ဒါပေမဲ့ ...

ငါ ဘယ်လိုလုပ်ရမလဲဟင် ...။

ငါ နင့်ကို သိပ်ချစ်တယ်။

နင့်အနားမှာ ဘယ်လိုပုံစံမျိုးလေးနဲ့ပဲရှိနေရပါစေ ... ငါ နေချင်တယ် ဟဝဠာရယ်။ နင် ဘယ်လိုပုံစံမျိုးနဲ့ ဆက်ဆ... ဆက်ဆံ ငါ ကျေနပ်တယ်။

အဲဒါ ...

ငါ သိပ်ပြီး အတ္တကြီးနေတာလားဟင်။

ငါ ...

တစ်ကိုယ်ကောင်းဆန်လွန်းနေပြီလားဟယ်။

ငါကလေ ...

နင်နဲ့ စပြီး မိတ်ဆက်ပေးလိုက်တဲ့အချိန်ခဏလေးမှာ ... ပဲ ငါ့ရဲ့အိပ်မက်ထဲက စိတ်ကူးယဉ်မင်းသားလေးကို တွေ့လိုက်... ပြီဆိုပြီး ရင်ခုန်ပျော်ရွှင်နေခဲ့တာ။ နင့်ဆီ ခိုးခိုးကြည့်ပြီး သက်... ပြင်းမောလေးတွေ ကျိတ်ကျိတ်ချရတာ ခဏခဏပါပဲဟာ။

ဒါပေမဲ့ ...

ငါ သိပ်ကံဆိုးတာပဲ ဟဝဠာ။

နင်က ငါ့ကို လုံးဝ မချစ်ခဲ့ဘူးလေ။

ငါကလွဲပြီး တခြားမိန်းကလေးတွေကိုမှ စိတ်ဝင်စား... နေတတ်တဲ့ နင့်ကြောင့် ငါ အရမ်းခံစားရတာပဲ ဟဝဠာရယ်...

နင့်ကို အပြစ်မတင်ပေမယ့် ငါလေ တိတ်တဆိတ်... လေးတော့ ခံစားနေရတာပါပဲဟာ။





"အိမ့်"

"ပြောလေ ဟဝဠာ"

"အိမ်ဖော်ထားဖို့ နင် ဘာကြောင့် ကန့်ကွက်ရတာလဲ အိမ့်"

"ရှင်"

"နင့်လုပ်ရပ်ကြောင့် ချောက ငါ့ကို ပိုပြီး သံသယဝင်နေတယ် အိမ့်၊ တစ်တိုက်လုံးမှာ ငါတို့နှစ်ယောက်တည်းဆိုတဲ့ အသိနဲ့ ရှင်းလို့ကိုမရဘူး ဖြစ်နေတယ်ဟ၊ ချောက ကျိုင်ရှာနေပြီ"

ဟင် ...

အိမ့်မျက်နက်ဝန်းလေးတွေ ဟဝဠာဆီသို့ ဖျတ်ခနဲ ရောက်သွားရသည်။

ဟဝဠာ ဘယ်လို ပြောလိုက်တာလဲ ...။

အိမ့်လုပ်ရပ်ကြောင့်တဲ့။

တကယ်ဆို ...

သူမတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးအခြေအနေမှန်ကို သူမတို့သာ အသိဆုံးပဲလေ။ နှစ်ဖက်လူကြီးမိဘတွေက ဘာတစ်ခုမှ သိကြတာမဟုတ်။ သူငယ်ချင်းတွေလိုပဲ နေကြရအောင်ဆိုတဲ့ ဟဝဠာ တောင်းဆိုမှုကြောင့် အန်တီမေဘဲလ် အလုပ်သမားထားပေးမှာကိုတောင် အိမ့်က ငြင်းပယ်ခဲ့သည်။

အန်တို့အလုပ်သမားရှိနေလျှင် သူမတို့အကြောင်းကို သိသွားတော့မည်။ အဲဒီအခါမှာ လူကြီးတွေဆီ တိုင်းမပြောဘူးလို့ ပြောလို့ရပါ့မလား။ လူကြီးတွေဆီ ပေါက်ကြားလို့ကတော့ အားလုံး ပြသနာတွေတက်ပြီပဲ။

အထူးသဖြင့် ...

အမေ ...

သမီးဖြစ်သူရဲ့ အိမ်ထောင်ရေးဟာ ရေပေါ်မှာ အရုပ်ရေးသလို အရာမထင်မယ့်အဖြစ်ဆိုးကို ဘယ်လိုလုပ်ပြီး နားလည်လက်ခံပေးမှာတဲ့လဲ။

တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် နှစ်ဦးသဘောတူ ပြန်လမ်းခွဲပေးရမယ့် အဖြစ်ဆိုးကြီးကို ဘယ်မိဘက အပြုံးလေးနဲ့ ခွင့်လွှတ်မှာတဲ့လဲ။

ဒါကို ...

ဟဝဇ္ဇာ မစဉ်းစားတာ အံ့သြမယုံနိုင်စရာပါ။

"ငါပြောတာကြားရဲ့လား အိမ့်"

အိမ့် ခေါင်းမညိတ်မိ။

"အိမ့်"

"ပြောလေ ဟဝဇ္ဇာ"

"အိမ်အကူတစ်ယောက်ထားမှဖြစ်မယ် အိမ့်"





"ငါ လက်မခံနိုင်ဘူး ဟဝဇ္ဇာ"

"ဘာ ..."

"ဟုတ်တယ် ဟဝဇ္ဇာ၊ အိမ်မှာ လူအပိုနောက်တစ်ယောက် ရှိနေတာကို မလိုချင်ဘူး"

"ဘာဖြစ်လို့လဲ အိမ့်၊ နင် ဘာကြောင့် မထားချင်တာလဲ၊ အခုလို အိမ်မှုကိစ္စတွေအားလုံး နင်တစ်ယောက်တည်း သိမ်းကျုံးလုပ်နေရတာ အဆင်ပြေလို့လား၊ သိပ်ပြီး အတွေး တိမ်မနေစမ်းပါနဲ့ဟာ၊ ငါတို့နှစ်ယောက်ကြားမှာ အဲဒါတွေ မှ မလိုအပ်တာ၊ ငါ့ရှေ့မှာ အိမ်ရှင်မပီသပြနေဖို့မလိုပါဘူး"

"ငါက ဘယ်မှာ အိမ်ရှင်ပီသပြနေလို့လဲ ဟဝဇ္ဇာ"

"ဟင် ..."

"ငါ အိမ်အလုပ်တွေလုပ်နေတယ်ဆိုတာ ငါ နေ့စဉ်လုပ်နေကျအလုပ်ကို လုပ်နေတာသက်သက်ပဲ၊ နင်အထင်ကြီးလာပါစေတော့ဆိုပြီး အခုမှ ဟန်လုပ်ပြနေတာ မဟုတ်ဘူး ဟဝဇ္ဇာ"

အိမ့်စကားကြောင့် ဟဝဇ္ဇာရဲ့ မျက်ခုံးထူနက်နက် ဆတ်ခနဲ ကျုံ့သွား၏။

"အိမ်မှာ လူတစ်ယောက်ရှိနေရင် ငါတို့နှစ်ယောက်ရဲ့ အခြေအနေမှန်ကို သိသွားပြီလေ၊ ဒါဆို လူကြီးတွေမသိနိုင်

ဘူးလို့ ဘယ်သူပြောနိုင်မလဲ၊ အဲဒါကြောင့် အန်တီမေဘဲလ် အလုပ်သမား ထားပေးတာတောင် ငါ အတင်းငြင်းခဲ့တာ၊ နင်ပဲ အန်ကယ့်ကို စိတ်မဆင်းရဲစေချင်တာ မဟုတ်ဘူး ဟာဝဠာ၊ အန်ကယ့် ကျန်းမာရေးကို ငါလည်း စိတ်ပူတာပဲ လေ၊ ဘာပဲပြောပြော ငါတို့သားအမိ အခုလို ရပ်တည်နေနိုင်တာ အန်ကယ်စစ်ရဲ့ ကျေးဇူးတွေလည်း မကင်းဘူး။ ဒါကြောင့် ငါ လက်ခံလိုက်တာပဲ ဟာဝဠာ၊ ဘယ်မိန်းမက မှ ကိုယ့်ရဲ့ဘဝတစ်သက်တာမှာ အမည်းစက်စွန်းထင်းရမယ့်အလုပ်ကို လုပ်မှာမဟုတ်ဘူး၊ ဒါပေမဲ့ ငါကတော့ မိုက်မိုက်မဲမဲ လက်ခံခဲ့တယ် ဟာဝဠာ၊ အဲဒါ ဘာကြောင့်လဲ ဆိုတာ နင် နားလည်သင့်တယ်"

"ဒါပေမဲ့ ချောက ရှိသေးတယ်လေ အိမ့်"

"သူ့ကို အားလုံးပြောပြထားတာပဲ မဟုတ်လား"

"ဟုတ်တာတော့ ဟုတ်ပါတယ်၊ ချောက ..."

ဟာဝဠာ စကား ရှေ့မဆက်ပါ။

စိတ်ရှုပ်ထွေးဟန်တွေနှင့် တစ်ဝက်တစ်ပျက်မှာပဲ ဖြတ်ကာ ဆိုဖာခုံလွတ်တွင် လျော့ရဲရဲ ဝင်ထိုင်ပြီး ငြိမ်နေသည်။

ဟာဝဠာရယ် ...

ငါက အစကတည်းက ရှုံးနေပြီးသားပါဟာ။





ရှုံးနေတဲ့ ကစားကွက်ကို ရှုံးမှန်းသိသိကြီးနဲ့ ကစားနေတဲ့သူပါ။ ဒါကို နင် ဘာကြောင့် အနိုင်ပိုင်းပြချင်နေတာလဲ ဟင်။

တိတ်တဆိတ်လေးရှုံးနေတာကို အများရှေ့မှာ နင် လက်ခုပ်လက်ဝါးတီးပြီး လှောင်ပြောင်ပြချင်နေတာလား ဟာဝဠာ။

တော်ပါတော့ဟာ။

နင် ...

ကျေနပ်ပါတော့ ဟာဝဠာရယ်။

"ချောက သနားဖို့ကောင်းတယ် အိမ့်"

ဘုရားရေ ...

ဒါဆို ...

ငါကရော ဟာဝဠာ ...

သိပ်မကြာခင် အချိန်အတိုင်းအတာ တစ်ခုမှာ ယောကျ်ားတစ်ယောက်ရဲ့စွန့်ပစ်မှုကို ခံရတော့မယ့် ငါကရော...

"နင် စဉ်းစားကြည့်လေ အိမ့်။ သူ့ရုပ်ရည်၊ သူ့အဆင့်အတန်းနဲ့ ငါ့ကို ပြန်လက်ခံပေးတာတောင် အရမ်းကိုပဲ တရားလွန်လွန်းနေပြီ မဟုတ်လား၊ သူ အခုလို စိုးရိမ်ပူပန်တာကတော့ သူ့ဘက်က မှန်ပါတယ် အိမ့်ရာ"

ငါက မှားနေတာလား ဟာဝဠာ ...

အိမ်အကူတစ်ယောက် ခေါ်မထားတာ ငါက မှားနေတာလားဟင်။

ငါ့ရဲ့မာန၊ ငါ့ဂုဏ်သိက္ခာကို အကြီးအကျယ် အစော်ကားခံလိုက်ရတဲ့ ငါက မှားနေတယ်လို့ နင်က ထင်နေတာလားဟဝဠာ။

နင် သေသေချာချာ ပြန်စဉ်းစားကြည့်ပါဦး ဟဝဠာ။

ငါ့ဘက်က တစ်ချက်လေးဖြစ်ဖြစ်တော့ နင် ပြန်တွေးကြည့်ပေးပါဦးလားဟာ။

သိပ်ချစ်လွန်းလို့ အရာအားလုံးကို မျက်စိမှိတ်ခေါင်းညိတ်ခဲ့ရပေမယ့် ငါ့မှာလည်း ငါ့ခံစားချက်ဆိုတာ ရှိနေတာပဲလေ။

အခု ...

ငါ ဘယ်လောက်တောင် ဝမ်းနည်းနာကျင်နေရသလဲ နင် သိရဲ့လား။

ငါ့ကို မချစ်နိုင်ပါဘူးဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့အနားမှာနေပြီး သူ လိုအပ်သမျှ ပုံစံလေးတွေအတိုင်း ငြင်းဆန်ခြင်းမရှိ လုပ်ဆောင်ပေးနေတဲ့ ငါ နင့်ကို သိပ်ချစ်လို့ဆိုရင်တောင် မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာမာနတွေကို ခဝါချပြီး မိန်းမမာယာနဲ့ နင့်စိတ်တွေကို ငါ့ဘက်ပါလာအောင် ကြံစည်ကြိုးစားမယ့်





အပေါစားစိတ်ဓာတ်မျိုး မရှိဘူးဆိုတာ နင် ယုံထားလိုက်ပါဟဝဠာရယ်။ အဲဒီစိတ်ဓာတ်နဲ့ပဲ နင့်ကို ကွာရှင်းစာချုပ်မှာပါ လက်မှတ်ထိုးပေးခဲ့တာပေါ့ဟာ။

ဒါနဲ့များတောင် ...

ချောမဒီဘက်က ...

ငါ့ကို သံသယထားတယ်ဆိုတာ တိတ်တဆိတ်နဲ့ ငါ့ကို စော်ကားလိုက်တာပဲ ဟဝဠာ။ နင်ကလည်း သူ့ဘက်ကို လိုက်ပေးနေတယ်လေ။

အဲဒါကို ...

ငါ မခံစားနိုင်ဘူး။ ခေါင်းငုံ့ငြိမ်မခံနိုင်ဘူး ဟဝဠာ။

"ငါတော့ ဘာပြောရမှန်းတောင် မသိတော့ပါဘူးဟာ"

တီးတိုးညည်းညူသံက ဟဝဠာဆီက ထွက်လာ၏။

စိတ်ဓာတ်တွေ အကြီးအကျယ်ကျနေတဲ့ သူ့ပုံစံကို ကြည့်ပြီး အိမ့် သနားနေမိသည်။

သို့ပေမဲ့ ...

အလျှော့ပေးဖို့တော့ အိမ့် မစဉ်းစားချင်။

"ငါ အရမ်းစိတ်ညစ်နေတယ် အိမ့်"

"......"

"ငါတို့ လက်ထပ်မိတာ သိပ်မှားသွားတယ်ဟာ"

မြတ်စွာဘုရား ...

အိမ့်ခန္ဓာကိုယ်လေး ဆတ်ခနဲ ယိုင်နဲ့သွားမလိုပင် ဖြစ်သွားရသည်။ အညှာအတာကင်းမဲ့လွန်းတဲ့ ဟဝဠာရဲ့ နောင်တ စကားက ရင်ထဲမှာ စူးနင့်လို့။

"ဟုတ်တယ် အိမ့်၊ အလျင်စလိုလုပ်မိတာ မှားသွားပြီ၊ ဒယ်ဒီကလည်း ဘာဖြစ်လို့များ ငါ့အိမ်ထောင်ရေးကိုမှ စဉ်းစားမိသလဲ မသိပါဘူးဟာ၊ အခုတော့ အားလုံး ရှုပ်ကုန်တာပေါ့"

ဟဝဠာက တစ်ယောက်တည်း ပေါက်ကွဲနေ၏။

အိမ့် ဘာစကားမှ ပြန်မပြောနိုင်။

သူမကို လက်ထပ်လိုက်လို့ အခုလို ဝမ်းနည်းတကြီး ညည်းညူနေခြင်းကို အံ့သြမှင်သက်စွာပင် ငေးမောကြည့်နေမိသည်။

"တကယ်ဆိုရင် ငါတို့နှစ်ယောက်စလုံး တိုင်ပင်ပြီး ငြင်းခဲ့ရမှာဟ၊ ငါ့မှာ ချောမဒီ ရှိသလို နင့်မှာလည်း မိုးစေရာ ရှိနေတာဆိုတော့ အခုလို ကွာရှင်းထားတာတောင် ပြဿနာ ရှိနိုင်တယ်"

"ဟဝဠာ"

"ဟင် ..."

ဒေါသတကြီး ကျယ်လောင်စွာ အော်ဟစ်လိုက်သော အိမ့်အသံကြောင့် ဟဝဠာပင် မျက်လုံးကြီးပြူးသွားရ၏။





"စေရာကို ဘာကြောင့် ဆွဲထည့်နေတာလဲ"

"ဘာဖြစ်လို့လဲ အိမ့်၊ ငါပြောနေတာ အမှန်တရားပဲဟာ၊ စေရာက နင့်ကို တစ်ဖက်သတ် စိတ်ဝင်စားနေတဲ့သူပဲ"

"တော်စမ်း ... ဟဝဠာ၊ နင် ဆက်မပြောနဲ့တော့"

"နင် တော်တော်ခက်တာပဲ အိမ့်"

"ငါက မခက်ဘူး၊ နင်ပဲခက်နေတာ ဟဝဠာ၊ နင့်အလုပ် နင် ပိုင်နိုင်အောင်တောင် မလုပ်နိုင်ဘဲ ငါနဲ့ပတ်သက်တဲ့ ကိုယ်ရေးကိုယ်တာကို ဝင်ပြီးစွက်ချင်နေတဲ့ နင်ပဲ ခက်နေတာ ဟဝဠာ၊ နင်သိထားဖို့က ငါက နင့်လိုမဟုတ်ဘူး၊ စေရာကလည်း ချောမဒီလိုမဟုတ်ဘူး၊ ငါတို့က သူငယ်ချင်းတွေပဲ ဟဝဠာ၊ လုံးဝ အဖြူထည်သက်သက်ပဲ"

ပြောပြီး ...

အိမ့်က အနားကနေ ပြေးထွက်သွား၏။

အိမ့်ပြောသွားသမျှတွေကို နားထောင်ပြီး သက်ပြင်း ငွေ့ချကာ ဟဝဠာ နှုတ်ခမ်းနှစ်လွှာက တွန့်ခနဲ ပြုံးသွားတော့သည်။

❤ ✧ ❤

## အခန်း(၁၀)

"မနက်စာ ဘာရှိလဲ အိမ့်"

"ထမင်းကြော်ထားတယ်၊ ကြက်သားကြော်ရယ်၊ 
ခြောက်ဖုတ်ရယ်၊ ဆိတ်သားမွကြော်ရယ် ရှိတယ်"

"ငါ စားတော့မယ်"

"သြော် ... အေး"

ဟဝဍ္ဍာ အိပ်ရာကနိုးတာနှင့် မျက်နှာအရင်သ
တပွဲပွဲမြည်နေသော ဗိုက်အား အစာဖြည့်ရန် ဆင်းခဲ့လိုက်သ

ထမင်းစားခန်းဘက်သွားတော့ အိမ့်က နံန
အတွက် စားပွဲမှာ အသင့်စားနိုင်ရန် ပြင်ဆင်နေတာတွေ့
ကုလားထိုင်ကို နောက်သို့ အနည်းငယ်ဆွဲကာ ဝင်ထိုင်ပြီး
လိုက်၏။





မဆိုးဘူး ...

သူထင်ထားတာက နံနက်စာကို ဖြစ်သလို ကော်ဖီနဲ့ ရှိတဲ့ ကိတ်ခြောက်အနည်းအကျဉ်းနဲ့ မြှောချရတော့မည်ဟု ထင်ထားတာ။ အိမ့်က ထမင်းကြော်နှင့်လိုက်ဖက်သော ဟင်းလျာများပါ ပြင်ဆင်ထားသည်။ ကော်ဖီမကြိုက်တဲ့သူ့အတွက်တော့ အိုကေပဲပေါ့။

လက်ထပ်စာချုပ်ချုပ်ပြီး ကွာရှင်းစာချုပ်တွင် နှစ်ဦးသဘောတူ ပြန်ပြီး ကွာရှင်းထားသော လူနှစ်ယောက် ပေါင်းစပ်နေပေမယ့် အရာအားလုံး အဆင်ပြေချောမွေ့လွန်းနေ၏။

"ရော့ ... ဟဝဍ္ဍာ"

ထမင်းကြော်ပန်းကန်က တစ်ပွဲတည်း။

"နင် မစားသေးဘူးလား"

"နင်ပဲ စားနှင့်ပါ နောက်မှ ငါ စားမယ်"

အိမ့်စကားကြောင့် အိမ့်ဆီ သူ မော့ကြည့်မိ၏။

မနေ့ကကိစ္စ ...

အိမ့် အစာမကြေသေးတာလား ...။

သူနှင့်အတူတူ တွဲမစားဘဲ နောက်မှစားမည်ဆိုပြီး သီးခြားခွဲထွက်လိုက်တာလေ။

"အိမ့်"

"ပြော ဟဝဍ္ဍာ"

"နင် ငါ့ကို စိတ်ဆိုးနေတာလား"

"ဘာကိုလဲ ဟဝဠာ"

"ငါနဲ့အတူတူ နံနက်စာ မစားတာလေ"

"မဟုတ်ပါဘူး၊ ငါက အိမ်ဖော်မငှားတာကလွဲပြီး ချောမဒီ အထင်အမြင်လွဲခံရမယ့် ဘယ်လို အနေအထိုင် အပြုအမူမျိုး ကိုမှ မလုပ်ဖို့ ဆုံးဖြတ်ထားတာပါ၊ အဲဒါ နင့်အတွက်ပဲ လေ ဟဝဠာ"

"ဘာဆိုင်လို့လဲ"

"ငါ့အတွက်တော့ ဆိုင်တယ်လို့ ထင်တာပဲ၊ သံသယစိတ် အထင်မှားခံရမှာ ငါ မလိုချင်ဘူး"

"......"

ဟဝဠာ ငြိမ်သွား၏။

ဘာစကားမှ ဆက်မပြောတော့ဘဲ သူမ ခူးခပ်ပေး ထားသော ထမင်းကြော်ကိုသာ ငုံ့စားနေသည်။ အိမ့် နေရာလေးက ထွက်ခဲ့လိုက်၏။ အပေါ်ထပ်က သူမအခန်းကို ရှင်းလင်းသိမ်းဆည်း ရဦးမည်လေ။

ညက ...

စိတ်ညစ်ညစ်နှင့် အိပ်မပျော်ဘဲ ရှိနေခဲ့တာကြောင့် အိပ်ရာကနိုးတော့ မိုးစင်စင်ပင် လင်းနေခဲ့သည်။ နာရီကို လှမ်း





ကြည့်ပြီး အိပ်ရာတွေ မသိမ်းတော့ဘဲ ထလိုက်သည်။ ပြီးနောက် ဟဝဠာအတွက် မနက်စာ ပြင်ဆင်ဖို့ သတိရလိုက်တာနှင့် ကပျာ ကယာ မျက်နှာသစ် ကိုယ်လက်သန့်စင်ကာ အောက်ထပ်သို့ ဆင်းခဲ့လိုက်၏။

ဟဝဠာက မနက်စာကို ဘယ်တော့မှ ဖြစ်သလို စားတတ်သူ မဟုတ်ဘူးမို့လား။ အိမ်မှာဆို အန်တီမေဘဲလ်က သူ့အတွက် အဆင်ပြေအောင် စီစဉ်ပေးရတာ အိမ့် သိထားသည်။ ဟဝဠာက မနက်စာကို ကော်ဖီနဲ့ ကိတ်ခြောက်တွေ စားရတာ အမုန်းဆုံးပဲဟု ပြောပြချက်ကြောင့် သူ့အတွက် ထမင်းကြော်ကို ပြင်ဆင်ထားလိုက်သည်။

သူ့သားအကြိုက်ကိုသိတဲ့ အန်တီမေဘဲလ်က ရေခဲ သေတ္တာထဲမှာရော နောက်ဖေးကြောင်အိမ်ဗီရိုထဲမှာပါ အခြောက် အခြမ်းတွေ ဖြည့်ဆည်းပေးထားသည်။ သူမ ဈေးထွက်ဝယ်စရာ မလိုအောင် ဖြည့်ပေးထားတာကြောင့် သူမ အဆင်ပြေပြေ လုပ် ပေးနိုင်ခဲ့သည်။ မနက်တိုင်း သူ စားနိုင်ရန် အိမ့် တစ်မျိုးပြီးတစ် မျိုး စီစဉ်ထားမိ၏။ နန်းကြီးသုပ်ဖြစ်ဖြစ်၊ ရှမ်းခေါက်ဆွဲဖြစ်ဖြစ် သူမကိုယ်တိုင် လုပ်ပေးတတ်၏။

အိမ်မှုကိစ္စဆိုတာ အိမ့်နဲ့ သိပ်ပြီး စိမ်းသက်နေတဲ့ အရာမှ မဟုတ်တာ။ စိတ်ပါဝင်စားမှုကလည်း အပြည့်အဝရှိတာ

ကြောင့် သူမ လုပ်ပေးလိုက်သမျှကို နောက်လှည့်ကြည့်နေစရာ မလိုချေ။ ဟာဝဠာ စားကောင်းမယ်ဆိုတာ အိမ့် သိသည်။

သူ့အတွက် ပြင်ဆင်ပေးပြီးတာနှင့် ထွက်ခဲ့လိုက်ပြီး အခန်းသန့်ရှင်းရေးကို အရင်ဆုံးလုပ်လိုက်၏။ စနစ်ကျပြီး မြန်ဆန်သွက်လက်သော အိမ့်အတွက် အခန်းသန့်ရှင်းရေးလုပ်တာ နာရီဝက်ပင် မကြာပါ။ ပြီးနောက် ...

ဘုရားခန်းသို့သွားကာ ရေချမ်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်စိုက်၊ ဆွမ်းတော်ပွဲတင်ကာ ကပ်လှူပြီး ဘုရားရှိခိုးနေလိုက်သည်။

အိမ်မှာဆို ...

မနက်စောစော ဘုရားခန်းသန့်ရှင်းရေးလုပ်ပြီး ဘုရားဝတ်တက်ပြီးမှ မနက်စာအတွက် ပြင်ဆင်ပြီး သားအမိနှစ်ယောက် စကားတပြောပြောနှင့် အတူတူစားတတ်၏။

ဟာဝဠာနှင့်ကျမှ ပြောင်းပြန်တွေ ဖြစ်နေရသည်။

ဒီနေ့မှ ...

သူမကလည်း အိပ်ရာထ နောက်ကျသွားတာကို။

ဘယ်တတ်နိုင်ပါ့မလဲလေ။

စိတ်ကိုဖြေကာ ဘုရားကိုပဲ အာရုံပြုပြီး ရှိခိုးနေလိုက်လေ၏။





ဟာဝဠာတစ်ယောက် ...

စားကောင်းကောင်းနှင့် မနက်စာကို တဝတပြ
င်လိုက်မိသည်။

ပြောမယ့်သာပြောတာ အိမ့်က လက်ရာတော့တော်
ကောင်း၏။ ထမင်းကြော်ထားတာလည်း အရသာတော်တော်
ည်။ မိန်းကလေးပီပီသသနှင့် အိမ်မှုကိစ္စနိုင်နင်းတာကို အစော
တည်းက သိထားပြီးသော်လည်း ယခုလို အနီးကပ်နေချိန်
ာ့ သူမရဲ့အရည်အချင်းက ပို၍ပင် အသိအမှတ်မပြုဘဲမနေ
ာင်ပင် ဖြစ်နေတော့၏။

အိမ်အကူတစ်ယောက်မှ မရှိပေမယ့် အိမ့်လက်ထဲမှာ
ိုက်လုံး သန့်ရှင်းပြောင်လက်နေခဲ့၏။ သူ့အခန်းမှာလည်း
လောက်ပဲ ရှုပ်ပွပြီးထားခဲ့ပါစေ ပြန်ရောက်လာတာနှင့်
တစ်ခုလုံး ရှင်းလင်းသပ်ရပ်ကာ သစ်သီးရနံ့လေးသင်းလျက်
နေတတ်သည်။

သူနဲ့ စကားအပြောအဆိုမရှိ ခပ်ရှောင်ရှောင်နေတတ်
လွှဲပြီး သူမ တာဝန်တော့ကျေသည်။ သူ အိမ်မှာ ထမင်းစား
ည်ဖြစ်စေ၊ မစားသည်ဖြစ်စေ သူမ အမြဲချက်ပြုတ်ထားတတ်
မနက်စာဆိုလျှင် သူမ နှစ်သက်သော ကော်ဖီခါးခါးနှင့်
ခြောက်များကို ရှောင်ကာ တစ်မျိုးမျိုး စားကောင်းအောင်
ထားတတ်သည်။

သို့သော် ...

သူမ ဘာတွေပဲ လုပ်ထားလုပ်ထား သူနှင့်အတူ တော့ ထမင်းစားဝိုင်းကို တစ်ခါမျှ ဝင်ထိုင်မစားတတ်ချေ။ သူ အတွက် ခူးခပ်ပေးပြီးတာနှင့် သူမ အပြင်သို့ ထွက်သွားတတ်သည်

ပြီးလျှင် ...

အိမ်သန့်ရှင်းရေးလုပ်တာပဲဖြစ်ဖြစ် အဝတ်အစားလျှော့ လျှော်ဖွပ်တာပဲဖြစ်ဖြစ် လုပ်နေတော့၏။ ပြီးမှသာ သူမတစ်ယောက် တည်း သီးသန့်စားသည်။

အိမ့်ရဲ့လုပ်ရပ်တွေကို သူ အစကနားမလည်နိုင်ခဲ့ ဘာပဲပြောပြော တစ်တိုက်လုံးမှာ ပြေးကြည့်မှ လူလေးနှစ်ယောက် တည်းရှိတာ ဒါကို ဘာကြောင့်များ ခွဲခြား ခွဲခြား လုပ်နေရသနည် ဟု ထူးထူးဆန်းဆန်း ခံစားနေမိ၏။

အခုမှပဲ ...

ဟဝဥ္စာ သိခွင့်ရခဲ့သည်။

ချောမဒီ အထင်မလွဲအောင် နေတာတဲ့လေ။

အိမ့်က ...

အိမ်ကအကူအလုပ်သမားဝှားဖို့ အပြင်းအထန် တာ တာကလွဲပြီး ဟဝဥ္စာကို သူငယ်ချင်းမိတ်ဆွေတစ်ယောက်လို ကင်းကင်းရှင်းရှင်း ဆက်ဆံပါသည်။





ခက်နေတာက ချောပဲ။

ချောက မာမီတို့ထားပေးတဲ့ အလုပ်သမားထက် သူမ စိတ်ချယုံကြည်ရမည့် အိမ်အကူကို သူတို့ထံတွင် ထားဖို့ ဇွတ်တရွတ် စီစဉ်နေ၏။ ချောရဲ့ သံသယစိတ်ကို ဟဝဥ္စာ မပယ် ဖျက်နိုင်။

ဟဝဥ္စာ စိတ်ညစ်နေရသည်။

သံသယစိတ်ကြီးသော ချောမဒီနှင့် အယူအဆကြီး သော အိမ့်ဆိုတဲ့ မိန်းမနှစ်ဦးတို့၏ အားပြိုင်မှုကြားတွင် ဟဝဥ္စာ ဒုက္ခအကြီးအကျယ်ရောက်နေရတော့သည်။

ဒီနေ့ ...

အိမ့်ကို ချောမဒီ လာလည်မယ်တဲ့။

အိမ်အကူတစ်ယောက်လည်း ခေါ်လာမည်ဖြစ်သည်။ ချောမဒီ အလည်လာမယ့်အကြောင်းကိုတော့ အိမ့်ကို အသိမပေး ရသေးချေ။ ချောကို တားဆီးပြန်လျှင်လည်း ပြဿနာရှာဦးမည်။ ဘာကြောင့် မထားချင်ကြရသလဲဆိုတဲ့ မေးခွန်းတွေအတွက် ဖြေ စရာအဖြေကမရှိ။ အိမ့်ကြောင့်ဟုပြောပြီး ငြင်းလျှင် ချောမဒီက ပိုပြီး သူ့အပေါ် အယုံအကြည်ကင်းမဲ့တော့မည်။

ထို့ကြောင့် ...

ချောမဒီကို ...

သူမ လုပ်ချင်တာလုပ်ပါစေဆိုပြီး လွှတ်ထားလိုက်မိသည်။

အိမ့်နဲ့တော့ စကားနည်းနည်းပြောရတော့မှာပဲ။ အိမ့်က အိမ်အကူ လုံးဝမထားဘူးလို့ ပြောထားတာ မဟုတ်လား။ သူမကို မယုံကြည်လို့ အခုလို စီစဉ်တာပဲဆိုပြီး နာကြည်းဦးမည်။

ချောနဲ့ အိမ့်ကြား သူ ဘယ်လို အေးချမ်းအောင်လုပ်ဆောင်ပေးရမလဲ။

စဉ်းစားမိတိုင်း ...

ထွက်ပြေးချင်စိတ်တွေပဲ ဖြစ်နေရ၏။

ထမင်းစားစားပွဲလေးကနေ လေးတွဲ့စွာ သူ ထလိုက်သည်။ အခန်းလေးထဲကနေ ထွက်ပြီး အိမ်ရှေ့ဆီသို့ ထွက်ခဲ့လိုက်၏။

ထိုစဉ် ...

အပေါ်ထပ်မှဆင်းလာသော အိမ့်ကို တွေ့လိုက်ရသည်။

သူ့အကြည့်တွေ အိမ့်ဆီသို့ရောက်သွားကာ အိမ့်မျက်ဝန်းအကြည့်ကလည်း သူ့ဆီ ဖျတ်ခနဲ ရောက်လာသည်။ သို့သော် မျက်ဝန်းအကြည့်တို့က အေးစက်စက်။ တည်ကြည်ရိုးစင်းသော သူမအကြည့်အောက် သူ စိတ်အနည်းငယ် တုန်ယင်လှုပ်ရှားသွားရသည်။





ပြောလိုက်ရင် ကောင်းမလား ...။

သူ ...

စဉ်းစားတွေဝေနေဆဲ အိမ့်က တည်ငြိမ်စွာပင် သူ့
က ဖြတ်ကျော်ကာ အိမ်အနောက်ဘက် မီးဖိုခန်းဘက်သို့
ားဖို့ ဦးတည်နေသည်။

"အိမ့်"

လှည့်သွားသော အိမ့်ကို သူ ခေါ်မိ၏။

အိမ့်က ...

လျှောက်လှမ်းလက်စ ခြေလှမ်းကိုရပ်ပြီး သူ့ဆီ
ည့်စောင်းကြည့်၏။

မျက်နက်ဝန်းစူးစူးတွေနှင့် သူ့အား လှမ်းကြည့်သည်။
ာလဲဆိုသည့် အဓိပ္ပာယ်ပါသော မျက်ဝန်းအကြည့်တွေရယ်ပါ။

"နင် ဘယ်သွားမလို့လဲ"

သေ်စမ်း ...။

သူဘာတွေ မေးနေမိပါလိမ့်။

တကယ်ဆို ...

သူ အိမ့်ကိုပြောရမှာက ဒီကနေ့ ချောမဒီ အိမ်ကို
လည်လာလိမ့်မည် ဆိုသည့် အသိပေးစကားလေ။ ပြီးတော့
လုပ်သမားတစ်ယောက်ပါ ခေါ်လာလိမ့်မည်ဆိုတဲ့ အသိပေး

စကား။ ဒါကို မပြောမိဘဲ ရောက်တတ်ရာရာ မေးခွန်းတွေ လျှောက်မေးနေမိ၏။

"မီးဖိုခန်းထဲ သွားမလို့"

"ဘာသွားလုပ်ဖို့လဲ"

"ဟင် ..."

အိမ့်တစ်ယောက် ဟဝဋ္ဌာရဲ့ အတူတူအမေးကြောင့် စင်ရော်တောင်မျက်ခုံးလေးတွေ ပင့်တက်သွားရ၏။

ဟဝဋ္ဌာ ဘာတွေ ဖြစ်နေတာလဲ ...

ထူးခြားနေတာတော့ အမှန်ပဲဖြစ်သည်။

"ထမင်းဟင်းချက်ဖို့လေ"

"သြော် ... အေး"

"ဟဝဋ္ဌာ"

"ပြောလေ အိမ့်"

"နင် ငါ့ကို တစ်ခုခု ပြောစရာရှိနေသလား"

"ဘယ်လို ..."

"ဘာပြောစရာရှိလဲ ဟဝဋ္ဌာ၊ ပြောလေ"

မဆိုးဘူး။

အိမ့်က ပါးနပ်စွာပင် သူ့ကို လမ်းဖွင့်ပေးလာသည်။





"ဟို ... ဟို ... ဒီနေ့ ချောက ဒီကို အလည်လာမလို့တဲ့၊ အဲ ... အဲဒါ"

"လာပါစေပေါ့ ဟဝဋ္ဌာ၊ နင့်ညီသည်ပဲဟာ၊ ငါ့ကို ခွင့်တောင်းဖို့ မလိုပါဘူး"

ပြောလိုက်ရပေမယ့် ...

အိမ်ရင်ထဲမှာတော့ မလိုလားစိတ်တို့နှင့် နာကျင်လျက်။

"အိမ့်"

"ငါ နေ့လယ်စာ ပို့ချက်လိုက်ပါ့မယ် ဟဝဋ္ဌာ"

အိမ့်။

အလိုက်တသိပင် ပြောမိသည်။

ဟဝဋ္ဌာ သူမကို ပြောဖို့ နှောက်တွန့်နေတာ ချောမဒီ ဒီနေ့မှာ နေ့လယ်စာစားမည်ဆိုသည့် အသိပေးစကားပဲ မဟုတ်လား။

ဒါကို ပြောဖို့ ...

အိမ့်ကို အားနာနေဟန်ရှိသည်။

ဟဝဋ္ဌာရယ် ...

နင့်ကို လက်ထပ်လိုက်ပြီး နောက်ပိုင်း အခုလိုမျိုး အကြောင်းအရာမျိုးတွေ ရှိလာမှာပဲဆိုတာ ကြိုတင်သိပြီးသားပါ

ဟာ။ ငါ ရင်ဆိုင်ဖို့ ပြင်ဆင်ထားပါတယ်။ နင်နဲ့ ငါနဲ့က လူ
ရဲ့အစီအစဉ်ကြောင့် မငြင်းပယ်နိုင်လို့သာ လိုက်နာခဲ့ကြတာမဟု
လား။ ရှေ့ကိုတိုးပြီးမှတော့ ရှေ့ဆက်လျှောက်လှမ်းဖို့ တွန့်
လို့လည်း ဖြစ်မှမဖြစ်တာပဲလေ။

"အိမ့်"

"ဘာလဲ ဟဝဠာ"

"ချော ... ချောက ..."

အိမ့်မျက်ခုံးလေး တွန့်သွားရ၏။

ဟဝဠာ မျက်နှာကို စေ့စေ့ကြည့်မိသည်။

"ချောက အိမ်အလုပ်သမားပါ ခေါ်လာခဲ့မယ်တဲ့"

"ဘာ"

အိမ့်အသံက ဆောင့်ကြီးအောင့်ကြီး ထွက်ကျသွား
ရတော့သည်။

❤ ✧ ❤





## အခန်း(၁၁)

"အိမ့်တို့အတွက် အလုပ်သမားမလိုဘူး ချောမဒီ"

"ယူ့အတွက်ခေါ်လာတာမှ မဟုတ်တာပဲ အိမ့်၊ ချောက မောင့်အတွက် ခေါ်လာပေးတာ၊ ဒါကို ယူ ကန့်ကွက်ပိုင်ခွင့်မရှိဘူး အိမ့်"

ဟင် ...

ချောမဒီဆီက မျက်နှာထိမျက်နှာထားနှင့် ပြောလိုက်သည့်စကားကြောင့် အိမ့် ဒေါသလေးတွေ ရေပြင်လိုငြိမ်သက်နေရာမှာ တစ်မဟုတ်ချင်း လှိုင်းဂယက်လေးများ ထသွားရ၏။

ပိုင်ရှင်မှန်းသိအောင် မဏ္ဍပ်တိုင် တက်ပြနေတာ အမြင်ကတ်စရာ။

သို့သော် ...

ဟာဝဠာကိုယ်တိုင်က ဘာမှဝင်မပြောဘဲ ငြိမ်သက်စွာ ရှိနေခြင်းကြောင့် အိမ့်မှာ အသည်းတယားယားနှင့် ဖြစ်နေရတော့သည်။

"အိမ့်က ကန့်ကွက်တာမဟုတ်ဘူး ချောမဒီ၊ လက်မခံဘူးလို့ပြောတာပါ၊ ဘယ်သူ့အတွက်နဲ့ပဲဖြစ်ဖြစ် ထားခွင့်မရှိဘူး"

"ဘယ်လို ... အိမ့်"

"အိမ့်တို့နှစ်ယောက် အနေအထားအပေါ် ချောမဒီဘက်က စိုးရိမ်ပူပန်မှုထားတယ် ဆိုတာလည်း မှန်ပေမယ့် တို့ရဲ့ဂုဏ်သိက္ခာအရတော့ အခုကိစ္စကို ငြင်းရလိမ့်မယ် ချောမဒီ၊ လူကြီးတွေရဲ့ အာရုံစူးစိုက်မှု မခံချင်လို့ အိမ်ကခေါ်ပေးတဲ့ အကူအလုပ်သမားကိုတောင် ငြင်းခဲ့တာ၊ အခုတော့ ကိုယ့်သဘောနဲ့ကိုယ် မတိုင်ပင်ဘဲ အလုပ်သမားခေါ်ထားတယ်ဆိုရင် မကောင်းဘူးလေ၊ ဒါကြောင့် မထားတော့ဘူးလို့ ဆုံးဖြတ်ခဲ့တာ ချောမဒီ၊ တို့လူငယ်တွေရဲ့ကိစ္စကို တို့လူငယ်တွေပဲ နားလည်ရင်ပြီးတာပဲ မဟုတ်လား၊ အိမ့် ပွင့်ပွင့်လင်းလင်း ပြောပြီးသားပဲလေ ချောမဒီ၊ အန်ကယ့်ကျန်းမာရေး စိတ်ချသွားရတဲ့အချိန်ကျရင် ကိုယ့်နေရာကိုယ် ပြန်နေကြမယ်"





အိမ့် ...

ပေါက်ကွဲချင်နေပေမယ့် သူမ စိတ်တွေကို အတတ်နိုင်ဆုံး ထိန်းချုပ်ပြီး ချောမဒီကို ပြောမိသည်။

"ဟုတ်ပါတယ် အိမ့်၊ ယူ ပြောတာလည်း နည်းလမ်းတော့ကျပါတယ်၊ ဒါပေမဲ့ ကံကြမ္မာကို မယုံဘူး အိမ့်၊ အချိန်အတိုင်းအတာတစ်ခုအတွင်း ပြောင်းလဲမှုမရှိဘဲ ငြိမ်သက်နေလိမ့်မယ်လို့ စိတ်အေးအေးနဲ့ မတွေးနိုင်ဘူးဖြစ်နေတယ်၊ အဲဒါ ဘယ်လိုလုပ်မလဲ"

"အဲဒါတော့ အိမ့်လည်းမသိဘူး၊ ပြောနိုင်တာတစ်ခုပဲရှိတယ်၊ အိမ့်ရဲ့ကတိ တည်စေရမယ် ဆိုတာပဲ"

ချောမဒီ မျက်ဝန်းတွေက အိမ့်မျက်ချယ်ဆီ စူးနင့်စွာ ရောက်သွားသည်။

ယုံရမလား ...

ပေးထားတဲ့ကတိ မပျက်ဘူးဆိုတာ ယုံလို့ရနိုင်မလား။

အိမ့်ကိုကြည့်ရတာ သွေးအေးအေးနဲ့ အင်မတန်ခေါင်းမာမယ့်ပုံစံမျိုးပဲ။ မလုပ်နိုင်ဘူးလို့ ငြင်းပယ်ထားပြီးသား အလုပ်တစ်ခုကို ဘယ်လိုအကြောင်းပြချက်ပဲရှိရှိ လိုက်ပါလုပ်ဆောင်မည့် ပုံစံမျိုးမရှိချေ။

ခုလည်း ...

အလုပ်သမားထားဖို့ကိစ္စနှင့် ပတ်သက်ပြီး အကြီးအကျယ် ငြင်းပယ်ကန့်ကွက်နေခဲ့သည်။ ချော လုံးဝ မကျေနပ်မိ။ ပိုပြီး ဒေါသဖြစ်စရာကောင်းနေတာက မောင်ပဲ။ သူမတို့ကြားတွင် ဘာစကားတစ်ခွန်းမှမပြောဘဲ ငြိမ်သက်နေခဲ့သည်။

တကယ်ဆို ...

ယောကျ်ားတစ်ယောက်ရဲ့အမိန့်သြဇာနဲ့ ဆုံးဖြတ်မှု။

ဒါကို မောင် သုံးသင့်တယ် မဟုတ်လား။ ဒီတိုက်က လက်ဖွဲ့ရတာ ဆိုပေမယ့် မောင့်ဒယ်ဒီနဲ့ မာမီ ဝယ်ပေးထားတာပဲလေ။ ခံမောင် ပိုင်ဆိုင်တဲ့အိမ်မှာ မောင့်သြဇာတော့ ပြောင်းသင့်တာပေါ့။

အခုတော့ ...

ချောမဒီက လူကြမ်းဖြစ်ရပြီ။

အစကတည်းက ခေါ်လာမှာနော်လို့ မောင့်ဆီ ဖုန်းဆက် အကြောင်းကြားထားပြီးသားပါ။ မောင်က ဘာမှတော့ မပြောချေ။ မောင် လက်ခံ၍ သူမ ကျေနပ်ဝမ်းသာခဲ့ရသည်။

ခုကျတော့ ...

အခြေအနေက တစ်မျိုးကြီးဖြစ်နေ၏။

ပြေလည်တာလည်းမဟုတ်၊ ရန်ဖြစ်လို့လည်းမဖြစ်။ မကျေမနပ်မှုကို အောင့်အည်းမျိုချနေရတဲ့ အဖြစ်ရယ်ပါ။





အိမ့်က ...

အကြောင်းအရင်း နိုင်နိုင်လုံလုံပေးပြီး ငြင်းပယ်နေတာလေ။ ချော ဘယ်လိုမှ ရှေ့ဆက်တိုးလို့ မရတော့။ အခုလို အမျိုးမျိုးမှာ ဟဝဠာရဲ့ အဆုံးအဖြတ်တစ်ခုကို မျှော်လင့်မိတာတော့ အမှန်ပင်။

ချော ...

မောင့်ဆီ အားကိုးတကြီး လှမ်းကြည့်လိုက်မိ၏။

ရင်ထဲက ပြောချင်နေတဲ့စကားလုံးတွေကို မျက်ဝန်းအစုံတွေနှင့် ပုံဖော်ပြမိသည်။

"ငါ နင့်ကို အကြိမ်ကြိမ် ပြောထားပြီးသားပဲ ဟဝဠာ၊ ငါ့စိတ်ကို နင်မသိတာလည်းမဟုတ်ဘဲနဲ့ အခုလို ခက်ခဲတဲ့ အခြေအနေတစ်ခုဖြစ်အောင် ဖန်တီးတာ နင် သိပ်လွန်တာပဲ ဟဝဠာ"

မာဆတ်ပြတ်တောက်လွန်းသော စကားသံက အိမ့်ဆီကထွက်လာတာမို့ ဟဝဠာ အိမ့်ဘက် စောင်းငဲ့ကြည့်မိသည်။

မျက်ရည်ကြည်တို့နှင့် အရောင်လဲ့နေသော မျက်နက်ဝန်းအကြည့်ကြောင့် သူ့စိတ်အာရုံတွေ ထွေပြားသွားရ၏။

သူ ...

ဆက်လက်ငြိမ်နေလို့ မရတော့ဘူးဆိုသည့် အနေအထားကို ရိပ်မိသည်။

"ချော ကောင်မလေးကို ပြန်ခေါ်သွားလိုက်ပါ"

"ဘာရယ် မောင်"

"အခုအချိန်အထိ အားလုံး အဆင်ပြေပြေနဲ့ အေးချမ်းနေတာပဲဟာ၊ ဒီလိုလေးပဲ ဆက်ထိန်းလိုက်ကြပါစို့ကွာ"

မောင့်စကားကြောင့် ချောမဒီ မျက်ဝန်းတွေ အံ့ဩခြင်း၊ မယုံကြည်နိုင်ခြင်းကြီးစွာ ပြူးကျယ်ဝိုင်းစက်သွားရတော့သည်။

ဒါ ဘာအဓိပ္ပာယ်လဲ ...

အိမ့်သဘောအတိုင်း နားခံကြရအောင်ဆိုပြီး ရွေးချယ်လိုက်တာလား။ မောင် အဲဒီလို ဆုံးဖြတ်လိုက်တာလား ...။

"ဩော် ... မောင်ကပါ လူ့အပိုရှိနေတာကို မလိုလားဘူးကို။ အဟွန်း ... ချောက အလိုက်မသိသလို ဖြစ်နေခဲ့တာပဲ"

"ချော"

"ဆောရီးပဲ မောင်၊ ချော စိတ်ကူးလွဲသွားတယ်"

"မင်း ဘယ်လိုဖြစ်နေတာလဲ ချော၊ မောင် ပြောချင်တဲ့ အဓိပ္ပာယ်ကို နားမလည်ချင်ယောင်မဆောင်ပါနဲ့ ချောရာ၊ မောင် တောင်းပန်တာပါ"

"အဟင်း ... ဟင်း၊ ချောက နားမလည်ချင်ယောင်ဆောင်တာမှ မဟုတ်တာ၊ တစ်ခုခုကို သေသေချာချာ နားလည်သွားလို့ပါ၊ အဲဒီအတွက် ချော စိတ်တွေကို ပြန်ထိန်းချုပ်ဦးမှပဲ"





"ချော"

ချောဆီက စိမ်းကားတော့မယ့်လေသံ ထွက်လာတော့ခံနိုင်။

"ချောသွားတော့မယ် မောင်"

ချောမဒီ နေရာမှ ဆတ်ခနဲ ထ၏။

"ချော"

ဟဝဠာ တားဆီးမိ၏။

"မိစမ်း သွားကြရအောင်"

ချောက ဟဝဠာရဲ့ခေါ်သံကို မကြားချင်ဟန်ဆောင်ပြီး အလုပ်သမားကောင်မလေးကို ပြန်ဖို့ခေါ်နေသည်။

မိစမ်းကလည်း သွက်၏။

ချောခေါ်တာနှင့် အဝတ်အစားအိတ်လေးကိုဆွဲကာ ...က်ချင်း ထရပ်သည်။ သူ့သခင်မခေါ်ရာနောက် ထက်ကြပ်လိုက်ပြင်၏။

"ချော ... ကိုယ် ပြောချင်တာက"

"ရှင့်ကို ဒီထက်နားလည်မှုပေးနိုင်အောင် ချောရဲ့စိတ်တွေ ရှည်အောင် ဆန့်ထုတ်ရဦးမယ်ထင်တယ် ဟဝဠာ"

ပြောပြီးတာနှင့် ရေ့ကနေ ထွက်သွားဖို့ ဟန်ပြင်လိုက်၏။

"ချောမဒီ"

အိမ့်ဆီက အသံထွက်လာတော့ ချောမဒီက လှည့်စောင်းကြည့်သည်။

"မိစမ်းကို ထားခဲ့ပါ"

ဟင် ...

ဒီတစ်ခါတော့ မျက်လုံးပြူးသွားရသူက ဟဝဠာ

သူမပဲ ...

အတိုက်အခံငြင်းပြီး သူ့ကို စစ်ကူတောင်းခဲ့တာ မဟုတ်လား။ အခုတော့ ဘယ်လိုစိတ်ပြောင်းသွားပြန်တာပါလိမ့် ဟဝဠာ မိန်းမတွေရဲ့စိတ်ကို ဘယ်လိုမှ လိုက်မမီတော့ချေ။

"ထားခဲ့လိုက်ပါ ချော၊ ဒါမှ တို့လည်း သံသယကင်းကင်းနဲ့ နေနိုင်မှာ"

"ကျေးဇူးပဲ အိမ့်"

ချောက ချက်ချင်းပဲ သဘောတူသည်။

ဟဝဠာတို့အခြေအနေကို စောင့်ကြည့်ဖို့ မိစမ်းကို ဒီတိုက်ထဲပို့ချင်နေတဲ့သူဆိုတော့ ရရှိလာသည့် အခွင့်အရေးကိုတော့ လုံးဝ လက်လွှတ်မခံချေ။ အားမနာစတမ်းပင် ဆုပ်ကိုင်ထား လိုက်သည်။

"ကဲ ... မိစမ်း ဒီမှာနေခဲ့တော့၊ ညည်းနေဖို့အခန်းကို အိမ့်ပဲ ပြလိမ့်မယ်၊ လိမ်လိမ်မာမာနဲ့ အလိုက်သိသိနေ မိစမ်း"





"ဟုတ် မမချော"

"ငါမှာထားတာတွေလည်း တစ်ခုမှ မမေ့နဲ့"

"ဟုတ်"

"ဘာအကြောင်းပဲရှိရှိ ငါ့ကို ဖုန်းဆက်ပြော၊ ညည်းအတွက် လစာငွေကို ငါပဲပေးမှာဆိုတော့ အိမ့်ဆီက ရဖို့ဆိုတဲ့ မျှော်လင့်ချက်မထားနဲ့၊ ညည်းကို ငါ အလုပ်ပေးထားတာ အိမ့်နဲ့ မဆိုင်ဘူး၊ ဒါပေမဲ့ အိမ့်ကိုလည်း လေးလေးစားစား ဆက်ဆံပြီး အကူအညီပေးရမယ် ကြားလား"

"ဟုတ်"

"ကဲ ... အဲဒါဆို ငါ သွားတော့မယ်"

"ဟုတ်ကဲ့ မမချော"

"မောင်"

"ဗျာ"

ချောမဒီက သူ့အလုပ်သမားကောင်မလေးကို မှာသင့်တာတွေမှာနေရာမှ ဟဝဠာဘက် လှည့်သွား၏။

"သွားမယ်လေ ဘာထိုင်လုပ်နေတာလဲ"

"ဟင် ... မောင် လိုက်ရမှာလား"

"မလိုက်ချင်လို့ ရှင်က နေခဲ့ချင်နေတာလား"

"မဟုတ်ပါဘူး ချောရာ"

အနှောင့်အသွား မလွတ်ကင်းတဲ့ ချောမဒီ စကားကြောင့် အိမ့်ကို အားနာကာ သူ မျက်နှာမထားတတ်အောင်ဖြစ်သွားရသည်။ ချောမဒီက ပြောစရာရှိလျှင် စကားကို ဘယ်တော့မှ စဉ်းစားတာမျိုးမရှိတတ်။ စိတ်ထဲရှိသည့်အတိုင်းပင် ပြောချတတ်သည်။

ထို့ကြောင့် ...

အကြောင်းသိနေတဲ့ ဟာဝဠာ ချက်ချင်း ထရပ်သည်။

"အိမ့်"

"ပြောလေ ချောမဒီ"

"ကျေးဇူးတင်ပါတယ်"

အိမ့် ခေါင်းလေးပဲ ညိတ်ပြမိသည်။

ဒီတိုက်မှာ သူမ နေသာနေရတာ သူမ ပိုင်ဆိုင်တာဘာတစ်ခုမျှ မရှိပါလားဆိုသည့် အသိက အခုမှပဲ သူမဆီ ဝင်လာရ၏။ ရင်ထဲမှာ ဆို့နင့်နာကျင် ဝမ်းနည်းမှုတွေပဲ ရှိနေရသည်။

ဟာဝဠာရယ် ...

ငါလေ ...

နင်နဲ့ပတ်သက်တဲ့ ဘယ်လိုအရာမျိုးကို ဘယ်လောက်ပဲငြင်းငြင်း နောက်ဆုံးတော့ ခေါင်းညိတ်အရှုံးပေးလက်ခံရတာပါပဲဟာ။ ဥပမာ ... နင်နဲ့ လက်ထပ်ခဲ့တဲ့ကိစ္စလိုမျိုးပေါ့။ နင့်ကို





ငါ သိပ်ချစ်ပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ငါ့ကို အလိုမရှိတဲ့နင်က ထားရစ်ခဲ့မယ်ဆိုတာကို သိနေလို့ တွန့်ဆုတ်တွေဝေချင်မိပေမယ့် နင့်အနားမှာ နေချင်မိတဲ့ ငါ့စိတ်ကြောင့် ခေါင်းငုံ့အရှုံးပေးခဲ့ရတယ် ဟာဝဠာ။

အခုတစ်ခါမှာလည်း ...

နင့်ကြောင့် ငါ့ရဲ့ဂုဏ်သိက္ခာနဲ့မာနကို ချောရဲ့သံသယစွန်းထင်းမှုအောက်မှာ ထပ်ဆုံးရှုံးခဲ့ရပြန်ပြီလေ။

ဒါပေမဲ့ ...

စိတ်ရှုပ်ထွေးမှုတွေနဲ့ တွေဝေနေတဲ့အဖြစ်ကို ငါ တကယ်ပဲ မကြည့်ရက်ဘူးဟယ်။

နင့်ကို ...

စိတ်ချမ်းသာပျော်ရွှင်စေချင်တာ ငါ့ဆန္ဒအမှန်ပါ ဟာဝဠာ။

ဒါကြောင့် ...

ငါ လက်ခံဖို့ ဆုံးဖြတ်လိုက်တာပါ ဟာဝဠာရယ်။

အဲဒီအချိန်မှာ ...

နင်က ငါ့ဘက်ကလိုက်ပြီး ဒီတစ်ခါတော့ ငြင်းပယ်ပေးသွားပဲနော်။ ငါ ကျေနပ်သွားအောင်လေ။

ငါ သိနေတယ် ဟာဝဠာ။

နှင့်စိတ်ထဲကမပါဘဲ ငြင်းပေးခဲ့တယ်ဆိုတာကိုပေါ့။

တကယ်တော့ ...

ငါ့စိတ်ကို သိနေလို့ နှင် တမင်ဟန်ဆောင်တာမဟုတ်လား ဟာဝဠာ။ နှင်က ငြင်းမှ ငါ လက်ခံပေးမှာ ဆိုတာကို နှင် သိနေလို့မဟုတ်လား။ ငါ အရမ်းအားနာတတ်တယ်ဆိုတဲ့ အားနည်းချက်ကို နှင် ကောင်းကောင်းကြီးသိနေတာလေ။

ဟာဝဠာရယ် ...

နှင့်အကြောင်းကို ငါ သိနေတဲ့အတွက် ငါ အရမ်းခံစားရတယ်ဟာ။

နှစ်ယောက်သား လက်ချင်းချိတ်ပြီး သူမကို နှုတ်ဆက်ကာ ထွက်သွားသော ဟာဝဠာနှင့် ချောမဒီတို့စုံတွဲလေးကိုကြည့်ပြီး မျက်ရည်ကြည်တို့က စိမ့်ဝဲလျက်။

❤ ✧ ❤





## အခန်း(၁၂)

"မောင် စောစောက ချောကို ဘယ်လိုဆက်ဆံလိုက်တာလဲ"

"ဘာကိုလဲ ချော၊ မောင် ဘယ်လိုဆက်ဆံလို့လဲ"

"အိမ်ရှေ့မှာလေ"

ဟာဝဠာ နားမလည်။

သူ ဘယ်လို ဆက်ဆံမိလို့လဲ ...။

ချောရဲ့ မျက်နှာထားက တင်းပြီး နှုတ်ခမ်းနှစ်လွှာက စူထော်လို့။

ကားမောင်းထွက်တာနှင့် ရန်စကားစတော့၏။

"အိမ်ဘက်ကိုလိုက်ပြီး မိစမ်းကို ပြန်ခေါ်သွားခိုင်းတာလေ၊ ရှင်က ချက်ချင်း အတိတ်မေ့သွားပြီလား"

"ဩော် ... ဒါလား"

"ဟုတ်တယ်၊ အဲဒီကိစ္စ အခုထိ အစာမကြေသေးဘူးနော် မောင်၊ ချောဘက်ကို မပါဘဲ ရှင် ငြင်းနေတာ အခုထိ ဒေါသထွက်တုန်းပဲ"

"အဲဒါက တမင်ဟန်ဆောင်ငြင်းတာပါကွာ၊ စဉ်းစားကြည့်လေ ချောရဲ့၊ အိမ့်က ဘာပဲပြောပြော အခုအချိန်မှာ လူကြီးမိဘတွေ လက်ခံထားတဲ့ ကိုယ့်ရဲ့ဇနီးလေ၊ အဲဒီအစွင် အရေးသုံးပြီး ပြဿနာတွေရှာရင် အားလုံး ဒုက္ခဖြစ်ကုန်မှာ ပေါ့၊ အစီအစဉ်က ကျနအောင် ဆွဲထားပြီးသားပဲဟာ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ပြဿနာမဖြစ်စေချင်ဘူးလေ အားလုံး ပြေပြေလည်လည်ရှိတာ အကောင်းဆုံးပဲလို့ သတ်မှတ်ပြီး အခုလို ဆုံးဖြတ်လိုက်တာ၊ ခုပဲကြည့်လေ မောင်က အိမ့်ဘက်ပါလိုက်တော့ မိစမ်းကို အိမ့်က လက်ခံ သွားတာပဲကြည့်"

"ဟွန်း ..."

ချောရဲ့ မျက်စောင်းလှလှလေးက သူ့ဆီသို့ ဒိုင်းခနဲ ရောက်လာ၏။ ဟဝဠာ အပြုံးလေးတွေနှင့်ပင် ခံယူလိုက်မိသည်၊ ရင်ထဲမှာတော့ မောလျှမှုတွေက ပြည့်လျှံလို့။

သဘောထားသေးနုသော ချောကိုမှ ဟဝဠာက ချစ်သူအဖြစ် ရွေးချယ်ခဲ့မိတာကို။ သို့ပေမဲ့ ချောနဲ့တွဲပြီးနောက် ပိုင်း သူ တဖြစ်တစ်စ ပျော်မွေ့လာခဲ့သည်။





ချောမဒီရဲ့ လုပမှု၊ ကြွယ်ဝချမ်းသာမှုနှင့် အသိုင်း အဝိုင်းဝင်ဆံ့မှုများတွင် သူ သာယာနစ်မျောသွားမိသည်။ ဟဝဠာတို့ သည်း အတိုင်းအတာတစ်ခုအထိတော့ ပြည့်စုံတာပါပဲ။

သို့သော် ချောမဒီတို့မိဘတွေလောက်တော့ ဂုဏ်ရှိန် ကြီးချေ။

ချောမဒီအနားမှာ နေခွင့်ရလာတာကိုပဲ သူ ကျေနပ် နေသက်နေမိသည်။ ချောမဒီပြောသမျှ ခေါင်းညိတ်မိသလို၊ ချော မဒီ ထားသလိုနေတတ်သော သူက ချောမဒီ ကြိုးဆွဲရာကနေ သော ရုပ်သေးရုပ်တစ်ခုဖြစ်မှန်းမသိ ဖြစ်လာခဲ့ရ၏။

သို့သော် ...

သူ ကျေနပ်သည်ဟုပဲ ပြောရမည်။ ချောမဒီ စိတ် ကျက်သွားမည့်အလုပ်မျိုးကို ယနေ့ထိ သူ မကျူးလွန်ဘူးချေ။ ချောမဒီရဲ့ နုတစ်လှည့်၊ ကြမ်းတစ်လှည့်၊ ချိုတစ်လှည့်၊ ခါးတစ် လှည့် အချစ်များကြားတွင် သူ မျောပါနေမိဆဲဖြစ်သည်။

တကယ်တော့ ...

ချောမဒီရော ဟဝဠာပါ တက္ကသိုလ်နယ်မြေထဲမှာ နာမည်ကြီးသူတွေပါ။ နှစ်ယောက်စလုံးကို မသိသူမရှိကြချေ။ တကယ့်ဆရာကြီးနဲ့ ဆရာမကြီးတွေတွေ့ကြတာ။ တစ်ယောက်ကို တစ်ယောက် အညံ့မခံဖို့ကြိုးစားနေရင်းမှ တခြားသူတွေနှင့်တုန်းက

လို အချိန်အတိုင်းအတာတစ်ခုအတွင်း စခန်းမသိမ်းနိုင်ဘဲ အခု
ချိန်ထိ နောင်တွယ်နေမိကြဆဲဖြစ်သည်။

အားလုံးက ...

ဟဝဠာနှင့် ချောမဒီတို့ တစ်နေ့နေ့ကျရင် လက်
ဖြစ်ကြမှာပဲဟု တွက်ထားကြသော်လည်း မထင်မှတ်ဘဲ အိမ့်နဲ့
ဝဠာရဲ့ မင်္ဂလာသတင်းကြားလိုက်တော့ အားလုံး လှုပ်လှုပ်ရှား
ရှား ဖြစ်သွားကြသည်။

အိမ့်မျက်ချယ်ဆိုတာ ကျောင်းခန်းထဲမှာ အင်မတန်
အနေအေးချမ်းတဲ့ မိန်းကလေးရယ်ပါ။ ဟဝဠာနဲ့ သူငယ်ချင်းတွေ
ဆိုတာ သိကြပေမယ့် စိမ်းသက်သော နေထိုင်မှုကြောင့် ဘယ်သူမှ
စိတ်ဝင်တစား စောင့်ကြည့်ခံရတာမျိုးမရှိ။

မိုးစေရာဆိုတဲ့ အနေအေးတဲ့ ကောင်လေးတစ်
ယောက် အနားမှာ အဖော်အဖြစ် အမြဲလိုလိုရှိနေတတ်တဲ့ အိမ့်
မျက်ချယ်နဲ့ ဟဝဠာတို့ လက်ထပ်ကြတယ်ဆိုတော့ အားလုံးက
အံ့သြမယုံကြည်နိုင်သလို ဖြစ်သွားကြသည်။

အကျင့်စရိုက်ချင်းမတူ၊ နေထိုင်ပြောဆိုမှု ခြားနား
သော အိမ့်မျက်ချယ်နှင့် ဟဝဠာတို့ရဲ့ မင်္ဂလာသင်းက ကြားရသူ
များတွင် ဝေဖန်စရာသက်သက်သာ ဖြစ်နေခဲ့တော့၏။

အားလုံးက ...





အိမ့်မျက်ချယ်အတွက် စိုးရိမ်ပူပန်မှုတွေနှင့် သနား
ကရုဏာသက်နေကြသည်။ ဟဝဠာနဲ့ မထိုက်တန်လိုက်တာဟယ်
ဆိုတဲ့ ဝေဖန်ပြစ်တင်သံကြီးက လျှံထွက်လာချိန်မှာတော့ အစက
တည်းက စိတ်မပါဘဲ လူကြီးတွေရဲ့ဆန္ဒကို မလွန်ဆန်နိုင်ဘဲ
ခံခဲ့ရသောသူက ပို၍ပင် စိမ်းသက်ခါးသီးနေရတော့သည်။

အိမ့်နဲ့တွဲပြီး သူက လူဆိုးသက်သက် ဖြစ်နေရ၏။
လူတိုင်းက အိမ့်ကို နမြောတသဖြစ်နေကြသည်။

အဲဒါကိုပဲ ...

ဟဝဠာ ဒေါသဖြစ်မိတာပါ။

ဒီမင်္ဂလာပွဲကို သူ စိတ်ပါလွန်းလို့ ကျင်းပခဲ့တာမ
ဟုတ်တာ။ ဒယ်ဒီရဲ့ကျန်းမာရေးကို ထောက်ပြပြီး မာ္မာင်း
အတင်းအကျပ် စီစဉ်သွားတာလေ။

အိမ့်မျက်ချယ်ကလည်း မငြင်းတော့ အစီအစဉ်မ
အားလုံးက ဖြစ်မြောက်သွားတာပေါ့။ ဒါကို ဟဝဠာရဲ့အပြစ်လို့
ညီးပဲ ဘာကြောင့် မြင်နေရတာလဲ။ တကယ်ဆို သူက အပြစ်
တစ်ခုမှ မရှိတဲ့သူပဲ။

“မောင်”

“ပြောလေ ချော”

“ရှင် အိမ့်ကို ဘယ်လိုမြင်လဲဟင်”

"ဘယ်လို"

"အိမ့်နဲ့အတူတူ ရှိနေရတဲ့အချိန်မှာ မောင့်အမြင် ဘယ်လို ရှိသလဲလို့ မေးတာပါ"

"အိမ့်က အိမ်ရှင်မကောင်းတစ်ယောက်ရဲ့ အရည်အချင်း ပြည့်တယ် ချော"

"အဲဒါကိုမေးတာ မဟုတ်ဘူး မောင်"

"ဘာကိုလဲ ချော"

"ရှင့်စိတ်ထဲမှာ ဘယ်လိုခံစားရသလဲလို့ မေးတာပါ"

"အိမ့်က အစကတည်းက မောင်နဲ့ ရင်းနှီးနေတဲ့ မိတ်ဆွေ သူငယ်ချင်းပဲလေ၊ သိပ်ပြီး အစိမ်းသက်သက်ကြီးမဟုတ် ဘူး၊ ချောက ဘာဖြစ်လို့မေးတာလဲ"

"မောင့်စိတ်တွေ အရင်လိုရှိသေးရဲ့လားလို့ မေးကြည့်တာ ပါ"

"ချော"

"ဆောရီးပဲ မောင်၊ ချောက ကိုယ်တိုင် လိမ်ညာလှည့်ဖြား နေတတ်တဲ့သူဆိုတော့ သူများတွေထက်ပိုပြီး သံသယစိတ် ကြီးတတ်တယ်၊ မောင့်ကို ချစ်လွန်းလို့သာ ချော စိတ်ထွေ မပြတ်သားနိုင်တာလေ၊ ဒါပေမဲ့ ယောကျ်ားတစ်ယောက်ရဲ့ အလိမ်အညာတွေထဲမှာ မျောရတာမျိုးတော့ လုံးဝ အဖြ





မခံဘူး၊ ချောကို အဲဒီလိုလုပ်တဲ့သူကိုလည်း ခွင့်မလွှတ်ဘူး မောင်"

"မောင်က ဘာမှ အမှားမလုပ်တာပဲ"

"ဟုတ်ပါတယ်၊ ဒါကြောင့်လည်း ချော အခုချိန်ထိ မောင့် အနားမှာရှိနေတာပေါ့"

ဟဝဋ္ဋာ ...

ဘာမှ မပြောတော့ဘဲ ငြိမ်သက်စွာ ကားလေးကိုပဲ ...ိုက်မောင်းနေမိသည်။

"မောင်"

"ဟင်"

"မနေ့က မထင်မှတ်ဘဲ မိုးစေရာနဲ့ဆုံလို့ မောင်တို့အကြောင်း ပြောမိသေးတယ်သိလား"

"ဘာ ..."

"ကျွီ"

"အမေ့ ..."

ရုတ်တရက် ...

ကားကို လမ်းဘေးသို့ ဆွဲချကာ ဘရိတ်အုပ်လိုက် ...ပြင့် ချောမဒီ ခန္ဓာကိုယ်လေး ယိမ်းယိုင်သွားရ၏။

"မောင် ... ရှင် ... ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

"ဘာပြောတယ် ချော၊ စောစောက ဘာပြောလိုက်တယ်
မိုးစေရာကို ပြောပြလိုက်တယ် ဟုတ်လား ချော"

ဟဝဥ္စာ အသည်းအသန် မေးလိုက်မိသည်။

"ဟုတ်တယ်လေ မောင်၊ ချောနဲ့စကားစပ်မိတာနဲ့ မိုးစေ
ကို မောင်တို့မင်္ဂလာကိစ္စအကြောင်း တစ်ခါတည်း ပြော
လိုက်မိတယ်၊ ဘာဖြစ်လို့လဲ မောင်"

ဟင် ...

ဟဝဥ္စာ ကြောင်အသွားရ၏။

ချောက နားမလည်နိုင်သော အေးစက်စက်မျက်
တွေနှင့် သူ့အား တအံ့တသြကြည့်နေသည်။

ဘာဖြစ်သွားတာလဲ ...

သူ ဘာဖြစ်သွားတာလဲ ...

မောင်းနေတဲ့ကားကိုပင် လမ်းဘေးသို့ ဆွဲချ
ရပ်တန့်ပစ်လိုက်မိအောင် ဖြစ်သွားတာ သူ့ကိုယ်သူပင် မယုံ
စရာ။

"မောင်"

"ဟင် ... ချော"

"မောင် ဘာဖြစ်နေတာလဲ၊ မောင်တို့မင်္ဂလာဆောင်ကြ
ဟန်ဆောင်မှုတစ်ခုပဲဟာ၊ အနည်းဆုံးတော့ မိုးစေရာလည်
သိထားသင့်တာပဲ"





ဟုတ်တော့ ဟုတ်သည်။

အစကတည်းကလည်း မိုးစေရာကို အသိပေးထား
သင့်တယ်လို့ သူကိုယ်တိုင်လည်း အိမ့်မျက်ချယ်ကို သတိပေး
တိုက်တွန်းခဲ့တာပဲဟာ။ မိုးစေရာက အိမ့်ကို တစ်ဖက်သတ်စိတ်
ဝင်စားနေတဲ့သူလေ။

ဒါကို ...

ချောမဒီ ပြောပြလိုက်သည်ဆိုခြင်းအပေါ် သူ ဘာ
ကြောင့် တုန်တုန်လှုပ်လှုပ်ကြီး ဖြစ်သွားရတာလဲ။ မိုးစေရာ
သိသွားပြီဆိုတဲ့ အဖြစ်ကို သူ့စိတ်မှာ ဘာကြောင့်မလိုလားနိုင်ဘဲ
ဖြစ်နေခဲ့ရတာလဲ။

"မိုးစေရာက အိမ့်နဲ့ တတွဲတွဲရှိနေတဲ့သူမဟုတ်လား၊ အတိ
အလင်း ချစ်သူတွေမဟုတ်ကြပေမယ့် သူတို့နှစ်ဦးကြားက
သံယောဇဉ်ကို မောင်လည်း ရိပ်မိနေတာပဲဟာ၊ ဒါကြောင့်
ချော ပြောပြလိုက်တာ"

"ချော"

"ဘာလဲ မောင်"

"မင်း မောင့်ကိုတော့ တိုင်ပင်သင့်တာပေါ့"

"ဘာကိုလဲ"

"မိုးစေရာကို အသိပေးလိုက်တဲ့ ကိစ္စကိုပေါ့"

"ဒါ မထင်မှတ်ဘဲပြောမိတာပဲဟာ၊ ဘယ်လိုလုပ်ပြီး မောင့်ကို တိုင်ပင်ရမလဲ၊ ရည်ရွယ်ထားတဲ့ အခြေအနေမှမဟုတ်တာ ပဲ မောင်၊ နေပါဦး မိုးစေရာ သိသွားတာကို မောင်က ဘာ ကြောင့် အဲဒီလောက်တောင် စိတ်လှုပ်ရှားသွားရတာလဲ"

"ဟင် ..."

"မောင် ဘာဖြစ်နေတာလဲ၊ မောင့်ကိုကြည့်ရတာ တစ်ခုခု ထူးဆန်းနေသလိုပဲနော်"

ချောမဒီရဲ့မျက်နှာဆီ သူ့အကြည့်တွေ ဖျတ်ခနဲ ရောက်သွားရ၏။ သံသယစွန်းထင်နေသော မျက်ဝန်းအကြည့် အောက် သူ့စိတ်တွေ မလုံမလဲဖြစ်သွားရသည်။

"ချောကတော့ မိုးစေရာလည်း သိထားသင့်တယ်ထင်တယ် ဘာဖြစ်လို့လဲဆိုတော့ မောင်နဲ့ အိမ့်ကြားမှာ ဘာပတ်သက်မှု မှ မရှိဘူးဆိုတာ သိနေတဲ့နောက်ထပ်သက်သေတစ်ယောက် ရှိသွားအောင်လေ၊ ဒါမှ မောင်နဲ့ချောတို့ ရှေ့ဆက်သွားမယ့် လမ်းခရီးမှာ လိပ်ပြာလုံမှာပေါ့ မောင်"

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမဲ့ ..."

"ဒါတွေသိပ်များနေပြီ မောင်၊ ရှင့်ကို ချော အယုံအကြည် မရှိချင်တော့ဘူး"

ကောက်သွားချေပြီ။





ဟာဝဠာ ...

မချော့နိုင်။

စိတ်ငြိုငြင်သွားတဲ့ ချောမဒီကိုချော့ဖို့ သူ့စိတ်တွေ ဆါပါးလန်းဆန်းနေခြင်းမှ မရှိတာ။

စိတ်ရှုပ်ထွေးစွာနှင့်ပင် သက်ပြင်းမောကိုချမိသည်။

"မောင်က ရုတ်တရက် စိတ်ပူသွားတာပါ၊ ဘာပဲပြောပြော အခုကိစ္စက လူတွေအများကြီးသိလို့ မဖြစ်ဘူးလေ ချော၊ မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်သွားနိုင်တယ်၊ မောင်တို့ လူငယ်တွေရဲ့လုပ်ရပ်ကို လူကြီးတွေက ဘာမှ သိကြတာ မဟုတ်ဘူး ချော"

"တစ်နေ့နေ့ သိရမှာပဲဟာ"

"အခုအချိန်မှာ မောင့်ဒယ်ဒီရဲ့ စိတ်ဆင်းရဲမှုကို မောင် မလိုလားဘူး ချော၊ ဒယ်ဒီက နောက်နှစ်ပတ်ဆို နုလုံးစက် ပြန်လဲရတော့မှာ၊ အိမ့်တောင် ဒယ်ဒီအခြေအနေကိုကြည့်ပြီး နေတာလေ၊ မောင်က ဒယ်ဒီအတွက် ပိုပြီး အလေးအနက် ထားရမှာပေါ့"

ချောကို ...

လေပြည်လေးနှင့် ရှင်းပြမိ၏။

ချောက ခေါင်းလည်းမညိတ် ခေါင်းလည်းမခါ စကားတစ်ခွန်းမှလည်း မပြောတော့ဘဲ မျက်နှာကြီး သုန်မှုန်ကာ ထိုင်နေသည်။

"လူတစ်ယောက်သိရင် ပြဿနာတစ်ခု အစပျိုးတာပဲလေ၊ ဒါ ကောင်းတဲ့အခြေအနေမဟုတ်ဘူး"

ဟဝဠာ ...

ထိုစကားလေးသာပြောပြီး ကားစက်ကို ပြန်နှိုးကာ နေရာလေးကနေ မောင်းထွက်ခဲ့လိုက်တော့သည်။

❤ ✧ ❤





## အခန်း(၁၃)

"ငါ နင့်ဆီကို လာလည်လို့ အံ့သြနေတာလားဟင် ... အိမ့်"

"ဒါပေါ့ စေရာ၊ နင်က ငါ့မင်္ဂလာဆောင်ကိုတောင် တက်ရောက်ချီးမြှင့်ခဲ့တာမှ မဟုတ်တာ၊ အကြောင်းပြချက်ကောင်းကောင်းပေးပြီး ရှောင်နေခဲ့တာလေ၊ ဒါနဲ့ နေစမ်းပါဦး၊ ဘယ်လိုကနေဘယ်လို စိတ်ကူးရသွားပြီး လာလည်တာလဲ"

အိမ့်တစ်ယောက် ...

ဆိုင်းမဆင့် ဗုံမဆင့် အိမ်ကိုရောက်ချလာသော နှင်းစေရာကို တွေ့လိုက်ရချိန်တွင် မျက်လုံးကလေးပြူးလောက်အောင်ပင် အံ့သြသွားရပါသည်။

ဘာပဲပြောပြော ...

မိုးစေရာကိုတော့ အိမ့် တအားခင်တာလေ။

ကျောင်းခန်းထဲမှာဆို မိုးစေရာက သူမအတွက် တကယ့်ကို အားကိုးရတဲ့ အတန်းဖော်တစ်ယောက်ပဲ။

"စိတ်ကူးရတာမဟုတ်ပါဘူး အိမ်ရယ်၊ ငါက နင့်ကိုသတိရနေတာပါ၊ ဒါပေမဲ့ ငါ သွားလည်လို့သင့်ပါမလားဆိုတဲ့ အတွေးနဲ့ စိတ်တွေကို ထိန်းချုပ်ထားတာဟ"

"အံ့မယ် ... ဘာလို့မသင့်ရမှာလဲ၊ နင်က ငါ့သူငယ်ချင်းပဲဟာ၊ အဲဒီလို သူစိမ်းဆန်တဲ့အတွေးတွေ ဘယ်ကနေဘယ်လိုဝင်ပြီး စိမ်းကားနေရတာလဲ စေရာ"

"ကဲပါ ... အခုလာလည်ပြီပဲဟာ၊ ရန်မတွေ့ပါနဲ့တော့၊ နင့်မင်္ဂလာဆောင်ကို ငါ တကယ်မအားလို့ ရောက်မလာတာပါ၊ လက်ဖွဲ့ကိုတောင် သူများနဲ့ ပို့ခိုင်းခဲ့တာလေ၊ နယ်ကအဘွား ဆုံးလို့ ငါတို့တစ်မိသားစုလုံး လိုက်သွားကြတာဟ၊ ငါ ရန်ကုန်ကို ပြန်လာတာတောင် နှစ်ရက်လောက်ပဲရှိသေးတယ်"

"ဟယ် ... ဟုတ်လား၊ ဒါကြောင့် ထင်တော့ထင်သားပဲ၊ နင် မလာဘဲ မနေလောက်ပါဘူးလို့"

"အိမ့်"

"ဟင်"





"ဟဝဋ္ဌာရော"

"သူလား သူအပြင်သွားတယ်"

"နင်တစ်ယောက်တည်းလား၊ ဘယ်သူမှမရှိဘူးလား အိမ့်"

"မိစမ်းရှိတယ်လေ စေရာ"

"ဩော် ..."

"ခဏနေဦးနော် စေရာ၊ ငါ နင့်အတွက် ကော်ဖီသွားဖျော်လိုက်ဦးမယ်၊ နင်က ကော်ဖီအရမ်းကြိုက်တာမဟုတ်လား၊ ငါ လက်ရာကောင်းကောင်းလေးနဲ့ ဖျော်တိုက်မယ် စေရာ"

"ကောင်းတာပေါ့ မုန့်ပါယူခဲ့နော် အိမ့်"

"အေးပါဟဲ့"

အိမ့်က ပေါ့ပါးစွာရယ်၏။

အေးချမ်းသော မျက်နှာလေးနှင့် သွားလေးတွေပေါ်အောင်ရယ်လိုက်သော အိမ့်ပုံစံလေးက ချစ်စဖွယ်ကောင်းလွန်းလှသည်။ သွက်လက်စွာ အနားကနေထွက်သွားတဲ့ အိမ့်နောက်ပိုင်းလေးကိုကြည့်ပြီး သက်ပြင်းမောလေးကို မိုးစေရာ ချလိုက်မိ၏။

ဘာကြောင့်များ အိမ့်ဟာ အခုလို ဟန်ဆောင်မှုတွေနဲ့ ရှင်သန်နေရတဲ့ အခြေအနေကြီးကို ခေါင်းညိတ်လက်ခံထားရတာလဲ။

တကယ်ဆို ...

အိမ့်က မိန်းကလေးလေ။

သူမဘဝ သူမအနာဂတ်အတွက် အကျိုးဆုတ်ယုတ်စရာတွေဖြစ်မှာကို မသိတာတော့မဖြစ်နိုင်ပါ။

ဟဝဠာနဲ့ ဟန်ဆောင်လက်ထပ်ကြတာတဲ့။

ဟဝဠာရဲ့အဖေ နှလုံးစက်ပြန်လဲပြီးလို့ ကျန်းမာရေးကောင်းသွားရင် မိဘတွေကို အသိပေးပြီး ပြန်ကွာရှင်းကြမှာတဲ့လေ။ ချောမဒီက အိမ့်တို့ရဲ့အိမ်ထောင်ရေးကို သူ့အား သေသေချာချာရှင်းပြသွား၏။

စ,ကြားလိုက်ရခြင်း မိုးစေရာ ဒေါသတွေ ဝုန်းခနဲပေါက်ကွဲရ၏။ အိမ့်ရဲ့မိုက်မဲမှုကို နားမလည်နိုင်အောင်ဖြစ်ရသည်။ ချောမဒီရှေ့မို့ ထိန်းထားရပေမယ့် အိမ့်ရဲ့ ထုံအ,မှုကို သူ ခွင့်လွှတ်လို့မရ။

အခုလိုကိစ္စမျိုးဆိုတာ ...

ယောကျာ်းလေးတစ်ယောက်အတွက် ဘာမှ မပြောလောက်ပေမယ့် မိန်းကလေးတစ်ယောက်အတွက်တော့ ဖျက်မရတဲ့ အမည်းစက်တစ်ခုပါပဲ။ နစ်နာဆုံးရှုံးစရာတွေ အများကြီးဆိုတာ သိသိကြီးနဲ့ မျက်စိမှိတ် ဇွတ်လုပ်တာတော့ မိုက်မဲလွန်းရာကျလွန်းသည်။





အိမ့်ရယ် ...

နင်ကတော့ ဘယ်လိုတွေးသလဲ မသိဘူး။

ငါကတော့ နင့်လို ရိုးသားဖြူစင်အေးချမ်းတဲ့ မိန်းကလေးတစ်ယောက်ကို အခုလို ဒဏ်ရာတွေနဲ့ ရှင်သန်နေရတာကို တကယ်ပဲ မလိုလားဘူးဟာ။

နင် ဘာတွေ လျှောက်လုပ်နေတာလဲ အိမ့်ရယ်။

ငါ ...

နင့်ကို တကယ်ပဲနားမလည်နိုင်တော့ဘူး သိလား။

"စေရာ"

"ဩော် ... အိမ့်"

အိမ့် အပြုံးနုနုလေးတွေနှင့် ကော်ဖီနှင့်မုန့်များထည့်ထားသော လင်ဗန်းကလေးအား သူ့ရှေ့စားပွဲပေါ် ညင်သာစွာချပေးပြီး ဗန်းထဲမှ စားစရာများကို တစ်ခုချင်း သူ့ရှေ့တွင်ချပေးနေသည်။

ရိုးရှင်းပေါ့ပါးသော အိမ်နေရင်းအဝတ်အစားလေးနှင့် တည်ငြိမ်စွာရှိနေသော အိမ့်အသွင်လေးကိုကြည့်ကာ နှမြောတသစိတ်များ စေရာ့နှလုံးသားထဲသို့ စီးဝင်လာကြ၏။

"အိမ်မှာ မုန့်တွေက သိပ်မရှိတော့ဘူးဟ၊ အဲဒါကြောင့် ရှိတာလေးပဲ ပြင်ဆင်ယူလာရတာ၊ နင့်အတွက် အဆင်ပြေပါ့မလားမသိဘူး စေရာရယ်၊ ငါ အားနာလိုက်တာ"

"ရပါတယ် အိမ့်ရာ၊ နင်နဲ့ ငါ့ကြားမှာ အဲဒါတွေမှ မလိုတာ၊ ငါက နင့်ကို သိပ်ပြီးတွေ့ချင်လွန်းလို့သာ လာခဲ့တာပါ၊ အခုက နင့်ကိုတွေ့ရရင် ပြီးတာပဲ"

"တော်ပါ မေ့ထားတုန်းကမေ့ထားပြီးအခုမှ စိတ်သက်သာအောင် စကားလုံးလှလှလေးတွေနဲ့ မသိမ်းသွင်းစမ်းပါနဲ့၊ နင့်ကို ငါ လုံးဝမကြည်သေးဘူး စေရာ"

"ငါ တောင်းပန်ပါတယ် အိမ့်ရာ၊ ငါ တကယ် မတတ်သာလို့သာ နေနေရတာပါ၊ ငါ့စိတ်တွေက နင့်ဆီပဲ အချိန်ပြည့်ရောက်နေတာ နင် ယုံစမ်းပါ"

စေရာရယ် ...

နင် အခုလိုထားတဲ့စိတ်မျိုးသာ ဟဝဥ္စာဆီမှာ နည်းနည်းလောက်ရှိတယ်ဆိုရင် သိပ်ကောင်းမှာပဲဟာ။ အဲဒါဆို ငါ အခုလို မိုက်မဲတဲ့လုပ်ရပ်တွေ လုပ်မိတယ်ဆိုရင်တောင် ထိုက်တန်တယ်လို့ ထင်မိမှာပဲ စေရာရယ်။

အခုဆို ...

ငါ အရမ်းဝမ်းနည်းကြေကွဲနေရတယ် စေရာ။

သူ့အနားမှာ ခဏတာလေးဖြစ်ဖြစ် နေခွင့်ရပြီး သူနဲ့ပတ်သက်တာလေးတွေ လုပ်ကိုင်ဖြည့်ဆည်းပေးရရင် ငါ ကျေနပ်ပျော်ရွှင်နိုင်ပြီလို့ စိတ်ဖြေသိမ့်ထားတာလေ။





ဒါပေမဲ့ ...

ငါ အဲဒီအခွင့်အရေးလေးတောင် မရခဲ့ပါဘူးဟာ။

ချောက ...

သူနဲ့ပတ်သက်ပြီး အရမ်းကို လောဘကြီးတာပဲ စေရာရယ်။ သူ့အတွက်နဲ့ပတ်သက်ပြီး မိစမ်းကို အကုန်တာဝန်ပေးထားတာဟ။ အခုဆိုရင် မနက်စာအတွက်လည်း မိစမ်းပဲ သူ့အတွက် ပြင်ဆင်ပေးတယ်။ သူ့အခန်းသန့်ရှင်းရေးကအစ မိစမ်းပဲလုပ်ပေးတာလေ။ သူ့အဝတ်အစားဆိုလည်း မိစမ်း ချွေးထုတ်ပြီး လျှော်တာဟ။ ငါ ဘာတစ်ခုမှ ဝင်လုပ်ခွင့်မရတော့ဘူး။

ငါ စိတ်မကောင်းဘူး စေရာ။

ကိုယ်သိပ်ချစ်မိတဲ့ ချစ်သူကို မပိုင်ဆိုင်ရဘူးဆိုရင် ကိုယ့်ချစ်သူအတွက် တစ်ခုခုဖြည့်ဆည်းပေးချင်စိတ်ရှိတာ ချစ်တဲ့သူတိုင်းရဲ့ စိတ်ခံစားချက်တစ်ခုပဲမဟုတ်လား စေရာ။

မိစမ်းရောက်လာပြီးနောက်မှာ ငါ အဲဒီအခွင့်အရေးကို လက်လွှတ်ဆုံးရှုံးခဲ့ရတယ်ဟာ။

"အိမ့်"

"ဟင် ... ပြောလေ စေရာ"

"နင် နေကောင်းရဲ့လား"

"ကောင်းပါတယ် ဘာဖြစ်လို့လဲ"

"နှင့်မျက်နှာလေး ညှိုးနေလို့ပါ၊ ဘယ်လိုလဲ အိမ့်၊ နင့်
အိမ်ထောင်ရေး အဆင်ပြေရဲ့လား"

"ပြေ ... ပြေပါတယ်"

အိမ့်ရယ် ...

နင် ဘယ်တုန်းကမှ မညာတတ်သလို အခုလည်း
ငါ စိတ်ချယုံကြည်သွားအောင် ဟန်ဆောင်ပြနိုင်သေးပါလားဟာ။

ဝေ့ခနဲ ဝဲတက်သွားတဲ့ နင့်မျက်ဝန်းအိမ်ထဲက မျက်ရည်စတွေကို မြင်လိုက်တာနဲ့ ငါ အားလုံးကို နားလည်လိုက်ပါတယ် အိမ့်ရယ်။

ချောဆီက ...

နင့်နဲ့ ဟဝဥ္စာအကြောင်းကို ကြားလိုက်ရတော့ ငါ့ အရမ်းကို အံ့သြသွားရတယ်။ ငါ လုံးဝ ထင်မထားမိဘူးလေ။ ငါက နင်လက်ထပ်သွားပြီး အခြေတကျရှိနေပြီလို့ပဲမှတ်နေတာ၊ အခုတော့ ငါ အရမ်းတုန်လှုပ်နေရပြီ အိမ့်။

ငါ မပိုင်ရပေမယ့် ထိုက်တန်သူရဲ့လက်ထဲမှာ ငါ သိပ်မြတ်နိုးရတဲ့ ပန်းကလေး လန်းဆန်းနေမှာပါဆိုတဲ့အသိနဲ့ စိတ်ကို ဖြေသိမ့်နေခဲ့မိတယ် အိမ့်ရယ်။ နင် ပျော်ရွှင်နေတယ်ဆိုရင်ပဲ ငါက ကျေနပ်နေနိုင်တဲ့ကောင်ပါကွာ။

ဒါပေမဲ့ ...





ငါ ထင်ထားသလိုမဟုတ်ဘူးဆိုတာ သိခွင့်ရလိုက်ချိန်မှာတော့ ငါ့ရင်တွေ အရမ်းကို နာကျင်ခံစားသွားရတယ်ဟာ။

ငါ မမြင်ချင်ဆုံးက နင့်မျက်ရည်တွေပါ။

ဝမ်းနည်းနာကျင်နေတဲ့ နင့်မျက်နှာညှိုးနွမ်းနွမ်းလေးကိုပါ အိမ့်ရယ်။

အဲဒါကို ...

နင် သိပါ့မလား ...

"စေရာ"

"ဟင်"

"နင့်အမေနဲ့ အဖေရော နေကောင်းကြရဲ့လား"

"အမေကတော့ ခရီးပန်းလာလို့ နည်းနည်းနေမကောင်းဘူးဟ၊ အဘွားအတွက် စိတ်မကောင်းဖြစ်နေတာလည်းပါမှာပေါ့ဟာ၊ ရန်ကုန်ရောက်တဲ့နေ့မှာပဲ ဖျားတော့တာပဲ၊ အဖေကတော့ နေကောင်းပါတယ်၊ အလုပ်တွေ ပစ်ထားခဲ့ကြတာကြာနေပြီဆိုတော့ အချိန်ပြည့်အလုပ်ထဲမှာပဲ ရှိနေတာပဲလေ"

"အင်းပေါ့လေ အမေသေတာဆိုတော့လည်း အန်တီ ခံစားရဦးမှာပေါ့၊ နင် ဂရုစိုက်ပါဟာ"

"အိမ့်"

"ဟင်"

"ငါ့ကိုတော့ သတိပေးနေပြီး နင်ကရော ဘာဖြစ်လို့ အားမရှိသလို ဖြူဖပ်ဖြူရော်ပုံစံ ဖြစ်နေရတာလဲ"

"ဟင်"

"နင် တစ်ခုခုဖြစ်နေသလား အိမ့်"

"အဟင်း ဟင်း ... ငါက ဘာဖြစ်ရမှာလဲ စေရာရယ်၊ ငါ နေကောင်းပါတယ်ဟ"

"ငါ မယုံပါဘူး၊ နင် ငါ့ကို တစ်ခုခုများ ပြောချင်သလားဟင် အိမ့်"

ဟင် ...

အိမ့်မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရ၏။

စေရာ့မျက်နှာဆီ တအံ့တဩ ကြည့်မိသည်။

စေရာ ...

နင်က ဘာကိုပြောချင်တာလဲ ...

ငါ့ရင်ထဲက ခံစားချက်တွေနဲ့ ရှင်သန်နေရတဲ့ အဖြစ်မှန်တွေကို ဆွဲထုတ်ကြည့်ချင်နေတာလားဟင်။

နင် ...

ဘာတွေ သိနေပြီလဲ စေရာ ...

နင် ...

တစ်ခုခုကို အနိုင်အမာသိနေလို့လား ...





"အိမ့်"

"......"

သူမ မထူးဘဲ စေရာ့မျက်နှာကိုသာ စိုက်ကြည့်နေမိသည်။

"နင် ငါ့ကို ဘယ်တုန်းကမှ မလိမ်ညာခဲ့ဖူးဘူးနော်"

"စေရာ"

"ချောမဒီဆီက ငါ အားလုံးကို သိပြီးပြီ အိမ့်"

"စေရာရယ်"

အိမ့်ပါးပြင်လေးပေါ် မျက်ရည်စီးကြောင်းလေးနှစ်ခုပါလာခဲ့နဲ့ လိမ့်ဆင်းကျသွား၏။

"နင့်ကို မိုက်မဲလိုက်တာလို့ ငါ မဝေဖန်ရက်ပါဘူး အိမ့်ရာ၊ နင့်မှာ အကြောင်းတစ်ခုခုရှိနေလို့ဆိုတာ ငါ သိနေပါတယ်"

"စေရာရယ် ငါ ... ငါလေ အဟင့် ... ဟင့် ..."

"ဟာ ... အိမ့် မငိုနဲ့လေ၊ မငိုနဲ့"

စေရာရဲ့ တားဆီးသံက နောက်ကျသွားချေပြီ။

အင့်ခနဲနေအောင် ငိုရှိုက်ချလိုက်သော အိမ့်အသံအောက် စေရာ့အသံလေး တိခနဲပျောက်ကွယ်သွားရချေတော့သည်။

## အခန်း(၁၄)

တစ်စုံတစ်ယောက်ဟာ ကိုယ့်စိတ်ထဲမှာ ရှိမနေ... လို့ ထင်မိလိုက်ပေမယ့် တကယ်တမ်း ကိုယ့်စိတ်ထဲမှာ သူနဲ့... သက်တဲ့အကြောင်းအရာတစ်ခုကို မြင်လိုက်ချိန်မှာ လက်မခံနိုင်... ဖြစ်နေတာ ဘယ်လိုသဘောမျိုးကို ဆောင်ပါသလဲ။

သိနေပြီးသား အကြောင်းအရာတစ်ခုပဲဆိုတာ သိ... ပါလျက်နဲ့ တကယ်ပဲ လက်ခံပေးရမှာကိုကျတော့ သူ့စိတ်... တွန့်ဆုတ်တွေဝေနေမိပြန်သည်။

ဟဝဠာတစ်ယောက် ...

အခန်းထဲမှာ ငွေရောင်ငိုင်ငိုင်ကြီး ထိုင်ကာ သောက်လ... စ စီးကရက်အတိုစကို ပြာခွက်ထဲသို့ ထိုးချေချလိုက်သည်။ အ... မသေသေးသော ဆေးလိပ်ကို အဓိပ္ပာယ်မရှိ ငေးကြည့်မိပြန်...





အခုအချိန်မှာ ...

သူ့ကိုယ်သူ ဘာတွေဖြစ်နေမိသလဲဆိုတာ ပြန်မသုံး...သပ်မိ။

တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ကာ ...အားပေးနှစ်သိမ့်နေသော သက်ရှိလူသားနှစ်ဦးရဲ့ ညှော်ခန်းထဲက ...အသွင်ကို ပြန်မြင်ယောင်ကာ စိတ်ရှုပ်ထွေးမှုတို့နှင့်အတူ ခေါင်းကို ...ဘယ်ညာခါယမ်းမိသည်။ ဒီမြင်ကွင်းကို မြင်လိုက်ရာတွင် သူ့စိတ်...ထဲမှာ မနှစ်မြို့သလို ဖြစ်သွားရတာတော့ အမှန်ပင်။ တကယ်ဆို ...သူနဲ့ ဘာဆိုင်လို့လဲ။ အိမ့် ဘယ်လိုပဲနေနေ သူမရဲ့ အခွင့်အရေး ...ပဲလေ။

သူကိုယ်တိုင်လည်း နေချင်သလိုနေခဲ့တာပဲ မဟုတ်...လား။

သူများရဲ့ လွတ်လပ်ခွင့်ကိုလည်း နားလည်ပေးရမှာ ...ပေါ့။

သို့သော် ...

လက်တွေ့မှာ သူ မလုပ်နိုင်ခဲ့ပါ။

ဟန်ဆောင်အပြုံးလေးတွေနှင့်ပင် သူ မနှုတ်ဆက်...နိုင်ခဲ့။

အိမ့်နှင့် စေရာကို တစ်ချက်သာစောင့်ငဲ့ကြည့်ပြီး တဝုန်းဝုန်းပေါက်ကွဲချင်နေသော ဒေါသစိတ်ရိုင်းကို ထိန်းကာ အပေါ်ထပ်ရှိ အခန်းဆီ တက်လာခဲ့မိသည်။

စိမ်းသက်သောမျက်ဝန်းတွေဖြင့် ရူးခနဲ တစ်ချက်ကြည့်ကာ ထွက်ခွာသွားတဲ့ သူ့ကို ဘယ်လိုထင်မြင်ယူဆကြလိမ့် မလဲမသိ။ အခုချိန်မှာ အိမ့်တစ်ယောက် အပေါ်ထပ်သို့ တက်လာသည့် ခြေသံဖွဖွကိုပင် မကြားပါချေ။

ဟိုကောင် စေရာ ရှိနေသေးတယ် ထင်ပါရဲ့။

ဒါကြောင့် ...

အိမ့် အဖော်လုပ်ပြီး ရှိနေသေးတာပဲဖြစ်မှာပေါ့။

တောက် ...

တွေးမိတိုင်း ဒေါသတွေပဲ ဖြစ်နေရ၏။ ဘာတွေ ပေါက်ကွဲနေတာလဲဆိုတာ သူ့ကိုသူလည်း မစဉ်းစားနိုင်။

ချောမဒီ၏ အစီအမံကြောင့် ...

မိစမ်း ရောက်လာပြီးနောက်ပိုင်း အိမ့်ရဲ့ပုံစံက တစ်မျိုးပြောင်းသွား၏။ အစကတည်းကလည်း သိပ်ပြီး တရင်းတနှီး မရှိပေမယ့် မိစမ်း ရောက်လာပြီးနောက် ပိုပြီး စိမ်းသက်သွားသည်။ သူနှင့် တပူးတွဲတွဲလုပ်တာမရှိသော်လည်း သူနဲ့ပတ်သက်တဲ့ အစားအသောက် အနေအထိုင်အားလုံး တာဝန်ကျေကျေ လုပ်





ဆောင်ပေးတတ်သော အိမ့်တစ်ယောက် အခုတော့ သူမနှင့် ဆိုင်တော့သလို လှည့်ပင်မကြည့်တော့ဘဲ မိစမ်းလက်ထဲသို့သာ ကွက်အပ်ထားခဲ့သည်။

ဘာပဲလုပ်လုပ် မိစမ်းပဲ။

မနက်စာပြင်ဆင်တာလည်း မိစမ်း။

သူ့အခန်းသန့်ရှင်းရေးလုပ်ပေးတာလည်း မိစမ်း။

သူ့အဝတ်အစား လျှော်ဖွပ်မီးပူတိုက်တာကအစ သူနဲ့ တ်သက်မှျ မိစမ်းကသာ လုပ်ကိုင်ပေး၏။

အဆင်မပြေ။ တစ်စက်ကလေးမှ အဆင်မပြေချေ။

မိစမ်း ချက်တာပြုတ်တာလည်း စားရတာ အရသာ ရှိ။

အဝတ်အစားလျှော်လျှင်လည်း မပြောင်စင်။ မီးပူ တိုက်တော့လည်း မပြန့်ရန့်။ အခန်းသန့်ရှင်းရေးလုပ်ပေမယ့် နေရာတကျထားသိုတာတွေ အိပ်ရာခင်းကို ပြန့်ရန့်နေအောင်ခင်း ပြီး နှစ်ရက်တစ်ကြိမ်လောက် လဲလှယ်ပေးတတ်တာမျိုးတွေလည်း ရှိချေ။

မိစမ်းက မရှိလို့လုပ်စားတဲ့သူလေ။ တာဝန်ကျေရင် ပြီးပြီဆိုတဲ့သဘောရှိ၏။ အိမ့်ကတော့ တကယ့်ကို စိတ်ပါဝင်စား ာ အိမ်မှုကိစ္စကို လုပ်တဲ့သူနဲ့တော့ တခြားစီပါပဲ။

အပြင်ကနေ ဟာဝင္ဒာ ပြန်လာလို့ ...

အခန်းထဲကို သူဝင်လိုက်တာနှင့် အေးစိမ့်သော အဲယားကွန်းလေနှင့်အတူ မွှေးပျံ့သော ရနံ့လေးတစ်ခုခုက ဆီး ကြိုနေတတ်မှုက အခုတော့ ကင်းဝေးကာပင် ပျောက်ရှနေတတ် ခဲ့ပြီ။

သူ ပြန်ရောက်ပြီး ဆယ်မိနစ်အတွင်း အခန်းတံခါး ခေါက်သံနှင့်အတူ အေးမြသော သံပရာရည်တစ်ခွက်က အခန်းထဲ ရောက်လာတတ်သော အိမ့်ရဲ့အလိုက်သိမှုက မိစမ်းရဲ့လက်ထက် မှာတော့ အလကားတွေ ဖြစ်နေခဲ့သည်။

အိမ့် ...

နင် ဘာကြောင့် ချက်ချင်းကြီး ပြောင်းလဲသွားရတာ လဲ ...

ချောမဒီ တစ်မျိုးထင်မှာကြောက်လို့ဆိုပြီး ငါနဲ့ အဝေးဆုံးနေပြနေတာလား ...

အဲဒါ ...

ဘာမှ မဆိုင်ဘူးလို့ ထင်တာပဲဟာ။

ငါ ဘယ်လိုမှ အဆင်မပြေဘူးဆိုတာ နင်လည်း သိနေတာပဲဟာ။ ငါ့ကို ပစ်ထားတာကြီးကတော့ နင် သိပ်လွန် တယ် အိမ့်။

အခုဆို ...





ငါ အရမ်းပင်ပန်းနေတာလေ။

ငါ့တစ်သက်နဲ့တစ်ကိုယ် မလုပ်ခဲ့ဖူးတဲ့ ဒယ်ဒီ့လုပ် ငန်းကို ဦးစီးပြီး လုပ်နေရတာ နင် အမြင်ပဲဟာ။ ဒယ်ဒီ ကျန်းမာ ရေးမကောင်း ဝိုင်းကူနေရတဲ့ ငါ အရမ်းကို စိတ်ဖိစီးမှုတွေများနေ တယ်ဟ။

အဲဒီလိုအချိန်မျိုးမှာ ...

အရသာကင်းမဲ့တဲ့ ထမင်းဝိုင်းကို ထိုင်ခိုင်းတာ င် စာနာမှုကင်းမဲ့တာပဲ။ ဒါကို နင် ပစ်ပယ်ပြီး မသိချင်ဟန် ဆောင်တာတော့ မကောင်းပါဘူး အိမ့်။

တွေးတွေးပြီး အိမ့်အပေါ် မကျေနပ်ချက်တွေက ရင်ထဲ အစိုင်အခဲဖွဲ့နေရသည်။

ထိုင်နေရာမှ ဆတ်ခနဲထရပ်မိ၏။ စိတ်တွေ ယောက် ခက်ခတ်ကာ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်မိပြန် သည်။

မိုးစေရာ ...

အခုထိ မပြန်သေးဘူးလား ...

ဒီကောင် တော်တော်လျှင်တဲ့ကောင်ပဲ။

ချောမဒီဆီက သူတို့နှစ်ယောက်ရဲ့အကြောင်းကို သိပြီးပြီးချင်း ချက်ချင်းရောက်ချလာခဲ့သည်။

တော်တော်ပျော်သွားမှာပဲ။

အိမ့်ရဲ့လက်ထပ်မင်္ဂလာပွဲ အတုအယောင်ဆို
သိသိချင်း ဒီကောင် အရမ်းဝမ်းသာသွားမှာပဲ။ အိမ့်အနားကို ပြ
ရောက်လာခဲ့တာလေ။ အမြင်ကတ်စရာကောင်းလိုက်တာ။

မိုးစေရာနဲ့ ပြဿနာ တစ်ခါမျှမတက်ဖူးသော်လည်
အခုအချိန်မှာတော့ ဒီကောင့်မျက်နှာကို မြင်လိုက်ရတာ ဒေါ
အဖြစ်ဆုံးနှင့် မကြည့်ချင်ဆုံးစိတ်များ ဖြစ်နေရ၏။

ဒါကြောင့် ...

သူ တိုက်ထဲဝင်လာလာချင်း တွေ့လိုက်ရတာတော
ဟန်ဆောင်နှုတ်ဆက်အပြုံးနှင့်ပင် သူ မဆီးကြိုမိခဲ့ချေ။ မသိချ
ဟန်ဆောင်ပြီးသာ အပေါ်ထပ်အခန်းဆီ တက်လာခဲ့လိုက်သည

အိမ့် ...

နင်ကတော့ အရမ်းကို ပျော်ရွှင်ဝမ်းသာနေမှာ
နော်။

ပြောလိုက်ရင် ...

သူငယ်ချင်း သူငယ်ချင်းနဲ့ ...

တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ပြီး အ
ပေးနှစ်သိမ့်နေကြတာ ရိုးရိုးသားသားတွေတဲ့လား။

တောက် ...

ဒေါသတွေပဲ အကြီးအကျယ် ထွက်နေရတော့သည





ရှပ် ... ရှပ် ...

ရှပ် ...

ဟဝင္ဂာ အခန်းထဲကနေ အပြင်ကခြေသံကို နားစွင့်
နေလိုက်၏။

ဒါ ...

အိမ့်မျက်ချယ်ရဲ့ ခြေသံပဲ။

မိုးစေရာ ပြန်သွားလို့ သူမ အပေါ်ထပ်က အခန်းဆီ
ပြန်တက်လာပုံရသည်။ ဘာရယ်မှန်းမသိ ဟဝင္ဂာ ရင်လေး အေး
သွားရ၏။ ကျေနပ်သောအပြုံးလေးတစ်ခုက သူ့နှုတ်ခမ်းနီထွေး
ထွေးလေးအပေါ် ဖြတ်ပြေးသွားရသည်။

အခန်းတံခါးဆီ ခြေသံဖွဖွ နင်းလျှောက်ကာ တံခါး
ရွက်နားတွင် နားကလေးကပ်၍ အပြင်ဘက်ကအသံအား နားစိုက်
ထောင်၏။

ဒေါက် ... ဒေါက်။

အောင်မယ်လေးဗျ။

ဟဝင္ဂာ ရုတ်တရက် ပါးစပ်မှ ယောင်ယမ်းကာ
အော်မိမတတ်ဖြစ်သွားပြီးမှ ပါးစပ်ကို ကပျာကယာ ပိတ်လိုက်ရ
သည်။ သူ နားစွင့်နေခိုက် တံခါးရွက်တစ်ဖက် အပြင်ဘက်ဆီက
သူ့အခန်းတံခါးအား ခေါက်လိုက်တာလေ။ မထင်မှတ်ထားဘူး
ဆိုတော့ လန့်သွားတာပေါ့။

သို့သော် ...

သူ့ရဲ့လှုပ်ရှားနေသောစိတ်အစဉ်ကို ထိန်းကာ အခန်းတံခါးဖုသီးလေးကို လှည့်ဖွင့်လိုက်သည်။

အခန်းပြင်မှာ ရှိနေသူက အိမ့်။

"ဘာကိစ္စလဲ အိမ့်"

"ငါ အပြင်ခဏသွားမလို့ ဟဝဥ္စာ"

"ဘာ ..."

"ဟို ... ဟိုလေ စေရာက ညစာကျွေးမလို့ဆိုပြီး အတင်းခေါ်နေလို့ အဲဒါ ..."

"အဲဒါ ငါနဲ့ ဘာဆိုင်လို့လဲ၊ ခွင့်တောင်းရအောင် ငါက နင့်အုပ်ထိန်းသူမှ မဟုတ်တာဘဲ အိမ့်"

"ဟုတ်ပါတယ် ဟဝဥ္စာ။ ဒါပေမဲ့ နင့်ကို အသိပေးသွားသင့်တယ်ထင်လို့ပါ"

"မလိုပါဘူး"

ဟဝဥ္စာ လေသံက မာဆတ်ဆတ်။

"နင် ဘာဖြစ်လာတာလဲ ဟဝဥ္စာ၊ အပြင်ကပြန်ဝင်လာကတည်းက ငါ သတိထားမိတာ၊ နင် တစ်ခုခုဖြစ်လာတာလား၊ အလုပ်မှာရော အဆင်ပြေရဲ့လား ဟဝဥ္စာ"

"ငါ ဘာမှမဖြစ်ဘူး"





ဘုဆတ်ဆတ်ဖြေသံကြောင့် ဟဝဥ္စာရဲ့ မျက်ဝန်းဆီ အိမ့် စေ့စေ့လေးစိုက်ကြည့်လိုက်မိသည်။

မဟုတ်သေးပါဘူး။

ဟဝဥ္စာ တစ်ခုခုဖြစ်နေတာပါ။

သူ့မျက်နှာက ဒီလောက်သုန်မှုန်ပြီး အသံက မာဆတ်တောက်နေတာ။ အိမ့်ဒီလောက်တော့ လူကဲခတ်မညံ့သေးပါဘူး။

ချောမဒီနဲ့များ အဆင်မပြေလို့လား ...

"နင် ပြောချင်တာ ဒါပဲမဟုတ်လား အိမ့်၊ ငါ အနားယူတော့မယ်"

ပြောပြီးတာနှင့် ဟဝဥ္စာ အခန်းထဲသို့ ပြန်ဝင်ကာ အခန်းတံခါးကို ဒေါသတကြီး ဝုန်းခနဲနေအောင် ပိတ်ပစ်လိုက်သည်။

တောက် ...

ခံပြင်းမှုများစွာနှင့် တက်တစ်ချက်ခေါက်မိ၏။

ညစာသွားစားမလို့တဲ့။

အသိပေးတာတဲ့လေ။

သွားပေါ့။

ကိုယ့်ဘာသာသွားချင်တဲ့လူနဲ့ သွားချင်တဲ့နေရာကို သွားပေါ့။ ဘာလို့ လူကို ဒေါသဖြစ်အောင် လာပြောနေရတာလဲ။

ဟဝဠာတစ်ယောက်တည်း မကျေနိုင်မချမ်းနိုင်ဖြစ်ကာ ရင်ထဲကနေ ဒေါသတကြီး အော်ဟစ်ပြောပစ်လိုက်မိသည်။

အိမ့်ရဲ့ခြေသံက ...

အခန်းရှေ့ကနေ ပြန်ထွက်ခွာသွားသံ ကြားလိုက်ရ၏။

ဒီလိုကျပြန်တော့လည်း သူ့စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားရပြန်သည်။ တကယ်ပဲ လိုက်သွားတော့မလားဆိုတဲ့ အသိကြောင့် တားဆီးလိုက်ချင်စိတ်တွေက သူ့ရင်ထဲ အစွာကြီးစွာ တိုးဝင်လာပြန်၏။ လိုက်မသွားနဲ့လို့ တားဆီးချင်စိတ်နှင့် အတူ အခန်းတံခါးဖုသီးလေးဆီ လက်က အလိုလိုဆုပ်ကိုင်မိသွားရသည်။

ဟင့်အင်း ...

မဟုတ်သေးပါဘူး။

အိမ့်ကို ဘာကြောင့် တားဆီးပိတ်ပင်ရမှာလဲ။

တကယ်ဆို ...

ဒါဟာ သူမရဲ့ လွတ်လပ်ခွင့်ပဲလေ။

ကတိထားပြီးသားကိစ္စတွေပဲဟာ။

ကြိုက်သလိုနေနိုင်တယ်ဆိုတဲ့ ကတိ။

အခုမှ ...





သူ့ဘက်က အဓိပ္ပာယ်မဲ့လုပ်ရင် အိမ့် ဘယ်လိုထင်သွားမလဲ။ အိမ့်နဲ့သူက ဘာမှမဆိုင်။ လူကြီးတွေ စိတ်ချမ်းသာအောင် ဟန်ဆောင်လက်ထပ်ထားကြတာကလွဲပြီး အိမ့်နဲ့သူက သူငယ်ချင်းတွေလိုပဲ ရှိနေကြသည်။

သူ့ချစ်သူက ချောမဒီ။

ဟာကွာ ...

စိတ်ရှုပ်ဖို့ကောင်းလိုက်တာ။

သူ့ကိုယ်သူပင် ဘာတွေဖြစ်လို့ဖြစ်မှန်းပင် မစဉ်းစားတတ်တော့ပါ။

ဟဝဠာ ...

မင်း ဘာတွေဖြစ်နေတာလဲ ...

ဘာတွေ လျှောက်လုပ်နေတာလဲ ...

တစ်ခုခုတော့ အသေအချာမှားနေပြီ ဟဝဠာ။

အခန်းတံခါးကို ဆွဲဖွင့်မလိုလုပ်ပြီးတော့မှ သတိရကာ သူ့စိတ်တွေကို လျှော့ချလိုက်မိတော့သည်။

❤ ✧ ❤

## အခန်း(၁၅)

"နင် ... နင် မိုးစေရာနဲ့ ညစာသွားစားမလို့ဆို အိမ့်"

ညစာစားဖို့ အောက်ထပ်သို့ ပြန်ဆင်းလာတော့ မထင်မှတ်ဘဲ အိမ့်ကို တွေ့လိုက်ရတာမို့ ဟဝဠာပင် အံ့ဩသွားရ၏။

"ငါ မလိုက်သွားဘူး ဟဝဠာ"

"ဟင်"

ဟဝဠာရဲ့ မျက်ခုံးထူနက်နက်ကြီးတွေ ဆတ်ခနဲ ပင့်တက်သွားရ၏။

ကားစက်မောင်းထွက်သံကို သူကြားတော့ အိမ့်တစ်ယောက်တော့ လိုက်သွားပြီလို့ ဟဝဠာ ထင်ထားတာလေ။ သူ့





စိတ်ထဲမှာ မကျေနပ်မှုတွေနဲ့ တစ်ယောက်တည်းပေါက်ကွဲနေမိ၏။ အိမ့်လိုက်သွားပြီဆိုတဲ့ အသိနဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အင်အားတွေပင် မရှိတော့သလိုဖြစ်ကာ အိပ်ရာထက် အရုပ်ကြိုးပြတ် လဲကျသွားရသည်။

ဒီနေ့မှ ...

ထူးထူးဆန်းဆန်းတွေ ဖြစ်နေသော သူ့စိတ်ကြောင့် ဟဝဠာကိုယ်တိုင်ပင် နားမလည်နိုင်တော့ချေ။

တကယ်ဆိုရင် ...

အိမ့်အတွက် မိုးစေရာက သင့်တော်တဲ့ယောကျ်ား တစ်ယောက်ပါပဲ။ အသောက်အစား၊ အပျော်အပါးမရှိ ရိုးသားတည်ငြိမ်သော မိုးစေရာက လူကောင်းတစ်ယောက်ပင်ဖြစ်သည်။

ပြီးတော့ ...

အိမ့်အပေါ်မှာလည်း သံယောဇဉ်ကြီးမားပြီး တစ်ဖက်သားစိတ်ဝင်စားနေတာလေ။ အိမ့် ဘယ်လောက်ပဲငြင်းပယ်နေနေ ယောကျ်ားချင်းချင်း မိုးစေရာ စိတ်ကို ဟဝဠာ ဖတ်လို့ရ၏။ အိမ့်သိအောင်လည်း သူ ပြောပြမိသည်။

ဟဝဠာ ကိုယ်တိုင်တောင် ...

အိမ့်နဲ့ သင့်တော်လိုက်ဖက်တယ်လို့ ဆုံးဖြတ်ပြီးသား။

မိုးစေရာသာလျှင် အိမ့်ဘဝတစ်သက်တာအတွက် အလုံခြုံဆုံး စောင့်ရှောက်နိုင်တဲ့သူတစ်ယောက်လို့ သူ မှတ်ယူထားပြီးသား။ ဒါကြောင့်လည်း သူကိုယ်တိုင်ပင် အိမ့်ကို တိုက်တွန်းမိသည်။ အိမ့်ဘက်က ခေါင်းတခါခါနဲ့ ငြင်းတာတောင် သူ လက်မခံခဲ့မိ။

အခုတော့ ...

မိုးစေရာ အိမ့်ဆီကို အလည်လာတာကိုပင် သူ မနှစ်သက်သလိုဖြစ်နေရသည်။ မိုးစေရာ နောက်လိုက်ပါသွားမှာကို ကန့်ကွက်တားဆီးချင်လာမိ၏။ မသိစိတ်ရဲ့ ပြောင်းလဲမှုဒဏ်ကို သူ အကြီးအကျယ် ခံစားနေရသည်။

တားဆီးချင်ပါလျက်နဲ့ မတားနိုင်တဲ့ အဖြစ်ဆိုးကို ခါးသီးစက်ဆုပ်နေမိ၏။

ကြမ်းတမ်းရိုင်းစိုင်းချင်နေသော စိတ်အစဉ်ကို နားမလည်နိုင်။

အိမ့် ...

မိုးစေရာနဲ့ ညစာအတူတူ ပျော်ရွှင်စွာစားနေပြီဆိုတဲ့ အသိကြောင့် ရင်တစ်ခုလုံး ဝမ်းနည်းနာကျင်ကာ ဆူးရှနေရတော့သည်။

ခုတော့ ...





အိမ့်က မိုးစေရာနဲ့ လိုက်မသွားဘဲနေခဲ့သည်။

အိမ့်ကို တွေ့လိုက်တော့ မယုံကြည်နိုင်မှုတွေနှင့်အတူ သူ ဖော်မပြနိုင်လောက်အောင်ပင် ဝမ်းသာပျော်ရွှင်သွားရ၏။ သို့သော် အိမ့် ရိပ်စားမိမသွားအောင် သူ့စိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ကာ ဟန်ဆောင်ကောင်းပြနေမိသည်။

“ဟဝဥ္စာ”

“ဟင်”

“နင် ဘာဖြစ်လာတာလဲဟင်၊ ချောမဒီနဲ့ ရန်ဖြစ်လာလို့လား”

“မဖြစ်ပါဘူး”

“မသိပါဘူး၊ နင့်မျက်နှာမကောင်းတော့ ငါလည်း စိတ်ပူသွားတာပေါ့၊ ဒါကြောင့် စေရာကို နောက်မှပဲ စားပါရစေဆိုပြီး ပြန်နိုင်းလိုက်တာ”

“ငါကြောင့် နင် သိပ်လိုက်သွားချင်နေတာ ပျက်သွားတယ်ပေါ့ ဟုတ်လား အိမ့်”

“သိပ်ပြီးလိုက်သွားချင်တာတော့ မဟုတ်ပါဘူး၊ သူက ခေါ်နေတော့ ငြင်းရမှာအားနာလို့ပါ”

အိမ့် ဖြေသံက သက်ပြင်းမောလေးနဲ့အတူ တိုးဖျော့လျက်။ မိုးစေရာနဲ့ လိုက်မသွားမိတာပဲ နောင်တရနေသလိုပုံစံ။

ဟဝဠာရဲ့မျက်နှာ တည်ခနဲတင်းသွားရ၏။

"အားနာရင်လည်း ဖုန်းဆက်ပြန်ခေါ်လိုက်လေ၊ နင် သိထား ဖို့က ငါ ဘာပဲဖြစ်နေဖြစ်ဖြစ်နေ နင်နဲ့ဆိုင်တာမှမဟုတ်တာ နင့်ဘာသာ ပျော်သလိုနေနိုင်တာပဲ အိမ့်၊ ငါ့ကြောင့်ဆိုပြ အပြစ်တော့လာလွှဲမချနဲ့"

ဟယ် ...

ဒေါသသံကြီးနဲ့ သူမကို ဟဝဠာ ပြန်ရန်တွေ့နေတာ ပါလား။

အိမ့်တစ်ယောက် ဟဝဠာကိုကြည့်ပြီး ပါးစပ်လေး အဟောင်းသားဖြင့် အထိတ်တလန့်မော့ကြည့်လိုက်မိသည်။

"ငါ ... ငါက နင့်အပြစ်ကြောင့်လို့ ပြောတာမဟုတ်ပါဘူး ငါ ပြောတာက ..."

"အဲဒီသဘောပဲလေ အိမ့်၊ နင်လိုက်မသွားမိလို့ နောင်တ တွေရနေတာမဟုတ်လား"

"ဟဝဠာ"

"ဘာလဲ"

"နင် ငါ့ကို စိတ်ဆိုးနေတာလားဟင်"

ဟဝဠာ မဖြေ။

ဒါဆို ...





သူ စိတ်ဆိုးသွားတယ်လို့ ဝန်ခံတာပေါ့။

အိမ့် နားမလည်နိုင်။

ဟဝဠာ စိတ်ဆိုးရလောက်အောင် သူမ စကားတွေ ထဲမှာ ဘာအမှားတွေများ ပါသွားလို့လဲ။ အိမ့် သေချာပြန်စဉ်းစား ကြည့်နေမိသည်။ စဉ်းစားလေ အဖြေက ဝေးလေပါပဲ။ သူမ ဟဝဠာ အခုလို ဒေါသဖြစ်လောက်အောင် စကားအမှားမှမပြောခဲ့ တာလေ။ ဒါကို သူ ဘာကြောင့် ရန်စောင်နေတာပါလိမ့်။

"ဟဝဠာ ငါ မေးနေတယ်လေဟာ၊ ငါ့ကို စိတ်ဆိုးသွား လားလို့"

"......"

"ငါ ဘာအမှားတွေလုပ်မိလို့လဲ ဟဝဠာ"

"......"

"တောင်းပန်ပါတယ် ဟဝဠာ၊ ငါ့စကားကြောင့် နင် စိတ် ဆိုးသွားတယ်ဆိုရင်တော့ ငါ့ကို ခွင့်လွှတ်ပါပါယ်၊ ဘာပဲ ပြောပြော ငါတို့က တစ်မိုးအောက်မှာ အတူတူနေကြတဲ့ သူတွေပဲဟာ၊ အခုကိစ္စကလည်း ပြဿနာဖြစ်ရလောက် အောင်လည်း အရေးမပါပါဘူးဟာ၊ တစ်ယောက်ရဲ့အမှားကို တစ်ယောက်က နားလည်ပေးကြရအောင် ဟဝဠာရယ်"

လေသံလေးဖျော့ဖျော့လေးနဲ့ တောင်းပန်နေတဲ့ အိမ့်ကိုကြည့်ပြီး ဟဝဠာ ဘာမှ ပြန်မဖြေနိုင်။ မိုးစေရာကို မြင်တွေ့လိုက်ရပြီးနောက် အိမ့်အပေါ်မှာ ဒေါသတွေ ဖြစ်နေမိတာလေ။ အဲဒါကို ငါ မခံစားနိုင်ဆုံးပဲ အိမ့်။ ငါ့ရဲ့ မသိစိတ်မှာ ဖြစ်ပေါ်နေတဲ့ နမြောတသစိတ်နဲ့ မနာလိုဝန်တိုမှုတွေကို နင် နားလည်မှာ မဟုတ်သလို ငါ့ကိုယ်ငါလည်း နားမလည်နိုင်တော့ဘူးဟာ။ ငါ ဘာတွေ ဖြစ်နေသလဲ ဆိုတာ မစဉ်းစားတတ်တော့ပါဘူးကွာ။

တကယ်ဆို ...

နင်က အမှားလုပ်တာမဟုတ်ပါဘူး။

နင့်လမ်းကို နင် မှန်မှန်လေး လျှောက်နေတာပါ။ အဲဒါကိုပဲ ငါက လက်မခံနိုင်ဘူး ဖြစ်နေတာပါ အိမ့်ရာ။ ချောမော့ အနားမှာ နေနေရတဲ့ စိတ်ပင်ပန်းမှုတွေဟာ နင့်အနားမှာနေရလို့ ဘာဖိစီးမှုမှမရှိဘဲ စိတ်ပေါ့ပါးနေရမှုတွေနဲ့ နှိုင်းယှဉ်ပြီး ငါ အရမ်းကိုသွေးပျက်မတတ် ခံစားနေရတယ် အိမ့်။ နင်နဲ့ ချောမော့ကို ယှဉ်ကြည့်လေ ငါ ပိုပြီးကြောက်လာမိလေလေပဲ။

ငါ မဆုံးရှုံးချင်ဘူး အိမ့်။

နင့်ရဲ့ သည်းခံနိုင်မှု၊ ဖြည့်ဆည်းပေးနိုင်မှု၊ နွေးထွေးမှုတွေကို လက်လွှတ်ဆုံးရှုံးရမှာ ငါ အရမ်းစိုးရိမ်နေမိတယ်။

အဲဒါ ...

ဘာကြောင့်လဲဟင် ...





"ဟဝဠာ"

"ပြော"

"မိုးစေရာနောက်ကို လိုက်မသွားတာ ငါ့စိတ်နဲ့ ငါ့ဆုံးဖြတ်ချက်ပါ။ နင်နဲ့ ဘာမှ မပတ်သက်ပါဘူး၊ နင်က သွားခိုင်းခဲ့တာပဲလေ၊ နင့်ဘက်က မှန်ပါတယ် ဟဝဠာ"

လေပြည်လေးနှင့် အိမ့်က ဖြေရှင်းနေ၏။ ဒီလိုကျပြန်တော့လည်း ဟဝဠာ စိတ်မကောင်း။

"အိမ့်"

"ပြောလေ ဟဝဠာ"

"နင် တောင်းပန်စရာမလိုပါဘူး၊ ငါ နင့်ကို စိတ်ဆိုးနေတာ မဟုတ်ပါဘူးဟာ၊ ငါ စိတ်နည်းနည်းရှုပ်နေလို့ပါ၊ ဒါကြောင့် နင့်ကို အော်ဟောက်မိသလိုဖြစ်သွားရတာပါ"

"ငါ နားလည်ပါတယ် ဟဝဠာရယ်၊ ငါကလည်း နင် စိတ်ရှုပ်နေတာကို အလိုက်မသိသလိုဖြစ်ခဲ့တာကို"

"နင် ညစာစားပြီးပြီလား အိမ့်"

"မစားရသေးဘူးလေ"

အိမ့်အမှန်အတိုင်းပဲ ပြောမိသည်။

ဘာရယ်မဟုတ်ပါဘဲ ဟဝဠာနှင့် စကားတွေ အချိန်အတော်ကြာအောင် ပြောဖြစ်နေခဲ့၏။ သူ့ဘက်ကလည်း စိတ်လိုလက်ရပါပဲ။

"ဒါဆို ငါတို့ စားကြရအောင်လေ အိမ့်"

ဟဝဠာက ခေါ်နေ၏။

ညစာ အတူတူစားကြရအောင်တဲ့။

မဖြစ်ပါဘူး။

မိစမ်းကျ ချောမဒီစကားအတိုင်း အိမ့်နဲ့ ဟဝဠာတို့ရဲ့ အခြေအနေကို သံသယမျက်လုံးတွေနဲ့ ကြည့်နေတာမဟုတ်လား။ ပြီးတော့ ချောမဒီက အရမ်းကိုသဝန်တိုတတ်တဲ့ မိန်းကလေးတစ်ယောက်ပေ။ ညစာကို နှစ်ယောက်အတူတူစားကြတယ်ဆိုတဲ့ သတင်းရောက်သွားလို့ကတော့ ဟဝဠာကို အကြီးအကျယ် ပြဿနာရှာမှာပဲ။

အိမ့်ကြောင့် ...

ဟဝဠာနဲ့ ချောမဒီကြားမှာ ဘာအဖုအထစ်မှမရှိစေလို။ ဒါဟာ သူမရဲ့စေတနာရင်းအမှန်ပါပဲ။

"အိမ့်"

"ဟင်"

"ငါပြောနေတာ ကြားရဲ့လား၊ နင် ဘာတွေစဉ်းစားနေတာလဲ အိမ့်"

"ဟို ... ငါ ... ငါ မစားချင်သေးဘူးဟ၊ နင်ပဲ အရင်သွားစားလိုက်နော်"





"ဘာလဲ ... နင်က ငါနဲ့အတူတူ မစားချင်တာလား၊ အေးပေါ့လေ ... ငါက မိုးစေရာမှ မဟုတ်တာ"

"ဟဝဠာနော် ပေါက်ကရတွေ လျှောက်မပြောနဲ့၊ ငါက နင့်အတွက်ပြောနေတာ၊ စေရာနဲ့ ဘာမှမဆိုင်ဘူးသိလား"

"မသိဘူး အိမ့်၊ နင်က မိုးစေရာခေါ်တော့ ချက်ချင်းမငြင်းပယ်ခဲ့ဘဲ လိုက်ဖို့ ဆုံးဖြတ်ခဲ့တာလေ၊ ငါ့ကိုတော့ နင် ငြင်းတာ လက်တွေ့ပဲ၊ အဲဒါ သိပ်ရှင်းလင်းနေတဲ့ အဖြေတစ်ခုပဲ အိမ့်၊ ငါနဲ့ပတ်သက်ရင် အကြောင်းပြချက်တစ်ခုခုက နင့်ဆီမှာ အမြဲရှိနေတတ်တယ်"

"အဲဒါ ဘယ်သူ့အတွက်ကြောင့်လို့ နင် ထင်သလဲ ဟဝဠာ၊ နင့်အတွက်ဟဲ့၊ ချောမဒီ တစ်မျိုးထင်ပြီး ငါ့ကြောင့် နင်တို့ ပြဿနာဖြစ်ကြမှာစိုးလို့ သိလား"

အိမ့် ဝမ်းနည်းနာကျင်သံလေးနဲ့ ပြောတော့ ဟဝဠာက စူးစူးနစ်နစ်စိုက်ကြည့်၏။ သူ့မျက်ဝန်းထဲ အရောင်တစ်ခုလက်ဖြာနေသည်။ သို့သော် ဘာကိုရည်ညွှန်းမှန်းတော့ အိမ့်မသိ။

"ဒါဆို လာခဲ့ အိမ့်"

သူမလက်ကို ဖျတ်ခနဲ ဆုပ်ကိုင်ကာခေါ်တော့ ...

"ဟင် ... ဘယ် ... ဘယ်သွားမလို့လဲ ဟဝဠာ"

သူ့လက်တွေထဲကနေ ရုန်းထွက်ပြီး ပြန်မေးမိ၏။

"ဘယ်သွားသွားပေါ့၊ ဘာလဲ ... မိုးစေရာ မဟုတ်လို့ မလိုက်ချင်ပြန်ဘူးလား အိမ့်"

"ဟဝင္ဂာနော် ... နင် ဘာဖြစ်နေတာလဲ"

ဟဝင္ဂာ မဖြေ။

စားပွဲပေါ်ပစ်တင်ထားသည့် ကားသော့ကို ဆွဲယူပြီး အိမ်နောက်ဘက် မီးဖိုခန်းဆီ လျှောက်သွားသည်။ ဟဝင္ဂာ့ နောက်ကျောဆီကြည့်ကာ ကြောင်တောင်တောင်နှင့် ဧည့်ခန်းထဲ ထဲတွင် အိမ့် ကျန်နေခဲ့ရ၏။

သူ ပြန်ထွက်လာသည်။ သူနှင့်အတူ မိစမ်းပါ အနောက်က လိုက်ပါလာတာတွေ့ရ၏။ မိစမ်းမျက်နှာက မကောင်း ချေ။ အိမ့်ဆီသို့လည်း မျက်ဝန်းစူးတောက်တောက်တွေနှင့် လှမ်း ကြည့်နေပြန်သည်။ ဟဝင္ဂာ ဘာတွေ လျှောက်လုပ်နေသလဲဆို တာ အိမ့်မျက်ချယ် နားမလည်ပါ။

"အိမ့် တံခါးကို သေသေချာချာ သော့ခတ်ထားနော် မိစမ်း ငါတို့ နည်းနည်းကြာမှာ"

မိစမ်းကို သေချာမှာနေပြန်သည်။

ဟဝင္ဂာ ဘာတွေ လျှောက်လုပ်နေတာလဲ ...

အခုချိန်ထိ ...





အိမ့် ဘယ်လိုမှ နားမလည်နိုင်သေးချေ။

"အိမ့်"

"ဘာလဲ ဟဝင္ဂာ"

"နင် အဝတ်အစားလဲမနေတော့ဘူး မဟုတ်လား၊ ဒါဆို ခုပဲ သွားကြစို့"

အမ် ...

ပြောပြီးတာနှင့် ဟဝင္ဂာက မိစမ်း မမြင်အောင် သူမဘက်လှည့်ကာ မျက်ရိပ်လေးပြပြီး အပြင်ဘက်သို့ တန်းခနဲ ရှေ့ကနေ ဦးစွာထွက်သွားချေတော့သည်။

အိမ့်မှာ ...

ဘာမှ မစဉ်းစားမတွေးတောနိုင်တော့ဘဲ သူ့နောက် ဒရောသောပါး လိုက်သွားမိတော့၏။

မိစမ်းက အူတူတူကျန်ခဲ့သည်။

သူမ ခြံထဲရောက်တော့ ဟဝင္ဂာက ကားစက်ကို အဆင်သင့်ပင် နှိုးထားပြီးနှင့်ပြီဖြစ်၏။

"အိမ့် တက်လေ"

"ဩော် ... အေး ... အေး"

ဟဝင္ဂာရဲ့ သတိပေးစကားကြားတော့မှပဲ ကားရှေ့ ခန်းတံခါးချပ်လေးကို ဆွဲဖွင့်ကာ ဝင်ထိုင်လိုက်မိသည်။

ကားလေးက လေအလျင်လို ခြံထဲကနေ ပြေးထွက်သွား၏။

"ဟာဝဠာ"

"ဘာလဲ အိမ့်"

"ဒါ ဘယ်သွားမလို့လဲ"

"ညစာ သွားစားမလို့လေ"

"ဟင်"

"ဟုတ်တယ်၊ အပြင်ဆိုင်မှာ သွားစားမလို့"

"ဟာ ... နင်ကလည်း"

"တကယ်ပြောတာ၊ အိမ်မှာဆိုရင် မိစမ်း စောင့်ကြည့်နေတယ်ဆိုပြီး နင် ငြင်းမှာပဲမဟုတ်လား၊ ဒါကြောင့် ဒယ်ဒီ ဖုန်းဆက်ခေါ်လို့ ဆိုပြီး မိစမ်းကိုပြောပြီး ထွက်လာခဲ့တာ"

ဟာဝဠာရယ် ...

နင့်ကြောင့် ငါ ရူးရတော့မယ် ဟာဝဠာရယ်။

ငါ့ကို ...

နင် အိပ်မက်တွေပေးနေတာတော့ မဟုတ်လောက်ပါဘူးနော်။ ငါ တကယ်ပဲ ပျော်ရွှင်ရမှာလား ဟာဝဠာရယ်။

❤ ✧ ❤





## အခန်း(၁၆)

ဟာဝဠာရယ် ...။

ဒါဟာ ...

ဟန်ဆောင်မှုသက်သက်ဆိုရင်တောင် ငါ တကယ်ကျေးဇူးတင်ပါတယ်ဟာ။

နင်နဲ့အတူတူ အိမ်နေရင်း အဝတ်အစားကြီးနဲ့ အကောင်းစားဟိုတယ်ကြီးထဲက စားသောက်ခန်းမကျယ်ကြီးထဲမှာ ညစာအတူတူ ငါ စားခွင့်ရခဲ့တာလေ။ ငါ့ဘဝတစ်သက်တာမှာ ဒီကနေ့ အဖြစ်အပျက်ဟာ ဘယ်သောအခါမှ ပျောက်ကွယ်သွားတော့မှာ မဟုတ်တော့ပါဘူးဟာယ်။

နင်က အမြဲလိုလို နင်နဲ့အတူတူ တွဲလျှောက်တဲ့ မိန်းကလေးဟာ ခေတ်မီပြီး မြင်သူတကာငေးမောယူရလောက်အောင် ပြီးပြည့်စုံနေတဲ့သူတစ်ယောက်ပဲ ဖြစ်စေချင်တာမဟုတ်လား။

နှင့်ရဲ့ပုံစံနဲ့ ကိုက်ညီမှ တွဲသွားချင်တဲ့ နှင့်စိတ်ဓာတ်ကို ငါက အသိဆုံးဖြစ်နေတာမို့ ငါလေ ပိုပြီးတော့တောင် အံ့သြတုန်လှုပ်ရတယ် ဟဝဠာရယ်။ ငါ့စိတ်တွေ လှုပ်ရှားအောင် နှင်လုပ်ပြလိုက်ပြန်ပြီ။ ငါ့လို ပုံစံခပ်တုံးတုံး မိန်းမတစ်ယောက်လက်ကို ဆွဲပြီး ဟိုတယ်စားသောက်ခန်းကြီးထဲကို ဝင်လာခဲ့တာလေ။ ငါ စိတ်လှုပ်ရှားရလွန်းလို့ မျက်ရည်တောင်လည်ရတဲ့အထိပဲ ဟဝဠာ။

"အိမ့်"

"ဟင် ..."

"စားလေဟာ၊ ဘာလဲ ငါမှာထားတဲ့ အစားအသောက်တွေက စားမကောင်းလို့လား၊ ဒါဆိုရင် နှင်စားချင်တာ ပြောင်းမှာလေ အိမ့်"

"ဟင့်အင်း ... ဟဝဠာ၊ စားလို့ကောင်းပါတယ်၊ ငါ ရင်နည်းနည်းပြည့်နေလို့ သိပ်မစားနိုင်တာပါ"

"စားပါကွာ၊ ငါက နှင့်ကို စားစေချင်လို့ မိစမ်းရှေ့မှာ ညာပြီးတော့တောင် ခေါ်ထုတ်လာခဲ့တဲ့ဟာကို"

အင်း ...

မိစမ်းက သူ့သခင်မ ချောမဒီအတိုင်း သံသယစွန်းထင်းတဲ့ မျက်လုံးတွေနဲ့ တစ်ချိန်လုံး သူမတို့နှစ်ယောက် အခြေအနေကို စောင့်ကြည့်နေတာလေ။





အဲဒီကြားမှာမှ သူက အခုလို ညစာထွက်စားဖို့ စိတ်ကူးရတာဆိုတော့ မိစမ်း ယုံအောင် လိမ်ညာလှည့်စားရတော့တာပေါ့။ ဒါကိုပဲ အိမ့်စိတ်ထဲမှာ မရှင်းလင်းမိတာပါ။ ဘယ်လိုသဘောမျိုးကြောင့် အိမ့်ကို အပြင်မှာ ညစာလိုက်ကျွေးဖို့ သူဆုံးဖြတ်ချက်ချလိုက်ပါလိမ့်။

တကယ်ဆိုလျှင် ...

အခုလိုကိစ္စဟာ ကြီးမားတဲ့ ပြဿနာတစ်ခုရဲ့ အစပျိုးမှုပါပဲ။ ချောမဒီသာ ပြန်ကြားသွားလျှင် ဖြေရှင်းလို့ရမှာမဟုတ်တော့။ ဒါကို ဟဝဠာ မသိတာလည်းမဟုတ်ပါဘဲ ခုလိုလုပ်တာ အံ့သြစရာတစ်ခုလို ဖြစ်နေသည်။

ဟဝဠာရယ် ...

ငါ နှင့်ကို ဘယ်လိုနားလည်ရမလဲဟင်။

တကယ်ဆို နှင် အခုလို မလုပ်သင့်ဘူး ဟဝဠာ။

ငါ အတွေးတွေမှားသွားအောင်တော့ နှင် မလုပ်ပါနဲ့ဟာ။

ငါ့ရဲ့စိတ်ကူးယဉ်အိပ်မက်တွေကို အရှည်မချဲ့ပါရစေနဲ့တော့ ဟဝဠာရယ်။ နှင် ပြောခဲ့တဲ့စကားအတိုင်း ငါတို့နှစ်ယောက် သူငယ်ချင်းမိတ်ဆွေတွေလိုပဲ နေကြရအောင်ဆိုတဲ့ အခြေ

အနေမျိုးမှာပဲ ရပ်တည်နိုင်အောင် နင့်ရဲ့ အခုလိုလုပ်ရပ်တွေကို ရပ်တန့်ပေးပါ ဟဝဠာရယ်။

အဲဒါ ...

ငါ တကယ်တောင်းဆိုတာပါ။

ထိုစကားလေးတွေကိုတော့ အိမ့်ရင်ထဲကနေပဲ ပြော နေမိခြင်းပဲဖြစ်သည်။ အပြင်မှာတော့ အခုလို တားဆီးတဲ့စကား မျိုးထွက်ဖို့ကျပြန်တော့လည်း နှုတ်ခမ်းနှစ်လွှာက ဖွင့်ဟမလာပြန်။ တယုတယနဲ့ ပန်းကန်ထဲ အကောင်းစား အစားအသောက်တွေ ထည့်ပေးနေတဲ့ နင့်ကို ငေးကြည့်ပြီး ငါ့ရင်ထဲမှာ အပျော်လေး တွေ စီးဝင်နေမိတယ်။ ငါ အရမ်းကို ရင်တွေခုန်နေမိတယ် ဟဝဠာရယ်။

ဒါဟာ ...

အိပ်မက်တစ်ခုဆိုရင်တောင် ငါလေ မနိုးသောအိပ် စက်ခြင်းနဲ့သာ အိပ်စက်ပစ်လိုက်ချင်တော့တာပဲဟာ။

အဲဒီလောက်တောင်ပဲ ငါက ရူးသွပ်နေမိတာပါ ဟဝဠာရယ်။

"အိမ့်"

"ဟင်"





"နင် စားချင်စိတ်မရှိဘူးဆိုတာ ငါ နားလည်နိုင်ပါတယ်"

"ဘာရယ်"

"ငါက မိုးစေရာမှ မဟုတ်ဘဲလေ အိမ့်"

"ဟင်"

အိမ့်မျက်နက်ဝန်းလေးတွေက ပြူးဝိုင်းကာ ဟဝဠာ ဆီ လှမ်းကြည့်လိုက်မိသည်။ စောစောကလို သွက်လက်ခြင်းလည်း မရှိ။ အေးစက်သွားတာလည်းမဟုတ်ဘဲ စိတ်မကောင်းသလိုလို၊ ခနဲ့လိုက်သလိုလိုရှိသော သူ့အသွင်ကြောင့် အိမ့်ရင်ထဲ မျက်ခနဲ နင့်သီးသွားရပြန်သည်။ သူ ဘာကို ဆိုလိုချင်ပါလိမ့်။ စားရမပါ။ သေချာတာကတော့ မိုးစေရာနဲ့ သူမကို ဟဝဠာ အထင်လွဲနေ တယ်ဆိုတာပါပဲ။

"မိုးစေရာနဲ့သာဆိုရင် နင် ဒီထက်ပိုပြီး စိတ်ဝင်စားစရာ ကောင်းတဲ့ ညစာစားဝိုင်းလေးမှာ ရှိနေရမှာလေ"

နင်ထင်သလား ဟဝဠာ။

စေရာက ငါ့စိတ်တွေ ပျော်ရွှင်နေအောင် ဖန်တီးပေး နိုင်တဲ့သူလို့ နင် ထင်သလား။

မဟုတ်ဘူး ဟဝဠာ။

စေရာ မဟုတ်ပါဘူးဟာ။

နင်ပါ ဟဝဠာရယ် ...။

ငါ့ကို ဝမ်းနည်းနာကျင်အောင် လုပ်နိုင်တာလည်း နင်ပဲ။

ပျော်ရွှင်ကြည်နူးခြင်းတွေကို ခံစားရအောင် ဖန်တီးနိုင်သူဟာလည်း နင်ပါပဲဟာ။ နင်နဲ့ပတ်သက်ရင်ပဲ ငါ့ဆီမှာ အပြောင်းအလဲတွေ အမျိုးမျိုးရှိနေခဲ့ရတာပါ ဟဝဠာရယ်။ အဲဒါကို နင်ယုံလိုက်စမ်းပါဟယ်။

ဒါပေမဲ့ ဟဝဠာရယ် ...

အိမ့်မျက်ချယ်ဆိုတဲ့ ငါက မိန်းကလေးတစ်ယောက်လေ။ ရင်ထဲမှာဘယ်လိုပဲရှိရှိ ထုတ်ဖော်ပြသခွင့်မှ မရှိတာ။ အဲဒါကြောင့်လည်း အားလုံး နင်သိအောင်တော့ ငါ ဘယ်တော့မှ ဖွင့်ဟဝန်ခံပြမှာ မဟုတ်ဘူး ဟဝဠာ။ ငါ့ကို မချစ်ပါဘူး၊ လက်မထပ်နိုင်ပါဘူးလို့ ရက်ရက်စက်စက် ငြင်းပယ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ရှေ့မှာ ငါ့ရဲ့ ယိုင်နဲ့မှုတွေကို ငါ ဘယ်တော့မှ အရှုံးပေးဒူးထောက်ပြမှာ မဟုတ်ဘူး ဟဝဠာ။

ငါ့မာန၊ ငါ့ဂုဏ်သိက္ခာအတွက် ဟန်ဆောင်ကောင်းကောင်းနဲ့ခေါင်းမော့ရင်ကော့ပြီး ရပ်တည်ပြနေမှာပဲ ဟဝဠာ။ နင်ပြောသလိုပဲ သူငယ်ချင်းအဖြစ်ပဲပေါ့လေ။ ငါက အဲဒီလို နေပြမှာ။

"ငါပြောတာမှန်လို့ ငြိမ်သွားတာလား အိမ့်"





"နင်ကလေ မဟုတ်တာကိုပြောရတာ အင်မတန်ပျော်မွေ့တာပဲနော် ဟဝဠာ၊ ဘာကြောင့် စေရာမပါဘဲ နင် စကားမပြောတတ်ရတာလဲ"

"ငါက အမှန်တရားတွေပဲ ပြောတတ်တာဆိုတော့ နင့်အတွက်တော့ ကြားရတာ တစ်မျိုးဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါပေမဲ့ နင့်စိတ်ကိုဖတ်နိုင်နေတဲ့ ငါ့အစွမ်းအစကိုတော့ နင် လက်မခံလို့မရဘူး အိမ့်"

"ဟင်း ဟင်း ..."

အိမ့်တစ်ယောက် အသံလေးထွက်ပြီးရယ်တော့ ဟဝဠာရဲ့မျက်မှောင်ကြီး မှန်ကုပ်သွားရ၏။

ဘာရယ်တာလဲ ...

သူပြောတဲ့စကားထဲမှာ အခုလို ရယ်စရာကောင်းလောက်သည့်စကားမျိုး ဘာတစ်ခုမှ မပါချေ။

"ဘာရယ်တာလဲ အိမ့်"

"သဘောကျလို့ပါ"

"ဘာကွ"

"ငါ့စိတ်ကို နင်က ဖတ်နိုင်တယ်ဆိုလို့ပါ"

"မဟုတ်လို့လား အိမ့်"

"မဟုတ်ဘူး"

"ဟင်"

"နင်ထင်သလို ငါ့စိတ်ကို ပြောင်းလဲသွားအောင် ဖန်...
နိုင်စွမ်းရှိသူဟာ မိုးစေရာမဟုတ်ဘူးဆိုတာ နင် သိထား...
တယ် ဟဝဠာ"

"ဘာ ..."

"ငါ့ခံစားချက်၊ ငါ့ရင်ခုန်သံ၊ ငါ့ရဲ့စိတ်ကူးယဉ်အိပ်မက်...
တွေကို ဖန်ဆင်းနိုင်တာက သတ်သတ်တစ်ယောက်...
ဟဝဠာ၊ မိုးစေရာမဟုတ်ဘူး၊ အဲဒါကြောင့် နင်ထင်မြင်...
ဆချက် ရာနှုန်းပြည့် မှားတယ်လို့ ငါ ပြောတာ"

ဟင် ... ဟဝဠာ မျက်လုံးပြူးသွားရ၏။

သူက ...

မိုးစေရာလို့ သူ ထင်ထားတာလေ။

ခုတော့ ...

အမည်မသိသော အခြားတစ်ယောက်က ဝင်လာ...
သည်။

ဟဝဠာ ရင်ထဲ မနာလိုဝန်တိုမှုတို့ကြောင့် တ...
ဆစ်နာကျင်နေရ၏။ အိမ့်နဲ့ပတ်သက်ပြီး အခုလို ထူးထူး...
ဆန်း ခံစားချက်မျိုးတွေ ဖြစ်ပေါ်နေရတာကိုလည်း သူ့ကိုယ်သူ...
နားမလည်နိုင်။





တကယ်ဆိုရင် ...

အိမ့်ဘာပဲဖြစ်ဖြစ် ဘယ်သူနဲ့ပဲတွဲတွဲ သူနဲ့ ဘာဆိုင်လို့လဲ။ သူ့စိတ်တိုင်းကျ ရွေးချယ်ထားတာက ချောမဒီပဲလေ။

ချောနဲ့ နီးစပ်ရဖို့ သူ ဘယ်လောက်တောင် အတိုက်အခံလုပ်ခဲ့ရသလဲ။ အိမ့်နဲ့ လက်ထပ်ဖို့ကို အကြီးအကျယ် ကန့်ကွက်ခဲ့မိသည်။ နောက်ဆုံး ဒယ်ဒီကျန်းမာရေးကြောင့် အလျှော့ပေးလိုက်နာခဲ့ရသည်။ ဒါတောင် အိမ့်ဆီက သူကိုယ်တိုင်ပင်တောင်းဆိုညှိနှိုင်းမှုတွေ ပြုခဲ့၏။ သူငယ်ချင်းမိတ်ဆွေတွေအနေနှင့် ရှိနေကြဖို့နှင့် ဒယ်ဒီ နလုံးရောဂါ ခွဲစိတ်ပြီးပါက နှစ်ဦးသဘောတူ ကွာရှင်းကြဖို့ သဘောတူညီမှု တောင်းခံခဲ့၏။

ချောကိုလည်း အတတ်နိုင်ဆုံး နားလည်ခွင့်လွှတ်ပေးဖို့ တောင်းဆိုခဲ့သည်။ အိမ့်ကိုလည်း မိုးစေရာ နားလည်အောင် ရှင်းပြထားသင့်သည်ဟု သူကိုယ်တိုင်ပင် အကြံဉာဏ်ပေးခဲ့မိ၏။

ခုတော့ ...

သူ ရွေးချယ်ခဲ့တာတွေ အားလုံးကို အမှားတွေချည်းပဲလို့ ဘာကြောင့် နောင်တတွေရချင်နေရပါလိမ့်။

အမိက ...

အပြောင်းအလဲကြီး ပြောင်းလဲနေတဲ့ သူ့စိတ်ပဲ။

အိမ့်ရင်ထဲမှာ တခြားတစ်ယောက်ရှိနေနှင့်ပြီဆိုတဲ့ အသိက လက်ခံနိုင်စရာမရှိအောင် သူ့စိတ်ကို တုန်လှုပ်ချောက်ချားစေခဲ့သည်။

ဘယ်သူများလဲဆိုတာထက် ဘယ်လို အချက်တွေကြောင့် အိမ့်ရင်ထဲ ထိုလူရောက်သွားရသလဲ ဆိုသည့် သိချင်စိတ်တွေသာ ရင်ထဲမှာ ကြီးမားနေရတော့သည်။

အိမ့်ကို သူ စိတ်ဝင်စားနေမိပြီလား ...

အိမ့်နဲ့ပတ်သက်ပြီး တစ်ကြိမ်တစ်ခါမျှ ခေါင်းထဲထည့်မစဉ်းစားတတ်ခဲ့တဲ့ သူက အိမ့်ရင်ထဲမှာ တိတ်တဆိတ်လေး ကျိတ်ချစ်နေရတဲ့လူကိုတော့ သူ သိချင်နေမိတာ အမှန်ရယ်ပါ။ သူနဲ့ ဘာမှ မဆိုင်ပေမယ့် မျက်စိမှိတ်မနေနိုင်ခဲ့ချေ။

"အိမ့်"

"ပြောလေ ဟဝဠာ"

"နင် ငါ့ကို နောက်နေတာတော့ မဟုတ်လောက်ပါဘူးနော်"

"ဘာကိုလဲ ဟဝဠာ"

"မိုးစေရာမဟုတ်တဲ့ နောက်တစ်ယောက်ဆိုတာလေ"

"သြော် ... ဒါလား"

"ပြောစမ်းပါ အိမ့်၊ ငါ အရမ်းစိတ်ပူနေပြီ"

အို ...





စိတ်ပူနေပြီတဲ့။

ဟဝဠာက ဘယ်တုန်းကများ အိမ့်မျက်ချယ်နဲ့ပတ်သက်ပြီး စိတ်ပူပန်တတ်ဖူးလို့လဲ။ အိမ့် မယုံနိုင်ပါ။ နင်က ချာမဒီတစ်ယောက်ပဲ စိတ်ထဲမှာ ထားတာများဟာ။ အကြောင်းသိသူတွေလည်း မဟုတ်ပါဘဲနဲ့။

"အိမ့်"

"ဘာလဲ ..."

"ငါ မေးနေတယ်လေ"

"ငါ မဖြေနိုင်ဘူး ဟဝဠာ၊ မဖြေချင်တာကို မဖြေလို့ဖြစ်တယ်မဟုတ်လား ဟဝဠာ"

ဟာ ...

အိမ့်က ပါးနပ်စွာပင် ငြင်းပယ်ပြီး ခေါင်းလေးငုံ့ကာ အစားအသောက်တွေကို စိတ်မပါဘဲ ဆက်စားနေ၏။

အိမ့်ကိုကြည့်ပြီး ...

ဟဝဠာ အသည်းတွေယားလာရ၏။ အိမ့်ရဲ့အသွင်က ဘာမှ မထူးဆန်းသလို။ သူ့ညီမလေးသာဆို မျက်နှာကို လက်သီးနှင့် ဆွဲထိုးမိမှာ အသေအချာပင်။ အခုတော့ အေးတိအေးစက်နှင့် သူ့ မျက်နှာချင်းဆိုင်ခုံတွင် ထိုင်ကာနေသော အိမ့်ကို အံတကြိတ်ကြိတ်နှင့် ကြည့်နေခဲ့ရ၏။

"အိမ့်"

"ခေါ်လှချည်လားဟာ၊ ငါ ညစာကောင်းကောင်းစားပါရ
စေဦး ဟဝဥ္စာရယ်၊ တောင်းပန်ပါတယ်၊ မိစမ်းလက်ရာတွေ
နဲ့ အစားအသောက်ပျက်နေတာ ကြာပြီဟ"

အိမ့် တားဆီးလိုက်မိသည်။

သူမ ...

ရှေ့ဆက်ပြောလို့ မဖြစ်တော့ဘူးဆိုတာ သူမဘာသာ
ပဲ သိ၏။

မပြေပါရစေနဲ့ ဟဝဥ္စာ။

နင်သိချင်နေတယ်ဆိုတာ ငါ နားလည်ပါတယ်။

ဒါပေမဲ့ ဟဝဥ္စာရယ် ...

ငါက မိန်းကလေးပါဟာ။ မိန်းမဆိုတာ ကိုယ့်ရင်
ထဲမှာ ဘာတွေပဲရှိရှိ တစ်ဖက်သားသိမြင်အောင် သိသိသာသာ
ဖော်ပြခွင့်ရှိတာမဟုတ်ဘူးလေ။

ပိုပြီးဆိုးတာက ...

ဟဝဥ္စာဆိုတဲ့ နင့်ကိုမှ တိတ်တဆိတ်လေး ချစ်မြတ်
နိုး တွယ်တာနေမိတဲ့ ငါ့ရဲ့ ခံစားချက်တွေကိုပေါ့ဟာ။

ခွင့်လွှတ်ပါ ဟဝဥ္စာ။

ငါ ဖွင့်မပြောပါရစေနဲ့။





"ကောင်းပြီလေ အိမ့်၊ နင်မပြောချင်မှတော့ ငါလည်း
မသိရုံပဲပေါ့၊ နင်သိထားဖို့က နင့်အတွက် စိတ်ပူတာက
လွဲပြီး ဘာအကြောင်းမှ မရှိဘူးဆိုတာ နင် သိထားပေးပါ"

"ငါ သိပါတယ် ဟဝဥ္စာ၊ နင်နဲ့ငါကြားမှာ အစကတည်းက
သူငယ်ချင်းဆိုတဲ့ အသိကလွဲပြီး ဘာပတ်သက်မှုမှ ရှိတာ
မဟုတ်ဘူးလေ၊ အဲဒါကြောင့် နင်လည်း သိပြီး စိတ်ပူပန်
မနေပါနဲ့၊ အရာအားလုံး ကံတရားအတိုင်းပဲ ရှိနေပါစေလို့
ဟာ"

အိမ့်သီက မော့မကြည့်ဘဲ တရစပ်ပြောချလိုက်သော
ားကြောင့် ဟဝဥ္စာ နေရာကနေ ချက်ချင်းထရပ်မိမတတ်ပင်
သတွေ ပေါက်ကွဲချင်သွားရသည်။

သို့သော် ...

သူ မလုပ်ဖြစ်ခဲ့ပါ။

အံလေးကိုသာ တင်းတင်းစေ့ကြိတ်ပြီး ခေါင်းလေး
ကာ အစားအသောက်တွေ စားနေတဲ့ အိမ့်ထံ စူးနင့်သောအကြည့်
က်နက်လေးတွေနှင့်သာ မကျေနိုင်မချမ်းနိုင် စိုက်ကြည့်နေမိတော့
သည်။

## အခန်း(၁၇)

"ကဲ ... ပြောစမ်းပါဦး၊ ချော ယုံကြည်အောင် ဘယ်လို အကြောင်းပြချက် ပေးဦးမလို့လဲ မောင်၊ မောင်ပြောတာကို နားထောင်ကြည့်ရသေးတာပေါ့၊ ပြောပါ"

ချောမဒီက ခပ်ထေ့ထေ့ မျက်နှာပေးနှင့်ကြည့်ကာ မေးလာ၏။

အရင်ကဆို ...။

ချောမဒီထံမှ ဒီလိုအကြည့်၊ ဒီလိုလေသံမျိုးတွေ မြင်ရ ကြားရမှာ သေလောက်အောင် စိုးရိမ်ခဲ့သော်လည်း အခုတစ်ကြိမ်မှာတော့ သူ့စိတ်တွေ အေးစက်နေခဲ့တာတော့ အံ့မှန်ပင်။ လှုပ်ရှားမှု အလျဉ်းမရှိ။ ပကတိ ငြိမ်သက်လျက်ရှိ၏။ ဒါဟာလည်း ထူးခြားမှု တစ်ခုပါ၊





"မောင် ... ပြောလေ၊ ဘာလဲ ... ရှင် ချက်ချင်း အ,သွားပြီလား"

"ချော"

"ရှင်နဲ့ အိမ့်ကို (Sedona)မှာ ညစာအတူစားနေတာ ချောရဲ့သူငယ်ချင်းကိုယ်တိုင် မြင်ခဲ့တာရှင့်၊ အဲဒါကို ရှင်ဘယ်လိုရှင်းမလဲ"

"မောင်က ဘာကိုရှင်းရမှာလဲ ချော။ မင်းကရော ဘယ်လိုပုံစံမျိုးဖြစ်အောင် ရှင်းစေချင်တာလဲ"

ဟင် ...။

မောင့်ထံမှ တန်ပြန်အမေးကြောင့် ချောရဲ့မျက်နှာကွက်ခနဲပျက်ကာ ဒေါသသွေးရောင်တို့ ရုတ်ခြည်းယှက်သန်းသွားရတော့၏။ မောင် ဘယ်လိုစကားမျိုး ပြောလိုက်တာပါလိမ့်။

တကယ်ဆို ...

ချော ဘယ်လောက် ဒေါတကြီး ပေါက်ကွဲနေလိမ့်မလဲဆိုတာ မောင်တစ်ယောက် မသိတာလည်း မဟုတ်။ ချောမဒီကို မောင့်ဒယ်ဒီရဲ့ ကျန်းမာရေးကြောင့် မဖြစ်မနေ လက်ထပ်လိုက်ရတဲ့ အဖြစ်ကိုတောင် မနည်းကြီး နားလည်မှုပေးထားရတာ အခုလို ညစာကို နှစ်ယောက်အတူ အပြင်မှာ တပျော်တပါး သွား

စားနေတာကိုတော့ ခွင့်လွှတ်နားလည် သည်းခံပေးဖို့ဆိုတာ စိတ်ကူးနဲ့တောင် မယဉ်နိုင်။

သူငယ်ချင်းဖြစ်သူ မြတ်ဘုန်း ဖုန်းလှမ်းဆက်ပြောတုန်းကဆို ချောမှာ ဒေါသတွေ ထွက်လွန်းလို့ ပြေးသွားမိမတတ်ပင်။ သို့ပေမဲ့ ချော နံဘေးမှာ ဖွဲ့က ရှိနေတာမို့ စိတ်ကိုမနည်းထိန်းချုပ်ပြီး နေနေရ၏။ ပွက်ပွက်ဆူစနေတဲ့ သွေးတို့က နသစ်ကာ ဆန်းပြားသော ဖွဲ့ရဲ့အယုအယများအောက်တွင် ပကတိငြိမ်သက်ကာ ရင်ခုန်သံလှိုင်းတွေ ပြောင်းလဲသွားရတော့သည်။

ချောက ...။

သူမ ဘယ်လိုပဲနေနေ၊ ဘာပဲလုပ်လုပ် မောင့်ဘက်က တန်းတူခြေလှမ်း လှမ်းမှာကိုတော့ နည်းနည်းလေးမှပင် လက်မခံနိုင်ချေ။ မောင်က ပြောမယ့်သာပြောတာ စိတ်ဓာတ်တည်ကြည်ကာ ရိုးသား၏။ ရည်းစားတွေ ထည်လဲတွဲတဲ့နေရာမှာ နာမည်ကြီးလွန်းတဲ့ မောင့်ကို ပညာပေးဖို့ ချဉ်းကပ်ရင်းနှင့် ချောတကယ်ပဲ နှစ်သက်သွားမိသည်။ မောင်က ရည်းစားအဖြစ်သာ တွဲတာ အဲဒီမိန်းကလေးရဲ့ကိုယ်ကျင့်သိက္ခာကိုတော့ မောင် ဘယ်တော့မှ မဖျက်ဆီးခဲ့ချေ။ မောင်က စောင့်ထိန်းသင့်တာကိုတော့ သြချရလောက်အောင် စောင့်ထိန်းသည်။





အဲဒါလေးတွေကြောင့်ပဲ ချော မောင့်ကို အထင်ကြီးမိတာ ထင်ပါရဲ့။ မောင်တစ်ယောက် အိမ့်နဲ့လက်ထပ်မယ်ဆိုတဲ့သတင်း ကြားတော့ ချော အပေါက်ကွဲကြီး ပေါက်ကွဲခဲ့ရသည်။ လွတ်သည့်ငါးက ပိုပြီးကြီးချင်နေ၏။ မောင့်ကို ချော မဆုံးရှုံးချင်။ မောင်ကလည်း ချောကို သံယောဇဉ်ရှိတော့ ချော ပိုပြီးခံရခက်သွားတာပေါ့။ မောင့်ကို လက်မလွှတ်ရဖို့ ပိုပြီးကြိုးစားမိ၏။

မောင်ကလည်း အိမ့်ထက် ချောကိုပိုပြီး လိုလားတာပါပဲ။ အိမ့်က မောင်လိုလားတဲ့ အချက်တွေနဲ့ ပြည့်စုံနေတဲ့ မိန်းကလေးတစ်ယောက်လေ။ အသိုင်းအဝိုင်း တောင့်တင်းပြီး ဂုဏ်ရှိန်မြင့်တဲ့ ချောက မောင့်အတွက်လည်း လိုအပ်တယ်ဆိုတာ ချော သိသည်။

ဒါကြောင့်လည်း ...

ချော မောင့်ကို နားလည်ပေးဖို့ ဆုံးဖြတ်ခဲ့၏။

မိဘတွေဆန္ဒကြောင့်သာ ဆိုတဲ့ မောင့်ရဲ့အခက်အခဲကို သည်းညည်းခံကာ အခုချိန်ထိ စောင့်နေပေးခဲ့၏။ မောင့်ရဲ့အားနည်းချက်ကိုဖိကာ ချော လည်နေရတာ အဆင်ပြေနိုင်မှာမို့ ချောဘက်က ကြည်ဖြူစွာပင် နေပေးခဲ့သည်။

ခုတော့ ...

မောင်က ပုံစံတစ်မျိုး ပြောင်းချင်လာ၏။

တစ်မိုးအောက်တည်း အတူတူနေရသော အိမ့်ကို မောင့်စိတ်တွေ ယိုင်နဲ့ချင်နေချေပြီ။ ဒါကို ချော မသိဘဲ နေမလား။ အိမ့်က မောင်မပြောနဲ့ ဘယ်လိုယောကျ်ားမျိုးကမဆို အထင်ကြီး မလေးစားဘဲ မနေနိုင်တဲ့ မိန်းကလေးတစ်ယောက်ပဲ။

မိန်းမပီသစွာ အိမ်မှုကိစ္စ နိုင်နင်းပြီး ရိုးသားအေးချမ်းလွန်းသော အိမ့်ရဲ့စိတ်ဓာတ်နှင့် အမူအကျင့်များက ပိုသိလေ ပိုပြီးစွန့်လွှတ်ရမှာ ခက်ခဲလေလေပါပဲ။ အိမ့်ကို ချော မယှဉ်နိုင်တာလည်း အဲဒီအချက်တွေကြောင့်ပဲ ဖြစ်သည်။

ဒါကြောင့် ...။

အိမ့်အနားမှာ ထားရပေမယ့် ချော နည်းနည်းလေးမှ စိတ်မချနိုင်ပါ။

မိစမ်းကိုတောင် ချော အတင်းပဲ ပို့ထားမိသည်။ အိမ့်အပေါ် မောင် သာယာသွားမှာစိုးပြီး မိစမ်းကို စောင့်ကြည့်ပေးဖို့ အလုပ်သမားအဖြစ် လူယုံသွင်းထားခဲ့၏။

မိစမ်းကို ပြောသွားတော့ မောင့်ဒယ်ဒီက ဖုန်းဆက်ခေါ်လို့ အိမ့်နဲ့သူ သွားတွေ့ရမည်ဆိုပြီး ထွက်သွားသတဲ့။ မိစမ်း ဖုန်းဆက်အသိပေးတော့ မတတ်သာတဲ့ ကိစ္စတစ်ခုပဲလေဆိုပြီး နေပါစေပေါ့ဟု စိတ်ပိုင်းဖြတ်ထားခဲ့သော်လည်း မောင်နဲ့အိမ့်ကို (Sedona Hotal)မှာ ညစာအတူစားသောက်နေကြတာ တွေ့ခဲ့တယ်





ဆိုတဲ့ မြတ်ဘုန်းရဲ့ အသိပေး ဖုန်းဆက်မှုကိုတော့ ချော ဘယ်လိုမှ သည်းမခံနိုင်ပါ။

ဒါ ...

မရိုးသားတာပဲ။

ဘာကြောင့် မောင်က လိမ်ညာရတာလဲ။

တကယ်ဆို ...

အခုလိုလုပ်စရာ ဘာမှမလို။

မိစမ်းကို အယုံသွင်း လှည့်စားသွားတာ ဖြောင်ကျလွန်းလှ၏။

ချော ...

ဘယ်လိုမှ လက်မခံနိုင်တာ အဲဒီအချက်ပဲ။

နောက်တစ်နေ့ မိုးလင်းတာနှင့် ချော မောင့်ဆီ ဒေါနှင့်မောနှင့် ရောက်သွားခဲ့သည်။ ပြဿနာအကြီးအကျယ်ရှိ၏။ မောင့်ဆီက တောင်းပန်စကားပဲဖြစ်ဖြစ် နိုင်လုံသော အကြောင်းပြချက်တစ်ခုပဲဖြစ်ဖြစ် ချောရချင်သည်။

ချော သိသွားခြင်းအပေါ် မောင့်ရဲ့စိုးရိမ်ပူပန်နေသော တုန်လှုပ်မှုကို ချော ရချင်သည်။

သို့သော် ...

ချော ထင်သလို မရဲ့ခဲ့ပါ။

အေးဆေးတည်ငြိမ်နေသော မောင့်အသွင်က ချော
အတွက် ပုံစံသစ်တစ်ခုလိုပင် ဖြစ်နေခဲ့ရသည်။ ချောကိုလိုလား
လွန်းလို့ ချောငြိုငြင်မှာကြောက်သည့် အရိပ်အယောင်များ မောင့်
ထံမှာ ပျောက်ရှနေခဲ့၏။

ဘာကို ရှင်းပြရမှာလဲတဲ့ ...။

ဘယ်လိုပုံစံမျိုးဖြစ်အောင် ရှင်းပေးရမလဲတဲ့ ...

မောင့်မေးခွန်းတွေနဲ့ မောင့်ရဲ့လေယူလေသိမ်း
ချောရင်ကို မီးလောင်တိုက်ထဲ သွပ်သွင်းလိုက်သည့်ပမာ။

ဟင့်အင်း ...

မောင် အဲဒီလို မဖြစ်ရဘူး။

မောင့်ကို အဲဒီလိုပုံစံမျိုးဖြစ်ခွင့် ချော မပေးနိုင်ဘူး

အိမ်နဲ့ပတ်သက်ပြီး အရာအားလုံး ရင်ဆိုင်ဖို့ အသ
ပဲဆိုတဲ့ အဖြစ်ကို ချော လက်မခံနိုင်ဆုံးပဲ မောင်။

"ဒါဘာစကားလဲ မောင်၊ မောင့်ပုံစံက ရင့်လှချည်လား"

"ချော"

"အခုအချိန်မှာ ချော ဘယ်လောက်ထိ ဒေါသဖြစ်
ခံပြင်းနေသလဲဆိုတာ မောင် ခံစားမိမှာပါ၊ မထင်မှတ်
ချောက သစ္စာဖောက် ခံလိုက်ရတာလေ။ တကယ်





မောင် မလိမ်ညာသင့်ဘူး မဟုတ်လား။ အပြင်ခဏထွက်
သည့်တိုင်အောင် အကျိုးအကြောင်း တစ်ခုခုတော့ မောင်
ပြောသင့်တာပေါ့၊ ခုတော့ ... မောင်ကလည်း အမှားလုပ်
သေးတယ်၊ မောင်ကပဲ ဒေါသတွေ ထွက်ပြနေသေးတယ်၊
ဒါက ဘာသဘောလဲ မောင်၊ ချောမဒီကို မောင်က အချဉ်
လို့ ပေါ့ပေါ့လေး တွေးထားတာလား"

"ချော"

"ချောကို ပေါ့သေးသေး မှတ်ထားရင် မောင် နောင်တ
ရသွားမယ် သိလား။ ချောက ခပ်ညံ့ညံ့မိန်းမ မဟုတ်ဘူး။
ဘယ်သူ့လှည့်စား အရူးလုပ်တာကိုမှ မခံနိုင်ဘူး"

"ချော"

"မောင် ပြောတော့ အိမ်နဲ့ပတ်သက်ပြီး မောင့်ရင်ထဲမှာ
ဘာမှမရှိဘူးဆို။ မောင့်ဒယ်ဒီရဲ့ ကျန်းမာရေးကြောင့်သာ
လက်ခံခဲ့ရတာ ဆိုပေမယ့် မောင်ချစ်တာ၊ မောင်လိုအပ်
တာ ချောမဒီပဲဆို၊ အခုလေသံက ဘာသဘောလဲ"

ပြဿနာပဲ။

ချောမဒီ အသံက စူးခနဲနေအောင်ပင် ထွက်လာ
သည်။

ဟဝဠာ ဘယ်လိုတားဆီးရမှန်း မသိတော့။

အိမ့်က အပေါ်ထပ်အခန်းထဲမှာ ရှိနေသည်။ ကြားသွားပြီလားမသိ။ ချောမဒီ မနက်အစောကြီး ရောက်ချလာကတည်းက သူ့စိတ်ထဲ တစ်ခုခု ဖြစ်တော့မည်ဆိုတာ ကြိုတွက်ထားပေမယ့် အရှက်မဲ့စွာ သူများအိမ်မှာ ခုနစ်သံချီဟစ်ပြီး ရန်တွေ့လိမ့်မည်ဟု ဟဝဠာ မထင်ထားမိပေ။

အခုတော့ ...။

ချောက ရန်လုပ်ရုံတင်မကဘဲ သူ့ကိုပါ အရှက်ခွဲလိုသည့် သဘောဆန္ဒများပင် ပါဝင်နေ၏။ ဟဝဠာ အရှက်ကြီးရှက်နေမိသည်။ ချောရဲ့အကျင့်စရိုက်ကို တစ်စထက်တစ် ပို၍ပင်သွေးပျက်နေမိတော့၏။ အိမ့်ကြားသွားမှာကို သေလောက်အောင်စိုးရိမ်နေမိတော့သည်။

"အိမ့်ဆိုတဲ့ မိန်းမကလည်း ကြည့်လိုက်ရင် မခုတ်တတ်တဲ့ကြောင်ပုံစံနဲ့ ရှင်တို့နှစ်ယောက်ပေါင်းပြီး ချောကို အရူးလုပ်ဖို့ ကြံစည်နေကြတာလား"

"ချော ... မင်း မဆိုင်တဲ့သူကို ဆွဲမထည့်နဲ့။ အခုကိစ္စအိမ့်နဲ့ ဘာမှမဆိုင်ဘူးကွ"

"ဘာလို့ မဆိုင်ရမှာလဲ၊ မောင်က ချောရဲ့ချစ်သူဆိုတာသူ သိနေတာပဲဟာ၊ သူများချစ်သူကို လုယူဖို့ ကြိုးစားတာ





လောက် အောက်တန်းကျတာ မရှိဘူး သိလား။ အိညှက်အိညှက်နဲ့ မိဘတွေ အရှိန်အောက်ကနေ ဖြားယောင်းဖို့ကြိုးစားနေတာ"

"ဗျာ"

"မောင်နဲ့ ကင်းကင်းနေဖို့ သူ့ကို သတိပေးပြီးသားပဲ၊ သူကိုယ်တိုင်ကရော ဒါကို ကျေကျေနပ်နပ် လက်ခံထားတာ၊ အခုမှ"

"ချော တော်တော့ကွာ၊ မင်း ပါးစပ်ပိတ်လိုက်တော့"

"မပိတ်နိုင်ဘူး မောင်၊ ရှင် ကျွန်မကို အခါနဲ့လာမပေးနဲ့၊ ချောမဒီ ဘဝမှာ ဘယ်သူမှ လေသံမာမာနဲ့တောင် ပြောရဲခဲ့တဲ့သူရှိတာ မဟုတ်ဘူး သိလား၊ ရှင့်ကြောင့် ချောစိတ်တွေ ကြမ်းတမ်းကုန်ရတာ"

"ချော ... ဆောရီးကွာ၊ မောင် တောင်းပန်ပါတယ်၊ ပတ်ဝန်းကျင်က ကြားသွားရင် မကောင်းဘူး ချော"

"ပတ်ဝန်းကျင် မဟုတ်ပါဘူး၊ ရှင်က အိမ့်ကြားသွားမှာကို စိုးရိမ်နေတာ မဟုတ်လား မောင်"

"ချော"

"မရဘူး မောင်၊ ချော လုံးဝမကျေနပ်သေးဘူး"

"ချော"

ချောလက်ကောက်ဝတ်လေးကို ဖမ်းဆုပ်ကိုင်ကာ တားဆီးမိ၏။

"လွှတ်စမ်း ... မောင်"

"မောင်တို့ အပြင်သွားရအောင်"

"မသွားဘူး"

ချောက သူ့လက်တွေကို ပြန်ရုန်း၏။

ဟာဝဠာ မလွှတ်။

အပြင်ကို ခေါ်ထုတ်သွားဖို့ပဲ ကြံရွယ်နေမိသည်။

"လွှတ်နော် ... ကျွန်မလက်ကိုလွှတ်"

"မောင်တို့ အပြင်သွားကြရအောင် ချော"

"ဟင့်အင်း"

ဟာဝဠာ စိတ်မရှည်ချင်တော့။

အခုအချိန် ...

သူ့အသိစိတ်ထဲမှာ ရှိနေတာ နှောင်တ,တရားတွေပါပဲ။

ချောမဒီကို ချစ်မိတဲ့အတွက် တစ်သက်တာမှာ စွဲထင်နေတော့မယ့် နှောင်တ,တရားတွေပါပဲ။

အိမ့်ရယ် ...

ငါ မှားသွားပြီဟာ။





နင်နဲ့ပတ်သက်ပြီး ခဏလေးစောင့်ကြည့်ဖို့ ငါဘာကြောင့် အချိန်မပေးခဲ့မိသလဲဆိုတဲ့ အတွေးကို တွေးမိတိုင်း ငါ နောင်တရလို့ မဆုံးအောင်ပါပဲ အိမ့်ရယ်။ ငါ့အပေါ် အမြဲတမ်း အနွံအတာခံခဲ့တယ်နော်။ ငါ ဘာတွေ ဘယ်လိုပဲ ဆုံးဖြတ် ဆုံးဖြတ် လိုက်နာဖို့ ကြိုးစားတတ်တဲ့ နင့်စိတ်ဓာတ်ကို အခုတော့ ငါ အပြစ်တင်ချင်လိုက်တာဟာ။

အိမ့်ရယ် ...

လူတစ်ယောက်ရဲ့ဘဝမှာ ဘယ်အရာဟာ အလိုအပ်ဆုံးလဲ၊ ဘယ်အတိုင်းအတာရှိရင် နေပျော်စရာ အကောင်းဆုံးလဲ ဆိုတာကို ငါ မစဉ်းစား မဝေဖန်နိုင်ခဲ့တဲ့အတွက် အခုတော့ ငါ အရှုံးကို ခံစားနာကျင်နေရပြီ အိမ့်ရာ။

ငါ မှားခဲ့ပါတယ်။

ငါနဲ့ပတ်သက်ပြီး နင် ဘယ်တုန်းကမှ စိတ်မချမ်းသာခဲ့ရပါဘူး အိမ့်ရယ်။ နင် အမြဲတမ်း မျက်နှာငယ်ပြီး စိတ်ဆင်းရဲခဲ့ရတာပါ။ နင့်ကို အဲဒီလိုထားခဲ့မိတဲ့ ငါ့ကို ခွင့်မလွှတ်ပါနဲ့ အိမ်ရယ်။ ငါက နင့်ရဲ့ နားလည်ခွင့်လွှတ်မှုတွေနဲ့ လုံးဝ ဆိုက်တန်တဲ့သူပါကွာ။

အခုအချိန်မှာတော့ ငါ နင့်ကိုဆက်ပြီး ဒဏ်ရာနက်နက်တွေနဲ့ မခံစားစေချင်တော့ပါဘူး အိမ့်ရယ်။ စာနာမှုမရှိတဲ့

လုပ်ရပ်တွေ ထပ်ပြီးမကျူးလွန်ရက်တော့ပါဘူးဟာ။ ဘာပဲပြော ပြော ချောမဒီ ဆိုတာ ငါ အစကတည်းက ရွေးချယ်ထားခဲ့ပြီး သား လူတစ်ယောက်ပါ။ ငါ နောင်တရချင်ပေမယ့် နင့်အတွက် ဆိုတဲ့ အသိနဲ့ ငါ ဆက်ပြီးရွေးချယ်ပါတော့မယ်။

အိမ့်ရယ် ...

နင့်အနာဂတ်လေး လှပအေးချမ်းစေဖို့နဲ့ ဂုဏ်သိက္ခာ ရှိအောင် ဆက်ပြီးရပ်တည်နိုင်ဖို့ ငါ ပြန်ပြီးပေးဆပ်ပါမယ်ဟာ။

"ချော ... မောင် တောင်းပန်ပါတယ်၊ မောင်တို့ အပြင် သွားကြရအောင်နော်၊ ချောရဲ့စိတ်တွေကို လျှော့ချလိုက်ပါ တော့ ချောရယ်"

ဟဝဠာ လေသံလေးက လျော့ကျသွား၏။

ချောမဒီကို တောင်းပန်မိ၏။

"ဘာလဲ ... အိမ့် ကြားသွားမှာစိုးလို့ တမင်သက်သက် ချောကို အပြင်ခေါ်ထုတ်တာ မဟုတ်လား"

"မဟုတ်ပါဘူး ချောရာ၊ ချောနဲ့ ဘာအဓိပ္ပာယ်မှ မရှိ ရန်မဖြစ်ချင်လို့ပါ၊ သွားရအောင် ချောရာ"

ဟဝဠာ ဆွဲခေါ်မိသည်။

"ဒါက ဘယ်လိုဖြစ်နေ... ဘာလဲ ဟဝဠာ"

"ဟင် ... မ..."





"ဟယ်"

နှစ်လိုမှုကင်းမဲ့သော မျက်ဝန်းတစ်စုံအောက်တွင် ဟဝဠာ တစ်ယောက် မှင်သက်သွားရသည်။ ချောရဲ့လက်ကလေး ကို ဆုပ်ကိုင်ထားနေလျက်မှ ဖျတ်ခနဲ လွှတ်လိုက်မိ၏။

မာမီရယ်လေ။

တိုက်တံခါးပေါက်ဝမှာ မားမားမတ်မတ်ကြီးရပ်ကာ ဒေါသူးနစ်နစ်ကြီး စိုက်ကြည့်လို့။

❤ ✧ ❤

## အခန်း(၁၈)

"ပြန်ပြောစမ်း၊ စောစောက စကားကို မင်း ပြန်ပြောလိုက်စမ်း မိန်းကလေး"

"ချောက မောင့်ချစ်သူပါ အန်တီ"

မြတ်စွာဘုရား။

ဟာဝဠာရဲ့ချစ်သူတဲ့။

အောက်ကျမခံသော ခပ်မော့မော့ မျက်နှာလေးနှင့် မိမိကို ရဲဝံ့စွာ ရင်ဆိုင်တုံ့ပြန်ကြည့်နေသော ချောမဒီ ဆိုတဲ့ ကောင်မလေးကိုကြည့်ပြီး ဒေါ်မေဘဲဟ် ရင်ဘတ်ကြီးကို စည်တီးမိမတတ် ဖြစ်သွားရသည်။

အိမ်ထောင်ကျပြီးသား ယောကျ်ားတစ်ယောက်အိမ်ကို အလည်လာပြီး စိတ်ကောက်လား ကောက်ပြနေတဲ့ ချောမဒီ





ရဲ့ ရဲတင်းမှုက ယုံပင်မယုံချင်စရာ။ ဒီမိန်းကလေးရဲ့သတ္တိ ဒီလောက်တောင် ရှိနေသတဲ့လား။

ဟာဝဠာ ...။

မင်း ဘာတွေ လျှောက်လုပ်နေတာလဲ။

ဒီမိန်းကလေး အခုလိုဖြစ်တာ မင်းကြောင့်ပဲလေ။ မင်း အားပေးအားမြှောက်သာ မလုပ်ရင် ဒီလောက် သူလုပ်ဝံ့ပါ့မလား။ မင်း ကြည်ဖြူလို့ ဖြစ်တာပေါ့ ဟာဝဠာ။

မင်း ...

အသိတရားမှ ရှိရဲ့လား ဟာဝဠာ။

မိဘတွေရဲ့မျက်နှာကိုမှ မထောက်ထား မင်း လုပ်ရက်လိုက်တာ ဟာဝဠာရယ်။ မင်းကို အပြောသက်သက် လုပ်ရက်မှာမဟုတ်ဘူးလို့ မာမီက ထင်ထားတာ။

ကြည့်စမ်း ...

အိမ့်လေး ဘယ်လောက်တောင် မျက်နှာငယ်ပြီး ဝမ်းနည်းနေရသလဲ။ မင်းကြောင့် သူ အရှက်ရပြီး ငိုကြွေးနေရပြီ ဟာဝဠာ။ ဒါကို မင်းကြည့်ရက်လိုက်တာနော်။ အေးပေါ့လေ မင်းကတော့ သွေးအေးအေးနဲ့ ကြည့်နေနိုင်မှာပေါ့။ အိမ်ကို ချစ်ခင်နှစ်သက်လို့ လက်ထပ်ယူခဲ့တာမှ မဟုတ်တာ။

ဒါပေမဲ့ ဟာဝဠာရယ်။

မင်း အဲဒီလောက် မရက်စက်သင့်ပါဘူး။

အိမ့်မှာ ဘာအပြစ်ရှိလို့လဲ ဟဝဠာ။

အပြစ်မဲ့တဲ့သူကို မင်း အဲဒီလောက်တောင် အညှာအတာ ကင်းမဲ့ရသတဲ့လားကွာ။

ဒေါ်မေဘဲလ် ရင်ထဲ ဒေါသသွေးတို့နှင့် တပွက်ပွက်ဆူဝေနေရ၏။

မျက်နှာတစ်ခုလုံး အလိုမကျမှုတို့နှင့် သုန်မှုန်ကာ ချောမဒီ ဆိုတဲ့ ကောင်မလေးကို စေ့စေ့စိုက်ကြည့်နေမိသည်။

"ချစ်သူဆိုတာ လက်ထပ်ထားသူမှ မဟုတ်တာပဲ ချောမဒီ။ မင်း သိထားသင့်တာက ဟဝဠာက အရင်ကလို လူလွတ်မဟုတ်တော့ဘူးကွယ့်၊ သူ့မှာ အိမ်သူသက်ထား ဇနီးမယားအိမ်မျက်ချယ် ရှိနေပြီ။ ဒါကို မင်း မသိတာတော့ မဟုတ်လောက်ပါဘူးနော်၊ အန်တီက ချွေးမရနေပြီကွယ့်"

"အန်တီ ထင်လို့ပါ"

"ဘယ်လိုကွယ့်"

"အိမ့် ... နင် ပြောပြလိုက်လေဟာ"

ချောမဒီက လေသံမာမာနှင့်ပင် အိမ့်ဘက်သို့ မျက်နှာလှည့်ကာ မေးဆတ်ပြ၏။

ဒေါ်မေဘဲလ် ဘာမှနားမလည်။





ခန္ဓာကိုယ်လေး တဆတ်ဆတ် တုန်ယင်ကာ မျက်နှာငိုင့်ပြီး တသိမ့်သိမ့် ရှိုက်ငိုနေသော အိမ့်ကိုကြည့်ကာ ဒေါ်မေဘဲလ် စိတ်ထဲ စိုးရွံ့သော သံသယများစွာ မွှားများနေရတော့သည်။

"သမီး ... အိမ့် ပြောစမ်း၊ ဒါက ဘာသဘောလဲ၊ ချောမဒီ ပြောချင်တာ ဘာအဓိပ္ပာယ်လဲ၊ မာမီ နားမလည်ဘူး"

"အဟင့် ... ဟင့်"

အိမ့်မျက်ကျယ်က မဖြေချေ။ တသိမ့်သိမ့်သာ ရှိုက်ငိုနေတော့သည်။

"အိမ့် ... မာမီ မေးနေတယ်လေ။ ဟဝဠာ ... မင်းဘာလို့ ပါးစပ်ပိတ်နေတာလဲ၊ ပြောစမ်း၊ မင်းတို့တွေ ဘာကို လျှို့ဝှက်ထားကြသလဲ၊ ဘယ်လိုအကြံအစည်တွေ ကြံစည်ထားကြတာလဲ၊ ငါ့ကို ရှင်းရှင်းလင်းလင်း ပြောကြစမ်းပါ"

"သားနဲ့ အိမ့်က ဘာမှမဆိုင်ဘူး မာမီ"

"ဘာ"

"သားတို့နှစ်ယောက်က ဟန်ဆောင်လက်ထပ်ခဲ့ကြတာ၊ အခု နှစ်ဦးသဘောတူ ကွာရှင်းထားပြီးသွားကြပြီ မာမီ"

"ဘုရား ... ဘုရား"

နားထဲ သံရည်ပူပူများ စီးကျလာသည့်အလား။

ဒေါ်မေဘဲလ် ခေါင်းပေါ် မိုးကြိုးအစင်းတစ်ရာ ကြွလာသလိုပင် ခံစားလိုက်ရသည်။ ကြီးမားသော ကြံစည်မှုကြီး တစ်ခု။ မိဘတွေရှေ့မှာ လက်ထပ်ပြီး နှစ်ဦးသဘောတူ ပြန်ကွာ ရှင်းထားကြသတဲ့လေ။ ကြားရတဲ့စကားက ယုံပင်မယုံချင်စရာ ဘယ်လိုမှ လက်မခံနိုင်စရာတွေရယ်ပါ။

"မင်း ... မင်းတို့"

"ဒယ်ဒီ့ကျန်းမာရေးအတွက် အခြေအနေအရ အိမ့်နဲ့သာ ညှိပြီး ..."

"တော်တော့ ဟဝဠာ"

ဒေါ်မေဘဲလ် ဆက်ပြီးကြားနိုင်စွမ်း မရှိတော့စွာပင် အော်ဟစ်ကာ တားဆီးပစ်လိုက်မိသည်။ အိမ့်ကိုလည်း ဘယ်လိုမှ နားမလည်နိုင်တော့သလို တအံ့တသြ လှမ်းကြည့်မိ၏။

မှားပြီ။

မိမိ အရမ်းကိုပဲ မှားသွားခဲ့ပြီ။ အိမ့်ကို ထင်မထားလောက်အောင်ပဲ ဒေါ်မေဘဲလ်က ယုံကြည်ထားခဲ့တာလေ။ သားဖြစ်သူ ဟဝဠာကိုလည်း အဲဒီလောက် လုပ်ရက်လိမ့်မည်ဟု မတွေးမိသည့်အတွက် မိမိ ဖွတ်အတင်း မင်္ဂလာကိစ္စကို စီစဉ်ခဲ့မိ၏။ အိမ့်က မိမိတို့သားအမိနှစ်ယောက်၏ တင်းမာသော စိတ်ခတ်များကြားတွင် လည်စင်းအညှံပေးခံလိုက်ရရှာပေပြီ။





ဒါကြောင့် အိမ့်ပျော်ရွှင်နိုင်မှာ မဟုတ်ဘူးလို့ သားက အခိုင်အမာ ပြောနိုင်ခဲ့တာ။

"ချောတို့အားလုံးက တက္ကသိုလ်မှာ စာသင်ခန်းတစ်ခန်းတည်း အတူတူ တက်ကြတဲ့ သူငယ်ချင်းတွေပါ၊ အားလုံး နားလည်မှု ရှိထားကြပြီးသားပါ အန်တီ၊ ဒါကြောင့် ချောတို့ကြားမှာ အထွေအထူး ပြဿနာမရှိဘူး အန်တီ"

"ဒါပေမဲ့ မင်းတို့ရဲ့ လုပ်ရပ်တွေအားလုံးကို လူကြီးတွေက နားလည်ပေးနိုင်ပါ့မလား ဆိုတာကိုတော့ မင်းတို့နည်းနည်း စဉ်းစားထားသင့်တာပေါ့ ချောမဒီ"

"ရှင်"

"အရာရာတိုင်းဟာ မင်းတို့ ထင်သလောက် လွယ်ကူမနေနိုင်ဘူး ဆိုတာကိုတော့ နားလည်ထားသင့်တာပေါ့ကွယ်"

ဟင် ...

ဒေါ်မေဘဲလ် စကားကြောင့် ချောမဒီ မျက်နှာကွက်ခနဲ ပျက်သွားရ၏။

"မင်းတို့ တော်တော်ရူးနှမ်းကြတာပဲ၊ တကယ်ဆို လူကြီးတွေရဲ့ဆန္ဒအမှန် ဘယ်လိုရှိတယ် ဆိုတာကို မင်းတို့ထည့်တွေးသင့်တယ်"

"ချောအတွက်တော့ သိပ်မလိုဘူး အန်တီ။ အဓိက ချော ချစ်သူက ချောအပေါ်မှာ သစ္စာမပျက်ဘူး ဆိုရင်ပဲ လုံ လောက်တယ်။ ဘယ်သူတွေ ဘယ်လောက်ဖျက်ဖျက် ချောကတော့ စိတ်မဝင်စားဘူး၊ လိုက်နာပြီး ဟန်ဆောင်မှု တွေနဲ့ ရပ်တည်ပြမှာလည်း မဟုတ်ဘူး။ ချောက မောင့် ကို သိပ်ချစ်လွန်းလို့သာ မောင့်စိတ်တိုင်းကျ ခဏလေး ရှောင်ပေးခဲ့တာကလွဲပြီး ချော ပိုင်ဆိုင်ခွင့်ကိုတော့ ဘယ်လို အကြောင်းမျိုးနဲ့မှ လက်လွှတ်ဆုံးရှုံးမခံနိုင်ပါဘူး။ ဒါ ချော ဆုံးဖြတ်ထားပြီးသား ကိစ္စပဲ။ မောင်ကလည်း ယောကျ်ား ကောင်း ပီသစွာ ကတိတည်တယ်လေ။ ချောအတွက် လုံလောက်ပြီလို့ပဲ ထင်မှတ်ထားတယ်"

မြတ်စွာဘုရား။

ချောမဒီဟာ တကယ့်ကိုမလွယ်တဲ့ မိန်းကလေးပါ ပဲလား။

အကြောက်အလန့်လည်း တစ်စက်ကလေးမှ ရှိမနေ ချေ။

ဟာဝဠာရယ်။

ဒါဟာ မင်းသိပ်ပြီး နှစ်သက်ပါတယ်ဆိုတဲ့ အရည် အချင်းတွေတဲ့လားဟင်။ အံ့ဩစရာ ကောင်းလိုက်တာ။ မင်း





ပျော်ရွှင်နိုင်တယ်ဆိုတာ သိပ်ပြီး အံ့ဩစရာ ကောင်းလိုက်တာကွာ။ မင်း'ဒယ်ဒီသာ မြင်ရင်တော့ ချက်ချင်း နေရာမှာတင်ပဲ လဲပြိုသွား မှာပဲ ဟာဝဠာ။ သူက မင်းကို အရမ်းမျှော်လင့်ထားခဲ့တာ။ သူ့ သားဟာ ထင်သလောက် မမိုက်မဲဘူးတဲ့လေ။ ရင်နာစရာကောင်း လိုက်တာ ဟာဝဠာရယ်။ မာမီ မင်းကိုကြည့်ပြီး သနားလိုက်တာ ကွာ။

"ဟာဝဠာ"

"ဗျာ"

"မင်းရဲ့စိတ်ကူးကရော အရင်အတိုင်းပဲလား ဟာဝဠာ"

"ဗျာ"

"ချောမဒီရဲ့ အယူအဆတွေအတိုင်းပဲလားလို့ မေးတာပါ"

ဟာဝဠာ။

နှုတ်တွေ ဆွံ့အ,သွားခဲ့ရပြီ။

တကယ်ဆို ...

သူ ခေါင်းခါယမ်းပြီး ငြင်းပယ်လိုက်ချင်တာပါ။

ချောမဒီဟာ တစ်ချိန်က သူ စိတ်လှုပ်ရှားခဲ့သူဆို တာ မှန်ပေမယ့် အိမ့်နဲ့ အနီးကပ်နေရပြီးနောက် မိန်းမနှစ်ယောက်ရဲ့ အသွင်မတူတဲ့ အကျင့်စရိုက်တွေကို သိပြီး နောင်တတွေ တစ်သီကြီး ရနေခဲ့တာလေ။

မာမိရယ် ...။

ကျွန်တော့်ကို အခုလို ချောင်ပိတ်တဲ့ မေးခွန်းမျိုးတွေနဲ့ ဘာကြောင့် အသေသတ်ဖို့ ကြိုးစားရတာလဲ။ ကျွန်တော့်ရင်ထဲက ဆန္ဒတွေကို မာမိ မမြင်နိုင်ဘူးလားဟင်။ ဟဝင္ဂါဆိုတဲ့ကောင် အပြောင်းလဲကြီး ပြောင်းလဲနေပြီ ဆိုတာကို မိဘဖြစ်တဲ့ မာမိက အကဲမခတ်နိုင်တော့ဘူးလားဗျာ။

အခုအချိန်မှာ ...

ကျွန်တော် ဘယ်လိုအဖြေမျိုး ပြန်ပေးရမှာလဲ။

နင့်ကို လုံးဝမချစ်နိုင်ဘူးလို့ ရက်ရက်စက်စက် ပြောထွက်ခဲ့တဲ့ ကျွန်တော့်ရဲ့ နှုတ်ထွက်စကားတွေကို ဘယ်လိုပြန်ပြင်ရတော့မလဲ မာမိ။

ကျွန်တော်ပြောရင်ရော ...

အားလုံးက လက်ခံယုံကြည်ပေးမှာမို့လို့လား။

အဓိက ...

အိမ့်ပဲ မာမိ။

အိမ့်ကို ကျွန်တော့်အနားမှာ မထားနိုင်ဘူးလို့ ကျွန်တော်ကိုယ်တိုင်ပဲ တားဆီးခဲ့တာ။ အခုအချိန်မှာ ကျွန်တော် ဘာတွေကိုပဲ ပြောချင် ပြောချင် ပြောဆိုခွင့်တွေ မရတော့ဘူး မာမိ။ ကျွန်တော့်ခြေလှမ်းတွေ ဆက်လှမ်းမရအောင် ကျွန်တော်ပဲ ပိတ်ကာဆီးခဲ့တာ။





"ဟဝင္ဂါ"

"ဗျာ"

"မင်းတို့နှစ်ယောက် အဝတ်ထုပ်ပြင်ပြီး မာမီ့နောက် လိုက်ခဲ့ကြတော့ ဟဝင္ဂါ"

"ဗျာ"

"မာမီ အရာအားလုံးကို နားလည်လိုက်ပါပြီ။ ဒါကြောင့် ဒီမင်္ဂလာလက်ဖွဲ့တိုက်ကြီးထဲမှာ မင်းတို့နှစ်ယောက် ဆက်နေခွင့် မရှိတော့ဘူး ဟဝင္ဂါ။ မာမီ့မျက်စိအောက်မှာ ရှိနေတဲ့နေရာမှာပဲ မင်းတို့ကို ထားတော့မယ်။ ဘာပဲပြောပြော ပတ်ဝန်းကျင် အသိုင်းအဝိုင်းနဲ့ မင်း ဒယ်ဒီရဲ့ကျန်းမာရေးက ရှိနေသေးတာဆိုတော့ အခုအချိန်မှာ ဘာမှလုပ်လို့ မရသေးဘူးပေါ့။ ဒါပေမဲ့ မာမီ သိထားပြီးသား ကိစ္စတစ်ခုကိုတော့ မျက်နှာလွှဲပြီး ပစ်မထားနိုင်ဘူးလေ။ အိမ့်ကိုမာမီ ပြန်ပေးဆပ်ရဦးမယ်။ အိမ့် ပေးဆပ်လိုက်တာနဲ့ တန်အောင် မာမီ ပြန်ပေးဆပ်မှ ဖြစ်တော့မယ်၊ အဲဒါကြောင့် မင်းတို့နှစ်ယောက် ပြန်လိုက်ခဲ့ကြတော့ ဟဝင္ဂါ။ မင်းဒယ်ဒီက သန်ဘက်ခါဆို ဆေးရုံကို စတက်ရတော့မှာလေ။ မင်းတို့ကို လာအကြောင်းကြားခိုင်းတာ။ မထင်မှတ်ဘဲ အခြေအနေမှန်ကို မာမီက သိခဲ့ရပြီဆိုတော့ အိမ့်ကို မာမီစောင့်ရှောက်

ရမှာပေါ့။ မင်းဒယ်ဒီ ဆေးရုံတက်ရင် မင်း သွားစောင့်ပေး ရမယ် ဟာဝဠာ။ အိမ့်ကတော့ မာမီနဲ့အတူနေပေါ့လေ။ ဒီ ဇာတ်လမ်းကို မင်းတို့က ဟိုးအစကတည်းက ရေးဆွဲခဲ့တာ ပဲ မဟုတ်လား။ မင်းတို့ သရုပ်ဆောင်ပိုင်မယ် ဆိုတာ မာမီ ယုံပါတယ်။ မင်းဒယ်ဒီ စိတ်ဆင်းရဲအောင်တော့ မဖန်တီးကြနဲ့ဦးနော်၊ မင်းဒယ်ဒီက ဘာမှသိတဲ့သူ မဟုတ် ဘူး။ သူ ကျန်းမာရေး ပြန်ကောင်းလာတဲ့ တစ်ချိန်ကျရင် တော့ မင်းတို့စိတ်တိုင်းကျ ဖြစ်စေရမယ်။ မာမီ ကတိပေး တယ် ဟာဝဠာ"

ဟာ ...။

ဟာဝဠာ မျက်လုံးကြီးတွေ ပြူးကယ်ဝိုင်းစက်သွား သည်။

မာမီ ...။

ဘာကိုဆိုလိုသလဲဆိုတဲ့ အချက်ကို သူ ကောင်း ကောင်းကြီး နားလည်လိုက်၏။ အိမ့်နဲ့ သူ့ကို တစ်မိုးအောက် တွင် အတူတူ မထားတော့ဘူးဆိုတဲ့ သဘောပါပဲ။

"ချောကတော့ အန်တီ့ကို ယုံလို့လား မသိဘူး၊ အန်တီ့ အစီအစဉ်ကို ကောင်းတယ်လို့ပဲ ထင်တယ် မောင်။ မိစမ်း ကို ချော ပြန်ခေါ်သွားတော့မယ်လေ။ စောင့်ကြည့်နိုင်





ထားစရာမှ မလိုတာ။ ပြီးတော့ အိမ့်အတွက်လည်း နေရ တာ ပိုပြီးအဆင်ပြေတာပေါ့ မောင်"

ကြည့်စမ်း ...၊

ချောမဒီ ဆိုတဲ့ မိန်းကလေးရဲ့ ပါးနပ်လိုက်တဲ့စကား။

အန်တီ့ကို ယုံကြည်လို့တဲ့ ...

တစ်ချက်တည်းနဲ့ မိမိကို ထိန်းချုပ်သွားတာပဲ။

အင်းပေါ့လေ ...

မိမိသား ကိုယ်တိုင်ကိုက မိမိတို့ဘက်မှာ ရှိမနေတာ တာ၊ တခြားသူကို အပြစ်တင်ဖို့ဆိုတာ ခက်ခဲတာပဲလေ။

ဟာဝဠာ ...

ဒီပွဲမှာ မာမီ မင်းကို ရှုံးသွားတာပေါ့ကွာ။

အိမ့်ဘဝလေး မနစ်မွန်းစေချင်တဲ့ စိတ်တစ်ခုတည်း အတွက်နဲ့ မာမီ မင်းကို အနိုင်ပေးလိုက်ရတာပေါ့။

မင်း နိုင်ပါတယ် ဟာဝဠာ။

ငါ့ကို ... မင်း နိုင်သွားပါပြီ။

ဒေါ်မေဘဲလ် တစ်ယောက် အံလေးကို တင်းတင်း ကြိတ်ကာ သားဖြစ်သူရဲ့မျက်နှာဆီ အဓိပ္ပာယ်ရှိသော မျက်ဝန်း ကြည့် နက်နက်တို့ဖြင့် စူးနင့်နေအောင်ပင် ကြည့်လိုက်မိတော့ သည်။

"သမီး ... အိမ့်"

"ရှင် ... အန်တီ"

"အန်တီ့ကို ခွင့်လွှတ်ပါကွယ်။ အန်တီ သမီးအပေါ်မှာ အမှားတွေ အများကြီး ကျူးလွန်ခဲ့မိပါတယ်။ အဲဒီအတွက် အန်တီ အနူးအညွတ် တောင်းပန်ပါတယ် သမီးရယ်"

"အန်တီရယ် ... အဟင့် ... ဟင့်"

အိမ့် ...။

ဘယ်လိုမှ ဟန်မဆောင်နိုင်တော့စွာပင် အန်တီ ဘဲလ် ရင်ခွင်လေးထဲ ခေါင်းလေးတိုးဝင်ကာ အင့်ခနဲနေအောင် ပင် ငိုရှိုက်လိုက်မိပါတော့သည်။

❤ ✧ ❤





## အခန်း(၁၉)

လူတစ်ယောက်နဲ့ တစ်ယောက် အနီးကပ်ရှိနေစဉ်က သိပ်ပြီး သတိမထားခဲ့မိကြပေမယ့် အခုလို ခွဲခြားပြီး တစ်ယောက် တည်းသတ်သတ် နေရချိန်မှာတော့ အင်မတန် အဖော်မဲ့ကာ အထီးကျန်သလို ခံစားနေရသည်။

မတရားလိုက်တာလို့ ပြောချင်ပေမယ့် ပြောခွင့်မရှိ တဲ့အဖြစ်လောက် ဆိုးဝါးလိုက်တာ မရှိတော့။ သိပ်ပြီး လိုအပ် နေသလားဆိုတာ အတူတူ ရှိနေစဉ်အချိန်က မသိခဲ့ပေမယ့် အခု လိုအချိန်မျိုးမှာတော့ ငါ နင့်ကို အရမ်းတွေ့ချင်တာပဲ အိမ့်ရာ။

အိမ့် ...

နင်ရော အခုအချိန်မှာ ဘယ်လိုခံစားနေရလဲဟင်။

နင် ...

အရမ်းကို စိတ်ပေါ့ပါးပြီး ဝမ်းသာပျော်ရွှင်နေမှာပဲ နော် အိမ့်။ ဘာဖြစ်လို့လဲဆိုတော့ နင်က အခုဆိုရင် မာမီ့မျက်လုံးထဲမှာ အင်မတန် လိမ္မာရေးခြားရှိပြီး စာနာထောက်ထားတတ်တဲ့ မိန်းကလေး ဖြစ်နေခဲ့ရပြီလေ။ နင့်ရဲ့အနစ်နာခံမှုတွေအတွက် ပြန်ပေးဆပ်ဖို့ပဲ မာမီက တစ်ချိန်လုံး ကြိုးစားနေတော့တာပဲ အိမ့်ရာ။

ငါ ...

နင့်အတွက် ဝမ်းသာပါတယ် အိမ့်ရယ်။

နင့်လို ဖြူစင်ရိုးသားတဲ့သူက ငါလို ပြစ်ချက်တွေ အများကြီးရှိနေတဲ့လူနဲ့ ဘယ်လိုမှ မထိုက်တန်တာပါ။ ဒါကြောင့် နင့် အနာဂတ်လေး သာယာလှပနေဖို့အတွက်ပဲ ငါ့အတွက်တွေ အားလုံးကို ထိန်းသိမ်းချုပ်တည်းထားလိုက်တာပါ အိမ့်ရယ်။

ဒါပေမဲ့လည်း အိမ့်ရယ်။

နင့်ကို အခုလို ငါ တစ်သက်တာလုံးအတွက် လက်လွှတ်ဆုံးရှုံးရတော့မှာပါလား ဆိုတဲ့ အသိက ရင်တစ်ခုလုံးကို နင်းချေမွနေသလိုပဲ ခံစားနေရတယ်ဟာ။

ချစ်တယ် အိမ့်။

နင့်ကို ငါ သိပ်ချစ်တယ်။

တစ်ချိန်က ...





ငါ့ဆီမှာ အချစ်တွေအများကြီး ရှိနေခဲ့ပေမယ့် အခုလောက် လေးနက်ပြီး တည်ကြည်တာမျိုး မရှိခဲ့ပါဘူး။ အဲဒါကို နင်ကတော့ ယုံမှာမဟုတ်ဘူးနော် အိမ့်။ အချစ်တွေများလွန်းတဲ့ ငါ့ဆီက စီးဆင်းလာတဲ့ အချစ်ကို နင် အထင်ကြီး ခံစားလို့ ရမှာ မဟုတ်ပါဘူး။

အဲဒီအချက်ကို ငါ ကောင်းကောင်းသိပါတယ် အိမ့်ရယ်။

နင်က ...

ဘယ်တုန်းကမှလဲ အပြစ်မလုပ်ခဲ့ဖူးတဲ့သူမို့ အပြစ် မရှိတဲ့သူပါ အိမ့်။ နင့်ကို ရက်စက်လိုက်တာလို့ အပြစ်မတင်ရက်ပါဘူး အိမ့်ရာ။

"သား"

"ဗျာ ... ဒယ်ဒီ"

"ဘာလဲကွ၊ မင်းမိန်းမကို သတိရနေတာလား"

"ဗျာ"

"အိမ့်နဲ့ခွဲပြီး ဒယ်ဒီ့ကို လာစောင့်ပေးနေရလို့လေ"

"ဟာ ... မဟုတ်ပါဘူး"

"အဟွန်း ... ဟွန်း၊ မညာပါနဲ့ကွာ၊ ယောကျ်ားချင်းပဲဟာ၊ ခံစားချက်ကို ဒယ်ဒီ စာနာနိုင်ပါတယ်

ဟဝဠာတစ်ယောက် ဒယ်ဒီ့စကားကြောင့် ရှက်သွေး ဖြာကာ မျက်နှာတစ်ခုလုံး ပူနွေးသွားရ၏။

"ငါ မင်းကို အကဲခတ်နေတာ ကြာပြီ၊ ခြေသံသဲ့သဲ့ကြား တိုင်း အခန်းတံခါး ဆွဲဆွဲဖွင့်ပြီး အပြင်ဘက်ကို ထွက် ထွက်ကြည့်နေတာလေ။ မင်းမာမီ ဖုန်းဆက်ပြီးကတည်းက မင်း ဂနာမငြိမ်ရောဂါ စရတော့တာပဲ မဟုတ်လား။ အိမ် ပါလာမှာပါကွ။ သိပ်စိတ်ပူမနေပါနဲ့။ မင်းမိန်းမကိုတွေ့ ရမှာပါ"

"မဟုတ်ပါဘူး ဒယ်ဒီရာ။ သားတို့အခန်းကိုများ ဒယ်ဒီ့ အသိမိတ်ဆွေတွေများ ဒယ်ဒီ့ကို အားပေးဖို့ လာသလားလို့ ပြီး ထွက်ထွက်ကြည့်မိတာပါ။ တခြား ဘာအကြောင်းမှ မရှိပါဘူး"

ဟာဝဠာ ပါးစပ်ထဲတွေ့ကရာ အကြောင်းပြချက်ပေး မိ၏။ ဒီတော့ ဒယ်ဒီက သဘောကျစွာ ပြုံးသည်။ ဒယ်ဒီ့အပြုံး ထဲတွင် ငါသိနေပါတယ်ကွာဆိုတဲ့ သရော်ပြုံးတို့ ပါဝင်နေတာမို့ ဟဝဠာ မကြည့်ရဲစွာ ခေါင်းလေးငုံ့ထားမိ၏။

"ဟဝဠာ"

"ဗျာ"





"မင်းကလေ ကိုယ့်စိတ်ထဲမှာ ရှိနေတဲ့ဟာကိုတောင် ဘယ် တော့မှ ပွင့်ပွင့်လင်းလင်း ဝန်ခံဖို့ မကြိုးစားတတ်ဘူး။ သားအဖချင်းတောင် ဟန်ဆောင်ကောင်းပြချင်နေသေးတယ် ကွာ။ စားချင်နေမှတော့ လူမိမှာ ကြောက်နေရသလား။ ပြောင်ပြောင်တင်းတင်းပဲ စားပေါ့ကွ၊ မင်းက စည်းဘောင် အတွင်းက စားတာပဲဟာ၊ လူအလစ်ကို ချောင်းစားဖို့မလို ပါဘူးကွာ။ ကိုယ့်မိန်းမကို ကိုယ်သတိရလို့ တမ်းတတာပဲ ဟာ၊ မင်းကို ဘယ်သူက ဝေဖန်တိုက်ခိုက်နေမှာမို့လဲ၊ သားရာ ... ဟား ဟား ... ဒီနေရာမှာတော့ မင်းက ငါ့ ထက် ညံ့သွားပြီ သိလား သား"

ဒယ်ဒီကတော့ တကယ့်ကို ဖွတ်တရွတ်ပါပဲ။

ဟဝဠာ ...

ဒယ်ဒီ့စကားကို ယုဉ်ပြိုင်ပြီး မပြောတော့ဘဲ ခေါင်း ငုံ့ကာ ပြုံးနေလိုက်သည်။ လူနာခုတင်လေးထက်မှာ ခြေထောက်ကား ... လျော့လျော့လေး ထိုင်နေတဲ့ ဒယ်ဒီ့နံဘေးက ဆိုဖာခုံလေးတွင် ... တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေမိသည်။

သူ ...

တကယ်လည်း အိမ့်ကို သတိတရနဲ့ တမ်းတနေခဲ့မိ ... တာပါပဲလေ။

ဒါကိုတော့ ...

သူ မငြင်းချင်ပါဘူး။

အိမ့်ကို အရမ်းတွေ့ချင်တာပါပဲ။ လက်ဖွဲ့ထား

တိုက်ကနေ မာမီ ခေါ်ထုတ်သွားပြီးနောက်ပိုင်း အိမ်တွင်းပုန်း လေး အိမ်နဲ့ သူ တစ်ချက်ကလေးမှပင် မျက်နှာချင်းဆိုင် မဆုံ တော့ချေ။

ဒါဟာ ...

မာမို့ကြောင့်ဆိုတာ သိပေမယ့် သူ ဘာမှမပြော ခဲ့ပါချေ။

မမြင်ရကာမှ ပိုပြီးမြင်တွေ့ချင်လာ၏။

မကြားရဘူးဆိုမှ အိမ့်အသံလေးကို သူ ပိုပြီးကြား ချင်လာမိသည်။ မာမီ သိပ်တော်တာပဲ၊ တစ်တိုက်တည်းမှာ အတူတူ ရှိနေခွင့်လေးရတာတောင် လူနှစ်ယောက်ကို မဆုံနိုင် အောင် ခွဲထားနိုင်ခဲ့သည်။

"ဒေါက် ... ဒေါက်"

ဟော ...

ဆေးခန်းတံခါးခေါက်သံကြောင့် သူ့မျက်ဝန်းတွေ အကြည့်ရောက်တော့ ဒယ်ဒီက အပြုံးတွေနှင့်အတူ မေးကလေး ဆတ်ကာ သွားဖွင့်ပေးဖို့ သူ့ကိုသတိပေး၏။





ဟာဝဠာ ...

ချက်ချင်း နေရာမှထကာ အခန်းတံခါးကို သွားဖွင့် ပေးလိုက်မိသည်။ ရင်ထဲမှာလည်း တလှပ်လှပ်နဲ့။ အိမ့်များ မာမီ ထမင်းချိုင့်အပို့မှာ လိုက်ပါလာမလားဆိုတဲ့ အသိနဲ့ သူ့စိတ်တွေ ရဲ့လှုပ်ရှားနေမှုကို ထိန်းမနိုင် သိမ်းမနိုင်ခဲ့ချေ။

ဟင် ...။

အခန်းတံခါးချပ်လေး ပွင့်ဟသွားမှုနှင့်အတူ တစ် ပြိုင်နက်တည်း တွေ့လိုက်ရတာက မာမီနဲ့အတူ မိုးစေရာကိုပါ။ အိမ့် လုံးဝပါမလာချေ။ မျှော်လင့်ထားတာနှင့် တခြားစီဖြစ်နေတာ မို့ စိတ်မကောင်း ဖြစ်ရသော်လည်း မာမီနဲ့အတူ မိုးစေရာဆိုတဲ့ ကောင်ကို မြင်လိုက်ရတာတော့ အံ့သြသွားရသည်။

"ဒါ အိမ့်ရဲ့သူငယ်ချင်း မိုးစေရာတဲ့ သား၊ အိမ့်ဆီကို အလည်လာနေရင်းနဲ့ မင်းဒယ်ဒီ ဆေးရုံတက်နေတယ်ဆို တဲ့ အကြောင်းကို သိပြီး သတင်းမေးချင်လို့ မာမီနဲ့အတူ မိုးစေရာက လိုက်လာတာလေ"

"သြော် ... လာလေ စေရာ"

စိတ်သိပ်မပါလှသော်လည်း ဧည့်သည်ကိုတော့ ဧည့် ဝတ္တရားအရ သူ ကြိုရဦးတော့မှာပေါ့။ မာမီကိုယ်တိုင်က ကျေ ကျေနပ်နပ် ခေါ်လာတာကြောင့်လည်း ဟာဝဠာ ဘယ်လိုမှ တား

ဆီးပိတ်ပင်ဖို့ မစွမ်းသာပါ။ အပြုံးအရယ်မဲ့သော အေးစက်စက်ကြိုဆိုမှုနှင့်သာ မိုးစေရကို သူ ကြိုဆိုမိသည်။

မိုးစေရာ အိမ်ဆီကို အလည်လာတဲ့အပေါ် . မာမီ့မျက်နှာမှာလည်း ငြိုငြင်သည့်အရိပ်လက္ခဏာများ မတွေ့ရတာကြောင့်လည်း သူ့စိတ်တွေ ပို၍ပင် တုန်လှုပ်နေရသည်။ သူ့စိတ်ထဲမှာ ဆိုးဝါးသော ကံကြမ္မာ၏အရိပ်တို့ကို မြင်ယောင်နေမိသလို ခံစားနေရ၏။

"လာလေ မောင်မိုးစေရာ"

"ဟုတ်ကဲ့ အန်တီ"

မိုးစေရာက သူတို့စားသောက်ဖို့အတွက် အိမ်ကနေယူဆောင်လာသည့် ထမင်းဟင်းချိုင့်များ ထည့်ထားသော ဆွဲခြင်းစိမ်းလေးကိုဆွဲကာ မာမီအနောက်ကနေ ခပ်ယို့ယို့လေး လိုက်ဝင်လာသည်။

ဟဝဋ္ဌာ ဘာစကားမှ မပြောနိုင်ဘဲ မှင်သက်စွာပင်ကြည့်နေရ၏။ ရင်ထဲမှာတော့ မနှစ်မြို့ခြင်းတွေက အတိုင်းအဆမဲ့စွာ။ မီးလောင်တိုက်ထဲ အရှင်လတ်လတ် သွင်းခံရသလို သူ့ခန္ဓာကိုယ် တစ်ခုလုံး ပူလောင်နေရသည်။

အကောင်းဆုံးဖြစ်အောင်လို့ ရွေးချယ်လိုက်သောလမ်းက တကယ်တမ်းကျတော့ သူ့အတွက် လျှောက်လှမ်းရတာ





ငင်ပန်းခက်ခဲလှသည်။ အိမ့်ရဲ့အနာဂတ်အတွက်ပဲလေဆိုတဲ့ စိတ်ဖြေသိမ့်မှုနဲ့ လိုက်နေပေးနေရသော်လည်း လက်တွေ့လိုက်လုပ်ဆောင်ပေးနေရတာက နာကျင်ဝမ်းနည်းမှုများစွာနှင့် ဖြစ်နေရ၏။

အိမ့်ရာ ...။

ကိုယ်တော့ တကယ့်ကို ရှုံးတော့မယ် ထင်ပါရဲ့ကွာ။

မင်းကို ဆုံးရှုံးရတော့မယ်ဆိုတဲ့ အသိကြောင့် ကိုယ့်ရင်တစ်ခုလုံး အစိတ်စိတ်အမြွာမြွာ ကွဲကြေသွားသလိုပဲ အိမ့်ရယ်။

ကိုယ် ...

အရမ်းနာကျင် ခံစားနေရတယ် အိမ့်ရယ်။

အမှားတွေကို ပြင်ဆင်ရင်း တစ်ကနေ ပြန်စဖို့ကိုယ့်အတွက် အချိန်မှပေးချင်ပါတော့မလား အိမ့်။ နောင်တရပြီးပြန်လှည့်ချင်တဲ့ ခြေလှမ်းတွေကို နားလည်မှုတွေ၊ ခွင့်လွှတ်နိုင်ခြင်းတွေနဲ့ မင်း ကြိုဆိုပေးနိုင်မလားဟင်။

မဖြစ်နိုင်တော့ဘူး ဆိုတာကို သိနေပေမယ့် မိုက်မှုးရဲဆန်စွာနဲ့ မျှော်လင့်ချင်နေမိတယ် အိမ့်ရယ်။

သူတစ်ယောက်တည်း အတွေးတွေနဲ့ နစ်မျောနေချိန်တွင် မိုးစေရာနဲ့ ဒယ်ဒီရော မာမီက စကားတွေ လက်ဆုံကြပြီး ပြုံးပျော်ရယ်မြူးလို့။ မာမီ့အာရုံထဲမှာ သူဆိုတာ နေရာတောင်မရှိတော့သလိုပင် ခံစားလိုက်ရသည်။

ဒယ်ဒီရှေ့တွင် ခေါ်ပြောဖော်ရှိသော်လည်း နောက်ကွယ်တွင်တော့ မာမီအတွက် ဟာဝငြာဟာ သူစိမ်းသက်သက်။ အချိန်တိုင်း ဝမ်းနည်းမှုတွေနဲ့ ရှင်သန်နေရတဲ့ သူ့ဘဝက မော်စရာဆိုတာ နတ္ထိပါပဲ။

စကားတွေ ဖောင်ဖွဲ့အောင် ပြောနေကြတဲ့ စကားဝိုင်းထဲမှာ ဆွံ့အစွာ လူတွေရဲ့မျက်နှာကို လိုက်ကြည့်ပြီး နေနေတာ စိတ်ပျက်စရာပါ။ ဘာကြောင့် အခုလို အခြေအနေဆိုးကြီး သူ့ဘဝထဲမှာ ရှိလာရတာလဲ။ ဘယ်သူမပြု မိမိမှု ဆိုပေမယ့် သူပြုလုပ်ခဲ့တဲ့ အမှုတွေရဲ့ တုံ့ပြန်မှုက လုပ်မိတာထက် အဆပေါင်းများစွာ ပိုသာနေသလိုပင်။

"မေ"

"ရှင် ... ကိုစစ်"

"စကားပြောကောင်းနေတာနဲ့ မေးဖို့တောင် မေ့သွားတယ် သမီးလေး အိမ့်ရော မေ၊ သူ မင်းနဲ့ တစ်ခါတည်းလိုက်မလာဘူးလား"

ဒယ်ဒီက ဆိုင်းမဆင့် ဗုံမဆင့် စကားတွေ ပြောနေရာမှ သတိထားမိကာ မာမီကို လှမ်းမေးသည်။

"မပါဘူးလေ ကိုစစ်။ အိမ့်မှာလည်း မေ မရှိတော့ အိမ်ရှိမှ ဖြစ်မှာမို့ ခဏထားခဲ့ရတယ်၊ နက်ဖြန်ကျရင်တော့





သူ လာမယ်ထင်တယ်။ တစ်နေ့ တစ်နေ့ ဆေးရုံအတွက် စီစဉ်ချက်ပြုတ်ရတာတစ်မျိုး၊ အိမ်မှုကိစ္စ ညွှန်ကြားရတာတစ်မျိုးနဲ့ အိမ့်ခမျာ အားရတယ် မရှိဘူး ကိုစစ်ရယ်။ ဒါကြောင့် နားနားနေနေ အိမ်မှာပဲ အနားယူပါစေဆိုပြီး မေ ထားခဲ့လိုက်တယ်"

ဒေါ်မေဘဲလ် စကားကြောင့် ဦးစမင်းထင် တစ်ယောက် ခေါင်းလေးတညိတ်ညိတ် ရှိနေသည်။ အိမ်မှာက မိသားစုဝင် အင်မတန် နည်းပါးတာလေ။ မေဘဲလ်နဲ့ လက်ထပ်တော့ သားသမီးများများ ယူမည်ဟု ရည်ရွယ်ထားတာ။ ကံဆိုးစွာပင် ရှားရှားပါးပါး သားလေး ဟာဝငြာကိုမွေးပြီး နောက်ကလေး ထပ်မရတော့ချေ။ ဒါဟာ အသက်ကြီးမှ ယူခြင်းရဲ့ အကျိုးဆက်ပဲ။ ကျန်းမာရေးက ဖက်လာတော့ ဖြစ်ချင်တဲ့ ဆန္ဒတွေအားလုံး လက်လျှော့ခဲ့ရသည်။

ဒါကြောင့်လည်း ...

သား လက်ထက်တွင် မိမိတို့လို မဖြစ်ရအောင် အသက်အရွယ်ကောင်းတွင် အိမ်ထောင်ချပေးခဲ့သည်။ မိမိက နှလုံးစက်နဲ့ အသက်ရှင်သန်နေရတာ မဟုတ်လား။ အခုဆိုလျှင် စက်က ပြန်လဲရတော့မည်။ စိတ်သွားတိုင်း ကိုယ်မပါ ဖြစ်ရသည့် အဖြစ်လောက် ဆိုးရွားတာ မရှိတော့။

မေဘဲလ်ကိုလည်း မိမိ စိတ်မချ။ အပျော်အပါးမက်ပြီး ခပ်ပေါ့ပေါ့လေးနေတဲ့ သားနဲ့ နှစ်ယောက်တည်း ထားခဲ့ရတာထက်စာလျှင် အဖော်ချွေးမလေးတစ်ယောက်တော့ ရှိသင့်သည်ဟု ထင်သည်။

ပြီးတော့ ...

မေဘဲလ် စိတ်တိုင်းကျလောက်မယ့် ချွေးမမျိုးလေးလည်း ဖြစ်စေချင်မိ၏။ ဒါကြောင့် အိမ့်နဲ့သားကို အမြန်ဆုံးလက်ထပ်ပေးစားချင်တယ်လို့တောင် ဆိုလာတဲ့ ဇနီးသည်ရဲ့လိုအင်ကို မိမိကိုယ်တိုင် ကျေနပ်ကြည်ဖြူစွာ အားပေးခဲ့မိသည်။

အိမ့်ဆိုတာကလည်း လက်ညှိုးထိုး အပြစ်ဆိုစရာဘာတစ်ခုမှ မရှိတဲ့ မိန်းကလေးတစ်ယောက်ပါပဲ။ လိမ္မာရေးခြားရှိသည့်အပြင် အိမ်မှုကိစ္စ နိုင်နင်းပြီး စိတ်သဘောထား ပြည့်ဝသည့် အရည်အချင်းပြည့် မိန်းကလေးဖြစ်သည်။

မေဘဲလ် ငယ်သူငယ်ချင်းရဲ့သမီးလေး ဆိုတော့ပိုပြီးတော့တောင် အဆင်ပြေတာပေါ့။ အိမ့်ကို သားနဲ့ပေးစားချင်တယ်လို့ သွားတောင်းဆိုတုန်းက သားမှ နှစ်သက်ပါ့မလားဟု စိုးရိမ်မိခဲ့သေး၏။

သို့သော် ...





မိမိထင်ထားတာထက်ပင် အားလုံးက ပြေလည်ခဲ့တာမို့ မိမိမှာ ဝမ်းသာပီတိဖြစ်ကာ နေခဲ့ရသည်။

"ဒါဆို မေ ဒီည ပြန်မှာပေါ့၊ ဟုတ်လား"

"ဟင့်အင်း ... မေ မပြန်ဘူး ကိုစစ်၊ ဒီည မေပါစောင့်အိပ်မှာ။ အိမ်မှာ အိမ့်နဲ့သူ့အမေ ရှိတယ်လေ။ ချူးကိုယ်တိုင်ကလည်း မနက်ဖြန်လိုက်ချင်တယ်ဆိုလို့ မနက်စောစောနှစ်ယောက်စလုံး လိုက်လာဖို့ ပြောထားတယ်"

"မင်းပြောတော့ ဒရိုင်ဘာက သူ့အမေသေလို့ဆိုပြီး ရွာကို ချက်ချင်းပြန်သွားတယ်ဆို မေ"

"ဟုတ်တယ် ကိုစစ်။ နာရေးဆိုတော့လည်း မပြန်ခိုင်းလို့မကောင်းဘူး မဟုတ်လား။ မောင်နိုင်က ကိုစစ်ရဲ့ကျန်းမာရေးနဲ့လာပြီး တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေတော့ အားနာနေရှာတာ။ မေကပဲ အလိုက်သိသိနဲ့ အတင်း ရွာပြန်ခိုင်းလိုက်ရတယ်။ မနက်ဖြန် အိမ့်တို့သားအမိကိုလာဖို့ မောင်မိုးစေရာကို ဒီနေ့ပဲ အကူအညီတောင်းပြီးပါပြီ။ မနက်စောစောကားနဲ့သွားခေါ်ပြီး ဒီကိုပို့ပေးမယ်တဲ့ ကိုစစ်"

"ဟာကွာ ... အားနာစရာပဲ"

"အားနာစရာ မလိုပါဘူး အန်ကယ်၊ ကျွန်တော် ကူညီရမှာပေါ့။ အိမ့်ရော ဟဝဋ္ဌာက စာသင်ခန်းတစ်ခန်းတည်း

အတူတူ တက်နေတဲ့ သူငယ်ချင်း အရင်းကြီးတွေပဲဟာ၊ ကျွန်တော့်အတွက် ဘာမှလဲ အပန်းကြီးတဲ့အလုပ် မဟုတ်ပါဘူး"

"အေးကွာ ... ဘာပဲပြောပြော မောင်မိုးစေရာကို ကျေးဇူးတင်ပါတယ်"

"ရပါတယ် အန်ကယ်"

ဒယ်ဒီက ကျေးဇူးတွေ တင်နေပေမယ့် ဟဝဠာရင်ထဲမှာ အောင့်သည်းနင့်မျက်မှုတွေက အပြည့်။ မနာလိုဝန်တိုမှုကြောင့် မနစ်မြို့ခြင်းတွေနှင့်အတူ မိုးစေရာ မျက်နှာကို စိမ်းစိမ်းကြီးပင် စိုက်ကြည့်ပစ်လိုက်မိသည်။

မိုးစေရာ ...

မင်းကတော့ အကျေနပ်ကြီး ကျေနပ်နေမှာပဲနော်။

အိမ့်နဲ့ ငါ ကွာရှင်းထားပြီးသား ဟန်ဆောင်လင်မယားသက်သက်ပဲ ဆိုတာ မင်းက သိထားတာကို။

မင်းရဲ့မျှော်လင့်ချက်တွေ မဆုံးရှုံးသေးဘူးဆိုတော့ မင်း ဝမ်းသာပျော်ရွှင်နေမှာပေါ့ မိုးစေရာ။

ငါ့မှာသာ ...။

❤ ✧ ❤





## အခန်း(၂၀)

အော်ပရေးရှင်းခန်းထဲ ခေါ်ဆောင်သွားသော ဒယ်ဒီရဲ့တွန်းလှည်းလေးကို ကြည့်ပြီး မိသားစုဝင်တွေအားလုံးရဲ့ ရင်ထဲမှာ စိုးရိမ်ပူပန်ရိပ်တို့နှင့်အတူ ရှိနေခဲ့ရသည်။

အဆိုးဆုံးကတော့ မာမီပါပဲ။

မျက်ရည်တွေ တပေါက်ပေါက် စီးကျနေတဲ့ မာမီရဲ့ဟန်ဆောင်မှုကင်းသော ခံစားချက်ကို စာနာစွာပင် မာမီ့ကိုပွေ့ဖက်ပြီး ဟဝဠာ အားပေးနှစ်သိမ့်မိသည်။

အခုမှ ...

မိသားစုဆိုတဲ့ အရသာကို သူ့စိတ်မှာ ခံစားလာရ၏။

ပေါ့ပျက်ပျက် နေထိုင်ခဲ့မိသော အတိတ်ကအရိပ်ကိုမောင်တရကာ သူ့ကိုယ်သူပင် ခွင့်မလွှတ်နိုင်။ နှလုံးစက် လဲပေး

မည့် ဆရာဝန်ကြီး၏လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ဒယ်ဒီ့ကို အကောင်းဆုံး ခွဲစိတ်ပေးဖို့ လှိုက်လှဲစွာပင် တောင်းဆိုမိ၏။

အမှားအယွင်း မခံနိုင်ပါ။

အဆုံးရှုံး မခံနိုင်ပါ။

မိသားစုအပေါ် တာဝန်ကျေလွန်းသော ဒယ်ဒီ့ကို သူ အများကြီး ပြန်ပေးဆပ်ချင်သည်။ ထို့ကြောင့် အရူးတစ်ယောက်လိုပင် တတွတ်တွတ် တောင်းဆိုနေမိ၏။

ဒယ်ဒီ ...

လုံးဝစိတ်မလျှော့လိုက်ပါနဲ့နော်။

ကျွန်တော် ...

ဒယ်ဒီ့ကို အလိုရှိနေသေးတယ်။

အားတင်းထားနော် ဒယ်ဒီ ဆိုတဲ့ စကားတွေကို ရင်ထဲကနေ ပြောမိသည်မှာ အခါပေါင်းပင် မရေတွက်နိုင်ခဲ့ချေ။

ခွဲခန်းပေါက် တံခါးချပ်ကြီးကိုကြည့်ပြီး အမျှော်လင့်ကြီး မျှော်လင့်နေမိတဲ့ ဟာဝဠာ။ ဒယ်ဒီဆိုတာ သူ့အတွက် အင်မတန် ငွေထုတ်ရလွယ်တဲ့ စက်တစ်ခုလို့ပဲ ထင်မှတ်ခဲ့တဲ့ ဟာဝဠာရဲ့အသွင်က အခုတော့ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ရပြီဖြစ်သည်။





"သား"

"ဗျာ"

"ထိုင်လေကွယ်၊ မင်း မတ်တတ်ကြီး ရပ်နေတာ ကြာနေပြီ။ သိပ်စိတ်မပူပါနဲ့။ မင်းဒယ်ဒီရဲ့ ခွဲစိတ်မှု အောင်မြင်မှာပါ၊ ဆရာဝန်ကြီးတွေရဲ့ ဆေးပညာကို ယုံကြည်လိုက်ပါသား"

"သား ယုံပါတယ် မာမီ"

သူ ...

မာမီကျေနပ်အောင် ပြန်ပြောမိပေမယ့် ရင်ထဲက အပူလုံးကတော့ အခုချိန်ထိ မကျ။ သို့သော် မာမီ့စကားအတိုင်း ခွဲစိတ်ခန်းရှေ့က ခုံတန်းရှည်လေး၏ ခုံလွတ်တစ်ခုတွင် သူ ဝင်ထိုင်လိုက်ပါသည်။

မာမီနှင့်အတူ နံဘေးတွင် အိမ့်ရော အိမ့်အမေ ဒေါ်တီမြချူးပါ ထိုင်ကာ ခွဲစိတ်ခန်းတံခါးချပ်ဆီ အကြည့်လေးတွေက ရောက်နေတာမို့ သူလည်း ဒယ်ဒီ ဘယ်အချိန်ထွက်လာမလဲဟု စောင့်မျှော်ကာ ကြည့်နေလိုက်သည်။

နာရီလက်တံတွေက တရွေ့ရွေ့။

မိသားစုဝင်တွေအားလုံးရဲ့ မျက်နှာမှာ မျှော်လင့်ခြင်းတွေကလည်း အပြည့်နှင့်ပါ။

အချိန်တွေ တရွေ့ရွေ့ ကုန်နေသည့်တိုင် အားလုံး ထမင်းစားရမှန်းမသိ။ ရေသောက်ရမှန်းသိ။ တစ်ယောက်နဲ့ တစ်ယောက် ဘာစကားမှ မပြောမိဘဲ ခွဲခန်းထဲက ဒက်ဒီဆီမှာသာ စိတ်ရောက်နေကြသည်။

မိုးစေရာကတော့ ...

အလွန်ပဲ အလိုက်သိတယ် ပြောရမလား။

ဟဝဠာတို့မိသားစုအတွက် ကူညီသင့်တာတွေ မချော မပန်းနိုင်အောင် ကူညီကာ မိသားစုနှင့်အတူ ရှိနေပေးသည်။ ယောက်ျားသားဖြစ်သော ဒယ်ဒီအတွက် ဟဝဠာ တစ်ယောက် တည်း ရှိနေတာထက် မိုးစေရာပါ အဖော်အဖြစ် ရှိနေတာမို့ ပို၍ ပင် အထောက်အကူ ဖြစ်ခဲ့ရသည်။

ဒယ်ဒီဆီ သူ့စိတ်တွေ ရောက်နေခဲ့လို့လား မသိ မိုးစေရာ ရှိနေခြင်းက သူ့အတွက် အနှောင့်အယှက်လို ဖြစ်မနေဘဲ မိသားစု ဆွေမျိုးရင်းချာတစ်ယောက်လိုပင် ဖြစ်နေခဲ့၏။

အိမ့်နဲ့ ပတ်သက်ပြီး မိုးစေရာကို ကြည့်မရခဲ့သော်လည်း မိုးစေရာရဲ့ ဖော်ရွေမှု၊ ကူညီအားပေးမှုကိုတော့ အသိအမှတ် မပြုဘဲ နေလို့မရပါ။ မျက်နှာချင်းဆိုင်ခုံလေးတွင် ထိုင်ကာ ခွဲခန်း တံခါးပေါက်လေးဆီ စိတ်ပူပန်မှုလေးတွေနှင့် စောင့်နေသော မိုးစေရာဆီ သူ့အကြည့်လေး ရောက်သွားတော့ သက်ပြင်းမော လေးတစ်ချက်သာ ကျိတ်ရှိုက်မိသည်။





အိမ့် ...။

နင် ရွေးချယ်တာ မှန်ပါတယ်။

ငါလိုလူထက်စာရင် မိုးစေရာက နင့်အတွက် ကံ ကောင်းခြင်းတွေပဲ ပေးဆပ်နိုင်မှာပါ။ လက်ထပ်ခြင်းနဲ့အတူ ဘုရင်းစာချုပ်မှာ ရက်ရက်စက်စက် လက်မှတ်ထိုးခိုင်းရက်ခဲ့တဲ့ ဒါဟာ နင်နဲ့ လုံးဝမထိုက်တန်ဘူးထင်လို့ ကံကြမ္မာက ခွဲပေးလိုက် တာပါ။ နင့်အနာဂတ်လေးကို လှပအောင် နားလည်မှုအပြည့်နဲ့ ဖန်ဆင်းပေးနိုင်မယ့် မိုးစေရာ အနားကို နင် သွားသင့်ပါတယ် အိမ့်ရယ်။

ငါလေ ...

အခုမှ နောင်တ,တကြီးနဲ့ နင့်ကို အတ္တကြီးစွာ ထားဆီးထားချင်တာပါ။ အချစ်စစ် ဆိုတာကို ငါ ခံစားနားလည် တတ်တဲ့အချိန်မှာ ငါ့ရဲ့လိုအင်ဆန္ဒတွေက အရမ်းကိုပဲ ကြီးမားနေ တာလေ။ နင့်ကို ငါ အဆုံးရှုံးမခံချင်ဘူး။

ဒါပေမဲ့လည်း အိမ့်ရယ် ...

အချစ်ဆိုတာ ပုံစံမျိုးစုံနဲ့ ဖွဲ့စည်းထားတဲ့အရာပဲ မဟုတ်လား။

သိပ်ချစ်လို့ ရယူပိုင်ဆိုင်တာပဲဖြစ်ဖြစ်၊ ကိုယ်သိပ် ချစ်လွန်းလို့ ကိုယ်ချစ်သူရဲ့ဘဝလေး နစ်မွန်းဆုံးရှုံးမှု မရှိစေချင် လို့ စွန့်လွှတ်ရတာပဲဖြစ်ဖြစ် ဒါဟာ အချစ်ပါပဲ။

ငါလေ ...

နင့်ကို တကယ်ပဲ ချစ်သွားမိလို့ နင့်အနာဂတ်ထေ
လှပပြီး သာယာအေးချမ်းအောင် မိုးစေရာ လက်ထဲကို ထည့်
ဖို့ ဆုံးဖြတ်ချက် ချလိုက်တာပါဟာ။ ငါ့စေတနာကို နင်
လည်ပေးပါ အိမ့်ရယ်။ ငါ အဲဒါလေးပဲ နင့်ဆီက လိုချင်ပါတယ်

လူတွေကို အကောင်းမြင်တဲ့ ဝါဒလေးက အခုတော့
သူ့ရင်ထဲမှာ နိုတွယ်နေခဲ့ပြီ။ အမှားကို အမှားမှန်းသိခဲ့တဲ့ သူ့ရဲ့
ပြောင်းလဲမှုက အခုတော့ အထင်အရှားပါပဲ။

ဟော ...။

သူ့အတွေးတွေနဲ့ နစ်မျောနေဆဲ ခွဲခန်းတံခါးကြီး
ကြီး ဖျတ်ခနဲပွင့်ကာ ခွဲစိတ်ခန်းဝတ်စုံ အစိမ်းရောင်ကို ဝတ်ဆင်
ထားသော ဆရာမတစ်ယောက် ထွက်လာတာမို့ သူ လှုပ်လှုပ်ရှား
ရှားဖြစ်ကာ နေရာမှ ထရပ်လိုက်မိသည်။

သူနှင့်အတူ မိသားစုတွေအားလုံးလည်း ထရပ်ကာ
ဆရာမဆီ စုပြုံရောက်သွားကြ၏။

"ဦးစစ်မင်းထင်ရဲ့ မိသားစုတွေလား"

"ဟုတ်ပါတယ် ဆရာမ။ ဒယ်ဒီ့အခြေအနေ"

"ခွဲစိတ်မှု အောင်မြင်ပါတယ်ရှင်"

"ဟာ ..."





"ဟယ် ..."

ဆရာမရဲ့စကားအဆုံး မိသားစုဝင်တွေ အားလုံးရဲ့ မျက်နှာမှာ ဝမ်းသာပျော်ရွှင်မှုတွေက ပြည့်လျှံသွားရ၏။

"ဝမ်းသာလိုက်တာ ဆရာမရယ်၊ ဝမ်းသာလိုက်တာဗျာ၊ ကျေးဇူးတင်ပါတယ်ဗျာ"

မျက်ရည်များ စီးကျနေရင်းမှ ငိုအက်အက် အသံနှင့် လိုက်လှဲစွာပင် ကျေးဇူးတင်စကားကို ဟဝဥ္စာ ပြောမိ၏။

"လူနာကိုတော့ ပိုးသတ်ခန်းထဲမှာပဲ စိတ်ချရတဲ့အထိ ထားရပါဦးမယ်၊ ကြည့်ချင်တယ် ဆိုရင်တော့ ပိုးသတ် ဝတ်စုံလဲပြီး တစ်ယောက်ချင်းစီပဲ ဝင်တွေ့ပါနော်"

"ဟုတ် ... ဟုတ်ကဲ့ ခင်ဗျ"

ဆရာမလေးက မှာသင့်တာမှာပြီး အခန်းထဲပြန်ဝင် သွားသည်။

"မာမီ"

"သား ... သားရယ် ... အဟင့် ... ဟင့်"

မာမီက သူ့ရင်ခွင်ထဲတိုးဝင်ဖက်တွယ်ကာ တသိမ့်သိမ့် ရှိုက်ငိုသလို အိမ့်ကလည်း သူ့အမေ ရင်ခွင်ထဲ တိုးဝင်ဖက် တွယ်ကာ အသံသဲ့သဲ့ဖြင့် ကျိတ်ရှိုက်ပါသည်။

ဒီတစ်ခါတော့ ...

သူတို့ ငိုကြတာ ဝမ်းနည်းနာကျင်လို့ မဟုတ်ကြပါ။ ဝမ်းသာပျော်ရွှင်ကြလွန်းလို့သာ ငိုကြခြင်းဖြစ်ကြောင်း ဟဝဥ္စာ သိပါသည်။ မာမိနဲ့အိမ့်ကို မျက်ရည်တွေ ဝေ့သီနေသော မျက်ဝန်း အစုံနှင့်ကြည့်ပြီး ပီပြင်စွာပင် သူ ပြုံးနေမိသည်။

"ဝမ်းသာပါတယ် ဟဝဥ္စာ။ အန်ကယ်ရဲ့သတင်းကောင်းကို ကြားရလို့ ဝမ်းသာပါတယ်ဗျာ"

မိုးစေရာက သူ့ပခုံးကို ဆုပ်ကိုင်ကာ ဝမ်းသာစကား ဆိုလာသည်။ ဟဝဥ္စာ ခေါင်းလေးညိတ်ကာ မိုးစေရာအား ကျေးဇူးတင်သော မျက်ဝန်းများနှင့် ကြည့်မိ၏။ ဒါကို မိုးစေရာ ကလည်း နားလည်ဟန်ရှိသည့် သူ့အား ခေါင်းလေးကို ဆတ်ခနဲ ပြန်ညိတ်ကာ အပြုံးတွေနှင့် တုံ့ပြန်ပါသည်။

"သမီး ... အိမ့်"

"မာမိ"

"ခွဲစိတ်မှု အောင်မြင်တယ်တဲ့"

"ဒယ်ဒီ့အတွက် ဝမ်းသာစရာပါပဲ မာမိ။ အိမ့်လည်း တစ်ချိန်လုံး ဆုတောင်းပြီးနေတာ။ အခုတော စိတ်ချသွားရပြီပေါ့ မာမိ"

"အေးကွယ်"

"မေဘဲလ်"





"သူငယ်ချင်းရယ်"

ဒေါ်မေဘဲလ် တစ်ယောက် ဝမ်းသာမှုတွေ လွှိုက်ဖြာ ကာ သူငယ်ချင်းဖြစ်သူရဲ့လက်ကို တင်းတင်းလေး ဖျစ်ညှစ်ဆုပ် ကိုင်ကာ ပြုံးလိုက်မိသည်။

"အားလုံးရဲ့ဆုတောင်းတွေ ပြည့်ဝသွားတာပဲနော် မေဘဲလ်။ မြချူးလည်း တစ်ချိန်လုံး ကိုစစ်ရဲ့ခွဲစိတ်မှု အဆင်ပြေပြေ ဖြစ်ပါစေ။ အမြန်ဆုံး ကျန်းမာလာပါစေလို့ ဆုတောင်း နေတာ၊ အခုတော့ စိတ်ချမ်းသာစရာပဲ မေဘဲလ်ရယ်။ ကြားရတာ တကယ့် မင်္ဂလာသတင်းစကားပါပဲ"

"မေဘဲလ်လည်း ဘာပြောရမှန်း မသိအောင်ပဲ ဝမ်းသာနေ မိပါတယ် သူငယ်ချင်းရယ်။ ဘာပဲပြောပြော သူငယ်ချင်းနဲ့ သမီးလေးအိမ့်တို့ရဲ့ အားပေးကူညီပေးမှုတွေကြောင့်လည်း အခုလို အဆင်ပြေပြေနဲ့ ကိုစစ်ကို ခွဲစိတ်ဖို့ လုပ်နိုင်ခဲ့တာပါ"

ဒေါ်မေဘဲလ် တစ်ယောက် မှန်သောစကားတွေကို သာ ပြောမိခြင်းပဲ ဖြစ်ပါသည်။ ကိုစစ်က တစ်ချိန်လုံး ဆိုးဝါးနေ တဲ့ သူ့ကျန်းမာရေးနဲ့အတူ မိမိကို စိတ်မချနိုင်ဘဲ ရှိနေတာလေ။ အိမ့်ကိုချွေးမအဖြစ် တော်စပ်ရပြီး မိသားစုနှစ်ခုက စည်းစည်းလုံး လုံး နွေးနွေးထွေးထွေး ရှိကြတာကို မြင်ရတော့ ကိုစစ် စိတ်တွေ အေးချမ်းပျော်ရွှင်ပြီး အင်အားတွေ ပြည့်ဝနေခဲ့ရတာပေါ့။

ဒါကြောင့်လည်း ...

ဆေးရုံကို ကြိုတင်တက်ပြီး အနားယူကာ ခွဲစိတ်ဖို့ ကို စိတ်ဒုန်းဒုန်းချကာ ဆုံးဖြတ်နိုင်ခဲ့သည်။ အခုတော့ အခက်ခဲ ဆုံး အခြေအနေကနေ လွှတ်မြောက်ခွင့် ရခဲ့ပါပြီ။

"မာမီ"

"သမီး"

"ဒယ်ဒီ့ကို မာမီ အခုဝင်ကြည့်ပါလားဟင်"

"ဟင့်အင်း"

"ဟယ်"

ခေါင်းလေးကို ဘယ်ညာခါယမ်းလိုက်တဲ့ မာမီ့ ကြောင့် အိမ့်မျက်ဝန်းလေးတွေ ပြူးဝိုင်းကာ နားမလည်သလို ဖြစ်သွားရသည်။

"မာမီ သွားမကြည့်ရက်ဘူး သမီးရယ်။ အခုအချိန်မှာ ဆေးပိုက်တွေ တန်းလန်းနဲ့ နာကျင်တဲ့ ဝေဒနာကို သူ ခံစားနေရဦးမှာ၊ မာမ် မမြင်ရက်ဘူး။ အရမ်းသနားတာ ပဲ"

မာမီပြောတာလည်း မှန်ပါသည်။ နာရီပေါင်း ခြောက် နာရီလောက်ကြာအောင် ခွဲစိတ်ခန်းထဲတွင် ရှိနေခဲ့ရသော အချိန် အတိုင်းအတာသည် အင်မတန်မှ ပြင်းထန်လွန်းလှပါသည်။





နိုင်ငံတကာ ဆေးရုံကြီးတွင် နှလုံးစက် ပြန်လဲဖို့ တာဝန်ယူထားသော နှလုံးခွဲစိတ်ဆရာဝန်ကြီးများ၏ ကြိုးစားအား ထုတ်မှုကြောင့် အစစ အဆင်ပြေ ချောမောစွာ ပြီးစီးခဲ့သော် လည်း မေ့ဆေးအရှိန်များနှင့် ဒယ်ဒီက သတိမရသေးပါချေ။ အောက်ဆီဂျင်ပိုက်၊ ဆေးပိုက်တွေနဲ့ ဒယ်ဒီ့ပုံစံကိုကြည့်ပြီး မာမီ ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ။

"ဒယ်ဒီ့ကို သား ဝင်တွေ့လိုက်ဦးမယ် မာမီ"

သားဖြစ်သူက အသိပေးစကားဆိုပြီး ခွဲခန်းတံခါး ပေါက်ဆီလျှောက်ကာ အထဲသို့ ဝင်ဟန်ပြင်တော့ ...

"ဝဏ္ဍာ"

ခေါ်သံကြောင့် သူ လှည့်ကြည့်မိ၏။

"အိမ့်လည်း လိုက်ခဲ့မယ်"

တောင်းဆိုသံလေးက တုန်ယင်ယင်။

သူ ...

အိမ့်ကို ခေါင်းလေးညိတ်ပြီး ခွင့်ပြုတော့ ...။ သူမ မျက်ဝန်းလေးတွေ လက်ခနဲ ဖြာသွား၏။ မာမို့အနားကနေ သွက်လက်သော ခြေလှမ်းတွေနှင့် ဟဝဏ္ဍာဆီ လျှောက်သွားမိ သည်။

"သွားရအောင် ဟဝဏ္ဍာ"

ဖျတ်ခနဲ။

သူ့လက်မောင်းအိုးကြီးကို တွယ်ဖက်ကာ ပြောလိုက်တဲ့ အိမ့်ရဲ့အပြုအမူကြောင့် ဟဝဥ္ဇာ ရင်ထဲ ထိတ်ခနဲဖြစ်ကာသွားရသည်။

အိမ့်ရယ် ...။

အဲဒီလိုပဲ အမြဲတမ်း ကိုယ့်လက်ကို အားကိုးတကြီးနဲ့ ခိုတွယ်ပါလားကွာ။

အဲဒါဆို ...

ကိုယ်အရမ်းပျော်မိမှာ။

စုတော့ ...

ဒယ်ဒီ့ကြောင့် စိုးရိမ်ကြောက်ရွံ့နေတဲ့စိတ်ကြောင့် အမှတ်မထင် မင်း ကိုယ့်ကို ဖက်တွယ်လိုက်တာပါလားဆိုတဲ့ အသိကြောင့် ကိုယ့်ရင်လေး နာကျင်နင့်သည်းနေရပြီ အိမ့်ရယ်။

❤ ✧ ❤





## အခန်း(၂၁)

ဆေးရုံဆေးခန်းတွေ ပြေးလွှားနေရသော အချိန်ကာလတစ်လျှောက်တွင် ချောမဒီနှင့် သူ ဆုံတွေ့မှုတွေက အင်မတန်မှ နည်းပါးခဲ့သည်။ ဟဝဥ္ဇာ အရင်တုန်းကလို အချိန်တွေ အားလပ်မနေတော့။

ဒယ်ဒီ မလုပ်နိုင်ဘဲ အလုပ်တွေအားလုံး သူနှင့်လွှဲထားတာမို့ ဟဝဥ္ဇာ စီးပွားရေးလုပ်ငန်းတွေထဲတွင် တစ်စထက်တစ်စ နစ်နေခဲ့ရသည်။ ဒါကို ချောမဒီက လုံးဝမကျေနပ်ချေ။ သူမက အချိန်တိုင်း အားလပ်နေတဲ့ မိန်းကလေး မဟုတ်လား။ ဘာမှအပူအပင်မရှိ သုံးချင်တိုင်းသုံး၊ ဖြုန်းချင်တိုင်း ဖြုန်းနေရသော သူမအတွက် သူမ သွားချင်သွား၊ လည်ချင်တိုင်းလည်၊ လုပ်ချင်တိုင်းလုပ်ဖို့ အဖော်က အမြဲတစေ လိုအပ်နေခဲ့၏။

ဟာဝဠာကို ဖုန်းဆက်ခေါ်တိုင်း ရောက်သွားနိုင်ခဲ့သည်က များသည်။ ချောမဒီ စိတ်ဆိုးသွားသော်လည်း စိတ်ပြေအောင် မချော့နိုင်။ အခုအချိန်မှာ အိမ်ရဲ့စီးပွားရေး အခြေအနေက သူ့အပေါ်မှာပဲ မှုတည်နေခဲ့တာ မဟုတ်လား။

အချိန်တိုင်း အပျော်အပါးတွေ မက်နေဖို့ မအားလပ်တော့။ အကြောင်းပြချက်တွေ တစ်ခုပြီးတစ်ခု များလာတဲ့ ဟာဝဠာမို ချောမဒီ စိတ်ပျက်နေပြီဆိုတာ သူသိသည်။

"မောင် အခုတလော အချိုးတွေ အရမ်းပြောင်းနေတယ်နော်။ ချော ဖုန်းဆက်ခေါ်တိုင်း မောင့်မှာ မအားလပ်တဲ့ အကြောင်းပြချက် တစ်ခုခုက ကြိုတင်ရှိနေတော့တာပဲ။ ချော အရမ်းကို စိတ်တိုနေပြီ သိလား၊ မောင် တမင်ရှောင်နေတာ မဟုတ်လား"

"မောင်က မမှန်တာတွေ လုပ်နေတာမှ မဟုတ်တာပဲ ချောရယ်။ တကယ်ပဲ အလုပ်တွေရှုပ်နေတယ်ဆိုတာ ချောလည်း စုံစမ်းလို့ သိနေမှာပါ။ မင်းကို လိမ်ညာလို့ မရလောက်ဘူးဆိုတာ မောင် နားလည်ပါတယ်။ ဒါနဲ့များတောင် မောင့်ကို ဘာဖြစ်လို့ ပြဿနာတွေ ရှာချင်နေရတာလဲ ချော။ မောင် အခုလို အလုပ်တွေ ကြိုးစားနေတာ မင်းအတွက် မကောင်းဘူးလား"





"မကောင်းဘူး"

"ချော"

"ဟုတ်တယ် မောင်။ ချောအတွက် ငွေဆိုတာ မောင် အခုလို မအိပ်မနေ ကြိုးစားရှာနေဖို့မှ မလိုတာ။ မောင် ရှာဖွေနေတာထက် ချောဘဝမှာ အများကြီး ပြည့်စုံနေတာလေ။ ချောလိုချင်တာက ချောစိတ်တွေကို တစ်ချိန်လုံး ပျော်ရွှင်အောင် ဖန်တီးနိုင်တဲ့ ယောကျ်ားတစ်ယောက်ပဲ။ ရည်းစားထားတယ်ဆိုတာ ပျင်းလွန်းလို့ အပျင်းပြေအောင်ထားတာ မောင်ရဲ့၊ အခုတော့ အပျင်းမပြေတဲ့အပြင် ရည်းစားထားရတာ ပျင်းစရာ ကောင်းနေပြီ"

မျက်နှာလေး သုန်မှုန်ကာ စိုရဲနေသော နှုတ်ခမ်းလေးတွေကို စူထော်ပြီး မကျေမချမ်းနိုင်စွာပင် ပြောနေသော ချောမဒီကိုကြည့်ပြီး ဟာဝဠာ စိတ်အညစ်ကြီး ညစ်သွားရသည်။

ဒီမိန်းကလေးက တကယ်ကို ပြောင်းပြန်ပါပဲ။ လူတိုင်းက ကိုယ့်ချစ်သူဟာ အလုပ်ကြိုးစားတဲ့ယောကျ်ား ငွေအရှာကောင်းတဲ့ယောကျ်ားတစ်ယောက် ဖြစ်စေချင်ကြတာလေ။ ချောမဒီကတော့ အဲဒီလို မဟုတ်ချေ။ သူ့စိတ်ပျော်အောင်ထားတဲ့လူပဲ လိုချင်တာတဲ့။

အင်းလေ ...

ဒါကလည်း သူမဘက်ကကြည့်တော့ ဟုတ်နေတာပဲဟာ။ သူမက ငွေကြေးပြည့်စုံနေတဲ့ တစ်ဦးတည်းသော ရွှေမင်းသမီးလေးဘ၀ကို ရထားတာပဲဆိုတော့ အပျော်အတွက်ပဲ စဉ်းစားတော့မပေါ့။

"မောင်"

"ပြော"

"ဒီတစ်ခါတော့ မဖြစ်မနေ လိုက်ခဲ့ပါကွာ။ ချော ဆံပင်ကောက်ချင်လို့၊ ဆံပင်အကောက်တွေ ပြေနေပြီ မောင်ရဲ့ အလှပြင်ဆိုင်ကို တစ်ယောက်တည်း မသွားချင်လို့ မောင် အဖော်လိုက်ခဲ့ပေးပါ"

မဖြစ်နိုင်။

ဆံပင်ကောက်တယ်ဆိုတာ အချိန်အများကြီး ပေးရတဲ့အလုပ်ပဲ။

သူ ...

ဒီနေ့ လုံး၀ မအားချေ။

အလုပ်ကိစ္စနှင့် ပတ်သက်ပြီး နိုင်ငံခြားဧည့်သည်တွေနှင့်တွေ့ဆုံဖို့ ချိန်းထားပြီးပြီ။ ကိုယ့်ဘက်က ပျက်ကွက်ရသည်ဆိုလျှင်တောင် အရေးပါ အရာရောက်သော အကြောင်းကြောင့်ပဲ ဖြစ်သင့်သည်။





ကိုယ့်ချစ်သူ ဆံပင်ကောက်တာ လိုက်စောင့်ပေးနေရလို့ဆိုတဲ့ အရေးမပါတဲ့ အချက်နှင့်တော့ ဘယ်လိုမှ မဖြစ်သင့်။ ဆံပင်ဆိုတာ ဘယ်အချိန်သွားကောက်ကောက် ဖြစ်နေတာပဲဟာ။ အလုပ်အရေးကြီးနေတဲ့ အချိန်မှာမှ ချောက ဇွတ်အတင်းကြီး လိုက်ခိုင်းနေတာကတော့ ဘယ်လိုမှ မဖြစ်သင့်တဲ့ အရာပါပဲ။

"မောင် ... ချောပြောနေတာ ကြားတယ် မဟုတ်လား"

"မောင် ဒီနေ့ နိုင်ငံခြားဧည့်သည်တွေနဲ့ အလုပ်ကိစ္စအတွက် ဆွေးနွေးဖို့ ချိန်းထားတယ် ချော"

"လာပြန်ပြီ ဒီအလုပ်ကိစ္စ။ မရဘူးကွာ၊ မောင် ချောကို အချိန်တွေ မပေးနိုင်တာ သိပ်ပြီးများနေပြီ၊ ဒီနေ့တော့ လိုက်ကို လိုက်ခဲ့ပေးရမယ်၊ မောင်မလိုက်ဘဲ ချောတစ်ယောက်တည်း လုံး၀ မပြန်ဘူး၊ မောင့်အနားမှာပဲ ပေါက်ဖတ်လို ကပ်နေမှာ"

ပြဿနာပဲ။

ချောက သူ့ကုမ္ပဏီရုံးခန်းထဲမှာ ကျောက်ချပြီး တကယ်ပဲ နေတော့မယ့် ဒီဇိုင်း။ ဧည့်သည်တွေက သူ့ရုံးခန်းကို လာကြမှာလေ။ ချောမဒီ ရှိနေရင် ဘယ်လိုမှ အလုပ်မဖြစ်နိုင်။

"ချော"

"ချောကို ဘာမှလာမပြောနဲ့ မောင်၊ ချောက ဒါဆိုရင် ဒါပဲ။ လုံးဝပြောင်းမှာ မဟုတ်ဘူး၊ ချောအကြောင်းကို မောင်သိပါတယ်။ မောင် ဒီနေ့ လိုက်ကို လိုက်ခဲ့ရမယ်"

"မင်း ... ဘာဖြစ်လို့ အဲဒီလောက်တောင် အလိုက်မသိရတာလဲ ချော။ မဖြစ်နိုင်ဘူးလို့ ပြောထားပြီးပြီပဲဟာ"

သူ့လေသံက စိတ်မရှည်တော့သလို မာဆတ်သွား၏။ မျက်နှာလေးဆီမှာလည်း စိတ်ရှုပ်ထွေးမှုတွေနှင့် သုန်မှုန်လို့။ ချောမဒီ ဆိုတာ သူ့အတွက် အရင်ကလို နွေးထွေးရင်ခုန်စရာ မရှိတော့သလိုဖြစ်ကာ သူမနဲ့ရှိနေရတာ အေးချမ်းပျော်ရွှင်မှုတွေ ပေးပြီး နေ့စဉ် ရန်ရှာမှုတွေ၊ ပြဿနာတွေနှင့်ပဲ လုံးပန်းနေခဲ့ရသည်။

"ဘာလို့ မဖြစ်နိုင်ရမှာလဲ မောင်၊ ရှင် တမင်တကာ ကတ်သတ်နေတာ၊ ရှင့်အလုပ်က ဘာအရေးကြီးနေလို့လဲ။ နောက်နေ့ ပြောင်းချိန်းလိုက်ရင်လည်း ဖြစ်တာပဲဟာ။ အဲဒီလောက်မှ အပျက်ခံလို့မဖြစ်ဘူးဆိုရင် လက်လျှော့လိုက်၊ မောင့်ဆုံးရှုံးမှုတွေရဲ့ တန်ဖိုးကို ချော ပြန်ပေးမယ်"

"ချောမဒီ ... မင်း စကားပြောတာ လွယ်လှချည်လား။ ဟုတ်ပါတယ်၊ မင်း ဘယ်လောက်ချမ်းသာပြီး၊ ဘယ်လောက် လျော်စားနိုင်တယ်ဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ ငါအခုလို လုပ်တာ ငွေတစ်ခုကြောင့်ပဲလို့ မင်း ထင်နေတာလား





ချောမဒီ။ အဲဒါဆို မင်း မှားသွားပြီ သိလား။ ငါ ရှာဖွေနေတာ ငွေတစ်ခုတည်း မဟုတ်ဘူးကွ၊ ငါ့ရဲ့အလုပ်လုပ်ချင်တဲ့စိတ်၊ ဖွဲ့နဲ့ဝီရိယကိုပါ တည်ငြိမ်ရင့်ကျက်နေအောင် မွေးမြူနေတာ၊ မင်း အဲဒါကို နားလည်ရဲ့လား"

"နားမလည်ဘူး မောင်၊ ဒါတွေအားလုံးက ရှင် အကြောင်းပြချက်ပေးနေတာ။ ရှင် ချောကို အလိုမရှိတော့ဘူးမဟုတ်လား။ ရှင့်မျက်လုံးထဲမှာ အိမ့်လို ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်က အထင်ကြီးစရာ ဖြစ်နေတာ မဟုတ်လား မောင်"

"ချော ... မင်း မဆိုင်တဲ့သူကို ဘာလို့ ဆွဲထည့်တာလဲ။ အခုဖြစ်နေတာ မောင်နဲ့ မင်းရဲ့ပြဿနာပဲ။ အိမ့်က ဘာမှ သိတဲ့သူ မဟုတ်ဘူး။ စိတ်သဘောထား ဖြူစင်ပြီး သူ့ဘာသာ အေးအေးဆေးဆေးနေတဲ့သူကို မင်း ရန်ရှာဖို့ စဉ်းစားမနေနဲ့ချော"

"အမယ်လေး ... အမယ်လေး ... သူ့ဟာမထိတော့ နာတတ်နေလိုက်တာ။ စိတ်သဘောထား ဖြူစင်သလေး ဘာလေးနဲ့ ချောကရော ဘာတွေ ပုပ်စပ်နေလို့လဲ။ ကိုယ့်ချစ်သူကို ကိုယ့်အနားမှာရှိပြီး ဂရုတစိုက် ကြင်နာစေချင်တာ ချောမှာ အပြစ်ရှိလား မောင်"

"မင်းက ငါ့ဆီက အကြင်နာမရလည်း တောင်းလိုပုံနေတဲ့ မင်းတွဲနေတဲ့ ကောင်တွေဆီက ရနေတာပဲဟာ။ မင်းသတင်းတွေကို ငါ မကြားဘူးလို့ မင်း ထင်နေတာလား ချော။ ငါက ပြသနာမဖြစ်ချင်လို့ ငြိမ်နေတာကွ။ အားနာလို့မပြောတာကို အ,တယ်လို့ထင်ရင် မှားသွားလိမ့်မယ် ချော။ မင်းနဲ့ ဖွဲ့ရဲ့သတင်းတွေကို နားမဆံ့အောင် ငါ ကြားထားပြီးသားပဲ ချော"

"ဘာ ... ဘာပြောတယ်"

ဖွဲ့ဆိုတဲ့ နာမည်တစ်ခု ပါလာတော့ ချောမဒီ ပြူးပြူးပျာပျာ ဖြစ်သွား၏။ ဒါကို သူ့ အရသာခံကာ စိမ့်စိမ့်ကြီး ထိုင်ကြည့်နေမိသည်။ သူများကိုသာ လက်ညှိုးထိုးနေတာ ကိုယ့်ဘက် လက်ဘယ်နှ ချောင်း ပြန်ထိုးနေမိသလဲဆိုတာ ချောမဒီ သတိမထားမိပုံပါ။

ဖွဲ့နဲ့ချော။

သူ့ကွယ်ရာမှာ ဖြစ်ချင်တိုင်း ဖြစ်နေတာ သူ မသိဘူးဟု ချောက တစ်ထစ်ချ တွက်ထားပုံပါပဲ။ သူက သိနေတယ်ဆိုတော့ ချော မျက်နှာက သွေးဖြူရော်သွား၏။ ကျားနာခဲသောသူတစ်ယောက်လို သူ့အား တိုက်ခိုက်ဖို့ ပြင်လာ၏။





"ရှင် ... ရှင် ... ကိုယ့်ဘက်က သစ္စာမရှိ ကတိမတည်ချင်တိုင်း ချောကိုစွပ်စွဲဖို့ မကြိုးစားနဲ့နော် မောင်၊ ဖွဲ့က ရိုးရိုး"

"တော်စမ်းပါ ချောရယ်၊ ဘာရိုးရိုးလဲ၊ ဖွဲ့ကိုယ်တိုင်က ဂုဏ်ဖော်ပြီး အသိုင်းအဝိုင်းထဲမှာ သတင်းတွေ လိုက်ဖြန့်နေတာကွ။ ဆင်သေကို ဆိတ်သားရေနဲ့ မဖုံးစမ်းပါနဲ့"

သူ့စကားကြောင့် ချောမဒီ မျက်နှာမှာ ဟန်ဆောင်လိမ်ညာခြင်းတွေ ကွာကျလို့။

"ဟုတ်တယ်လေ၊ ဟုတ်တယ်။ ဒါပေမဲ့ ချောက ရှင်နဲ့အိမ့်လို တစ်မိုးအောက်ထဲနေပြီး လူရှေ့ သူရှေ့မှာ သူတော်ကောင်းယောင် ဆောင်ပြနေတာ မဟုတ်ဘူး၊ အဲဒါဘာဖြစ်လဲ"

"ငါတို့က သူတော်ကောင်းယောင် ဆောင်မပြလည်း ပတ်ဝန်းကျင်မှာ အသိအမှတ်ပြုထားတဲ့ လင်မယားတွေပဲကွ၊ ဘယ်သူမှ ကဲ့ရဲ့မယ့်သူ မရှိဘူး။ မင်းသာ ဖွဲ့ကို ဒီထက်သိက္ခာမကျခင် လက်ထပ်နိုင်အောင် ကြိုးစားထား ချောမဒီ"

"ပိတ်စမ်း၊ ရှင့်ပါးစပ် ပိတ်ထားလိုက်ဘော့ ဟဝဠာ။ ရှင်အမိန့်တွေ ပေးရအောင် ချောက ရှင့်အလုပ်သမားမဟုတ်ဘူး သိလား၊ ရှင်နဲ့ ဘာမှမပတ်သက်ဘူး သိလား"

ချောမဒီရဲ့စကားက သူနဲ့ချောမဒီတို့ရဲ့ အနာဂတ်လမ်းစတစ်ခုကို ကြိုတင်ထွင်းဖောက် မြင်ရသလိုပင် ခံစားရသည်။

"မင်းက အခုချိန်မှာ မဆိုင်ချင်ပေမယ့် အရင်ကဆိုင်ဖူးကြ တယ်ဆိုတော့ မင်းအကြောင်းတွေက ရောက်ရောက်လာတာ ကွ။ မင်းကို ငါ ချစ်ခဲ့ဖူးတယ် ချောမဒီ။ ငါ အလိုရှိခဲ့ဖူး တယ်။ မင်းရုပ်ရည်၊ မင်းအဆင့်အတန်း၊ မင်းရဲ့ဂုဏ်ရှိန် တွေကြောင့် ငါ တကယ်ပဲ သာယာယစ်မူးခဲ့မိတယ်။ အချစ်ဟာ ပြီးပြည့်စုံခြင်း တစ်ခုလို့ ထင်ပြီးတော့လေ။ ဒါကြောင့် ငါ့အနားမှာရှိပြီး ငါ ဘယ်လိုပဲ နစ်နာမှုတွေ ပေးအပ် ပေးအပ် နားလည်ခွင့်လွှတ်ခြင်းတွေနဲ့ လိုက်လျော ပေးတတ်တဲ့ အိမ့်ရဲ့စေတနာနဲ့မေတ္တာကိုတောင် တန်ဖိုးထား ရကောင်းမှန်း ငါ မသိခဲ့ဘူး။ သူ့ကို ဒဏ်ရာနက်နက်တွေ ပဲ ငါ့ဘက်က ပေးအပ်ခဲ့မိတယ် ချော။ ဒါပေမဲ့ မင်းရဲ့ သစ္စာမဲ့မှု၊ စောင့်ထိန်းခြင်း ကင်းမဲ့မှုတွေကြောင့် ငါ့အရမ်း ကို တုန်လှုပ်မိသွားတာတော့ ဝန်ခံတယ်။ ငါက နွားမဟုတ် ဘူး ချော၊ ဘယ်တော့မှ လှည်းကျိုးထမ်းမဲ့ကောင် မဟုတ် ဘူး၊ အဲဒီအတွက် မင်းရဲ့သရုပ်ဆောင်မှုတွေကို ငါ့ရှေ့မှာ လာလုပ်ပြမနေနဲ့တော့ ချောမဒီ။ မင်း ရှက်တတ်မယ်ဆို ရင် ငါ့ရုံးခန်းကနေ သွားသင့်ပြီ"

"သွားမှာပါ၊ ရှင် လူကို နှင်ထုတ်နေစရာ မလိုပါဘူး။ ရှင် လိုအရေးမပါတာကို အရေးတယူလုပ်တတ်တဲ့ လူစားမျိုး





ကိုလည်း ချောက တွယ်ကပ်ခယနေဖို့ အစီအစဉ်မရှိပါ ဘူး။ ရှင်သိထားဖို့က ချောမဒီဘဝမှာ ဘာမှရှားပါးမနေ ဘူး ဆိုတာပဲ ... ဟဝဠာ"

"အဲဒီစကား ကြားရတာ ဝမ်းသာပါတယ် ချောမဒီ"

"ဟွန်း"

ချောမဒီ မျက်စောင်းကြီး ဆတ်ခနဲထိုးကာ နေရာ ကနေ ဒေါသတကြီး ထရပ်၏။ ပြီးနောက် ခုံတစ်လုံးကို တစ် ချက်ပစ်ကန်ခဲ့ပြီး ကုမ္ပဏီရုံးခန်းထဲကနေ ခပ်မာမာ၊ ခပ်ရင့်ရင့် ပင် ထွက်သွားသည်။

တောက် ...။

ဟဝဠာတစ်ယောက် ခံပြင်းစွာ တက်တစ်ချက် ပြင်းပြင်းခေါက်လိုက်မိပါတော့၏။

❤ ✧ ❤

## အခန်း(၂၂)

"ပြန်လာပြီလား ဟဝဍ္ဍာ"

"ဩော် ... စေရာ ရောက်နေတာကို"

"ဟုတ်တယ် ဟဝဍ္ဍာ။ အန်တီက ဆွေးနွေးစရာလေးရှိတယ် လာခဲ့ပါဆိုလို့ ကိုယ် လာတာလေ"

ဟင် ...။

ဆွေးနွေးစရာတဲ့။

မာမိနဲ့ မိုးစေရာ ကြားတွင် အခုလို ဖုန်းဆက်လှမ်းခေါ်ပြီး ခေါင်းချင်းဆိုင် ဆွေးနွေးရအောင် ဘယ်လိုအရေးကိစ္စများ ရှိနေပါသနည်း။ ဒယ်ဒီ ဆုံးရှုံးတက်ခဲ့သော ကာလတစ်လျှောက် မိုးစေရာဟာ လူမှုရေး အင်မတန်သိတတ်စွာ ကူညီမှုတွေ အများကြီး ပေးခဲ့သည်။





အခုဆိုရင် ...

မိုးစေရာ ဆိုတာ အိမ်ကလူအကုန်လုံး မရင်းနှီးမကျွမ်းဝင်တဲ့သူ မရှိလောက်အောင် မိသားစုဝင်တစ်ယောက်နီးနီး ဖြစ်နေခဲ့ချေပြီ။

အိမ်နဲ့ပတ်သက်ပြီးလည်းကောင်း၊ မာမိရဲ့အရေးကြီးတဲ့ လုပ်ငန်းအတွက် ကူတာပဲဖြစ်ဖြစ် မိုးစေရာက သူ့ထက်ပင် ပို၍အရေးပါနေခဲ့၏။ မာမိနဲ့ ဟဝဍ္ဍာ ကြားတွင် ဟိုအရင်ကလို စိမ်းသက်မှုများ ပျောက်ကွယ်သွားတာမှလွဲ၍ အိမ်နဲ့ပတ်သက်လာလျှင်တော့ အခုချိန်ထိ စိမ်းသက်အေးစက်နေဆဲပင် ဖြစ်သည်။

"ဩော် ... မောင်မိုးစေရာ ရောက်လာပြီလား၊ ထိုင်လေကွယ်၊ သား ... ခုံမှာထိုင်ပါ"

"ဟုတ်ကဲ့ အန်တီမေဘဲလ်"

မိုးစေရာက ဧည့်ခန်းကျယ်ကြီးထဲက အိစက်ညက်ညောနေသော အနက်ရောင် ဆိုဖာခုံကြီးတွင် ဝင်ထိုင်၏။

"သား ... ဟဝဍ္ဍာ၊ ဘယ်တုန်းက ရောက်နေတာလဲ"

"ခုပဲ မာမီ"

"အေး ... အေး ... ဒီနေ့ နိုင်ငံခြားသား ဧည့်သည်တွေနဲ့တွေ့ဖို့ လုပ်ထားတယ် ဆိုတာရော အဆင်ပြေရဲ့လား သား"

"ပြေပါတယ် မာမီ။ အလုပ်ကိစ္စနဲ့ ဆွေးနွေးတာလည်း အားလုံး အဆင်ပြေခဲ့တယ်။ သားတို့ကုမ္ပဏီ တစ်ခုတည်း ကိုပဲ သူတို့ရဲ့ကုန်ပစ္စည်းတွေ တစ်ဦးတည်းကိုယ်စားလှယ် ပေးဖို့ ကတိပြုသွားတယ်၊ ဟိုဘက်ကို အကြောင်းကြားပြီး ရင် သားတို့ စာချုပ် ချုပ်ကြမယ် မာမီ"

"အေးကွယ် ... ဝမ်းသာစရာပဲ။ သတင်းကောင်းတစ်ခုပဲ သားရယ်၊ မင်းဒယ်ဒီလည်း သိရင် အရမ်းကို ဝမ်းသာဂုဏ် ယူနေမှာ။ အခုတောင် သူ့သူငယ်ချင်း လုပ်ဖော်ကိုင်ဖက် တွေက အိမ်ကို လူနာမေး အလည်လာတိုင်း မင်းရဲ့ကြိုးစား မှုနဲ့ အကွက်မြင်မှုတွေကို ချီးကျူးလွန်းလို့ ဒါဟာ သူ့ သားဆိုပြီး ဂုဏ်ယူနေတာ။ အခုကိစ္စ အောင်မြင်သွားတာ သာသိရင် ဘယ်လောက်တောင် ပီတိဖြစ်လိုက်မလဲကွယ်"

မာမီက သူ့လက်တွေကို အုပ်မိုးဆုပ်ကိုင်ပြီး ဝမ်း သာစကား ဆိုရှာပါသည်။ ဟဝဠာရဲ့ပြောင်းလဲလာမှုကို မာမီ ကျေနပ်နေပုံရ၏။ အရင်ကလို သားအမိနှစ်ယောက်ကြား အယူ အဆများ တစ်ယောက်တစ်ကွဲစီ ငြင်းခုန်တိုက်ခိုက်နေခြင်းများ လည်း မရှိတော့။ မိသားစုရဲ့ အနစ်သာရက အခုမှပဲ ပြီးပြည့်စုံ ကာ နေပျော်စရာလေး ဖြစ်နေရတော့သည်။

"မာမီ"





"ဟင်"

"ဒယ်ဒီရော"

"ဆေးသောက်ပြီး အိပ်နေတယ်သား"

"မာမီ"

"ပြောလေ"

"မိုးစေရာနဲ့ ဆွေးနွေးစရာရှိလို့ ခေါ်ထားတယ်ဆို၊ သွား တွေ့လိုက်ဦးလေ၊ သား အနားသွားယူလိုက်ဦးမယ်"

"အေး ... အေး ... ဟုတ်ပါရဲ့။ သား သတိပေးတော့မှပဲ မိုးစေရာနဲ့ ချိန်းထားတာ သတိရတော့တယ်။ သားရဲ့ အောင်မြင်မှုကို ကြားရပြီး မေ့တောင် မေ့သွားတော့မလို့။ ကဲ ... သားလည်း တစ်နေကုန် အလုပ်တွေ လုပ်ရတာ ပင်ပန်းနေမှာပေါ့၊ သွားနားတော့ သား"

"ဟုတ်ကဲ့ မာမီ"

ဟဝဠာ တစ်ယောက် မာမီအနားကသာ ထွက်ခွာ လာရတာ စိတ်ထဲမှာတော့ လေးလံနေရသည်။ ဘာအကြောင်းတွေ ကြောင့်များ အခုလို အချိန်မျိုးကြီးမှာ မာမီက ခေါ်တွေ့ရတာ ပါလိမ့်။

အိမ့်ကြောင့်များလား။

သီချင်စိတ်နှင့်အတူ မေးကြည့်လိုက်ချင်ပေမယ့် မေးခွန်းတွေက သူ့လည်ချောင်းဝတွင် တစ်ဆို့နေရသည်။

အိမ့် ...

ချောမဒီ နှင့်ရဲ့ဂုဏ်သိက္ခာကို ရှုတ်ချမှာစိုးလို့သာ ငါလေ နှင့်ရဲ့ဖြူစင်မှုအတွက် စွန့်လွှတ်ဖို့ ဆုံးဖြတ်ခဲ့ရတာပါဟာ။

အမှားကိုသိပြီး ငါ ပြင်ဆင်ချင်ပေမယ့် အချိန်တွေက နှောင်းခဲ့တာကို။ ငါ နောင်တ,တကြီး ခြေလှမ်းတွေဆုတ်ဖို့ ကြိုးစားလိုက်ပေမယ့် မရတော့ဘူးလေ အိမ့်။ အဲဒါကို ငါ အရမ်းဝမ်းနည်းတာပဲ အိမ့်ရာ။

မိုးစေရာကို မြင်လိုက်တိုင်း သွေးပျက်တုန်လှုပ်ချောက်ချားနေတဲ့ ငါ့အဖြစ်ကို နှင်သိရင် မယုံပါဘူးဆိုပြီး လှောင်ပြောင်ရယ်မောမှာပဲနော် အိမ့်။ တကယ်တော့ ငါ နှင့်ကို တကယ်ပဲ ချစ်မိသွားတာပါ အိမ့်ရယ်။

အဲဒါ ...။

တကယ့် အမှန်တရားပါပဲ။

ဒါပေမဲ့ ...

ငါလေ အဲဒီအမှန်တရားတွေကို ဘယ်တော့မှ ဖွင့်ထုတ်ပြမှာ မဟုတ်တော့ပါဘူး အိမ့်ရယ်။ ငါ့ကြောင့် နှင်မတွေဝေစေရဘူး အိမ့်။ နှင့်စိတ်တွေ မရှုပ်ထွေးစေရဘူး။ နှင့်ဘက်က





ပြန်ပေးဆပ်သမျှ ဘယ်လောက်ပဲ စူးရှပြင်းထန်နေတဲ့ ဒဏ်ရာတွေကိုပဲဖြစ်ဖြစ် ငါ့အပြုံးလေးတွေနဲ့ပဲ ခံယူပေးမှာပါ အိမ့်ရယ်။

အပေါ်ထပ်ရှိ သူ့အခန်းလေးထဲ တက်သာလာခဲ့ရတာ ဟဝဠာ၏ ခေါင်းထဲမှာတော့ အတွေးပေါင်းစုံနှင့် ရှိနေရသည်။

ထိုအချိန်တွင် ...

အိမ့်တစ်ယောက်ကတော့ အခန်းလေးထဲတွင် တစ်ယောက်တည်း အသံလေး တိုးတိတ်စွာ ရှိုက်ငိုနေရသည်။

ဒီနေ့ ...။

အန်တီမေဘဲလ်က အိမ့်ကို အခန်းလေးထဲဝင်လာပြီး တိုင်ပင်မှုများ ပြုလုပ်သွားသည်။ အိမ့် ဘာဖြစ်ချင်သလဲတဲ့။ ဟဝဠာနဲ့ ကွာရှင်းထားတဲ့ အိမ့်ရဲ့ နစ်နာဆုံးရှုံးမှုတွေ အတွက် အန်တီ့ဘက်က ဘယ်လိုပြန်ပေးဆပ်ရမလဲတဲ့လေ။ အိမ့် ကြိုက်သလိုပုံစံမျိုးနဲ့ တောင်းဆိုနိုင်သည်ဟု လွတ်လပ်စွာ ခွင့်ပေး၏။

ဟင့်အင်း ...

အိမ့် မသိဘူး။

အိမ့်သိတာ တစ်ခုပဲရှိတယ်။

အဲဒါ ...

ဟဝဠာကို အိမ့် အရမ်းချစ်တယ် ဆိုတာပဲ။

လက်ထပ်တာပဲဖြစ်ဖြစ်၊ ကွာရှင်းတာပဲဖြစ်ဖြစ် အိမ့်သူရှိနေတဲ့၊ သူနဲ့နီးတဲ့ အဝန်းအပိုင်းလေးထဲမှာပဲ နေချင်တယ်။ သူ့ဇနီးမယားအဖြစ် အသတ်မှတ် မခံရဘူးဆိုရင်တောင် အိမ့်အဝေးဆုံးကို ထွက်မသွားချင်ပါဘူး။

ဒါဟာ ...

အိမ့်ရင်ထဲက ဆန္ဒအမှန်ပါပဲ။

သို့ပေမဲ့ ...

အန်တီမေဘဲလ်က အိမ့်ကို စကားလမ်းကြောင်းလာခဲ့ချေပြီ။ မိခင်ရှေ့မှာ ချောမဒီကိုပဲ ရွေးချယ်ခဲ့တဲ့ ဟဝဠာရဲ့ ရက်စက်မှုကို အိမ့် သိမြင်နေပါလျက်နှင့် ဘာကို တွယ်တာချင်နေမိမှန်း အိမ့်ကိုယ်အိမ်ပင် နားမလည်နိုင်တော့ပါ။

ဘယ်လိုလုပ်ရမလဲ။

အိမ့် တစ်ခုခုကို အပိုင်နိုင်ဆုံး ဆုံးဖြတ်ပေးရတော့မယ် မဟုတ်လား။ အခုဆို အန်ကယ်ရဲ့ခွဲစိတ်မှုကလည်း အောင်မြင်ခဲ့ပြီးပြီ။ အိမ်မှာ အနားယူနေပေမယ့် အခြေအနေက ကောင်းဘက်ကို တဖြည်းဖြည်း ရောက်လာနေခဲ့၏။

ဒါကြောင့်လည်း ...

အန်တီမေဘဲလ်က အချိန်တွေ အကြာကြီး ဖြစ်မနေအောင် အမြန်ဆုံး အိမ့်တို့နှစ်ယောက်ရဲ့အရေးကိစ္စကို ခေါင်းထဲထည့်စဉ်းစားပေးချင်သလိုပင်။





မိုးစေရာကို ရင်းနှီးပြီးနောက် အနေအထိုင် အေးဆေးတည်ကြည်သော သူ့ကို အန်တီသဘောကျ နှစ်သက်ကျေနပ်နေဟန်ရှိသည်။

အိမ်ရှေ့မှာလည်း ...

မိုးစေရာနဲ့ ပတ်သက်ပြီး ချီးကျူးစကားကို အမြဲဆိုရှာ၏။

အိမ့် ဘယ်လောက်ပဲ မဟုတ်ပါဘူးလို့ ငြင်းငြင်း မိုးစေရာရဲ့ မျက်လုံးတွေထဲက အရိပ်အကဲကို ဖတ်မိသည်ဟုဆိုကာ အိမ့်ဖြစ်ချင်သည့် ဆန္ဒကို ပွင့်လင်းစွာပင် မေးလာခဲ့သည်။

အခုဆိုလျှင် ...

အိမ့်တို့ လူငယ်တွေရဲ့ကိစ္စကို အမေလည်း သိသွားခဲ့ချေပြီ။ အံ့သြမှင်တက်နေတဲ့ အမေ့မျက်ဝန်းတွေကိုကြည့်ပြီး အိမ့် ဘယ်လောက်တောင် ဝမ်းနည်းကြေကွဲခဲ့ရသလဲ။ တစ်ဦးတည်းသော သမီးလေးထံမှ မိုက်မဲသော သစ္စာဖောက်မှုအတွက် အမေ မယုံကြည်နိုင်သလို တုန်လှုပ်နေခဲ့သည်။

အဲဒါကိုပဲ ...

အိမ့် အခံစားရဆုံးပါပဲ။

ဘာတစ်ခုမှ ပြစ်တင်ဆူပူခြင်း မရှိတဲ့ အမေ့ရဲ့တုံ့ပြန်မှုကြောင့် အိမ် သည်းခြေပျက်မတတ်ပင် ခံစားနေရတော့သည်။

အမေကတော့ ...

စိတ်လျှော့ထားသူမို့လားမသိ အန်တီမေဘဲလ် လက်ထဲပဲ အားလုံးအပ်နှင်းကာ ပြန်သွား၏။ မျက်ရည်တွေနဲ့ဝေ့ကာ စိတ်မကောင်းဖြစ်ပြီး ပြန်သွားတဲ့ အမေ့ကိုကြည့်ပြီး အိမ့် ပြေးလိုက်ချင်စိတ်တွေ ပေါက်ခဲ့ရသည်။

သို့သော် ...

သူမ ခြေလှမ်းတွေ ရွေ့လျားမရခဲ့ပါ။

အဆောက်အအုံ ကြီးမားခိုင်မာနေသော ဟာဝဍ္ဍာအပေါ်ချစ်တဲ့ အချစ်တွေက သူမ လိုက်ပါမသွားနိုင်အောင်ပင် တားဆီးပိတ်ပင်နေခဲ့သည်။

မရနိုင်မှန်းသိလျက် လိုချင်တာ အိမ့် ရူးသွပ်တာပါပဲ။

ဟာဝဍ္ဍာ စိတ်ထဲမှာ ချောမဒီပဲ ရှိနေတာလေ။

ဒါကို ...

အိမ့် မသိတာလည်း မဟုတ်ဘဲ ဘာတွေကို လျှောက်တွေးပြီး မျှော်မှန်းနေမိသလဲ မသိ။

စိတ်ညစ်တယ်။

အိမ့် အသက်တောင် ရှင်ချင်စိတ်တွေ ကုန်ခန်းနေရသည်။





သိပ်ပြီးအရေးမကြီးနိုင်ပါဘူးလေဟု ထင်ပြီး လုပ်ခဲ့သမျှ လုပ်ရပ်တွေအားလုံးက အခုတော့ သူမကို ပြေးပေါက်မရှိအောင် ချောင်ပိတ်မိနေစေခဲ့၏။

ပတ်ဝန်းကျင်မှာ ...

အိမ်ထောင်ဖျက် တစ်ခုလပ်ဆိုသည့် ဆိုးဝါးသော ဂုဏ်ပုဒ်ကြီးနှင့် သူမဘဝတစ်သက်တာလုံး ရှင်သန်ရတော့မှာပါလားဆိုတဲ့အသိက သူမကမ္ဘာကို ပျက်စီးသွားစေတာတော့ အမှန်ပါ။

ဟာဝဍ္ဍာရယ် ...။

နင် သိပ်ရက်စက်တာပဲလို့ ငါ မပြောရက်ပါဘူး။

တကယ်တော့ ...

နင်က အစကတည်းကမှ ရက်စက်ခဲ့တာမှ မဟုတ်တာ။ နင်က အဲဒီလိုပဲ ဇာတ်လမ်းကို ရှေ့ဆက်သွားမှာလို့ ငါ့ဆီမှာ ပွင့်ပွင့်လင်းလင်း တောင်းခံထားခဲ့တာပါ။

ငါကသာ သိသိကြီးနဲ့ လက်ခံခဲ့တာလေ။

ခုတော့ ...

ငါတို့နှစ်ယောက်ရဲ့ ဇာတ်သိမ်းခန်းကို ရောက်ခဲ့ပြီ ဟာဝဍ္ဍာ။

အလွမ်းတွေ၊ အမှတ်တရပေါင်းများစွာနဲ့ ငါ ကျန်နေခဲ့ရပေမယ့် နင့်ဆီမှာတော့ ပျော်စရာအိပ်မက်လေးတွေနဲ့ ရှေ့ဆက်

သွားရတော့မှာပါ။ ငါ ကျေနပ်ပါတယ် ဟဝဋ္ဌာ။ နင်သာ ပျော်ရွှင်မယ်ဆိုရင် ငါ ဘာတွေပဲ ပေးဆပ်ရ ပေးဆပ်ရ ပေးဆပ်မှာပါ။

အဲဒါ ...

ငါ့အချစ်ပဲ ဝဋ္ဌာ။

နည့်တဲ့ ချစ်ခြင်းရဲ့သင်္ကေတပါပဲဟာ။

ငါတို့မိန်းကလေးဆိုတာ ရွေးချယ်ခွင့် အင်မတန်နည်းပါးတဲ့သူတွေပါ။ နင်တို့ယောက်ျားလေးတွေရဲ့ လိုက်လံတဲ့ရွေးချယ်မှုလေးတွေကို ခံယူပြီး အဲဒီဘဝလေးထဲမှာ ပျော်စရာကြည်နူးစရာလေးတွေကို ရှာဖွေပြီး ဆက်ရှင်သန်သွားရတာပါ ဟဝဋ္ဌာ။

ငါ ဘယ်လောက်ပဲ ချစ်ချစ်။

ငါ နင့်ကို ရွေးချယ်ခွင့် မရှိဘူး။

အဲဒီလို ဖွင့်ပြောခွင့်ဆိုတာကလည်း မိန်းကလေးတစ်ယောက်ရဲ့မာနနဲ့ ဂုဏ်သိက္ခာက ခွင့်မပြုပြန်ဘူး ဟဝဋ္ဌာ။

ဒီတော့ ...

နင် ဆုံးဖြတ်တာကိုပဲ ငါက လိုက်နာလက်ခံရမှာပေါ့ဟာ။

ဒါပေမဲ့လည်း ...

ဟဝဋ္ဌာရယ် ...





နင့်ကိုချစ်မိတဲ့ ငါ့အချစ်တွေကိုတော့ ငါ ဘယ်လိုမှ တားဆီးထိန်းချုပ်ထားနိုင်မှာ မဟုတ်ပါဘူးဟာ။

ငါက ...

ငါ့ကို မချစ်နိုင်ပါဘူးဆိုတဲ့ သူကိုမှ အသည်းထဲနင့်နေအောင် ချစ်နေမိသွားတာကို။

ငါ ဘာတတ်နိုင်မှာလဲ ဝဋ္ဌာရယ်။

ခုတော့ ...

ငါလေ ...

အန်တီမေဘဲလ်ကို စကားတစ်ခွန်း ပြောခဲ့တယ်။

အဲဒါ ...

အိမ့်မျက်ချယ် ဆိုတဲ့ ငါ့အနာဂတ်ကို အန်တီမေဘဲလ်သင့်သလိုပဲ ဆုံးဖြတ်ပေးပါတော့လို့လေ။

ငါ မှားသလား ဟဝဋ္ဌာ။

ငါ ...

မမှားပါဘူးနော်။

❤ ✧ ❤

## အခန်း(၂၃)

"အိမ့်"

"ဟင်"

"နင် အရမ်းစိတ်ချမ်းသာနေမှာပဲနော်"

"ဘာကိုလဲ ဟဝဠာ"

"မိုးစေရာရဲ့ နားလည်ခွင့်လွှတ်မှုကို ရတာရော၊ အန်တီနဲ့ မာမီတို့ရဲ့ သဘောတူညီမှု ရတာရောကြောင့် မိုးစေရာနဲ့ လက်ထပ်တော့မယ် ဆိုတာလေ"

နင်ထင်သလား ဟဝဠာ။

အဲဒီလို ဖြစ်ရလို့ ငါ သိပ်စိတ်ချမ်းသာ ပျော်ရွှင်နေတယ်လို့ နင် ထင်လားဟင်။ မျက်နှာမှာ မိတ်ကပ်အပြည့်နဲ့ အလှအပတွေ ပြင်ထားပေမယ့် ငိုနေတဲ့ ငါ့မျက်လုံးတွေကို နင်မှ သတိမထားမိတာ။





"အိမ့်"

"ဘာလဲ ဟဝဠာ"

"နင် ပြောတော့ နင်ချစ်တာ မိုးစေရာ မဟုတ်တဲ့ သတ်သတ်လူဆို။ ဘာကြောင့် မိုးစေရာနဲ့ လက်ထပ်ဖို့ နင် ဆုံးဖြတ်လိုက်ရတာလဲ အိမ့်"

"သူက ငါ့ကို မရွေးချယ်လို့ပေါ့ ဟဝဠာ"

"ဘာ"

"သူ ငါ့ကို မချစ်ဘူးလေ"

"ဟာကွာ ... အဲဒီကောင် တော်တော်ညံ့ဖျင်းလိုက်တာ၊ နင့်လို မိန်းကလေးကိုမှ မရွေးချယ်တာ၊ အဲဒီကောင် တော်တော်ရူးနှမ်းတာပဲ"

ဒေါသဝါကြီး ပေါက်ကွဲသွားတဲ့ ဟဝဠာကိုကြည့်ပြီး အိမ့် နှုတ်ခမ်းလေးပေါ် မဲ့ပြုံးလေးတစ်ခု ဖြတ်ပြေးသွားရသည်။

"လောကမှာ ကိုယ်မချစ်မနှစ်သက်တဲ့သူကို ကိုယ့်အနားမှာ ဘယ်သူမှ မထားချင်ကြတာ အမှန်တရားပဲပဲ ဟဝဠာ"

အိမ့်ရယ် ...

နင့်စကား အပြည့်အဝ မမှန်ပါဘူးဟာ။

ကိုယ်သိပ်ချစ်နေပါလျက်နဲ့ အနားမှာ မထားနိုင်ဘဲ စွန့်လွှတ်လိုက်ရတဲ့ လူမျိုးတွေ လောကကြီးမှာ တစ်ပုံကြီးပဲ ရှိနေသေးတယ်ဆိုတာ နင်သာသိရင် ...။

"ဟဝဠာ"

"ပြောလေ အိမ့်"

"နင်ရော ဘယ်တော့လဲ"

"ဘာကိုလဲ ... အိမ့်"

"ချောမဒီနဲ့ နင်"

"ငါတို့ အပြီးသတ် လမ်းခွဲလိုက်ပြီ အိမ့်"

"ဟင်"

"ဟုယ်တယ် အိမ့်။ နင်ကတော့ သိပ်မြန်တာပဲ၊ လွယ်လိုက်တာလို့ ငါ့ကို မြင်ချင်မြင်မှာပဲလေ။ ဒါပေမဲ့ ငါ့စိတ်ကို ငါက ပိုင်ပိုင်နိုင်နိုင် သိသွားတာဆိုတော့ သာယာမှုနဲ့ ချစ်ခြင်းကို အသေအချာ ခွဲခြားနားလည်သွားလို့ လှမ်းနေတဲ့ ခြေလှမ်းအမှားတွေကို ရပ်တန့်ပစ်လိုက်တဲ့ ငါကတော့ နင့်လို မမြင်တာ အမှန်ပဲလေ အိမ့်"

"ငါ နားမလည်ဘူး ဟဝဠာ။ နင် သူ့ကို ချစ်ခဲ့တယ် မဟုတ်လား"

"ချစ်ခဲ့တာ မဟုတ်ဘူး အိမ့်၊ ချစ်ခဲ့တယ်လို့ ထင်တာ။ ချောမဒီကို တွေ့တော့ ငါ ရင်ခုန်ခဲ့တာ အမှန်ပဲ၊ သူ့ဆီက ပေးအပ်လာတဲ့ ချစ်ခြင်းအနုအရွလေးတွေ၊ သူ့နောက်





မှာ ကပ်နေတဲ့ ပြည့်စုံမှုတွေ။ အဲဒါတွေကြောင့် ငါသာယာနေမိတာတော့ အမှန်ပဲ။ ဒါပေမဲ့ တကယ်တမ်း ငါ့စိတ်ထဲမှာ လိုအပ်နေတာ အဲဒါတွေ တစ်ခုမှမဟုတ်ဘူးဆိုတာ သိတော့ ငါ နောက်ဆုတ်ဖို့ ကြိုးစားတာပဲ အိမ့်။ တကယ်တမ်းကျတော့ ချောမဒီကိုယ်တိုင်လည်း ငါ့ဆိုတာ သိပ်လိုအပ်တာ မဟုတ်ဘူးလေ။ အခုတော့ ဖွဲ့နဲ့အတိအလင်း တွဲနေတော့တာပဲ"

"အို"

"ဘာလဲ ... ငါ့ကို စိတ်မကောင်း ဖြစ်သွားတာလား"

"ဟို ... ဟို ... ငါ ... ငါက ..."

"နင်လည်း ချောမဒီ အကြောင်းကို သိနေတဲ့သူပဲဟာ"

"နင် မခံစားရဘူးလို့ ငါ့ရှေ့မှာ ဟန်မဆောင်ပြပါနဲ့ ဟဝဠာရယ်။ နင် တစ်ခုခု ဖြစ်နေတယ်ဆိုတာ ငါ ရိပ်မိတယ် ဟဝဠာ။ နင့်မျက်လုံးတွေထဲမှာ ဝမ်းနည်းမှုတွေကို ငါ မြင်နေရပါတယ် ဟဝဠာရယ်"

"အဟွန်း ... နင် တော်သားပဲ အိမ့်။ ဒီတစ်ချက်မှာလည်း နင့်ကို ငါ အထင်ကြီးသွားပြန်ပြီ သိလား။ ငါ တကယ်ပဲ ဝမ်းနည်းနေတာဟ၊ ငါ ဝန်ခံတယ်"

"ဟင်"

"ဟုတ်တယ် ... အိမ့်။ ချောမဒီနဲ့ လမ်းခွဲလိုက်ရလို့ ငါ ဝမ်းနည်းတာ မဟုတ်ဘူး။ အချစ်စစ်ကို ရှာဖွေတွေ့ရှိလိုက်ရတဲ့ အချိန်မှာပဲ အဲဒီအချစ်တွေကို ငါ လက်လွှတ်ဆုံးရှုံးရတော့မှာပါလား ဆိုတဲ့ အသိတစ်ခုကြောင့်နဲ့ ငါ အရမ်းကို ကြေကွဲဝမ်းနည်းနေတာပါ"

ဟယ် ...။

အိမ့်မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရပြီ။

ဟဝဋ္ဌာ ဘာပြောလိုက်တာလဲ။

အချစ်ဆိုတာကို တွေ့လိုက်ရတဲ့ အချိန်မှာ စွန့်လွှတ်ရတော့မှာမို့လို့တဲ့။

နင် ...။

ဘာကိုဆိုလိုချင်တာလဲ ဟဝဋ္ဌာ။

နင် ...

ငါ့ကို စိတ်ကူးယဉ် အိမ်မက်တစ်ခုကို ထပ်ပြီးမပေးဦးမလို့လား။ ဟင့်အင်း ... မလုပ်ပါနဲ့တော့ ဟဝဋ္ဌာ။ ငါ နောက်တစ်ကြိမ် ထပ်ပြီး မရူးသွပ်ပါရစေနဲ့တော့ဟာ။

"အိမ့် ... တက်လေ။ မာမီတို့က ဗဟိုတရားရုံးရှေ့မှာ စောင့်နေတော့မယ်။ အလုပ်ပြင်ဆိုင်မှာ ရှိနေတဲ့ နင့်ကို ကြို





ခိုင်းပေမယ့် ငါ့ကို မာမီက နင်နဲ့ပတ်သက်ပြီး လေစိမ်းတွေ တိုက်ချင်နေသေးတာ။ ပြီးတော့ မိုးစေရာကလည်း ရှိသေးတယ်လေ အိမ့်။ သူ နင့်ကိုစောင့်မျှော်နေတော့မယ် အိမ့်"

ထိုစကားများကို စိတ်ထဲက မပါပေမယ့် အိမ့်အတွက်တော့ သူ ကြိုးစားပြီး ပြောမိပါသည်။ ယခုအချိန်မှာ အိမ့်ကို ချစ်သူဇနီးမယား တစ်ယောက်အဖြစ် မပိုင်ဆိုင်ရသည့်တိုင် ကိုယ်သိပ်ချစ်တဲ့ မိန်းကလေးရဲ့ အနာဂတ်လေး လှပပွင့်လန်းလာတော့မည့်အရေးအတွက် မုဒိတာပွားပြီး ကြည့်ပေးဖို့ ဆုံးဖြတ်ထားမိသည်။

အိမ်မှာ ဒယ်ဒီရှိနေလို့ ဒယ်ဒီ ကျန်းမာရေးကိုငဲ့ကာ မာမီနဲ့ အန်တီချူးတို့က ဦးစီးပြီး မိုးစေရာနှင့် လက်ထပ်ဖို့ တရားရုံးကိုပဲ ရွေးချယ်ခဲ့ကြသည်။ ဒါကို မိုးစေရာဘက်ကလည်း သဘောတူတဲ့ပုံပါပဲ။ တရားရုံးကို ချိန်းဆိုထားကြ၏။

သူက ...

အလုပြင်ဆိုင်ကိုသွားတဲ့ အိမ့်ကို ကြိုပြီး ပို့ပေးရမယ့် တာဝန်ကို ယူရသည်။

ခေါင်းခါငြင်းပယ်ချင်နေမယ့် အမှားတွေတစ်ပုံကြီး ကျူးလွန်ခဲ့တဲ့ သူ့အတွက် ဘဝတစ်သက်တာလုံး နောင်တတွေ ရနေအောင် တမင်ပဲ လက်ခံခဲ့လိုက်သည်။ ကားလေးပေါ် အိမ့် တက်လိုက်တာနှင့် မြန်ဆန်သောနှုန်းနှင့် သူ မောင်းထွက်ခဲ့သည်။

အိမ့်အတွက် သူ လုပ်ဆောင်ပေးသင့်သည်လေ။

အိမ့်ရယ် ...

ငါ အခု နင့်ကို ပြောချင်တာ တစ်ခုရှိပါတယ်။

အဲဒါ ဘာလဲသိလား။

ကော်ဖီရဲ့ခါးသက်တဲ့ အရသာထဲမှာ ချိုမြတဲ့ နို့ဆီတွေ၊ သကြားတွေ ရောနှောမွှေနှောက်လိုက်ရင် အနံ့အရသာ သိပ်ကောင်းသွားတတ်တယ် ဆိုတာကို ငါ အခုတော့ သိသွားခဲ့ပြီ ဆိုတာကိုပေါ့ အိမ့်။

နင်က ငါ့အတွက် အဲဒီလို အရသာနဲ့ ပြည့်စုံနေတဲ့ ကော်ဖီတစ်ခွက် ဖြစ်နေခဲ့ပါပြီဆိုတာကို နင် သိအောင် ပြောပြချင်တာပါ အိမ့်ရယ်။

ငါလေ ...

ကော်ဖီခွက်လေးကို နှစ်သက်ရကောင်းမှန်း သိနေခဲ့ပါပြီဟာ။

သူ့ကားလေး တရားရုံးရှေ့ကို ထိုးရပ်လိုက်သည် ဆိုလျှင်ပဲ မာမီနဲ့ အန်တီတို့ ကားအနား ရောက်လာကြ၏။

"မာမီ"

"သား ... စောင့်လိုက်ရတာကွယ်၊ ဒီမှာ တရားသူကြီးတွေ တောင် စောင့်နေကြပြီ"





"ကားလမ်းနည်းနည်းပိတ်နေလို့ပါ၊ ဒါနဲ့ စေရာရော မာမီ"

ဟာဝဍ္ဍာ တစ်ယောက် စေရာကို မမြင်၍ မေးမိ၏။ တကယ်ဆို အခုလို အချိန်မျိုးမှာ စေရာက အရေးပါ အရာရောက် သူမို့ အရင်ဆုံး ရောက်နေရမှာ မဟုတ်လား။

"စေရာ ... ဟုတ်လား။ စေရာက ဘာဖြစ်လို့ ဒီကိုလာ ရမှာလဲ၊ သူ့အိမ်မှာ သူရှိမှာပေါ့"

"ဗျာ"

"ရှင်"

မာမီ့အဖြေကြောင့် အိမ့်ရော ဟာဝဍ္ဍာပါ ပါးစပ်လေးတွေ အဟောင်းသား ဖြစ်ပြီးသွားရ၏။

"အဟင်း ... နားမရှင်းကြဘူးလား၊ ဒီနေ့က စေရာရဲ့ တိုက်တွန်းချက်အရ မင်္ဂလာလက်ထပ်ပွဲ ကျင်းပမှာလေ။ အဲ့ဒါ သားနဲ့အိမ့်တို့ရဲ့ ဒုတိယအကြိမ်မြောက် လက်ထပ် ခြင်းပေါ့၊ ဟာဝဍ္ဍာ ဘယ့်နှယ်လဲ၊ မာမီ့ကို မင်း အရှုံးပေး မှာလား"

စိန်ခေါ်သောအကြည့်နှင့် ပြုံးပြသော မာမီ့မျက်နှာ ကိုကြည့်ကာ ဟာဝဍ္ဍာ တစ်စုံတစ်ခုကို ခံစားနားလည်လိုက်မိသည်။

"မာမီ"

"မင်း သိထားဖို့က မင်းတို့ ဘယ်လောက်ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးထိုး၊ ထိုးပြီးတိုင်း မာမီက ပြန်လက်ထပ်ပေးမယ် ဆိုတာပဲ ဟဝဠာ။ ကဲ ... မင်း ဘယ်လိုအကြောင်းပြချက်ပေးပြီး ငြင်းဆန်တိုက်ခိုက်ဦးမလဲ။ မင်းရင်ထဲက ခံစားချက်အမှန်ကို ဝန်ခံဖို့ တွန့်ဆုတ်နေဦးမယ်လို့ရော စိတ်ကူးထားသေးလား ဟဝဠာ"

"မာမီ"

"ပြော"

"ကျေးဇူးတင်ပါတယ်"

"အမယ်လေး ... အခုမှပဲ မိဘကျေးဇူး သိရကောင်းတော့တယ်၊ သွား ... သွား ... တရားသူကြီး ခေါ်နေပြီ"

"ဟုတ်ကဲ့ မာမီ"

မာမီက သတိပေးတာနှင့် သူ အိမ့်မျက်ချယ်ဘက် မျက်နှာမူလိုက်သည်။ အိမ့်သည် အခုချိန်ထိ ဘာမှနားမလည်သလို ငေးကြောင်နေဆဲရှိ၏။

"အိမ့်"

"ဟင်"

"နင်ရော ငါနဲ့လက်ထပ်ဖို့ စိန်ခေါ်ရဲသေးလား"

"ဘယ်လို"

"မိဘတွေရဲ့ တိုက်တွန်းချက်မပါဘဲ လက်ထပ်ကြမှာလေ"





"ဟဝဠာ"

"ဘယ့်နှယ်လဲ အိမ့်"

"ငါ ... ငါ ..."

"နင် ငါ့ကို မချစ်ဘူးဆိုတာ ငါ သိပါတယ်၊ ဒါပေမဲ့ နင်မချစ်တဲ့ ငါနဲ့ ဘဝတစ်သက်တာလုံး အတူတူနေဖို့ နင့်ဘက်က ဆန္ဒရှိမယ်ဆိုရင် ...။ နင့်ဆီက ပေးအပ်လာမယ့် ဘယ်လိုမုန်းတီးတဲ့ တုံ့ပြန်မှုကိုမဆို ငါ ခံယူပြီး သိပ်ချစ်နေမိတဲ့ အချစ်တွေနဲ့ နင့်ကို ပြန်ပေးဆပ်မယ်လို့ ငါ ကတိသစ္စာပြုမယ် အိမ့်။ ငါ့ကို နောက်တစ်ကြိမ် အခွင့်အရေး ထပ်ပေးတဲ့အနေနဲ့ ငါ့ကို လက်ထပ်ပေးပါဦး အိမ့်ရာ"

"ဟဝဠာ ... နင် ... နင် ပြောချင်တာက ..."

"ငါ နင့်ကို သိပ်ချစ်တယ် အိမ့်။ နင့်ကို သိပ်ချစ်မိသွားပြီဆိုတာကို ငါ သိလိုက်ရတဲ့အချိန်မှာပဲ ငါ နောင်တတွေ တစ်သီကြီး ရသွားတယ်ဟာ။ နင့်ကို ဘာကြောင့် နာကျင်ဝမ်းနည်းစရာတွေကိုချည်း ငါပေးခဲ့မိသလဲ ဆိုတာကိုပေါ့။ အဲဒီနောက် ငါ ပြောင်းလဲလာတယ် အိမ့်။ နင် မဖြစ်စေချင်တဲ့ အဖြစ်မျိုးတွေ ငါ အတ္တနဲ့ထပ်ပြီး မပေးတော့ဘူးလို့ ငါ ဆုံးဖြတ်ခဲ့တယ်။ နင်က မိုးစေရာကို ချစ်နေတယ်

ဆိုရင် ငါ နောက်ဆုတ်ဖို့ ဆုံးဖြတ်လိုက်တယ် အိမ့်။ ချောမဒီရဲ့စကားလုံးတွေအောက်မှာ နင့်ဂုဏ်သိက္ခာတွေ မစွန်းထင်းစေရဘူးဆိုတဲ့စိတ်နဲ့ ချောမဒီကို ရွေးချယ်ခဲ့တာ အိမ့်ဆိုတဲ့ ငါသိပ်ချစ်ရတဲ့ မိန်းမတစ်ယောက်ကြောင့်ပါ အိမ့်။ ဒါကို နင် နားလည်မယ်ဆို ...”

“ဟာဝဠာ”

“ဟင်”

“နင့်စိန်ခေါ်မှုကို ငါ လက်ခံတယ်”

“ဟာ ... အိမ့် ... နင် ... နင် ...”

“ဟုတ်တယ် ဟာဝဠာ။ ငါက နင်ဘယ်တော့မှ မရွေးချယ်တော့လောက်ဘူးလို့ ထင်ထားတာ၊ အခုတော့ နင်က ရွေးချယ်ခဲ့ပြီလေ။ ငါ ကျေနပ်ပါတယ် ဟာဝဠာ”

“ဒါ ... ဒါဆို ... နင့်ရင်ထဲမှာ ချစ်နေတဲ့သူက ...”

“ငရုတ်သီးလေ”

“ဟမ်”

“ငရုတ်သီးဆိုတာ စားရင်လည်း စပ်တယ်ဆိုတာ သိသိကြီးနဲ့ လူတိုင်းက ရှောင်မှမရှောင်နိုင်တာ။ ရေသောက်လိုက်ရင် အစပ်ပြေပါတယ်လို့ပဲ လူတိုင်းက ထင်ကြတာပဲလေ။ ငါက ငရုတ်သီး သိပ်ကြိုက်တာ။ မှုမှန်း၊ စပ်မှန်း





ငါ သိသားပဲ။ ငါ့အတွက် အန္တရာယ်ရှိနိုင်တာလည်း သိနေတာပဲ။ ဒါပေမဲ့ ငါမှ မရှောင်နိုင်တာ၊ ဒီလိုပဲ ခံရမှာပေါ့”

“အိမ့်ရယ်”

ဟာဝဠာ တစ်ယောက် အိမ့်လက်ကလေးကို တင်းနေအောင် ဆုပ်ကိုင်လိုက်မိသည်။ ရင်ထဲက ခံစားချက် အမှန်တရားတွေကို အခုလို ပွင့်လင်းစွာ ဝန်ခံလိုက်ရတော့လည်း အင်မတန်မှ ပေါ့ပါးပြီး ပျော်ရွှင်ကြည်နူးစရာ ဖြစ်ခဲ့ရသည်၊

“ဟာဝဠာ”

“အိမ့်”

“ငါ့ကို နောက်တစ်ကြိမ် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးခိုင်းမှာတော့ မဟုတ်လောက်ပါဘူးနော်”

“နင်က ထိုးချင်ပါတယ်ဆိုရင်တောင် ငါက တစ်သက်ကွာမပေးဘူး အိမ့်”

“ပြီးရော”

အိမ့်ရဲ့လှပတဲ့ မျက်စောင်းလေးက ဟာဝဠာဆီသို့ ဒိုင်းခနဲ။

ဟာဝဠာ ကျေနပ်စွာပင် ခံယူပြီး အပြုံးလေးတွေနှင့် အိမ့်လက်ကို ညင်သာစွာ ဆွဲခေါ်ကာ ရန်ကုန်မြို့၏ ဗဟိုတရားရုံးကြီးထဲသို့ ဦးတည်ကာ လျှောက်လှမ်းလိုက်သည်။

မာမီကတော့ ...

ခုမှ အဖြစ်သည်းနေသော သားဖြစ်သူအကြောင်းကို အနောက်ကနေ လိုက်ပါရင်း အိမ့်အမေ ဒေါ်မြမြချူးကို ခပ်တိုးတိုးကပ်ပြီး အတင်းတွေ တုတ်လို့။

ရင်ခုန်သံမရပ်သရွေ့

အမြဲချစ်တတ်နေမယ့်

ရှင်မြတ်နိုး